www.burmeseclassic.com

# ဓောပြည့်မာလာ

## သချင်္ချိုင်းရှုပ်ထွေးခြင်း၊ တမ်းချုပ်

BURMESE CLASSIC

Design ye Minn Aung

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးပုံနှိပ်------------ ဦးတိုးဝင်း
(နေလရောင်အော့ဖ်ဆက်)
(၀၂၄၃၁)အမှတ်(၉၆/ခ)၊
(၁၁)လမ်း၊ရန်ကုန်မြို့။

အတွင်းပုံနှိပ်------------ ဒေါ်မြမြ
(လင်းလင်းအော့ဖ်ဆက်)
(၀၂၄၄၃) အမှတ် ၂၂၀၊
ကျုံးကြီးလမ်း၊
လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။




www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ

ဦးတင့်လွင် (သော်ကစာပေတိုက်) (ဝ၈၈၆)

အမှတ် (၆၀၅) သုခမ္မာလမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့။



**ဒို့တာဝန်အရေး ၃ ပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

**နိုင်ငံရေးဦးတည်ချက် ၄ ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် ၄ ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် ၄ ရပ်**

တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

တော်ကြည်ညီမာခေဘ

# အချစ်၏ ရှုပ်ထွေးခြင်းတစ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



စောပြည့်မိုးမခဓာ

# အချစ်၏ ရှုပ်ထွေးခြင်းတစ်ရပ်

## - တစ် -

မင်္ဂလာရှိပေစွတကား…

မှန်ပါ၏။

ကုန်သည်ကြီးများဟိုတယ် မင်္ဂလာခန်းမထဲမှ ခန့်ညားချော မောသော သတို့သားနှင့် လှပသော သတို့သမီး ဇနီးမောင်နှံစုံတွဲလေးသည် သတို့သား လက်ကို သတို့သမီးလေးက ချိတ်ဆွဲကိုင်ကာ…

တစ်လှမ်းချင်း လှမ်းထွက်လာနေခဲ့ကြသည် မဟုတ်ပါလား။ ကင်မရာမင်းတွေကလည်း တစ်ချက်မှ အလွတ်မပေး၊ တဖျပ်ဖျပ်ကိုရိုက်ယူနေကြသည်။

မှတ်တမ်းတင်ရန်…မှတ်တမ်းတင်ရန်လေ…

စာနယ်ဇင်းအသီးသီးမှ ဖော်ပြပေးဖို့…



www.burmeseclassic.com

www.burmeseclassic.com



ပရိတ်သတ်များ စိတ်ဝင်စားသွားကြစေဖို့…

သူ့ထက်ငါ လုကွက်တွေကို ရှာကာ မှတ်တမ်းဓာတ်ပုံတွေကို တဖျပ်ဖျပ် ရိုက်ယူနေကြခြင်းပါ…

မဂ္ဂဇင်းများထွက်လျှင် မဂ္ဂဇင်းတွေကို ဖတ်ရမည့်ပရိသတ်တွေက ထားဦး…

ယခု လောလောဆယ် မင်္ဂလာပွဲအား ချီးမြှင့်ကြသော ပရိတ်သတ်များကပင် အကြည့်များ အလစ်မပေးနိုင်လောက်အောင် တရှုရှုဖြင့် တိုးတိုးကြိတ်ကြိတ် ရှိနေကြရသည် မဟုတ်ပါလား…

"အဲဒါလား…စာရေးဆရာမလေး စောမဟာ ဆိုတာ…"

"ဟုတ်တယ်…ဟုတ်တယ်၊ သိပ်လှတာပဲနော်…"

"တယ်…စာရေးဆရာမလေးက လှလိုက်တာ၊ နာမည်ကလည်းကြီး၊ လူကလည်းလှ၊ မိဘတွေကလည်း ချမ်းသာတယ်ဆိုတော့ ဘာပြောစရာ ရှိသေးလဲနော်…"

"အေးပေါ့…"

"ဆရာမမှာက ညီအစ်မနှစ်ယောက်တည်း ရှိတယ်တဲ့၊ ဟိုဘက်နားမှာ ရပ်နေတာ ဆရာမညီမပဲလေ…"

"ဆရာမညီမကလည်း ချောတော့ချောတယ်၊ ဒါပေမယ့် ဆရာမက ပိုချောတယ်…"

"ဟုတ်တယ်…"

"သတို့သားကလည်း ချောခန့်လိုက်တာ…"

"တကယ်လိုက်တယ်နော်…"





"သတို့သားက ဘာလုပ်သလဲတဲ့…"

"ဖိတ်စာထဲမှာ ပါတယ်လေ…"

"မဖတ်မိဘူး…"

"(×××)ဘဏ်က မန်နေဂျာတဲ့…"

"ဟုတ်လား၊ ကိုယ်ပိုင်အလုပ် မလုပ်ဘူးပေါ့…"

"လောလောဆယ်တော့ မလုပ်သေးဘူးထင်တာပဲ…"

"သတို့သားဘက်ကကော ချမ်းသာလား…"

"ဖိတ်စာထဲမှာရေးထားတာကတော့ အငြိမ်းစားတရားသူကြီး ဦးအောင်ခန့်နဲ့ အငြိမ်းစားဆရာဝန်မကြီးရဲ့ တစ်ဦးတည်းသော သားပဲ"

"နေတာကလည်း ရွှေတောင်ကြားလမ်းမှာဆိုတော့ ချမ်းသာမှာပေါ့…"

"ဒါတောင် ဘာဖြစ်လို့ ကိုယ်ပိုင်အလုပ်မလုပ်လဲ မသိဘူးနော်…"

"ဒါတော့ ဘယ်သိမလဲ…"

"အင်း…ဘာပဲပြောပြောပါ၊ ဒီလို စုံတွဲလှလှလေးတွေ လက်ထပ်ကြဖို့ဆိုတာ ရှားတယ်…"

"ဟုတ်တယ်နော်၊ တချို့က မိန်းမက ချောနေရင် ယောကျ်ားက ရုပ်ဆိုးတယ်…"

"ယောကျ်ားက ချောပြန်ရင်လည်း မိန်းမက ပုံမလာဘူး…"

"ခု ဒီစာရေးဆရာမစုံတွဲကျတော့ သိပ်လိုက်တာပဲ…"

"စာရေးဆရာမယောကျ်ားက ချောလည်းချောတယ်၊ ခန့်



www.burmeseclassic.com

www.burmeseclassic.com



လည်းခံနိုင်တယ်…”

“ဒါနဲ့ နာမည်တွေက ဘယ်လိုတဲ့လဲ…”

“ကိုလီမွှော်နဲ့ မစောမဟာတဲ့…”

“ဩော်…ဩော်…နာမည်လေးတွေကလည်း လှတယ်ဟဲ့…”

“ဆရာမက သူ့နာမည်ရင်းကိုပဲ သူ့ကလောင်အမည်ခေါ်ထားတာ…”

“ဆရာမတို့ ချစ်သူတွေတဲ့…”

“ဟုတ်လား…”

“သူတို့ချင်းချစ်နေကြတာ ရှစ်တန်းကတည်းကတဲ့၊ အခုကျောင်းပြီးတာနဲ့ ယူကြတာ…”

“ဆရာမက ရန်ကုန်မှာပဲ ကျောင်းပြီးတယ်၊ ဆရာမ အမျိုးသားကတော့ မန္တလေးမှာ ကျောင်းပြီးတာ…”

“ဩော်…ပညာတွေကလည်းတတ်၊ ရုပ်လေးတွေကလည်းတကယ့်ကိုချော၊ အဲဒါမှ တကယ့်ကို ကုသိုလ်ကောင်းကြတယ်လို့ခေါ်ရမှာပဲ…”

မင်္ဂလာပွဲသို့ လာရောက်ချီးမြှင့်ကြသော ပရိတ်သတ်များ၏ စိတ်ဝင်တစား တီးတိုးစကားသံတွေကလည်း ဟိုမှသည်မှ ထွက်ပေါ်နေရပါလေ၏။

ကုန်သည်ကြီးများဟိုတယ်ရှေ့သို့ ရောက်လာကြပြီ။

စောမဟာသည် ချစ်သူ ခန့်ခန့်ကြီးအား ပြုံးပြုံးလေးနှင့် ကြည့်





လိုက်သည့်တွင်…

ကိုလီမွှော်သည်လည်း ထွဲလျက်ရှိသော ချစ်သူလက်ကလေးထက် သူ့လက်ကလေး တစ်ဖက်ကို ထပ်၍ ဆုပ်ကိုင်ကာ…

ကင်မရာမင်းတွေကလည်း ထိုအကွက်လှလှလေးအား အမိအရ ရိုက်ယူနိုင်ခဲ့ကြပြန်ပါသည်။

“စောရေ…မောင်က ယူတဲ့မိန်းမကသာ စာရေးဆရာမ၊ ဒါပေမယ့် စာပေလောကထဲကလူတွေကိုတော့ တစ်ယောက်မှ မောင်မသိဘူးဗျာ…”

“တဖြည်းဖြည်းတော့ စောတို့ စာပေလောကထဲက လူတွေနဲ့ မောင် သိလာမှာပေါ့ မောင်ရယ်…”

“မောင်ကတော့ စာရေးဆရာမကို ယူရလို့ လောလောဆယ်မှာ ရှက်နေတယ်ဗျာ…”

“ဘာကြောင့်…”

“မာတ်ပုံဆရာတွေက မဂ္ဂဇင်းတွေမှာ မောင်တို့ပုံတွေကိုထည့်မှာပေါ့…”

“ဒါပေါ့…ထည့်ရမှာပေါ့…”

“ထည့်ပြီး ဘာညာတွေရေးဦးမှာပေါ့ စောရဲ့…”

“အဟင်း…ဟင်း…မောင်ကလည်း အဲဒါ ဂုဏ်ပြုတာပဲဟာ မောင်က မကြိုက်ဘူးလား…”

“မကြိုက်ဘူးတော့ မဟုတ်ဘူးလေ၊ မောင် ရှက်မိတာကိုပြောတာပါ…”



www.burmeseclassic.com

www.burmeseclassic.com



"စောကတော့ စောရဲ့ အသိုင်းအဝိုင်းလေးဆိုတော့ စော အနေ နဲ့ နေသားကျမှာပေါ့ဗျာ..."

"နေသားကျလည်းပဲ စောလည်း ရှက်တာကတော့ ရှက်တာပါပဲ မောင်ရယ်..."

တိုးတိုးတိတ်တိတ်လေး ဆိုကာ ချစ်သူမောင်နှံနှစ်ယောက်မှာ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ပြုံးဖြစ်လိုက်ကြပါ၏။

စောသည် နာမည်ကြီး အချစ်နှင့်အိမ်ထောင်ရေး ဝတ္ထုတွေ ရေးသည့် စာရေးဆရာမလေးမို့ စာပေလောကထဲမှ အသိမိတ်ဆွေတွေက ပေါများနေပါလေ၏။

အခုလို စော၏ မင်္ဂလာပွဲလေးအချိန်မတော့ စော၏ စာပေ လောကထဲမှ အသိုက်အဝန်းလေးက စောကို ဝိုင်းဝန်းကူညီ ချီးမြှင့်ကြ သည်ကပင် စောအတွက် ဂုဏ်ယူလေးစားနေရသည်က အမှန်ပါ။

စောသည့်ချို့ မောင့် မျက်နှာသော်ကြည့်မိကာ သနားသွားရသည်။ မောင်သည် စော၏ စာပေအသိုက်အဝန်းလေးနှင့် စိမ်းကာ ရှက်နေရရှာ သည်တော့တပါလား။

စာရေးဆရာ၊ မဂ္ဂဇင်းဆရာ၊ အယ်ဒီတာများနှင့် ဓာတ်ညွှန်း ရေးဆရာ၊ အသိမိတ်ဆွေ စာဖတ်ပရိတ်တွေက...

တစ်ပွဲလုံးလာရောက်ကာ ကိုလီမွှော်နှင့် စောတို့မောင်နှံဆီ လက်ဆွဲ နှုတ်ဆက်ကြသည်။

ကိုလီမွှော်နှင့် စောမဟာမှာ လက်တစ်ဖက်မြှုတ်ထွက်မတတ် အောင် နှုတ်ဆက်နေကြပါ၏။





"မောင်..."

"ဗျာ..."

"စောရဲ့မိတ်ဆွေတွေကထားတော့၊ မောင့်ဘက်က (×××) ဘဏ်က မိတ်ဆွေတွေက ပိုတောင်ဆိုးသေးတယ်..."

"ဘာဖြစ်လို့လဲ စောရဲ့..."

"စောကို တမင်အနီးကပ်ကြည့်ချင်လို့ လာနှုတ်ဆက်ကြတာ"

"ဒါကတော့ စောရယ်၊ စောက သိပ်ချောလည်းချော၊ စောရဲ့ ပရိတ်သတ်တွေလည်း ဖြစ်နေကြလို့ပါ..."

"ဖွန်း...စောလည်း ရှက်တာပေါ့..."

"ကဲ...စောရယ်၊ ဒီတစ်နေ့ပဲ မောင်နဲ့ စောတို့အတွက် ရှက်လည်းရှက်၊ ပျော်လည်းပျော်၊ ရှက်ပျော်လေးတွေဖြစ်ပြီး..."

"မောင်တို့ရဲ့ မင်္ဂလာဆောင်ပွဲက ပြီးဆုံးသွားပါပြီတဲ့ဗျာ..."

"ကိုလီမွှော်နဲ့ ဆရာမရေ၊ ကျေးဇူးပဲဗျာ၊ အဲဒီနောက်ဆုံးပုံ လေးတွေက ကျွန်တော်တို့အတွက် အကောင်းဆုံးပုံပါပဲ ခင်ဗျာ..."

ရင်းနှီးသော မဂ္ဂဇင်းအယ်ဒီတာနှစ်ယောက် သုံးယောက်က နှုတ်ဆက်စကားများနှင့် ဆိုသွားကြ၏။

ချီးမြှင့်သော ပရိသတ်တွေက တစ်ချို့ပြန်ကုန်ကြပြီဖြစ်သော် လည်း တစ်ချို့က စောတို့မပြန်မချင်း စောင့်ကြည့်နေကြမည့်ဟန် ရှိနေ၍...

ကိုလီမွှော်နှင့် စောတို့မောင်နှံသည် အားလုံးကို နှုတ်ဆက် ကာ မိမိတို့၏ မင်္ဂလာကားလေးပေါ်သို့ တက်လိုက်ကြပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ..ဦးလေးရေ၊ အင်းယားမြိုင်လမ်းက ကျွန်တော်တို့အတွက် နှစ်ဖက်မိဘတွေ လက်ဖွဲ့ထားတဲ့ အိမ်ကိုပဲ မောင်းပါတော့ ခင်ဗျာ..."

ကားဒရိုင်ဘာကို ကိုလိမ္မော် ဆိုလိုက်သည်နှင့် လှပကျက်သရေရှိသော မင်္ဂလာမောင်နှံစုံတွဲလေးကို တင်ဆောင်ကာ...

မင်္ဂလာကားလေးသည် ကုန်သည်ကြီးများ ဟိုတယ်ကြီးရှေ့မှ ဖြည်းညင်းစွာ မောင်းနှင်ထွက်ခွာလိုက်ပါတော့သတည်း။

ကားထဲတွင်မတော့...

ကိုလိမ္မော်သည် ချစ်လှစွာသော ချစ်ဇနီးအသစ်စက်စက်ကလေး၏ ပျော့ပျောင်းနူးအိသော လက်ကလေးအား ကျစ်လျစ်စွာ ဖျစ်ဆုပ်ကိုင်ထားမိပါသတည်း။ ။





- နှစ် -

ကိုလိမ္မော်နှင့် စောသည် ငယ်ချစ်တွေဖြစ်ကြကြောင်း တစ်ဦးကိုတစ်ဦး လွန်စွာမှ ချစ်ကြကြောင်း...

ကိုလိမ္မော်သည် မန္တလေးမှ ဘွဲ့ရပြီး တစ်ဦးကိုတစ်ဦး သစ္စာရှိစွာဖြင့် နောက်ဆုံးဇနီးမောင်နှံဘဝသို့ ရောက်ကြကြောင်း...

"အဟောင်း..ဟောင်း..ဟောင်း.."

"အဟွန်း..ဟွန်း..."

မိမိတို့အကြောင်းကို ရေးထားသော မဂ္ဂဇင်းစာအုပ်ဖတ်ပြီး ကိုလိမ္မော်နှင့် စောသည် နှစ်ခြိုက်စွာ ရယ်မိလိုက်ကြရလေ၏။

"မောင်ရေ မဂ္ဂဇင်းတွေက ရေးထားလိုက်တာ စုံနေတာပဲနော်..."

"ဒီလိုရေးမယ်ဆိုတာ မောင်ကတော့ ထင်ပြီးသားပါ..."



www.burmeseclassic.com

www.burmeseclassic.com



"မောင် ရှက်သေးလားဟင်…"

"လူမမြင်တော့လည်း ရပါတယ်…"

"အဟင်း..ဟင်း..ကဲ မေ့ခင်ရေ၊ ကိုယ့်အကြောင်းတွေ လိုက်ဖတ်နေလို့လည်း မပြီးသေးဘူး…"

"မောင်က ဒီတစ်နေ့ပဲ ခွင့်ရှိတော့တာ၊ မနက်ဖြန်ဆို အလုပ်သွားရတော့မှာနော်၊ ဒီတော့ စောတို့ အိမ်လေးကို မောင်နဲ့စောတို့ ဒီနေ့အဖြီး သတ်မြင်ဆင်ကြမယ်…"

"စော မလုပ်ပါနဲ့ကွာ၊ စောက မောင့်ကိုပဲ ခိုင်းစမ်းပါ၊ မောင်လုပ်ပေးပါ့မယ်…"

"ကဲ..ပြော၊ စော ဘယ်လိုပုံစံလိုချင်လဲ၊ မောင်လုပ်ပေးမယ်၊ စော စိတ်တိုင်းကျ ဖြစ်စေရမယ်…"

"ဟင့်အင်း၊ စော ကိုယ်တိုင်လုပ်ရမှ အားရတာ၊ နှစ်ယောက်အတူလုပ်တော့ မြန်မြန်လည်းပြီးတာပေါ့ မောင်ရဲ့…"

"ကဲ..ပြောနေကြတာယ်၊ ပန်းအိုးတွေ ရွှေ့မယ်၊ ပန်းချီကားတွေ တပ်မယ်…"

"တယ်လီဖုန်းကို စောတို့ အိပ်ခန်းထဲမှာပဲ ထားမယ်၊ ဧည့်ခန်း ကိစ္စပြီးရင် မီးဖိုဆောင်ကိစ္စ လုပ်ရမယ်…"

"မောင့် မိန်းမက စာရေးဆရာမကြီးလည်းလုပ် အိမ်ရှင်မကြီးလည်း လုပ်တော့မယ်ပေါ့…"

"ဒါပေါ့၊ အိမ်ရှင်မ လုပ်ဖို့ပဲ အိမ်ထောင်ပြုလိုက်တာပေါ့…"

"ကောင်းပြီ ဒါပဲနော်၊ စောရေးတဲ့ အချစ်ဝတ္ထုတွေထဲကလို





မောင့်ကို ချစ်ပြရမယ်၊ ယုယကြင်နာပြရမယ်၊ ဂရုစိုက်ရမယ် ဟုတ်ပြီလား…"

"ဒါက မောင် ပြောစရာတောင်မှ မလိုဘူး၊ စော ယောကျ်ားကို စော ဂရုစိုက်မှာပေါ့…"

"ဒါပဲနော်၊ စောကိုတော့ပြောပြီး မောင်လည်းပဲ စောရေးတဲ့ အချစ်နဲ့ အိမ်ထောင်ရေးဝတ္ထုတွေထဲကလို…"

"စော အပေါ်မှာ သစ္စာရှိရမယ်၊ ဇနီးကို သိပ်ချစ်တတ်ရမယ်၊ စော ရေးတဲ့ ဇာတ်ကောင်နေရာမျိုးမှာ ရှိရမယ်…"

ကိုလိမ္မော်သည် စော စကားလေးတွေကို နားထောင်ရင်း လှပသောစောကို ငေးကြည့်ကာ ပြုံးလျက်ခေါင်းညိတ်လိုက်၏။

"မောင်နဲ့ စောတို့ အိမ်ထောင်ရေးက စံပြဖြစ်ရမယ်နော် မောင်…"

"တစ်ယောက်ကို တစ်ယောက် ခွင့်လွှတ်ရမယ်၊ မကောက်ရဘူး၊ စိတ်ကောက်ရင်လည်း ချော့ရမယ်…"

"အိမ်ထောင်ရေးကို အသာယာဆုံး ထားရမယ်နော် မောင်…"

"မောင့်ဘက်ကတော့ စောကို ချစ်တဲ့နေရာမှာ တုနှိုင်းစရာတောင် မရှိပါဘူး…"

"စောသာ စောပြောတဲ့အတိုင်း ခွင့်လွှတ်ရမယ်၊ စိတ်မကောက်ရဘူး၊ စိတ်ကောက်ရင်လည်း ချော့ရမယ်ဆိုတဲ့ စကားတွေနဲ့ ညီပါစေနော်…"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို စော အလုပ်တွေလုပ်နေတော့ ကိုလိမ္မော်သည်လည်း ချစ်ဇနီးအကြိုက် လှပမှုလေးတွေကို ပြင်ဆင်ဖန်တီးပေးနေလိုက်ပါတော့၏။

အင်းယားမြိုင်လမ်းဘက်တွင် ရှစ်ဆယ်ပတ်လည် ခြံတစ်ခြံနှင့် တိုက်ပုလေးတစ်လုံးကို နှစ်ဖက်မိဘတွေက လက်ဖွဲ့ပေးထားကြသည်။

ပြီးတော့ ကားက တစ်ယောက်တစ်စီး၊ ကိုလိမ္မော်နှင့် စောတို့အတွက် အိမ်ထောင်ဦးစကတည်းက လိုလေသေးမရှိ ပြည့်စုံနေကြပါ၏။

ကိုယ်စီလုပ်ငန်းတွေ ရှိနေကြသည်မို့ အိမ်စားစရိတ်ကလည်း ဖူလုံနေပြီးသားပင်…။

မှန်သည်။ကိုလိမ္မော်နှင့် စောတို့ အိမ်ထောင်ရေးလေးကား ဖဲတတ္တိပါ ပေါ်၌ ထပ်ဆင့်၍ ပန်းခင်းသော လမ်းကလေးသာပါတည်း။

ချစ်သူတို့ ဘဝကတည်းကလည်း ကိုလိမ္မော်နှင့် စောတို့ ချစ်သူနှစ်ဦးသည် လွန်စွာ သစ္စာထားလျက် တစ်ဦးကိုတစ်ဦး သိပ်ချစ်ခြတ်နိုးမှုများ ထားရှိခဲ့ကြသူတွေပါ။

ခုတော့ ချစ်သူနှစ်ဦးသည် အချိန်ကျနေပြီမို့ ဘဝတစ်လျှောက်အတွက် သစ္စာပန်းများ စိုက်ထူပြီးကြပါလေပြီ ဖြစ်၏။





လာကြ…”

ကိုလိမ္မော်၏ မိဘများမှာလည်း သားချော့နှင့်ချွေးမချော့အား တယုတယ ရင်းနှီးခင်မင်စွာ ဖိတ်ခေါ်ကြိုဆိုကြရာ၏။

ထမင်းစားခန်းထဲ ရောက်လာသည်တွင် မိခင်ကြီးဒေါ်အေးလှက ကိုယ်တိုင်ပင် ချွေးမကို ဂရုတစိုက် လုပ်ကျွေးသည်။

“စား…သမီးရေ…စားကွယ့်၊ သားလည်း စားလေ…”

“ဟုတ်ကဲ့…မေမေ…”

ကိုလိမ္မော်ရော စောပါ ထမင်းနှင့်ဟင်းကို မြိန်ရေရှက်ရေ စားလိုက်ကြသည်။

မိသားစုလေး ထမင်းစားနေကြရင်းမှ ကိုလိမ္မော်၏ ဖခင်ဖြစ်သူ ဦးထွန်းအောင်က…

“ဒါနဲ့ သားရဲ့အလုပ်က အဆင်ပြေရဲ့လားကွယ့်…”

“ပြေပါတယ်ဖေဖေ၊ အလုပ်ပိုင်ရှင် ဦးငွေလရောင်က ကျွန်တော့်ကို သိပ်အားကိုးပါတယ်…”

“အင်း…အလုပ်ရှင်က အားကိုးနေတော့လည်း တစ်မျိုးပေါ့သားရယ်…”

“တကယ်လို့ အဆင်မပြေလှရင်လည်း သားဟာ သားပဲ ကိုယ်ပိုင်အလုပ်ထောင်ဖို့ ဖေဖေ ပြောမလို့ပါ…”

“ရပါတယ်ဖေဖေ၊ အလုပ်ရှင်က ကိုယ့်အပေါ် အားကိုးနေချိန်မှာ သား ရုန်းမထွက်ချင်ပါဘူး…”

“ပြီးတော့ အလုပ်ရှင်အနေနဲ့လည်း သားအပေါ်မှာ လိုလေ



www.burmeseclassic.com

www.burmeseclassic.com



သေးမရှိ ကြည့်ပါတယ်…"

"အေး…အေး… သား အဆင်ပြေရင် ပြီးတာပါပဲကွာ…"

"ဟင်…သမီး…သမီးက ထမင်းဆာတယ်သာ ပြောတယ်၊ စားတာလည်း နည်းနည်းပါလားကွယ်…"

ရွှေးမရျော စားသည်ကို ဒေါ်အေးလှ အားမရ၍ မေးသည်တွင် ကိုလိမ္မော်နှင့် စောသည် တစ်ယောက်ကို တစ်ယောက် ကြည့်ကာ ပြုံးမိလိုက်ကြပြီး…

မိဘများဆီကြည့်ကာ ကိုလိမ္မော်က…

"ဟုတ်တယ် မေမေရဲ့၊ စောက အစားအသောက်ပျက်တယ် တော့လည်း မရှိပါဘူး၊ နည်းနည်းပါးပါး မဆိုသလောက်ပါပဲ…"

"မကြာခင် ဖေဖေနဲ့ မေမေတို့ မြေးချီရတော့မှာမို့လေ…"

"ဟေ…ဟုတ်လား၊ ဟား…ဟား…မင်္ဂလာသတင်းပဲ ကွယ့်…"

ကိုလိမ္မော်၏ မိဘနှစ်ပါးကား မျက်နှာစုံညီ ဝင်းပသွားကာ သဘောကျသွားကြရပါ၏။

"သား…"

"မေမေ…"

"သမီးကို ဂရုစိုက်နော်၊ မေမေကတော့ မြေးမိန်းကလေး ပိုလိုချင်တယ်ကွယ့်…"

"ဟုတ်တယ်မေမေ၊ ကျွန်တော်ကလည်း သမီးလေးကို စော အတွက် ဦးဆုံးလိုချင်တယ်လို့ ပြောပါတယ်…"



"သား…"

"ဗျာ…ဖေဖေ…"

"ဆရာဝန်နဲ့လည်း ဂရုစိုက်ပြနော်…"

"ဟုတ်ကဲ့ပါဖေဖေ…"

ကိုလိမ္မော်၏မိဘနှစ်ပါးကား မြေးဦးမို့ အရွှးအမူးဖြစ်နေကြ ချေပြီ ဖြစ်သည်။

"သမီး…"

"ရှင် မေမေ…"

"သမီး စားမကောင်းရင် မေမေ ချက်ကျွေးမယ်လေ၊ သမီး ဘာစားချင်လဲပြော…"

"ဘာရယ်တော့ မဟုတ်ပါဘူး မေမေ၊ စော အားလုံး စားဝင်ပါတယ်…"

"အစားအသောက်လည်း မပျက်ဘူး၊ နေထိုင်မကောင်းတာ လည်း မဖြစ်ဘူး မေမေ…"

"စော ကြားဖူးတာက ကိုယ်ဝန်ရှိစမှာ နေထိုင်မကောင်းဖြစ် ကြတယ်တဲ့၊ စောကတော့ ဘာမှမဖြစ်ဘူး မေမေ…"

"အဲဒါ ကုသိုလ်ကောင်းတာပေါ့ သမီးရဲ့၊ ဒါပေမယ့် တစ်သားနဲ့တစ်သားလည်း မတူသေးဘူးကွယ့်…"

"ပထမကိုယ်ဝန်မှာ မဖြစ်ပေမယ့် ဒုတိယကိုယ်ဝန်မှာ ဖြစ် ချင်လည်းဖြစ်မှာ…"

"အင်း…အခုနေတော့ ငါ့သမီးကြည့်ရတာ နပြီးတော့ကို

www.burmeseclassic.com

www.burmeseclassic.com



ဖိုနေတာပဲ၊ မိန်းကလေးဖြစ်ဖို့ များတယ်ကွယ့်…”

“မိန်းကလေး ကိုယ်ဝန်ဆောင်ရင် မိခင်လောင်းဟာ သိပ်လှတယ်လေ…”

“ဟုတ်တယ်နော် မေမေ၊ စောကလေ ပုံစံကို နည်းနည်းလေးမှ မပြောင်းဘူး…”

“ကျွန်တော့်မျက်စိထဲမှာ သိပ်တောင်လှနေသေးတယ်၊ ဖေဖေပြောသလို သမီးလေးပဲ ဖြစ်ပါစေဗျာ…”

စကားတွေပြောရင်း မိသားစု ထမင်းပွဲလေးမှာ ပြီးသွား၏။

“ကဲ…မေမေရယ်၊ စားပြီးပြန့်တယ်လို့တော့ မပြောပါနဲ့နော်၊ မိုးချုပ်နေပြီ…”

“အေးပါကွယ်၊ ပြန်ပါ၊ မိုးသိပ်ချုပ်ရင်လည်း မကောင်းပါဘူး၊ မေမေတို့လည်း သားတို့ဆီလာပါဦးမယ်…”

“ဖေဖေနဲ့ မေမေကို စောက လာကြွားတာလေ…”

“ဒါပေါ့၊ ခုဆို မေမေတို့မှာ မြေးချီရတော့မယ်ဆိုလို့ ပျော်နေကြရပြီ…”

“သား…သမီးကို ဂရုစိုက်ရမယ်နော်…”

မိခင်ကြီးက ထပ်မှာသည်။

“စိတ်ချ မေမေ၊ မေမေ့သားလောက် မိန်းမကို ဂရုစိုက်တတ်တဲ့ ယောက်ျား မရှိတော့ဘူး…”

“အဲဒါ ဖအေတူလို့ပေါ့ သားရဲ့…”

“အဟင်း…ဟင်း…ဟင်း…”



ဝင်ပြောလိုက်သော ဖခင် ဦးထွန်းအောင် စကားကြောင့် အားလုံးမှာ ရယ်လိုက်ကြရ၏။

“ဖေဖေ မေမေ၊ စောတို့ သွားမယ်နော်…”

“သားတို့ သွားမယ်နော်…”

မိဘတွေကို သူတို့မောင်နှံ နှုတ်ဆက်လိုက်ကြသည်။

“ကောင်းပြီ…”

ပြုံးပျော်နေကြသော အကြည့်တွေနှင့် မိဘနှစ်ပါးကား သူတို့မောင်နှံ ကားလေး ထွက်သွားရာဆီသို့ မျက်စိတစ်ဆုံး ကြည့်ကျန်ခဲ့လိုက်ကြပါလေ၏။ ။



www.burmeseclassic.com

www.burmeseclassic.com



- ခုနစ် -

"ကလင်း..လင်း..."

စော စာရေး၍ ကောင်းနေဆဲ ခြံရှေ့မှ ဘဲလ်သံက မြည်လာသည်။

စိတ်ကူးကောင်းဆဲ နှောင့်ယှက်သည်ဟု စိတ်တိုတိုနှင့် ခြံဝဆီသို့ စော လှမ်းကြည့်လိုက်တော့...

စော ညီမ ထွေးထွေးကို မြင်လိုက်ရ၍ စောမှာ စိတ်တိုချင်ရဲရဲနှင့် မတိုဖြစ်တော့ဘဲ ခြံတံခါးဖွင့်ရန် ဆင်းခဲ့ရပါလေ၏။

ကိုယ်ဝန်နှင့် လှနေသော အစ်မဖြစ်သူ စောကိုလည်း ထွေးထွေးသည် အပြုံးနှင့် လှမ်းကြည့်နေရင်းက...

စော ခြံတံခါးနား ရောက်လာသည်နှင့်...

"မမကြီး ဘာလုပ်နေလဲ..."





"တစ်ယောက်တည်းရှိတော့ စိတ်ကူးကောင်းပြီး စာပဲရေးနေတာပေါ့ ထွေးရယ်..."

ခြံတံခါးဖွင့်ပေးပြီး စော ဆိုသည်တွင်...

ထွေးထွေးသည် စောကို အသည်းယားသလို အကြည့်လေးနှင့် တစ်ချက်ကြည့်ကာ ခြံထဲသို့ ကားကို မောင်းဝင်ခဲ့ရင်းက...

"ကြည့်..အပြောင်းမထိုင်ပါနဲ့ဆိုတာ ပြောမရဘူးနော်..."

"ကိုလိမ္မော်နဲ့ ကောင်းကောင်းတိုင်မယ်..."

ခြံဝနားတွင် ကားကို ရပ်ပြီး ကားပေါ်မှ ထွေးထွေး ဆင်းလိုက်ပြီး ဆိုသည်။

ညီအစ်မနှစ်ယောက် ခြံထဲအတူ လမ်းလျှောက်လာရင်းမှ ထွေးထွေးသည် စောကို ကြည့်လိုက်ပြီး...

"မမကြီးကတော့ သမီးလေးမွေးမှာ သေချာပါတယ်..."

"ဘာဖြစ်လို့..."

"ကိုယ်ဝန်နဲ့ပေမယ့် မမကြီးက တကယ်ကို လှနေလို့..."

"အင်း..မောင်ကလည်း သမီးလေးပဲ ဖြစ်ချင်တယ်တဲ့၊ သမီးလေးပဲမွေးလာပါစေလို့ပဲ မမကြီးလည်း ဆုတောင်းနေပါတယ်ကွယ်"

စောစောက စော စာရေးနေသော အရိပ်ကောင်းသည့် ခရေပင်ကြီးအောက်သို့ ရောက်လာကြသည်။

ခရေပင်ကြီးအား ဝိုင်းပတ်ကာ ကွပ်ပျစ်လေး ထုပ်ထားသည့်ဘာ နွေရာသီတွင် တန်ဖိုးအလွန်ရှိနေရသည် မဟုတ်ပါလား။

မောင် မရှိသည့်အခါ နေ့လယ်နေ့ခင်းတွင် စောသည် ခရေပင်



www.burmeseclassic.com

www.burmeseclassic.com



ရိပ်အောက်တွင် စာထိုင်ရေးနေကျရယ်ပါ။

ခုလည်း စောသည် စာရေးနေသည်မို့ စာအုပ်နှင့် ဘောလ်ပင်တွေကို ထွေးထွေး တွေ့လိုက်ရလေ၍…

"မမကြီးရယ် တောင်းပန်ပါတယ်၊ အညောင်းမခံပါနဲ့တော့၊ အဲဒါလေ ကိုလိမ္မော်က သိရင် နည်းနည်းလေးမှ ကြိုက်မှာမဟုတ်ဘူး သိလား…"

"ဖျင်းလိုပါ ထွေးရဲ့၊ ပြီးတော့ မမကြီးက စာရေးနေတဲ့သူဆိုတော့ စာမရေးရရင် မနေနိုင်ဘူးလေ…"

"ဟိုတုန်းကဟုတ်တယ်လေ၊ ခုက ဟိုတုန်းကနဲ့ မတူတာ မမကြီးရဲ့…"

"မမကြီး ကိုယ်ဝန်က လရင့်နေပြီဥစ္စာ၊ အညောင်းမခံရတော့ဘူး၊ လမ်းများများလျှောက်ပေးရမယ့် အချိန် မမကြီးရဲ့…"

မှန်သည်။

ထွေးထွေး ပြောလည်း ပြောစရာပင်။

စောကိုယ် စောလည်း သိပါသည်။

စော ကိုယ်ဝန်မှာ မွေးဖွားခါနီးနေရပြီ မဟုတ်ပါလား။

"အေးပါကွယ်၊ မမကြီး စာမရေးတော့ပါဘူး…"

"အဲဒီ စကားပြောတာက ဟိုး…ကိုယ်ဝန်စရှိကတည်းကပဲ၊ ထွေး နေ့တိုင်း လာလာပေးနေရတာက မမကြီး တစ်ယောက်တည်းရှိနေရင် စာရေးနေမှာ စိုးလို့ပဲ သိလား…"

"စောစောပိုင်းက စာ နည်းနည်းပါးပါးရေးတာ ရပါတယ်၊





ခုက အညောင်းမထိုင်တော့ရင် အကောင်းဆုံးမို့ ပြောနေရတာ…"

"အေးပါကွယ်၊ ဒီနေ့ နောက်ဆုံးပဲ…"

စော ဆိုရင်း ချစ်စဖွယ်လှပသော အပြုံးလေးဖြင့် စာအုပ်နှင့် ဘောလ်ပင်တွေကို သိမ်းဆည်းလိုက်သည်။

"ဒါနဲ့ ထွေး…"

ညီမဖြစ်သူကို ကြည့်ပြီး စော ခေါ်တော့ ထွေးထွေး ကြည့်လာသည်။

"ထွေး ကိစ္စတွေက ဘယ်လိုလဲ၊ ပြတ်ပြီလား…"

"ဟင်း…"

စော မေးတော့ ထွေးထွေး မျက်နှာလေး ညှိုးငယ်ညစ်ညူးဟန်ဖြင့် သက်မချသည်။

စောမှာ ညီမဖြစ်သူအား ရင်လေးစွာ ကြည့်ပြီ…

"ထွေးက မပြတ်သားဘူးလား၊ သူ့ဘက်က မပြတ်သားဘူးလား…"

"ပြတ်တယ်၊ မပြတ်သားဘူးဆိုတာ ပြောလို့မရဘူး မမကြီး"

"ဟင်း…ဒါဖြင့် ထွေးတို့ လူချင်းတွေ့နေကြလား…"

"ဟင့်အင်း…လူချင်းတော့ မတွေ့ကြပါဘူး၊ ထွေးက အတွေ့မခံပါဘူး…"

"ဒါဖြင့်…"

"ဖုန်းတော့ ဆက်ဖြစ်နေကြတယ်…"

"ဖုန်းထဲမှာ ဘာတွေပြောလဲ…"



www.burmeseclassic.com

www.burmeseclassic.com



စော မေးတော့ ထွေးထွေး မျက်နှာလေးမှာ သူမ အဖြစ်အတွက် မကျေမနပ်သယောင် ဒေါသရောင် လွှမ်းသွားရချေ၏။

စောမှာ ထွေးထွေး မျက်နှာလေးကိုသာ ကြည့်နေမိလေ၏။

ထွေးထွေး မျက်ရည်လေးဝဲသယောင် နှုတ်ခမ်းလေး ကိုက်သယောင် ရှိပြီးမှ…

"သူက ထွေးကိုလည်း မပြတ်နိုင်ဘူးတဲ့ မမကြီး၊ တစ်ဖက်က ကလေးရဲ့ မျက်နှာကိုလည်း ထောက်ရတယ်တဲ့…"

"အို…ဒါဆို ရှင်းနေတာပဲ ထွေးရယ်၊ သူ့မှာ သားကြီးမယားကြီးကို ထောက်နေရတယ်ဆိုတဲ့ နောက်တော့…"

"ထွေး ဘက်မှာ ဘာမှ အခွင့်အရေးဆိုတာ မရှိတော့ပါဘူး၊ ရှိုင်းရှိုင်းပြောရရင် သူက ဖုန်းဆက်ပြီး မပြတ်မသား လုပ်နေတာကို"

"ထွေးက အတုတ်မှတ်ပြီး သူ့ကို လက်ထပ်တာနဲ့ ထွေး ဘယ်အာစရောက်သွားပြီလဲ၊ ထွေး စဉ်းစားကြည့်လေ…"

"ဒီမှာ ထွေး၊ ထွေးမှာ ပညာလည်းရှိတယ်၊ ရုပ်ရည်လည်းရှိတယ်၊ ဥစ္စာလည်းရှိတယ်၊ ထွေးအတွက် ဘာလိုသလဲကွယ်…"

"ထွေး ပြတ်ပြတ်သားသား နေလိုက်စမ်းပါ၊ ယောကျ်ားဆိုတဲ့ အမျိုးကတော့ ထွေးရယ် ရမယ်ဆိုရင် ယူကြမှာချည်းပဲ…"

"ဒီမှာ ထွေး၊ သူ့ကို ထွေး လုံးဝ စိတ်မကူးပါနဲ့တော့၊ သူ ဖုန်းဆက်ရင် ထွေး မကိုင်နဲ့…"

"ထွေး ဒီလူ့ကို လုံးဝဖြတ်လိုက်ပါကွယ်၊ ဒါဆို သူ့အတွက်လည်း ကောင်းမယ်၊ ထွေး အတွက်လည်း ပိုကောင်းသွားမယ်၊ ထွေး





ရယ်…"

"တစ်ယောက်နဲ့ အကြောင်းမပါပေမယ့် ဖူးစာမှန်တဲ့ တစ်ယောက်နဲ့တော့ ထွေး အကြောင်းပါမှာပါ…"

"မမကြီး စကားကို ထွေး နားထောင်ပါနော်၊ ဒီအကြောင်းတွေ မေမေ သိရင်လည်း စိတ်ထိခိုက်ရှာမှာ…"

"ထွေးလည်း သိပါတယ် မမကြီးရယ်၊ ထွေး နားလည်ပါတယ်၊ ထွေးဟာ အသိခေါက်ခေက် အဝင်နက်နေတဲ့ ထွေး စိတ်ကိုလည်း ထွေးလေ သိပ်ပြီးရှုံတယ်၊ ဒေါသ ဖြစ်တယ်…"

"ဟင်း…မမကြီး တောင်းပန်ပါတယ်ကွယ်…"

စောမှာ ညီမဖြစ်သူကိုသာ ချော့မော့ တောင်းပန်နေမိပါ၏။

"စိတ်ချပါ မမကြီးရယ်၊ ထွေး သူ့ကို လက်မထပ်ပါဘူး…"

"သူ့မယားကြီးနဲ့လည်း မခွဲနိုင်းနဲ့နော် ထွေး…"

အိမ်ထောင်တစ်ခု အတွက် စိုးရိမ်ခြင်း၊ စာနာခြင်းနှင့် စော ဆိုတော့…

ထွေးသည် စောကို ထိခိုက်စွာ ခေါင်းညိတ်ပြရှာပါ၏။

"တဲ…ထွေး၊ လာ…အိမ်ထဲဝင်ကြရအောင်၊ အအေးတစ်ခုခု သောက်ကြမယ်…"

ရေးလက်စစာအုပ်တွေကို ယူပြီး ညီအစ်မ နှစ်ယောက် အိမ်ထဲ ဝင်ခဲ့ကြသည်။

"မမကြီး၊ ထွေး ဖျော်မယ်…"

"အေး…အေး…"



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုဆောက်ဘက် ထွေးထွေး ဝင်သွားသည်တွင် စောသည် လက်ထဲမှ စာအုပ်လေးတွေကို သိမ်းဆည်းလိုက်၏။

စာအုပ်လေး သိမ်းခဲ့ပြီး မီးဖိုဆောင်ဘက်သို့ စော ဝင်လာချိန်တွင် ထွေးသည် သံပုရာရည်ဖျော်ရန် ပြင်ဆင်နေ၏။

"မွေးဖွားခါနီးအချိန်မှာ မမကြီးကိုတော့ အလစ်ပေးလို့ မဖြစ်တော့ဘူး…"

"ဘာဖြစ်လို့…"

"လစ်ရင်လစ်သလို စာ ခိုးခိုးရေးနေတာကိုး…"

"မရေးတော့ပါဘူးဆို…"

"မယုံပါဘူး၊ ဒီနေ့ကစ ကိုလိမ္မော် ပြန်လာမှ ထွေး ပြန်မယ်၊ မနက်ကျရင်လည်း ထွေး ဆေးခန်းကို စောစောပဲပိတ်ပြီး မမကြီးဆီ လာခဲ့မယ်…"

"သဘော…သဘော…"

အအေးဖျော်ပြီး ညီအစ်မနှစ်ယောက် စားပွဲတွင်ပင်ထိုင်ကာ အအေးသောက်ရင်း စကားပြောဖြစ်ကြသည်။

"ကိုလိမ္မော် အလုပ်က အဆင်ပြေလား မမကြီး…"

"ပြေပါတယ်၊ မောင်က သူ့အလုပ်ရှင်ကို သိပ်ငဲ့တာပဲ၊ သူ့ အလုပ်ရှင်ကလည်း ကောင်းတယ်လေ…"

"သူ့အလုပ်ရှင်မှာ သားတစ်ယောက်ရှိတယ်လို့ ထွေး ပြောသံကြားတယ် မမကြီးရဲ့…"

"ဟုတ်လား…မမကြီးတော့ မသိဘူး…"





"အဲဒီလူက နိုင်ငံခြားမှာတဲ့၊ ကျောင်းဆက်တက်နေတုန်းတဲ့"

"သြော်…"

ထွေးက ပြောနေသော်လည်း စောမှာ စိတ်မဝင်စားမိ။ စော အကြည့်လေးတွေက နာရီလေးဆီ ရောက်နေတော့သည်။

ညနေ ရုံးဆင်းချိန်နီးပြီ။

မကြာမီ မောင်လည်း ပြန်ရောက်လာတော့မည်ကို စော မျှော်လင့်နေမိသည် မဟုတ်ပါလား။

"အဲဒီလူက ပြန်လာရင် သူ့အဖေစီးပွားရေးမဲလုပ်မှာလို့ ပြောသံကြားတယ် မမကြီးရဲ့…"

"ဒီတော့ ပိုကောင်းတာပေါ့ ထွေး၊ မောင်က ကိုယ်ပိုင် အလုပ်ပဲ လုပ်တော့မှာပေါ့…"

"အင်း…ဟုတ်တာပေါ့၊ အဲဒါ အကောင်းဆုံးပဲ…"

"သြော်…ပြောရင်းဆိုရင်း မမကြီးရေ၊ အချိန်တွေကကုန်ပြီ၊ ကိုလိမ္မော် ပြန်ရောက်လာတော့မယ်…"

"ဟုတ်တယ်၊ ထွေး ပြန်ချင်ပြန်တော့လေ၊ ဆေးခန်းလည်း ပြန်ဖွင့်ရဦးမယ် မဟုတ်လား…"

"ရပါတယ်၊ ထွေး ဆေးခန်းက ရတယ်၊ အေးအေးဆေးဆေးပဲ၊ ကိုလိမ္မော်ကား ခြံရှေ့မှာ ရောက်မှ ထွေး ပြန်မယ်…"

"သဘော…သဘော…"

အစ်မကို စိတ်မချ၍ ထွေး ဆိုခြင်းပါ။

ကိုယ်ဝန်ကြီးနှင့် စော အညောင်းတွေ သိပ်ဟိုင်နေမည်ကို



www.burmeseclassic.com

www.burmeseclassic.com



စိုး၍လည်း ထွေးမှာ သူ့ဆေးခန်းကိုပင် အချိန်လွဲ၍ ထားရပါ၏။

ထွေးသည် ဆေးရုံတွင် မလုပ်…

ကိုယ်ပိုင်ဆေးခန်းတွင်သာ မနက်တစ်ခါ ညနေတစ်ခါ ထိုင်ပြီး ရသမျှအချိန်တွေ အစ်မဖြစ်သူကို ဂရုစိုက်ပေးသည်။

စောတို့ ညီအစ်မနှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦးတော့ လွန်စွာမှ ချစ်ကြ၊ ဂရုစိုက်ကြသည်ပါ။

ထိုနေ့က ထွေးသည် ပြောသည့်အတိုင်းပင်…

အလုပ်မှပြန်လာသော ကိုလိမ္မော် ကားလေး ခြံဝတွင်တွေ့မှ အစ်မအတွက် စိတ်ချလက်ချဖြစ်ကာ ပြန်သွားခဲ့ပါချေ၏။ ။

❀ ❀ ❀



– ရှစ် –

"မောင်လိမ္မော်ရေ…"

"ဗျော်..ဦး..လာပါ…"

ကိုလိမ္မော်သည် ကွန်ပျူတာထဲမှ စာရင်းအင်းတွေဆီ ကြည့်နေဆဲ အလုပ်ပိုင်ရှင် ဦးငွေလရောင် အခန်းထဲရောက်လာရင်း ခေါ်သံကြောင့် နေရာမှထကာ ကြိုဆိုလိုက်ရလေ၏။

"စာရင်းတွေကြည့်နေလား မောင်လိမ္မော်…"

"ဟုတ်ကဲ့ ဦး…"

"အမှားအယွင်း ရှိနေလို့လားကွယ့်…"

ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ရင်း ဦးငွေလရောင် မေးသည်။

"မမှားတော့ မတွေ့ရပါဘူး ဦး၊ အားနေတုန်း နေ့စဉ်အလုပ် ကလေးလုပ်နေတာပါ…"



www.burmeseclassic.com

www.burmeseclassic.com



"ဘဏ်တိုးငွေကော အတိုးအလျော့ ရှိသေးလား မောင်လိမ္မော်..."

"မရှိပါဘူး ဦး၊ သူများလုပ်ငန်းတွေဆီလည်း ကျွန်တော်တို့ စုံစမ်းပါတယ်၊ ပြီးတော့ အခု ကျွန်တော်တို့ စီးပွားလုပ်သူတိုင်းက အမြဲညှိနှိုင်း လုပ်နေကြရတယ်..."

"ဘာကြောင့်လဲဆိုတော့ အခု စီးပွားရေးတွေပေါ် မူတည်တယ်ပေါ့၊ ဒါကြောင့် အတိုးငွေကို အစိုးရဘဏ်ကနဲ့လိုက်ရောပြီး ကျွန်တော်တို့ ပုဂ္ဂလိကဘဏ်တွေလည်း အစိုးရဘဏ်တွေနဲ့ ညှိထားရတာပေါ့ ဦးရယ်..."

"အေး ဟုတ်ပါတယ်လေ၊ ကဲ မောင်လိမ္မော်လည်း ပင်ပန်းနေပြီ..."

"ရပါတယ် ဦး၊ အလုပ်လုပ်တာ ဒါလောက်တော့ ရှိမှာပေါ့ ဦးရယ်..."

"မောင်လိမ္မော်ကတော့ အလုပ်လုပ်တာ ဦး ကြိုက်တယ်ကွယ်၊ အလုပ်လုပ်တာ စေ့စပ်သေချာတယ်..."

"မောင်လိမ္မော် ဦးစီးပြီး လုပ်ကိုင်ပေးနေလို့လည်း ဦးလည်း စိတ်ချနေတယ်၊ လုပ်ငန်းတွေလည်း တိုးတက်တယ်ကွယ့်..."

"ဦးရဲ့သားလည်း ဒီနှစ်ကုန်ရင်တော့ ပြန်ရောက်လာတော့မှာပါကွယ်..."

"ဦးရဲ့သား ပြန်ရောက်လာရင် မောင်လိမ္မော်နဲ့တွဲပြီး အလုပ်လုပ်စေရမယ်..."





"မောင်လိမ္မော်ဆီက လုပ်ဟန်လုပ်နည်း ပညာတွေကို ယူခိုင်းရမယ်..."

"ဟုတ်ကဲ့ ဦး..."

"သြော် ဒါနဲ့ မောင်လိမ္မော်ရဲ့ အမျိုးသမီး ကလေးမွေးသွားပြီလားကွယ့်..."

"မမွေးသေးဘူး ဦး၊ မွေးတော့ မွေးခါနီးနေပါပြီ၊ နေ့လား ညလားပဲ လိုတော့ပါတယ်..."

"အေးကွယ်၊ မောင်လိမ္မော်ရဲ့ ဇနီးလေးကလည်း အင်မတန် လှကြောင်း၊ အင်မတန်တော်ကြောင်း၊ ဦး သတင်းတွေ မကြာခဏ ကြားနေရတယ်ကွယ့်..."

"ကံကောင်းတယ်ကွယ်၊ မောင်လိမ္မော်ကလည်း စာရေးဆရာမဇနီးသည်ကို ရလို့ ကံကောင်းသလို..."

"အဲဒီ ဆရာမကလည်း မောင်လိမ္မော်လို ခင်ပွန်းမျိုးရလို့ အင်မတန် ကုသိုလ်ကံကောင်းသလို..."

"အဟွန်း ကျေးဇူးတင်ပါတယ်ဦးရယ်..."

ဦးငွေလရောင် ချီးမွမ်းစကားအတွက် သူ အပြုံးနှင့် ဆိုရလေသည်။

"ကရင်း..ရင်း..ရင်း..."

ဦးငွေလရောင်နှင့် ကိုလိမ္မော်တို့ စကားပြောနေဆဲ ဖုန်းမြည်သံလေးက မြည်လာလေ၍...

ကိုလိမ္မော်သည် လုပ်ငန်းကိစ္စတွေဆီကပင်ဟု စိတ်အထင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလေးအား ကပျာကယာကောက်ကိုင် နားထောင်လိုက်ရာတွင်…

"ဟဲလို…ကျွန်တော် လိမ္မော်ပါခင်ဗျာ…"

"ဟဲလို…ကိုလိမ္မော်၊ မမကြီး ကလေးမွေးဖို့ ဗိုက်နာနေပြီ…"

"ဟင်…ဟုတ်လား၊ အခုဘယ်မှာလဲ၊ အိမ်မှာလား ဆေးရုံ ကလား…"

"အခုဆေးရုံသွားမယ့်ဆဲဆဲပဲ၊ အဲဒါ မမကြီးက ကိုလိမ္မော် လာမှ ဆေးရုံသွားမယ်လုပ်နေလို့…"

"အော်…ဒါဖြင့် စောကို ပြောလိုက်ပါ၊ အခုပဲလာခဲ့မယ် လို့…"

"အင်း…အင်း…"

"ဂျောက်…"

ကိုလိမ္မော်သည် ပျော်ရွှင်သလို စိတ်တွေလှုပ်ရှားရင်း ဖုန်း ကို ကပျာကယာချကာ ဦးငွေလရောင်ထံ ကြည့်လိုက်ပြီး…

"ဦး ကျွန်တော့်ဇနီး အခု ဗိုက်နာနေပြီတဲ့၊ အဲဒါ ဆေးရုံ တင်ဖို့ ကျွန်တော့်ကို ခွင့်ပြု…"

"ဟော…ဟုတ်လား၊ ဒါဖြင့် သွားရမှာပေါ့၊ သွား…သွား၊ မောင်လိမ္မော် ဒီအချိန်က အရေးကြီးတယ်ကွယ့်…"

"သွား…သွား…အလုပ်တွေအတွက် ဘာမှ နောက်ဆံမတင်း နဲ့၊ ဦးပဲ ကြည့်လုပ်ထားပါ့မယ်…"

"မောင်အောင်မြင့်လည်း ရှိပါတယ်၊ မောင်လိမ္မော်သာ စိတ်ချ သွား…"





"ဟုတ်ကဲ့ ဦး၊ ကျွန်တော်သွားမယ်နော်…"

ကိုလိမ္မော်ကား ဦးငွေလရောင် စကားတွေကို နားကထောင် ရင်း၊ လက်ကလည်း ပစ္စည်းတွေယူရင်းနှင့်…

ဦးငွေလရောင် စကားအဆုံးတွင် ဦးငွေလရောင်ကို နှုတ်ဆက် ခဲ့ပြီး (×××) ဘဏ်ထဲမှ ကိုလိမ္မော်သည် ပြေးထွက်မိခဲ့သယောင် ရှိပါတော့သတည်း။

လမ်းတစ်လျှောက် သူ ကားကို မောင်းခဲ့သည်တွင်…

မွေးဖွားတော့မည့် ချစ်ဇနီးချောအတွက် စိုးရိမ်နေမိရသလို…

သားသမီးရတနာလေး ရတော့မည်လို့လည်း သူသည် ပျော်ရွှင်ကြည်နူးစိတ်တို့ဖြင့် စိတ်များလှုပ်ရှားကာ ကားကိုသတိနှင့် မောင်းနှင့်နေခဲ့ရပါလေ၏။

တစ်အောင့်ခန့် ကြာသည်တွင် သူ အိမ်သို့ ပြန်ရောက်ခဲ့သည်။

ခြံတခါးသည် အသင့်ပွင့်နေ၏။ စော၏ မိခင်နှင့် ညီမတွေပါ ရောက်နေသည်ကိုလည်း ကိုလိမ္မော် တွေ့မြင်လိုက်ရလေသည်။

ကိုလိမ္မော်သည် ဆင်ဝင်အောက်ရှိ စော၏မိခင် ကားနောက် တွင် သူ့ကားလေးကို ရပ်ပစ်ခဲ့ပြီး… ကားပေါ်မှ ပြေးဆင်းကာ အိမ်ထဲသို့ ဝင်လိုက်သည်နှင့်…

"ဟော…မောင် ရောက်လာပြီ…"

"စော…"

စိုပိုင်းအိစက် လှပလွန်းနေသော ချစ်ဇနီးသည်ကို တွေ့လိုက် ရသည်တွင် သူ အံ့သြပြီး ချစ်ဇနီးကို ငေးကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်၊ ကဲ··စောတို့ ဆေးရုံသွားကြမယ်···"

သူ စောကို အံ့ဩစွာ ကြည့်နေဆဲ၊ စော ဆိုနေ၍···

"စော··ဗိုက်နာနေတယ်ဆို···"

"ဟုတ်တယ်လေ မောင်ရဲ့၊ ဒါကြောင့် ဆေးရုံသွားဖို့ ပြောနေတာပေါ့···"

"ဟောဗျာ၊ စောကို ကြည့်ရတာ ဘာမှ မဖြစ်သလိုဘဲ···"

"အို··မောင်ကလည်း တစ်ချက်တစ်ချက်မှ နာတဲ့ဟာ၊ စောက မောင်ရောက်လာလို့ ဝမ်းသာသွားတာ···"

"အဟွန်း··မောင့်မိန်းမတော့လေ မောင့်အတွက် ကလေးမွေးဖို့··သွားတာတောင်မှ လှလှပပလေးဗျာ···"

"ချီးမွမ်းမနေနဲ့ ကိုလီမွှော်၊ နောက်မကြာခင် သူ အော်ဟစ်နေရတော့မှာ၊ ကဲ ကဲ··ကားပေါ်တက်၊ သွားကြမယ်···"

ထွေးထွေး ဝင်ပြောတော့ ကိုလီမွှော်ပြုံးသည်။

ချစ်ဇနီးအတွက်လည်း အမြိုးနှင့် စိုးရိမ်သွား၏။

"မေမေနဲ့ ညီမလေးတို့ ရှေ့ကသွားနှင့်ကြလေ၊ မောင်နဲ့ စောက အိမ်တံခါးတွေပိတ်ပြီး လိုက်ခဲ့မယ်···"

"ဩော်··ထွေးတို့က ဆေးရုံအရင်သွားရအောင် ထွေးတို့က ကလေးမွေးရမယ့် သူတွေမှ မဟုတ်တာ···"

"ပြောင်းပြန်ဆန်တာတော့ မမကြီးကလုပ်ပြီ၊ အဲဒါပဲ··သူ့ယောက်ျားကို မြင်ရင် ဘာမှ မသိတော့ဘူး···"

"အလျှင်ဆုံးသွားရမှာက မမကြီးတို့ လင်မယားသွားရမှာ···"

"ထွေးတို့ တံခါးတွေပိတ်ပြီး နောက်ကလိုက်ခဲ့မယ်၊ ကဲ··သွား··သွား···"

"ဟုတ်သားပဲ စောရဲ့၊ ကဲ··မေမေနဲ့ ညီမလေးတို့ အစ်ကိုတို့ သွားနှင့်မယ်၊ ဟုတ်ပြီလား···"

ယောက္ခမနှင့်ခယ်မတွေကို ကျေးဇူးတင်စွာ ကိုလီမွှော် ဆိုပြီး ချစ်ဇနီးပခုံးလေးကို သိုင်းဖက်ကာ ကားဆီသို့ ထွက်ခဲ့လိုက်ကြလေ၏။

"စော···"

"မောင်···"

"မောင် ကားကို ဖြည်းဖြည်းပဲ မောင်းမယ်နော်···"

ဆိုရင်း ကားကို ဖြည်းဖြည်း မောင်းထွက်ခဲ့သည်။

စောသည် တစ်ချက်တစ်ချက် ဗိုက်ထဲမှနာကာ မျက်နှာလေးမဲ့သွားရရုံမှလွဲ၍ ဆိုးဆိုးရွားရွား မဖြစ်သေးပါလေ···

"စော···"

"မောင်···"

"ဗိုက်မနာဘူးလားဟင်···"

"နာတယ်မောင်၊ ဒါပေမယ့် တစ်ချက် တစ်ချက်ပါ၊ မွေးခါနီးကျမှ အနာက များလာမှာပါ မောင်ရဲ့···"

"ဟုတ်လား မောင်က မသိပါဘူး၊ မောင်ကြားဖူးတာက အမျိုးသမီးတွေ ကလေးမွေးလို့ ဗိုက်နာရင် အော်ဟစ်လူးလိမ့်နေကြတာတဲ့···"







www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပေါ့ မောင်ရယ်၊ ရိုးရိုးဗိုက်နာတာတောင်မှ တအား အော်ဟစ်နေရသေးတာ…"

"ဗိုက်ထဲက ကလေးတစ်ယောက်လုံး မွေးဖို့ဆိုတော့ ပိုနာကြမှာပေါ့…"

"စောကို မောင် သနားတယ်၊ ပြီးတော့ စိုးရိမ်တယ်ကွယ်…"

စော၏ပါးနုနုဆီ သူ တစ်ချက်ကိုင်ပြီး ကြင်နာစွာ ဆိုသည်။

"အို..မောင်ကလည်းကွယ်၊ ဘာမှ စိုးရိမ်စရာမရှိပါဘူး၊ စောကတော့ ဘာမှ မကြောက်ဘူး မောင်…"

"သဘာဝကတော့ ကလေးမွေးရင် ဗိုက်နာမှာပဲ၊ နာမှလည်း မွေးမှာကိုး၊ နာပစေပေါ့…"

"စော မကြောက်ဘူး၊ နာတဲ့အခါလည်း နာတာကို ဒီလိုပဲခံပြီး ကလေးမွေးရမှာပဲလေ…"

"မောင့် မိန်းမက သတ္တိကောင်းတယ်…"

"အဲဒါ မောင့်အတွက်ပေါ့…"

မှန်သည်။

စော၏အသွင်သည် ပေါ့ပါးကြည်လင်နေ၏။

စောသည် ခင်ပွန်းလင်အား လွန်စွာချစ်ကြောင်း ထိုအချက်က သက်သေပြနေသလိုပါ။

ထိုနေ့က စောသည် ဆေးရုံရောက်ပြီး အတန်ကြာသည်အထိလည်း မျက်နှာလေးပျက်ရလောက်အောင် ဗိုက်ကနာခြင်း မရှိလေပါ။





ကိုလိမ္မော်က တခြားအမျိုးသမီးတွေ တစ်ယောက်ပြီးတစ်ယောက် ကလေးမွေးသွားကြသည်ကို ကြည့်ပြီး…၊

စောကို ပြန်ကြည့်ကာ အံ့ဩသလို စိုးရိမ်သလို ရှိနေမိရပါလေ၏။

မှန်သည်။

စောသည် အချိန်တွေသာ ကုန်သွားပေမင့် ဗိုက်က ယခင်ကထက် နာလာခြင်း မရှိသောကြောင့် မဟုတ်ပါလား။

ထွေးသည် သူငယ်ချင်းဆရာဝန်မနှင့် စောကို မွေးခန်းထဲခေါ်သွင်းသွားသည်။

တစ်အောင့်ကြာ ထွေး ပြန်ထွက်လာပြီး…

"ကိုလိမ္မော်…"

"ဗျာ…"

"မမကြီးက ဒီအတိုင်းတော့ မွေးမှာ မဟုတ်တော့ဘူး…"

"ဟင်..ဒါဖြင့်…"

"မစိုးရိမ်ပါနဲ့၊ မမကြီးက ဗိုက်မှ မနာတော့ဘဲ၊ ခွဲပြီးပဲမွေးရတော့မယ်…"

ထွေးထွေးက မစိုးရိမ်ခိုင်းသော်လည်း ကိုလိမ္မော်ကား စကားပင် မပြောနိုင်အောင် ချစ်ဇနီးအတွက် စိုးရိမ်သွားရပါသတည်း။

"ကဲ..မေမေတို့ အိမ်ပြန်ချင်ပြန်ကြ၊ ပြီးမှ အကြောင်းကြားလိုက်မယ်…"

"သမီးရယ် မပြန်ပါဘူး၊ သမီးကြီးမွေးမှပဲ ပြန်မှာ့မယ်…"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာပဲ တစ်ခါတည်းပဲ စောင့်သွားမယ်..."

"ဒါဖြင့်လည်းပြီးရော၊ စိတ်တော့ မပူကြပါနဲ့ ဟိုမှာ အားနွဲ့တဲ့သူကို အားပေးနေကြ၊ အဟင်း..ဟင်း..."

ကိုလိမ္မော်ဘက် မေးငေါ်ကာ ထွေးထွေးအပြုံးလေးနှင့် ဆိုပြီး မွေးခန်းထဲသို့ ဝင်ရောက်သွားလိုက်ပါတော့၏။

စောကို ခွဲစိတ်မွေးမည် ဆိုသဖြင့် ကိုလိမ္မော်သည် ရင်ထဲ လှုပ်ရှား၍ နေ၏။ စိတ်ကို ထိန်းသော်လည်း မရ...

ချစ်ဇနီးအတွက် ကိုလိမ္မော်သည် ဆုတောင်းမေတ္တာပို့ကာ စိုးတထင့်ထင့်ရယ် ရှိနေရချေသည်။ တကယ်တော့ ချစ်ဇနီးချောအား ကိုလိမ္မော်သည် ချစ်စိတ် လွန်ကဲရခြင်းကြောင့်ရယ်လေ။

မှန်သည်။

ကိုလိမ္မော်သည် စောအတွက် တစ်ချိန်လုံး စိုးစိတ်တို့ဖြင့် ရှိနေလေသမျှ...စောကား ညခုနှစ်နာရီအချိန်တွင် ကိုလိမ္မော်အတွက် သမီးဦး ရတနာလေးအား အောင်မြင်စွာ ခွဲစိတ်မွေးဖွား၍ ပြီးစီးသွားခဲ့ပါသတည်း။ ။





- ကိုး -

ဆေးရုံတွင် စောတစ်ပါတ်ခန့် နေရသည်။

သည်နေ့တော့ စော ဆေးရုံကဆင်းပြီ ဖြစ်သည်။

စောနှင့် သမီးလေးတို့ ဆေးရုံမှ ဆင်းပြီမို့ နှစ်ဖက်မိဘနှင့် ကိုလိမ္မော်မှာ သမီးလေးအား လွတ်လပ်စွာ ချစ်ရတော့မည့်အတွက် ပျော်ရွှင်နေရလေ၏။

ကိုလိမ္မော်မှာ အလုပ်မှ ခွင့်ယူပြီး ချစ်ဇနီးနှင့်သမီးလေး အနားတွင် နေသည်။

သမီးလေး နီတာရဲလေးကိုလည်း ချစ်မဝ ကြည့်နူးမဆုံးအောင် တစိမ့်စိမ့် ကြည့်နေမိရပါ၏။

ချစ်ခင်ပွန်းက ဂရုစိုက်သလို...

နှစ်ဖက်မိဘများနှင့် ညီမတွေကလည်း စောနှင့် ကလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ဂရုစိုက်ကြပါ၏။

ကိုလိမ္မော်နှင့် စောတို့အတွက်က သမီးဦးရတနာ…

နှစ်ဖက်မိဘများအတွက်က မြေးဦးရတနာ…

ထွေးထွေးအတွက်က ပထမဦးဆုံး တူမချစ်ကလေး မဟုတ်ပါလား…

"သား…"

"ဗျာ…"

"အလုပ်လည်းလုပ်၊ သားမယားလည်း ဂရုစိုက်နော်…"

"ဟုတ်ကဲ့ပါ မေမေ…"

ကိုလိမ္မော်မိခင် ဒေါ်အေးလှ ဆိုသည်တွင် ချစ်ဇနီးကို အပြုံးနှင့်ကြည့်ပြီး ကိုလိမ္မော်ဆိုသည်။

စောက ချစ်လင်နှင့် ပြည့်ဝသော ယောက္ခမကြီးတွေကြောင့် ကြည်နူးချမ်းမြေ့စွာ ပြုံးနေမိလေ၏။

"သမီးကလည်း ကလေးတစ်ယောက် ရပြီဆိုပြီး သားမောင် လိမ္မော်ကို ဂရုစိုက်မှု မပေါ့လျော့သွားနဲ့ကွယ်…"

"ဟုတ်ကဲ့ပါ မေမေ၊ စောက သားသမီးတွေ ဘယ်နှစ်ယောက်ပဲ မွေးမွေး၊ မောင့်ကိုတော့ ဂရုစိုက်နေမှာပါ…"

စော၏မိခင်ဒေါ်မြကျင်ကလည်း သမီးချော်အား သွန်သင်စကားဆိုသည်တွင်…

စောသည် မိမိ၏ အိမ်ထောင်ရေးခံယူချက်နှင့် မောင့် အပေါ် ချစ်စိတ်တို့ဖြင့် အားရစွာ ဆိုပါ၏။





"အေး…တကယ်တော့ ယောကျာ်းနဲ့မိန်းမတို့ အိမ်ထောင်တစ်ခုကို ထူထောင်ပြီဆိုရင်…"

"အိမ်ထောင်တစ်ခုရဲ့ သာယာမှု၊ ပြည့်ဝပျော်ရွှင်မှု အဘက်ဘက်ဟာ ယောကျာ်းတစ်ယောက်တည်းနဲ့လည်း မပြီးသလို…"

"မိန်းမတစ်ယောက်တည်းနဲ့လည်း မပြီးဘူးကွယ့်၊ မောင်နှံနှစ်ယောက်စလုံးက တစ်ယောက်နဲ့တစ်ယောက် နားလည်မှုနဲ့ ကြင်နာဖေးမှုရှိမှသာ အဲဒီ အိမ်ထောင်က သာယာချမ်းမြေ့မှုရှိမယ်၊ တည်မြဲမှု ရှိတယ်…"

ကိုလိမ္မော်ဖခင် ဦးထွန်းအောင်ကလည်း ဝင်ရောက်ကာဆိုသည်။

"ဟုတ်ကဲ့ပါ ဖေဖေ…"

"ဟုတ်ကဲ့ ဖေဖေ…"

ကိုလိမ္မော်နှင့် စောတို့ ဆိုလိုက်ကြသည်။

နှစ်ဖက်လူကြီး မိဘတွေက မြေးနှင့် သမီးတို့၊ သားတို့ကို ကြည့်ပြီး ဆက်လက်ထူထောင်သွားရမည့် အိမ်ထောင်ရေးဆုံးမ စကားများအား ဝိုင်းဝန်းဆိုနေကြသည်တွင်…

ညီမလေးထွေးထွေးက အိမ်ကလေးအား ရှင်းလင်းသုတ်သင်ကာ နံနက်စာ စားသောက်မှုတွေကိုပါ ချက်ပြုတ်ပြင်ဆင်နေကြရင်း အပြုံးလေးတွေနှင့် လှမ်းလှမ်းကြည့်ဖြစ်ကြ၏။

အစ်မဖြစ်သူ၏ အိမ်ထောင်ရေး သာယာတော့ ညီမဖြစ်သူအဖို့ စိတ်အေးချမ်းသာရသည်ကဖြင့် အမှန်ပါတည်း။



www.burmeseclassic.com

www.burmeseclassic.com



ထွေးထွေးမှာ အစ်မဖြစ်သူ၏ ကြည်နူးစရာ၊ အိမ်ထောင်ရေးလေးကို ကြည့်ပြီး အစ်မအတွက် ကြည်နူးမိရသလို…

မိမိအကြောင်း သတိရမိတော့ မိမိ၏ အချစ်ကံခေပုံအတွက် တစ်ချိတစ်ချိ မျက်နှာလေး ညှိုးရော်သွားမိရရှာ၏။

သို့သော်လည်း ထွေးထွေး သတ္တိရှိသူပါ။ ရင်၌မည်မျှအထိ ခံစားနေရစေကာမူ ထွေးထွေး ဟန်ဆောင်ကာ နေနိုင်သူပါ။

အသည်းမာလှသော်လည်း ထွေးထွေးသည် မာန်နှင့် လျှစ်လျူရှုနိုင်ပါ၏။

သည်နေ့အဖို့ ကိုလိမ္မော်နှင့်စောတို့ အိမ်လေးမှာပင် မိသားစုများနေထိုင်စားသောက်ကြမည့် အစီအစဉ်ကြောင့်…

ထွေးထွေးသည် ထမင်းဟင်းလျာများကို ကိုယ်တိုင် တည်ချက်ရင်းက…

မမကြီးအတွက် အိမ်ဖော်တစ်ယောက်တော့ လိုတယ်…

မမကြီးကို မေးကြည့်ရမယ်၊ အိမ်ဖော်လိုတယ်ဆိုရင် မေမေနဲ့ တိုင်ပင်ပြီး ရှာပေးရမယ်…

စဉ်းစားရင်း အစ်မအတွက် ထွေးထွေးသည် ချက်ပြုတ်ပြီးသည်နှင့် ရေမိုးချိုးလိုက်သည်။

"မေမေရေ..ထွေး ရေချိုးပြီးရင် အားလုံးထမင်းစားကြမယ်နော်…"

"အေး..အေး…"

ရေချိုး အဝတ်လဲပြီး တစ်ဖက်ခန်းမှ ထွေးထွေး လှမ်းပြော





သည်။ ထွေးထွေး ရေချိုးပြီးသည့်တွင် ထမင်းပွဲပြင်ဆင်လိုက်ပြီး အားလုံး ထမင်းစားလိုက်ကြသည်။

စောမှာ ညီမဖြစ်သူ ဆရာဝန်မ ထွေးထွေး ကိုယ်တိုင် ချက်ပြုတ်ထားသည့် ဆေးနှင့် ကြက်ပေါင်းရည် နွေးနွေးလေးကို သောက်၊ အသားကို စားနေရ၍ အားရှိကာ စော အသားလေးများ စိုအိနေရချေ၏။

ထမင်းတွေ စားသောက်ရင်း ထွေးထွေးမှာ ချက်ပြုတ်စဉ်က စဉ်းစားထားသော စကားကို သတိရလာ၍…

"သြော်..ဒါနဲ့ မမကြီးအတွက် အိမ်ဖော်တစ်ယောက်တော့ လိုမယ်ထင်တယ်…"

"အေး..ဟုတ်တယ်၊ သမီးရဲ့ ကလေးက ငယ်သေးတော့ တစ်ယောက်တော့ ခေါ်ထားသင့်တယ်…"

ထွေးထွေး စကားကို မိခင် ဒေါ်မြကျင်ကပါ ထောက်ခံဝင်ဆိုနေ၍…

ကိုလိမ္မော်မှာ ချစ်ဇနီး စော မျက်နှာလှလှလေးကို တစ်ချက်ပြုံးကြည့်လိုက်ပြီး…

"ကျွန်တော် စီစဉ်ထားပါတယ် မေမေ၊ ကလေး ကောင်းကောင်း ကြည့်တတ်တဲ့ နာနီတစ်ယောက်ကို ခေါ်ထားပြီးပါပြီး…"

"အဲဒါလည်း စောနဲ့ပဲ တိုင်ပင်ထားတာပါ…"

"ဟုတ်တယ်မေမေ၊ သမီးလေးငယ်တုန်း စောလည်း သွားနုသားနု အချိန်မို့ ခြောက်လတောင် နာနီကို ခေါ်ထားရတယ်…"



www.burmeseclassic.com

www.burmeseclassic.com



"ဒီညနေ နာနီ ရောက်လာလိမ့်မယ် မေမေ..."

"ကလေးကြည့်ရုံခြောက်လလောက်နဲ့ ရပါ့မလားသမီးရဲ့၊ ချက်ပြုတ် လျှော်ဖွတ်ဖို့က လိုသေးတယ် မဟုတ်လား..."

"ခြောက်လဆိုရင် ရပါပြီမေမေ၊ စောမှာလည်း တခြားအလုပ်ရှိတာမှ မဟုတ်ပဲ၊ အိမ်အလုပ်နဲ့ သမီးတို့ သားအမိအလုပ်ပဲ ရှိတာ..."

"အားလပ်ရင် အားလပ်သလို နောက်ဆို စာရေးလို့လည်း ရတယ်လေ..."

"အေးလေ၊ မမကြီးက လုပ်နိုင်ရင် ပြီးတာပါပဲ..."

"အလုပ်တွေ သိပ်များတော့လည်း ညီမလေးတို့ ရှိတာပဲဟာ၊ အဟင်း..ဟင်း..."

"ဒါလည်း ဟုတ်တာပဲ..."

စော ဆိုတော့ ဒေါ်မြကျင် ခေါင်းညိတ်ဆိုသည်။

"တကယ်တော့ အိမ်ရှင်မ တစ်ယောက်ဟာ ကိုယ့်လင်ကိုယ့်သား အလုပ်ကို ကိုယ်ကိုယ်တိုင် လုပ်နိုင်ရင်တော့ အကောင်းဆုံးပဲပေါ့ သမီးရယ်..."

"အိမ်ရှင်မဟာ အိမ်ရှင်မရဲ့ တာဝန်တွေကို နားလည်ရင် ငွေယိုပေါက်နဲ့ အဖိတ်အစဉ် မရှိဘူးပေါ့..."

"ဒါကတော့ မမြကျင်ရေ၊ သမီးစောက စာရေးဆရာမ ဆိုတော့ ပိုနားလည်မပေါ့လေ၊ အဟင်း ဟင်း..."

ယောက္ခမဖြစ်သူ ဒေါ်အေးလှက ချွေးမချောအား သဘောကျ





စွာဆိုသည်။

"စောကလည်း စော အိမ်ထောင်ကို စော ကိုယ်တိုင်ပဲ ကိုင်တွယ်သွားချင်တဲ့စိတ်မျိုး ရှိပါတယ်..."

"စောတို့မှာ မိသားစု သုံးယောက်တည်းပဲဟာ၊ စော ထိန်းသိမ်းနိုင်ပါတယ်..."

"ဒါပေါ့ စောရယ်၊ မောင်လည်းရှိပါတယ်၊ မောင်ကလည်း စောကို အချိန်ပြည့်ကူညီမှာပါ..."

ချစ်ဇနီးကိုကြည့်ကာ ကိုလိမ္မော် ဆိုတော့ မောင်နှံနှစ်ဦး ကြည်နူးစွာ ပြုံးလိုက်မိကြသည်။

ထိုနေ့က မိဘများနှင့် ညီမမှာ ကိုလိမ္မော်နှင့် စောတို့အိမ်တွင် တစ်နေကုန် ပျော်ရွှင်စွာ နေထိုင်သွားကြပြီး...

ငှားထားသော နာနီရောက်လာသည်တွင် မိဘတွေမှာ နာနီကို ပါ သေချာစွာ အပ်နှံမှာကြား ပြောဆိုပြီး ပြန်သွားကြပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com



## - တစ်ဆယ် -

နေ့ကို ရက်စား၍ လကလေးများ ဖြစ်တည်ခဲ့လေပြီ။

သမီးလေးသည်ပင် သုံးလတင်းတင်း ပြည့်ခဲ့လေပြီ မဟုတ်ပါတကား။

မှန်သည်။

သည်နေ့ သမီးလေး သုံးလပြည့်တွင် အမည်ကင်ပွန်းတပ်မည်မို့ ကိုလိမ္မော်နှင့် စောတို့သည် နှစ်ဖက်မိသားစုတွေကို ဖိတ်ကာကြည်နူးစရာ နေ့ကလေးအဖြစ် ဖန်တီး ထားပြန်ပါလေ၏။

ကိုလိမ္မော်သည် အလုပ်နှင့်နေအိမ် သွားလာလှုပ်ရှား နေရသော်ငြား မောသည်ပန်းသည် မရှိခဲ့ပါ။

ထို့အတူ…

စောသည်လည်း သမီးလေးကို ကြည့်ပြီး အိမ်အလုပ်တွေကို လုပ်သည်။





အားလပ်လျှင်အားလပ်သလို စာကိုလည်း ရေးဖြစ်ပါသေး၏။

နာနီကပင် စောလို အိမ်ရှင်မကို ချီးကျူးမဆုံး ရှိနေရပါလေ၏။

သည်နေ့ သမီးလေး သုံးလပြည့်၍ သမီးလေးအတွက် အမည် ကင်ပွန်းတပ်မည်မို့…

စောသည် နာနီနှင့်အတူ အိမ်ကိုပြင်ဆင်ပြီး စားသောက်စရာများလည်း ပြင်ဆင်ထားပါလေ၏။

စောကား ပျော်ရွှင်၍နေပါလေ၏။ အားလုံးပြင်ဆင်ပြီးသည်တွင် စော နာရီဆီကြည့်လိုက်သည်။

ကိုးနာရီခွဲပေတော့မည်။ ကိုးနာရီခွဲလျှင် အရေးကြီး၍ အလုပ်သို့ ခဏသွားသော မောင် ပြန်ရောက်လာမည်။

မိဘများနှင့် ညီမတို့လည်း ရောက်လာကြမည် ဖြစ်သည်။

စောသည် လူစုံမည့်အချိန်ကို စောင့်ရင်း ပုခက်လေးထက်မှ အုအုအအ အသံလေးတွေ ထွက်နေသည့် သမီးလေးဆီ သွားရောက်ကာကြည့်လိုက်ပြီး…

"သမီးလေးရေ၊ မေမေ ပြန်လာခါနီးပြီနော်၊ ဘိုးဘိုး၊ ဖွားဖွားနဲ့ ဒေါ်ဒေါ်တို့လည်း ရောက်လာကြတော့မယ် သမီးရဲ့…"

"နာနီရေ၊ သူ့အဘိုး၊ အဖွားနဲ့ အဒေါ်နမ်းလို့ သမီးရဲ့ ပါးလေးတွေ ရဲပဒေါင်းခပ်နေမှာကို စောတော့ မြင်ယောင်ပါသေးတယ်…"

"အင်း…သေချာတာပေါ့ကွယ်၊ စော သမီးလေးက ကူလိုလ်သိပ်ကောင်းတဲ့ ကလေးကွယ့်…"



www.burmeseclassic.com

www.burmeseclassic.com



"အဖေကလည်း ချစ်လိုက်တာ တုန်နေတာပဲ၊ အဘိုး၊ အဖွား အခေါ်ဆိုလည်း မပြောပါနဲ့တော့…"

"လာတိုင်းလာတိုင်း သမီးလေး ပါးနှစ်ဖက်ကို ရဲကျန်ရစ် ခဲ့တော့တာပဲ…"

"သမီးလေးရဲ့ အသားတွေကလည်း နုအားကြီးလွန်းတယ် ကွယ်…"

"ဟုတ်တယ်နော် နာနီ၊ သမီးလေးက သိပ်ချစ်ဖို့ကောင်းတာ ပဲ…"

ပုခက်ထဲမှ တစ်တုံးတစ်ခဲကြီး ချစ်စရာကောင်းလွန်းသည့် သမီးလေးကို ပွေ့ချီလိုက်ပြီး ညင်ညင်သာသာလေး နမ်းကာ စော ဆိုသည်။

ကလေးထိန်း နာနီမှာ စောနှင့် သမီးလေးကို ကြည့်ပြီး…

"စော သမီးလေးက အဖေအမေတူလေးဆိုတော့ တော်တော် ချောတာပေါ့၊ ကြီးလာရင် ပိုတောင်ချောဦးမယ်…"

"အဟင်း…"

သမီးလေးအား ချီးမွမ်းနေရင်း စော ပြုံးနေမိသည်။

"ပြီးတော့ စောကလည်း သိပ်တော်တဲ့မိန်းကလေးပါ၊ စောဟာ အိမ်ထောင်ရှင်မ သိပ်ပီသတယ်၊ ရုပ်ကလည်းချော အဖက်ဖက် ကလည်း တော်နေတော့ မောင်လိမ္မော်ဟာ စောကို ရတာ သိပ်ကံ ကောင်းတယ်…"

"စောကလည်း မောင့်ကိုရတာ သိပ်ကံကောင်းတာပဲ မဟုတ်





လား နာနီ…"

"ဟုတ်တာပေါ့ကွယ်၊ မောင်လိမ္မော်လည်း ဘာပြောစရာ ရှိလဲ…"

"အဟင်း…မောင်နဲ့စောက တစ်ယောက်ကိုတစ်ယောက် သစ္စာရှိပြီး၊ သိပ်ချစ်ကြတဲ့ ချစ်သူတွေဆိုတော့လည်း ဒီလောက်တော့ ရှိမှာပေါ့ နာနီရယ်…"

"တချို့သိပ်ချစ်ကြတဲ့ ချစ်သူတွေဆိုပေမယ့် ကံဖယ်တော့ လွဲကြတာတွေ ရှိတယ်မဟုတ်လား စောရဲ့…"

"စောက စာရေးဆရာမပဲလေ ပိုသိမှာပေါ့…"

"ဟုတ်ပါတယ် နာနီရယ်၊ စောတို့ ချစ်သူနှစ်ဦးက ကံကောင်း ကြပါတယ်…"

"တီး…တီး…"

"သြော်…နာနီရေ၊ ဟိုမှာ ကားတွေ ရောက်လာနေပြီ…"

စောသည် ပျော်ရွှင်ကြည်နူးသွားရပြီး သမီးလေးကို ချီကာ ရောက်လာကြသော မိဘ၊ ညီမနှင့် ခင်ပွန်းသည်တို့ကို ကြိုဆိုနေလိုက် သည်။

"ဟော့…သမီးရေ၊ လာပါဦးကွယ်…"

ထွေးထွေးက ဦးစွာ လှုယက်ပြီး ချီနမ်းသည်။

"ဟဲ့…သမီး၊ ကလေးကို အရမ်းမလှုပ်နဲ့လေကွယ်၊ ဟိုမှာ အဘိုးအဖွားတွေကို အရင်ပြလိုက်ပါဦးကွယ့်…"

စော မိခင် ဒေါ်မြကျင်က ခမည်းခမက်တွေကို အလိုက်သိစွာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်။

ထိုအခါမှ ထွေးထွေးမှာ ချစ်တူမချောအား ကိုလိမ္မော်၏ မိဘများလက်ထဲ ထည့်ပေးလိုက်ရသည်။

ကိုလိမ္မော်သည် ချစ်ဇနီးအနား ရပ်ကာ သမီးချောအတွက် အားရမဆုံး ရှိနေရပါလေ၏။

"ကဲ..အိမ်ထဲ ဝင်ကြရအောင်..."

"ဟုတ်သားပဲ၊ ဆင်ဝင်အောက်မှာ အဖြစ်သည်းနေလိုက်ကြတာ..."

ကိုလိမ္မော်က အိမ်ထဲဝင်ကြရန်ဆိုတော့ မိခင် ဒေါ်အေးလှမှာ သားစကားကို ထောက်ခံဆိုရင်း အိမ်ထဲသို့ အားလုံး ဝင်ခဲ့လိုက်ကြ၏။

"ကဲ..ဟောဒီမှာ သမီးလေးအတွက် လက်ဆောင်တွေနော်"

"ဟောဒါက ဘိုးဘိုးဦးထွန်းအောင်၊ ဖွားဖွားဒေါ်အေးလှတို့ရဲ့ လက်ဆောင်..."

"ဟောဒါက ဖွားဖွားဒေါ်မြကျင်ရဲ့ လက်ဆောင်..."

"ဒါကတော့ ဒေါ်လေး ထွေးထွေးရဲ့ လက်ဆောင်..."

ထွေးထွေးက သမီးလေးအတွက် လက်ဆောင်ထုတ်တွေကို စားပွဲတစ်ခုတွင် အစီအရီသေသပ်စွာ တင်ထားပေးရင်း ဆိုသည်။

"မောင်..."

အားလုံး စည့်ခန်းတွင် ထိုင်မိကြသည်တွင် မောင့်ကို ကြည့်ပြီး စော ခေါ်သည်။

"ဘာလဲ စော..."





"မောင်ကကော သမီးအတွက် ဘာပေးမလဲဟင်..."

"ရှိတာပေါ့၊ ဟောဒီမှာလေ..."

ဆိုရင်း ဘောင်းဘီအိတ်ထဲမှ ဘူးသေးသေးလေးကို ကိုလိမ္မော် ထုတ်ယူပြီး စောကို ပြလိုက်သည်တွင်...

"ကဲ..မောင့်ကိုတော့ မေးတယ်၊ စောကရော သမီးအတွက် ဘာစီစဉ်ထားလဲ..."

"ဟောဒီမှာလေ..."

စောသည်လည်း လက်ထဲဆုပ်ကိုင်ထားသည့် ဘူးသေးသေး လေးကို အားလုံးရှေ့၌ ဖြန့်လိုက်ကြသည်။

"ဘာလဲ စော..."

"ဖွင့်ကြည့်ပေါ့..."

စောဆိုတော့ စော လက်ထဲမှ ဘူးလေးကို ကိုလိမ္မော် ဖွင့်ကြည့် လိုက်သည်။

"ဟာ..အသည်းနှစ်ထပ်ပုံ လော့ကက်လေးနဲ့ ရွှေဆွဲကြိုး လေး..."

ချစ်ဇနီးမျက်နှာလေးဆီ အံ့သြစွာ ကြည့်ပြီး ကိုလိမ္မော် ဆိုမိ သည်တွင်...

"ဟုတ်တယ်လေ၊ မောင်က ဘာအံ့သြတာလဲ၊ ကဲ..မောင့် ပစ္စည်းလေးလည်း ပြပါဦး..."

သူတို့မောင်နှံနှစ်ဦး ပြောဆိုနေကြပုံအား မိဘများနှင့် ညီမတွေ က သဘောကျစွာ ကြည့်နေမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"စော..ဖွင့်ကြည့်လေ..."

ကိုလိမ္မော် ဆိုတော့ ခင်ပွန်းသည်လက်ထဲမှ ဘူးလေးကို စော ဖွင့်ကြည့်လိုက်လေသည်။

"ဟင်..မောင်လည်း အသည်းနှစ်ထပ်လော့ကက်လေးနဲ့ ရွှေကြိုးလေးပဲ..."

"ဟင်..စောနဲ့အတူတူပဲ ဖြစ်နေပြီ မောင်..."

"အဲဒါပေါ့၊ မောင် အံ့ဩနေတာ၊ စောနဲ့ မောင်နဲ့စိတ်ကူးတွေက တူညီတိုက်ဆိုင်လွန်းလို့လေ..."

"ဟုတ်တယ်နော် မောင်..."

"ဒါဏတော့ သမီးတို့သားတို့ရဲ့ အချစ်တွေဟာ ညီမျှပြီး မြေးလေးအပေါ်လည်း အချစ်တွေ တူညီနေလို့ပေါ့ကွယ်..."

ကိုလိမ္မော် မိခင် ဒေါ်အေးလှက သားနှင့် ချွေးမချောအား မှန်မြတ်သော အဓိပ္ပါယ်ကောင်းကို ဖြေဆိုလိုက်၏။

"ကဲပါ..အဖေနဲ့ အမေက အချစ်တွေ ပြိုင်မနေကြပါနဲ့..."

"အခု သမီးလေးရဲ့ အမည်ကင်ပွန်းတပ် မဟုတ်လား၊ သမီး လေးနာမည်လည်း ပြောကြဦးလေ..."

တူမချောကို လက်မှမချစတမ်း ချီထားဆဲ ထွေးထွေးက ဝင်ဆိုသည်။

"ဟုတ်သားပဲ သမီးတို့သားတို့က မြေးလေးအမည်ကို ဘယ် လို ပေးထားကြလဲကွယ်..."

"သမီးက စာရေးဆရာမဆိုတော့ မြေးလေးအတွက် အမည်





လှလှလေး ရွေးပေးထားမှာပေါ့ကွ..."

ကိုလိမ္မော့် ဖခင်က ဝင်ဆိုသည်။

"အဟင်း..နာမည် လှလှရယ်တော့ မဟုတ်ပါဘူး ဖေဖေ ရယ်..."

"သိပ်ချစ်စရာကောင်းတဲ့ သမီးအပေါ် စောတို့ မိဘတွေ ချစ်ရတဲ့အချစ်နဲ့ သမီးလေးနဲ့လည်း လိုက်မယ့် အမည်လေးပဲ ပေးထား ပါတယ်..."

"ဘယ်လိုပေးထားလဲ မမကြီး..."

ထွေးထွေး မေးကြည့်သည်။

"ဟိုမှာလေ အုပ်ထားတဲ့ ကိတ်မုန့်ကြီးကို ဖွင့်လိုက်ပေါ့..."

"အဲဒီမှာ သမီးလေး အမည်ပေးထားတယ်..."

"အမယ်လေးနော်၊ စာရေးဆရာမဆိုတော့ ထွင်ပုံကလေ၊ ကဲ..ကဲ..မေမေတို့- လူကြီးတွေကပဲ အခမ်းအနားကို ဖွင့်လိုက် ပါလေ..."

ထွေးထွေးဝင်ဆိုသည်တွင် ဒေါ်မြကျင်မှာ ခမည်းခမက်တွေ ဘက် ကြည့်လိုက်ပြီး...

"ကိုထွန်းအောင် မမအေးလှ ဖွင့်ပါလေ..."

ဦးစားပေးစကားကို ဒေါ်မြကျင် ဆိုသည်။

"ကဲ..အဖေကြီးပဲ ဖွင့်ပါလေ..."

"အေး..ဖွင့်ဆိုတော့လည်း ဖွင့်တာပေါ့ကွာ..."

ဆိုရင်း စားပွဲထက်မှ လှပသော အုပ်ဆောင်းလေးအား ဦးထွန်း



www.burmeseclassic.com

www.burmeseclassic.com



အောင်သည် ညင်သာစွာ ဖွင့်ပေးလိုက်လေ၏။

"ရတနာ…"

"ဟယ် သမီးလေးနာမည်ကလည်း ရတနာ ဟုတ်လား၊ ကောင်းတယ်…ကောင်းတယ်…"

"ရတနာ နာမည်လေးက သမီးလေးနဲ့လိုက်တယ်…"

"အဲဟင်း…ဟင်း…ဟင်း…"

"ဟုတ်တယ်၊ သိပ်ကောင်းတာပဲ…"

ထွေးထွေး၏အားရပါးရ ဆိုလိုက်သော စကားများအတွက် အားလုံးက နှစ်ခြိုက်စွာ ထောက်ခံ၍ ပြုံးပျော်သွားကြရပါလေ၏။

မှန်ပါ၏။

ထိုနေ့က မိသားစုအားလုံးသည် သမီးလေး ရတနာ၏ အမည်လေး ကင်ပွန်းတပ် ပွဲလေးတွင် ပျော်ရွှင်စွာ စားသောက်ကြပြီး တစ်နေကုန် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားကြပါသတည်း။ ။

✿ ✿ ✿

ရှမ်းပိုင်ဦးစာပေ



- တစ်ဆယ့်တစ် -

အချိန်နှင့်ဒီရေက လူကို မစောင့်ဆိုသလို…

နှစ်၊ လ၊ ရာသီတို့သည်လည်း အလီလီ ပြောင်းလဲ၍ နေသည်မို့…

ချစ်သမီးလေး ရတနာပင် ရှေ့လထဲတွင် ငါးနှစ် တင်းတင်း ပြည့်ချေတော့မည် မဟုတ်ပါလား။

လှပချစ်စရာကောင်းသော ချစ်သမီးလေး ရတနာသည် အရွယ်နှင့်မမျှအောင် စကားကြွယ်လှသည်မို့…

ကိုလိမ္မော်နှင့် ဇောတို့ မောင်နှံသည်ကား တစ်နေ့တာ နှမ်းနယ်ခဲ့သမျှတွင် သမီးချောလေး၏ စကားသံလေးကြောင့် အမောပြေကြရပါလေ၏။

မှန်သည်။

ရှမ်းပိုင်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုလီမွှော်သည်လည်းပဲ (×××) ဘဏ် လုပ်ငန်းများတွင် စိတ်ချအားထားရသူ တစ်ဦးပီပီ လုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက် ရင်း...

တစ်ဖက်မှလည်း အားလပ်သလောက် အချိန်များတွင် ချစ်ဇနီးအား ကူညီဖေးမသည်။

တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ဖေးမမှုတွေကြောင့် ကိုလီမွှော်နှင့် စောတို့၏ အိမ်ထောင်ရေးလေးကဖြင့် ကြည်နူးချမ်းမြေ့စရာအတိနှင့်ရယ် ရှိနေရပါချေ၏။

ယခုလည်း ကိုလီမွှော်သည် ညနေဖက် အိမ်ပြန်ချိန်နီးပြီမို့ လက်ကျန်အလုပ်ကလေးတွေကို အမြန်ဆုံး လုပ်ကိုင်နေလိုက်သည်။

"ကိုလီမွှော် ပြန်တော့မလား..."

အခန်းထဲ ဝင်ရောက်လာသော ကိုအောင်မြင့်စကားကြောင့်... ကိုလီမွှော်သည် အပြုံးနှင့် တစ်ချက်မော်ကြည့်လိုက်ပြီး...

"ဒါလေးပြီးရင် ပြန်တော့မလို့ပဲ ကိုအောင်မြင့်ရေ၊ ကိုအောင်မြင့်ရော ဒီနေ့ အလုပ်တွေ ပြတ်ရဲ့လား..."

"ဘယ်ပြတ်ဦးမလဲ၊ မနက်ဖြန် ဆက်လုပ်ရဦးမယ်၊ ဪ.. ဒါနဲ့ ဦးငွေလရောင် ပြောပြီးပြီလား..."

"ဘာကိစ္စလဲ ကိုအောင်မြင့်၊ ကျွန်တော်နဲ့တော့ ဦးနဲ့တစ်ချက်မှ မတွေ့ဖြစ်ကြသေးဘူး..."

"တခြားမဟုတ်ပါဘူး၊ ဦးငွေလရောင်ရဲ့သား ကိုရဲထက်လှိုင် အင်္ဂလန်က ပြန်ရောက်တော့မယ်လေ..."





"ဪ..ဟုတ်လား ကောင်းတာပေါ့ဗျာ၊ ကျွန်တော်တို့အတွက် အင်အားတိုးတာပေါ့..."

လုပ်လက်စအလုပ် ပြီးပြတ်သွားရင်းက အားရှိစွာ ကိုလီမွှော် ဆိုသည်။

"ပြီးပြီလား..."

"အင်း..ပြီးပြီ၊ တဲ..ပြန်ကြရအောင်..."

နှစ်ဦးသား ကိုလီမွှော်ရုံးခန်းထဲက ထွက်ခဲ့ကြသည်တွင် ကိုအောင်မြင့်က စကားဆက်သည်။

"ဦးငွေလရောင်သားက ရှေ့လထဲမှာ ရောက်မယ်တဲ့..."

"ဪ..မြန်မြန်ရောက်လေ ကောင်းလေပေါ့ဗျာ၊ ကျွန်တော်တို့လည်း နည်းနည်းသက်သာမှာပေါ့..."

"အဲဒါတော့ဟုတ်တယ်၊ ဒါပေမယ့် ကိုရဲထက်လှိုင်က (×××) ဘဏ် အလုပ်ကို စိတ်ဝင်စားဦးမှ..."

"ဒါတော့ စိတ်ဝင်စားမှာပေါ့ဗျာ၊ သူ့အဖေ အလုပ်ပဲ၊ ပြီးတော့ သူလည်း ပညာတတ်တစ်ယောက်ပဲ မဟုတ်လား..."

"အင်း..ပညာတော့ ပညာတတ်ပဲ၊ ဦးငွေလရောင်သားကို ကိုလီမွှော် မြင်ဖူးလား..."

"ကျွန်တော်က ဘယ်မြင်ဘူးမှာလဲ၊ ခင်ဗျားကကော မြင်ဖူးလား..."

"ဓာတ်ပုံထဲမှာတော့ မြင်ဖူးတယ်၊ တကယ့် လူချောပဲ၊ တစ်ဖွတ်ထိုးဆန်ပြီ သဘောကောင်းတဲ့ရုပ်ကတော့ ပေါ်လွင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဗျာ၊ ကျွန်တော်တို့ ယောက်ျားတွေရဲ့စိတ်ဟာ အဲဒီလို တစ်ဖွတ်ထိုးဆန်ဆန်လေးတွေနဲ့ ထက်မြက်နေတတ်တာတွေ တစ်ပုံကြီး ဗျာ…"

"ကဲ..ကိုအောင်မြင့်ရေ၊ ကျွန်တော် သွားမယ်…"

စကားတွေဆိုရင်း ကားရပ်ထားရာဆီသို့ ရောက်လာသည်တွင် ကိုအောင်မြင့်ကို နှုတ်ဆက်ကာ ကိုလီမွှေ့သည် ကုမ္ပဏီရှေ့မှ ကားကို မောင်းထွက်ခဲ့လိုက်လေ၏။

အိမ်ပြန်လမ်းတစ်လျှောက်၌ ကိုလီမွှေ့သည် မိသားစုချမ်းမြေ့ ပျော်ရွှင်ပုံလေးတွေကို အတွေးလေးများနှင့် ရှိလာရင်းက အိမ်သို့ ပြန်ရောက်လာခဲ့၏။

"ဖေဖေ..ဖေဖေ ပြန်လာပြီ၊ မေမေရေ ဖေဖေ ပြန်လာပြီ"

ချိုလွင်သော သမီးချော၏ အသံလေးနှင့် အိမ်ထဲမှ ပြေးထွက်လာသည်တွင် ကိုလီမွှေ့သည် ကားပေါ်မှ ကပျာကယာဆင်းကာ ဆီးကြိုပွေ့ချီလိုက်သည်။

"ဟေး..သမီး၊ ဖေဖေ့ သမီးက ရေတွေချိုး အဝတ်လှလှ လေးနဲ့ သိပ်လှနေပါလားဗျာ…"

"ကြည့်ပါဦး၊ သနပ်ခါးနံ့လေးတွေကလည်း မွှေးလို့ကြိုင်လို့ ဗျာ…"

"ဘာလဲ၊ မေမေက သမီးကို သနပ်ခါးမွှေးမွှေးလေး လူးပေး ထားတာပေါ့နော်…"

"ဟုတ်တယ် ဖေဖေ၊ ဟိုမှာ မေမေ့ကိုလည်း ကြည့်ဦး





မေမေလည်း လှနေတယ်မဟုတ်လား…"

ချောကလက်ရောင်ဖျော့ဖျော့ ဝတ်စုံလေးနှင့် တံခါးဝတွင် လက်ကလေးပိုက်ကာ ပြုံးပြုံးလေးနှင့် ထွက်ရပ်လာသော စောဆီ လက်ညှိုးကလေးထိုးပြီး သမီးက ဆိုတော့…

ကိုလီမွှေ့သည် တစ်သားမွှေးပြီး တစ်သွေးလှနေသော ချစ်ဇနီး စောကို ချစ်ပြုံးတို့ဖြင့် လှမ်းကြည့်မိရင်းက…

"သိပ်လှတာပေါ့ဗျာ၊ မေမေကလည်းလှ၊ သမီးလေးက လည်း လှတော့ ဖေဖေဖြင့် ချစ်လို့ကို မဝတော့ပါဘူး…"

သမီးကိုချီရင်း စော အနီးသို့ ကိုလီမွှေ့ လျှောက်ခဲ့သည်။

"ကဲ..မောင်၊ ခဏနားပြီး ရေချိုးနော်…"

"သိပ်လှတာပဲ စောရယ်၊ မောင့်မိန်းမက တစ်နေ့ထက် တစ်နေ့ကို လှလှနေတာ…"

"လင်မယားချင်း မမြှောက်နေစမ်းပါနဲ့ မောင်ရယ်၊ မောင် ကြိုက်တဲ့ ငါးရံ့အူဟင်း ချက်ထားပါသတဲ့…"

"ပြီးတော့ မောင့်ကို စော ပြောစရာရှိတယ် သိလား…"

"ဘာများလဲ စော…"

"အို..ခုမဟုတ်သေးဘူးလေ၊ နောက်မှ ပြောမယ်၊ ကဲ..သမီး ဖေဖေကို ပေးနားလိုက်ဦးနော်…"

"ဟုတ်ကဲ့ မေမေ…"

ရေနွေးအိုးဆွဲ ဖခင် လက်ပေါ်မှဆင်းပြီး ဗီရိုထဲမှ ကော်ရုပ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် ကစားနေလိုက်တော့သည်။

စောသည် မောင့်အတွက် အသင့်ဖျော်ထားသော သံပရာဖျော်ရည်ကို ယူလာပေးသည်။

"စော…"

"မောင်…"

ကိုလိမ္မော်သည် သံပရာရည်လေး သုံးလေးငုံခန့် ဆက်သောက်လိုက်ပြီး စောကို ကြည့်ရင်းက…

"မောင့်ကို ဘာပြောစရာရှိလို့လဲဟင်…"

"အို..ညကျမှ ပြောမယ်…"

"ဘာစကားမို့လဲ စောရယ်…"

"ဝမ်းသာရမယ့် စကားပေါ့၊ ကဲပါ မောင်ရယ်၊ ပြီးရင် ရေချိုးတော့နော်၊ ထမင်းစားကြမယ်…"

"အင်း…"

ကိုလိမ္မော် ခေါင်းညိတ်ပြသည်။

စော၏ အလိုကျ ရေချိုးရန် သူ အခန်းထဲ ဝင်သွားလိုက်၏။ တအောင့်ခန့်ကြာသည်တွင် ရေချိုးပြီးသွားသည်။

သူ ရေချိုးပြီးသည်တွင် စောက အဝတ်တွေအရန်သင့် ထုတ်ပေးထားပြီး သူ့ကိုယ်ပေါ်မှ ရေတွေကို သုတ်ပေးသည်။

သူ့ကို ခေါင်းဖြီးပေးပြီး၊ အဝတ်လဲကြယ်သီးတွေ တပ်ပေးသည်က နေ့စဉ် စော လုပ်နေကျ အလုပ်တွေရယ်လေ။

"ကဲ..မောင်၊ ထမင်းစားမယ်နော်…"





မိသားစုလေး သုံးယောက်တည်းပေမယ့် မိသားစု ထမင်းဝိုင်းလေးကဖြင့် စည်စည်ကားကား ရှိပါ၏။

ထမင်းစားရင်း စောက တစ်နေ့တာ အိမ်တွင် သမီးနှင့် လုပ်ဆောင်ချက်တွေကို ကြည်နူးစွာ ပြောပြသလို…

သူကလည်း ဘဏ်မှ အလုပ်တွေအကြောင်းနှင့် အလုပ်ပိုင်ရှင်ရဲ့သား ရဲထက်လှိုင် ဆိုသူ ပြန်လာတော့မည့် အကြောင်းများအား စကားအဖြစ် ပြောပြသည်။

ထမင်းစားသောက်ပြီးသည်တွင် တအောင့်နားပြီး သူက သမီးလေးကို စာသင်ပေးသည်။

စောက စာရေးစားပွဲတွင်ထိုင်ကာ စာရေးသည်။ ရှစ်နာရီခွဲတွင် သမီးလေးကို သူ သိပ်လိုက်သည်။

စောသည် စာရေး၍ ပြီးသွားဟန်ဖြင့် တစ်ချက်မျှ ဟပ်ဟလေး သမ်းလိုက်ပြီး သူ့ထံ အံ့သြစွာ လှမ်းကြည့်လာရင်းက…

"ဟင်..မောင်၊ မအိပ်သေးဘူးလား…"

စော မေးတော့ သူ စောထံ လျှောက်လာခဲ့၏။

"စော…"

"မောင်…"

"စော ပြီးပြီလား…"

"အင်း..ပြီးပြီ…"

စော ဆိုသည်တွင် စာရေးစားပွဲမှ မီးလေးကို ပိတ်ပြီး အိပ်ရာဆီ



www.burmeseclassic.com

www.burmeseclassic.com



သို့ လျှောက်လာခဲ့ကြသည်။

"စော…"

"မောင်…"

"မောင့်ကို ပြောစရာရှိတယ်ဆို၊ ပြောလေ…"

"အဟင်း…ပြောမယ်…ပြောမယ်…"

စော ဆိုရင်း သူနားနား ကပ်ကာ တိုးတိုးဆိုလိုက်သည်တွင်…

"ဟား…စော တကယ်ပြောတာလား…"

"တကယ်ပါ မောင်ရဲ့၊ ဆရာဝန်နဲ့တောင် ပြပြီးပြီ…"

"ဟာ…စောရယ်၊ မောင် ဝမ်းသာလိုက်တာ ဘယ်နှစ်လ ရှိပြီလဲတဲ့…"

"နှစ်လပဲရှိသေးတယ် မောင်ရဲ့…"

"စော…"

"မောင်…"

"ဒီတစ်ခါတော့ မောင့်အတွက် သားလေးနော်…"

"ဒါပေါ့…"

"အချစ်ရယ် ပျော်လိုက်တာ…"

စော ကိုယ်လေးအား ဖက်ထားရင်း သူ ဆိုသည်။

"သြော်…နေဦး မောင်၊ ပြောစရာရှိသေးတယ်…"

"ပြောစေဗျာ…"

"နောက်လဆိုရင် သမီးလေး ငါးနှစ်တင်းတင်းပြည့်ပြီ





အားလပ်လျှင်အားလပ်သလို စာကိုလည်း ရေးဖြစ်ပါသေး၏။

နာနီကပင် စောလို အိမ်ရှင်မကို ချီးမွမ်း၍မဆုံး ရှိနေရပါလေ၏။

သည်နေ့ သမီးလေး သုံးလပြည့်၍ သမီးလေးအတွက် အမည် ကင်ပွန်းတပ်မည်မို့…

စောသည် နာနီနှင့်အတူ အိမ်ကိုပြင်ဆင်ပြီး စားသောက်စရာများလည်း ပြင်ဆင်ထားပါလေ၏။

စောကား ပျော်ရွှင်၍နေပါလေ၏။ အားလုံးပြင်ဆင်ပြီးသည်တွင် စော နာရီဆီကြည့်လိုက်သည်။

ကိုးနာရီခွဲပေတော့မည်။ ကိုးနာရီခွဲလျှင် အရေးကြီး၍ အလုပ်သို့ ခဏသွားသော မောင် ပြန်ရောက်လာမည်။

မိဘများနှင့် ညီမတို့လည်း ရောက်လာကြမည် ဖြစ်သည်။

စောသည် လူစုံမည့်အချိန်ကို စောင့်ရင်း ပုခက်လေးထက်မှ အအအအ အသံလေးတွေ ထွက်နေသည့် သမီးလေးဆီ သွားရောက်ကာ ကြည့်လိုက်ပြီး…

"သမီးလေးရေ၊ ဖေဖေ ပြန်လာခါနီးပြီနော်၊ ဘိုးဘိုး၊ ဖွားဖွားနဲ့ ဒေါ်ဒေါ်တို့လည်း ရောက်လာကြတော့မယ် သမီးရဲ့…"

"နာနီရေ၊ သူ့အဘိုး၊ အဖွားနဲ့ အဒေါ်နမ်းလို့ သမီးရဲ့ ပါးလေးတွေ ရဲပဒေါင်းခပ်နေမှာကို စောတော့ မြင်ယောင်ပါသေးတယ်…"

"အင်း…သေချာတာပေါ့ကွယ်၊ စော သမီးလေးက ကုန်းလိပ်ကောင်းတဲ့ ကလေးကွယ့်…"



www.burmeseclassic.com

www.burmeseclassic.com



"အဖေကလည်း ချစ်လိုက်တာ တုန်နေတာပဲ၊ အသိုး၊ အဖွား အခေါ်ဆိုလည်း မပြောပါနဲ့တော့…"

"လာတိုင်းလာတိုင်း သမီးလေး ပါးနှစ်ဖက်ကို ရဲကျန်ရစ် ခဲ့တော့တာပဲ…"

"သမီးလေးရဲ့ အသားတွေကလည်း နုအားကြီးလွန်းတယ် ကွယ်…"

"ဟုတ်တယ်နော် နာနီ၊ သမီးလေးက သိပ်ချစ်ဖို့ကောင်းတာ ပဲ…"

ပုခက်ထဲမှ တစ်တုံးတစ်ခဲကြီး ချစ်စရာကောင်းလွန်းသည့် သမီးလေးကို ပွေ့ချီလိုက်ပြီး ညင်ညင်သာသာလေး နမ်းကာ စော ဆိုသည်။

ကလေးထိန်း နာနီမှာ စောနှင့် သမီးလေးကို ကြည့်ပြီး…

"စော သမီးလေးက အဖေအမေတူလေးဆိုတော့ တော်တော် ချောတာပေါ့၊ ကြီးလာရင် ပိုတောင်ချောဦးမယ်…"

"အဟင်း…"

သမီးလေးအား ချီးမွမ်းနေရင်း စော ပြုံးနေမိသည်။

"ပြီးတော့ စောကလည်း သိပ်တော်တဲ့မိန်းကလေးပါ၊ စောဟာ အိမ်ထောင်ရှင်မ သိပ်ပီသတယ်၊ ရုပ်ကလည်းချော အဖက်ဖက် ကလည်း တော်နေတော့ မောင်လိမ္မော်ဟာ စောကို ရတာ သိပ်ကံ ကောင်းတယ်…"

"စောကလည်း မောင့်ကိုရတာ သိပ်ကံကောင်းတာပဲ မဟုတ်





လား နာနီ…"

"ဟုတ်တာပေါ့ကွယ်၊ မောင်လိမ္မော်လည်း ဘာပြောစရာ ရှိလဲ…"

"အဟင်း‥မောင်နဲ့စောက တစ်ယောက်ကိုတစ်ယောက် သစ္စာရှိပြီး၊ သိပ်ချစ်ကြတဲ့ ချစ်သူတွေဆိုတော့လည်း ဒီလောက်တော့ ရှိမှာပေါ့ နာနီရယ်…"

"တချို့သိပ်ချစ်ကြတဲ့ ချစ်သူတွေဆိုပေမယ့် ကံဖယ်တော့ လွဲကြတာတွေ ရှိတယ်မဟုတ်လား စောရဲ့…"

"စောက စာရေးဆရာမပဲလေ ပိုသိမှာပေါ့…"

"ဟုတ်ပါတယ် နာနီရယ်၊ စောတို့ ချစ်သူနှစ်ဦးက ကံကောင်း ကြပါတယ်…"

"တီး‥တီး…"

"သြော်‥နာနီရေ၊ ဟိုမှာ ကားတွေ ရောက်လာနေပြီ…"

စောသည် ပျော်ရွှင်ကြည်နူးသွားရပြီး သမီးလေးကို ချီကာ ရောက်လာကြသော မိဘ၊ ညီမနှင့် ခင်ပွန်းသည်တို့ကို ကြိုဆိုနေလိုက် သည်။

"ဟော့‥သမီးရေ၊ လာပါဦးကွယ်…"

ထွေးထွေးက ဦးစွာ လှမ်းယက်ပြီး ချီနမ်းသည်။

"ဟဲ့‥သမီး၊ ကလေးကို အရမ်းမလုပ်နဲ့လေကွယ်၊ ဟိုမှာ အသိုးအဖွားတွေကို အရင်ပြလိုက်ပါဦးကွယ့်…"

စော မိခင် ဒေါ်မြကျင်က ခမည်းခမက်တွေကို အလိုက်သိစွာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်။

ထိုအခါမှ ထွေးထွေးမှာ ချစ်တူမချောအား ကိုလိမ္မော်၏ မိဘများလက်ထဲ ထည့်ပေးလိုက်ရသည်။

ကိုလိမ္မော်သည် ချစ်ဇနီးအနား ရပ်ကာ သမီးချောအတွက် အားရမဆုံး ရှိနေရပါလေ၏။

"ကဲ‥အိမ်ထဲ ဝင်ကြရအောင်…"

"ဟုတ်သားပဲ၊ ဆင်ဝင်အောက်မှာ အဖြစ်သည်းနေလိုက်ကြတာ…"

ကိုလိမ္မော်က အိမ်ထဲဝင်ကြရန်ဆိုတော့ မိခင် ဒေါ်အေးလှမှာ သားစကားကို ထောက်ခံဆိုရင်း အိမ်ထဲသို့ အားလုံး ဝင်ခဲ့လိုက်ကြ၏။

"ကဲ‥ဟောဒီမှာ သမီးလေးအတွက် လက်ဆောင်တွေနော်"

"ဟောဒါက ဘိုးဘိုးဦးထွန်းအောင်၊ ဖွားဖွားဒေါ်အေးလှတို့ရဲ့ လက်ဆောင်…"

"ဟောဒါက ဖွားဖွားဒေါ်မြကျင်ရဲ့ လက်ဆောင်…"

"ဒါကတော့ ဒေါ်လေး ထွေးထွေးရဲ့ လက်ဆောင်…"

ထွေးထွေးက သမီးလေးအတွက် လက်ဆောင်ထုတ်တွေကို စားပွဲတစ်ခုတွင် အစီအရီသေသပ်စွာ တင်ထားပေးရင်း ဆိုသည်။

"မောင်…"

အားလုံး ဧည့်ခန်းတွင် ထိုင်မိကြသည်တွင် မောင့်ကို ကြည့်ပြီး စော ခေါ်သည်။

"ဘာလဲ စော…"





"မောင်ကကော သမီးအတွက် ဘာပေးမလဲဟင်…"

"ရှိတာပေါ့၊ ဟောဒီမှာလေ…"

ဆိုရင်း ဘောင်းဘီအိတ်ထဲမှ ဘူးသေးသေးလေးကို ကိုလိမ္မော် ထုတ်ယူပြီး စောကို ပြလိုက်သည်တွင်…

"ကဲ‥မောင့်ကိုတော့ မေးတယ်၊ စောကရော သမီးအတွက် ဘာစီစဉ်ထားလဲ…"

"ဟောဒီမှာလေ…"

စောသည်လည်း လက်ထဲဆုပ်ကိုင်ထားသည့် ဘူးသေးသေးလေးကို အားလုံးရှေ့၌ ဖြန့်လိုက်ကြသည်။

"ဘာလဲ စော…"

"ဖွင့်ကြည့်ပေါ့…"

စောဆိုတော့ စော လက်ထဲမှ ဘူးလေးကို ကိုလိမ္မော် ဖွင့်ကြည့်လိုက်သည်။

"ဟာ‥အသည်းနှစ်ထပ်ပုံ လော့ကက်လေးနဲ့ ရွှေဆွဲကြိုးလေး…"

ချစ်ဇနီးမျက်နှာလေးဆီ အံ့သြစွာ ကြည့်ပြီး ကိုလိမ္မော် ဆိုမိသည်တွင်…

"ဟုတ်တယ်လေ၊ မောင်က ဘာအံ့သြတာလဲ၊ ကဲ‥မောင့် ပစ္စည်းလေးလည်း ပြပါဦး…"

သူတို့မောင်နှံနှစ်ဦး ပြောဆိုနေကြပုံအား မိဘများနှင့် ညီမတွေက သဘောကျစွာ ကြည့်နေမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"စော..ဖွင့်ကြည့်လေ..."

ကိုလိမ္မော် ဆိုတော့ ခင်ပွန်းသည်လက်ထဲမှ ဘူးလေးကို စော ဖွင့်ကြည့်လိုက်လေသည်။

"ဟင်..မောင်လည်း အသည်းနှစ်ထပ်လော့ကက်လေးနဲ့ ရွှေကြိုးလေးပဲ..."

"ဟင်..စောနဲ့အတူတူပဲ ဖြစ်နေပြီ မောင်..."

"အဲဒါပေါ့၊ မောင် အံ့ဩနေတာ၊ စောနဲ့ မောင်နဲ့စိတ်ကူးတွေက တူညီတိုက်ဆိုင်လွန်းလို့လေ..."

"ဟုတ်တယ်နော် မောင်..."

"ဒါကတော့ သမီးတို့သားတို့ရဲ့ အချစ်တွေဟာ ညီမျှပြီး မြေးလေးအပေါ်လည်း အချစ်တွေ တူညီနေလို့ပေါ့ကွယ်..."

ကိုလိမ္မော် မိခင် ဒေါ်အေးလှက သားနှင့် ချွေးမချောအား မွန်မြတ်သော အဓိပ္ပါယ်ကောင်းကို ဖြေဆိုလိုက်၏။

"ကဲပါ..အဖေနဲ့ အမေက အချစ်တွေ ပြိုင်မနေကြပါနဲ့..."

"အခု သမီးလေးရဲ့ အမည်ကင်ပွန်းတပ် မဟုတ်လား၊ သမီး လေးနာမည်လည်း ပြောကြဦးလေ..."

တူမချောကို လက်မှမချစတမ်း ချီထားဆဲ ထွေးထွေးက ဝင်ဆိုသည်။

"ဟုတ်သားပဲ သမီးတို့သားတို့က မြေးလေးအမည်ကို ဘယ်လို ပေးထားကြလဲကွယ့်..."

"သမီးက စာရေးဆရာမဆိုတော့ မြေးလေးအတွက် အမည်





လှလှလေး ရွေးပေးထားမှာပေါ့ကွ..."

ကိုလိမ္မော့် ဖခင်က ဝင်ဆိုသည်။

"အဟင်း..နာမည် လှလှရယ်တော့ မဟုတ်ပါဘူး ဖေဖေရယ်..."

"သိပ်ချစ်စရာကောင်းတဲ့ သမီးအပေါ် စောတို့ မိဘတွေ ချစ်ရတဲ့အချစ်နဲ့ သမီးလေးနဲ့လည်း လိုက်မယ့် အမည်လေးပဲ ပေးထားပါတယ်..."

"ဘယ်လိုပေးထားလဲ မမကြီး..."

ထွေးထွေး မေးကြည့်သည်။

"ဟိုမှာလေ အုပ်ထားတဲ့ ကိတ်မုန့်ကြီးကို ဖွင့်လိုက်ပေါ့..."

"အဲဒီမှာ သမီးလေး အမည်ပေးထားတယ်..."

"အမယ်လေးနော်၊ စာရေးဆရာမဆိုတော့ ထွင်ပုံကလေး၊ ကဲ..ကဲ..မေမေတို့ လူကြီးတွေကပဲ အခမ်းအနားကို ဖွင့်လိုက်ပါလေ..."

ထွေးထွေးဝင်ဆိုသည်တွင် ဒေါ်မြကျင်မှာ ခမည်းခမက်တွေဘက် ကြည့်လိုက်ပြီး...

"ကိုထွန်းအောင် မမအေးလှ ဖွင့်ပါလေ..."

ဦးစားပေးစကားကို ဒေါ်မြကျင် ဆိုသည်။

"ကဲ..အဖေကြီးပဲ ဖွင့်ပါလေ..."

"အေး..ဖွင့်ဆိုတော့လည်း ဖွင့်တာပေါ့ကွာ..."

ဆိုရင်း စားပွဲထက်မှ လှပသော အုပ်ဆောင်းလေးအား ဦးထွန်း



www.burmeseclassic.com

www.burmeseclassic.com



အောင်သည့် ညင်သာစွာ ဖွင့်ပေးလိုက်လေ၏။

"ရတနာ…"

"တယ် သမီးလေးနာမည်ကလည်း ရတနာ ဟုတ်လား၊ ကောင်းတယ်··ကောင်းတယ်…"

"ရတနာ နာမည်လေးက သမီးလေးနဲ့လိုက်တယ်…"

"အဟင်း··ဟင်း··ဟင်း…"

"ဟုတ်တယ်၊ သိပ်ကောင်းတာပဲ…"

ထွေးထွေး၏အားရပါးရ ဆိုလိုက်သော စကားများအတွက် အားလုံးက နှစ်ခြိုက်စွာ ထောက်ခံ၍ ပြုံးပျော်သွားကြရပါလေ၏။

မှန်ပါ၏။

ထိုနေ့က မိသားစုအားလုံးသည် သမီးလေး ရတနာ၏ အမည်ပေး ကင်ပွန်းတပ် ပွဲလေးတွင် ပျော်ရွှင်စွာ စားသောက်ကြပြီး တစ်နေကုန် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားကြပါသတည်း။ ။





## - တစ်ဆယ့်တစ် -

အချိန်နှင့်ဒီရေက လူကို မစောင့်ဆိုသလို…

နှစ်၊ လ၊ ရာသီတို့သည်လည်း အလီလီ ပြောင်းလဲ၍ နေသည်မို့…

ချစ်သမီးလေး ရတနာပင် ရှေ့လထဲတွင် ငါးနှစ် တင်းတင်း ပြည့်ချေတော့မည် မဟုတ်ပါလား။

လှပချစ်စရာကောင်းသော ချစ်သမီးလေး ရတနာသည် အရွယ်နှင့်မမျှအောင် စကားကြွယ်လှသည်မို့…

ကိုလိမ္မော်နှင့် စောတို့ မောင်နှံသည်ကား တစ်နေ့တာ နွမ်းနယ်ခဲ့သမျှတွင် သမီးချောလေး၏ စကားသံလေးကြောင့် အမောပြေ ကြရပါလေ၏။

မှန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုလိမ္မော်သည်လည်းပဲ (×××) ဘဏ် လုပ်ငန်းများတွင် စိတ်ချအားထားရသူ တစ်ဦးပီပီ လုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်ရင်း…

တစ်ဖက်မှလည်း အားလပ်သလောက် အချိန်များတွင် ချစ်ဇနီးအား ကူညီဖေးမသည်။

တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ဖေးမမှုတွေကြောင့် ကိုလိမ္မော်နှင့် စောတို့၏ အိမ်ထောင်ရေးလေးကဖြင့် ကြည်နူးချမ်းမြေ့စရာအတိနှင့်ရယ် ရှိနေရပါချေ၏။

ယခုလည်း ကိုလိမ္မော်သည် ညနေဖက် အိမ်ပြန်ချိန်နီးပြီမို့ လက်ကျန်အလုပ်ကလေးတွေကို အမြန်ဆုံး လုပ်ကိုင်နေလိုက်သည်။

"ကိုလိမ္မော် ပြန်တော့မလား…"

အခန်းထဲ ဝင်ရောက်လာသော ကိုအောင်မြင့်စကားကြောင့်… ကိုလိမ္မော်သည် အပြုံးနှင့် တစ်ချက်မော့ကြည့်လိုက်ပြီး…

"ဒါလေးပြီးရင် ပြန်တော့မလို့ပဲ ကိုအောင်မြင့်ရေ၊ ကိုအောင်မြင့်ရော ဒီနေ့ အလုပ်တွေ ပြတ်ရဲ့လား…"

"ဘယ်ပြတ်ဦးမလဲ၊ မနက်ဖြန် ဆက်လုပ်ရဦးမယ်၊ ဒြော်… ဒါနဲ့ ဦးငွေလရောင် ပြောပြီးပြီလား…"

"ဘာကိစ္စလဲ ကိုအောင်မြင့်၊ ကျွန်တော်နဲ့တော့ ဦးနဲ့တစ်ချက်မှ မတွေ့ဖြစ်ကြသေးဘူး…"

"တခြားမဟုတ်ပါဘူး၊ ဦးငွေလရောင်ရဲ့သား ကိုရဲထက်လှိုင် အင်္ဂလန်က ပြန်ရောက်တော့မယ်လေ…"





"ဒြော်… ဟုတ်လား ကောင်းတာပေါ့ဗျာ၊ ကျွန်တော်တို့အတွက် အင်အားတိုးတာပေါ့…"

လုပ်လက်စအလုပ် ပြီးပြတ်သွားရင်းက အားရှိစွာ ကိုလိမ္မော်ဆိုသည်။

"ပြီးပြီလား…"

"အင်း… ပြီးပြီ၊ ကဲ… ပြန်ကြရအောင်…"

နှစ်ဦးသား ကိုလိမ္မော်ရုံးခန်းထဲက ထွက်ခဲ့ကြသည်တွင် ကိုအောင်မြင့်က စကားဆက်သည်။

"ဦးငွေလရောင်သားက ရှေ့လထဲမှာ ရောက်မယ်တဲ့…"

"ဒြော်… မြန်မြန်ရောက်လေ ကောင်းလေပေါ့ဗျာ၊ ကျွန်တော်တို့လည်း နည်းနည်းသက်သာမှာပေါ့…"

"အဲဒါတော့ဟုတ်တယ်၊ ဒါပေမယ့် ကိုရဲထက်လှိုင်က (×××) ဘဏ် အလုပ်ကို စိတ်ဝင်စားဦးမှ…"

"ဒါတော့ စိတ်ဝင်စားမှာပေါ့ဗျာ၊ သူ့အဖေ အလုပ်ပဲ၊ ပြီးတော့ သူလည်း ပညာတတ်တစ်ယောက်ပဲ မဟုတ်လား…"

"အင်း… ပညာတော့ ပညာတတ်ပဲ၊ ဦးငွေလရောင်သားကို ကိုလိမ္မော် မြင်ဖူးလား…"

"ကျွန်တော်က ဘယ်မြင်ဘူးမှာလဲ၊ ခင်ဗျားကကော မြင်ဖူးလား…"

"ဓာတ်ပုံထဲမှာတော့ မြင်ဖူးတယ်၊ တကယ့် လူချောပဲ၊ တစ်ဖွတ်ထိုးဆန်ပြီ သဘောကောင်းတဲ့ရုပ်ကတော့ ပေါ်လွင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဗျာ၊ ကျွန်တော်တို့ ယောကျ်ားတွေရဲ့စိတ်ဟာ အဲဒီလို တစ်ဖွတ်ထိုးဆန်ဆန်လေးတွေနဲ့ ထက်မြက်နေတတ်တာတွေ တစ်ပုံကြီး ဗျာ…"

"ကဲ…ကိုအောင်မြင့်ရေ၊ ကျွန်တော် သွားမယ်…"

စကားတွေဆိုရင်း ကားရပ်ထားရာဆီသို့ ရောက်လာသည်တွင် ကိုအောင်မြင့်ကို နှုတ်ဆက်ကာ ကိုလိမ္မော်သည် ကုမ္ပဏီရှေ့မှ ကားကို မောင်းထွက်ခဲ့လိုက်လေ၏။

အိမ်ပြန်လမ်းတစ်လျှောက်၌ ကိုလိမ္မော်သည် မိသားစုချမ်းမြေ့ ပျော်ရွှင်ပုံလေးတွေကို အတွေးလေးများနှင့် ရှိလာရင်းက အိမ်သို့ ပြန်ရောက်လာခဲ့၏။

"ဖေဖေ…ဖေဖေ ပြန်လာပြီ၊ မေမေရေ ဖေဖေ ပြန်လာပြီ"

ချိုလွင်သော သမီးချော၏ အသံလေးနှင့် အိမ်ထဲမှ ပြေးထွက်လာသည်တွင် ကိုလိမ္မော်သည် ကားပေါ်မှ ကပျာကယာဆင်းကာ ဆီးကြိုပွေ့ချီလိုက်သည်။

"ဟေး…သမီး၊ ဖေဖေ့ သမီးက ရေတွေချိုး အဝတ်လှလှ လေးနဲ့ သိပ်လှနေပါလားဗျာ…"

"ကြည့်ပါဦး၊ သနပ်ခါးနံ့လေးတွေကလည်း မွှေးလို့ကြိုင်လို့ ဗျာ…"

"ဘာလဲ၊ မေမေက သမီးကို သနပ်ခါးမွှေးမွှေးလေး လူးပေး ထားတာပေါ့နော်…"

"ဟုတ်တယ် ဖေဖေ၊ ဟိုမှာ မေမေ့ကိုလည်း ကြည့်ဦး





မေမေလည်း လှနေတယ်မဟုတ်လား…"

ချောကလက်ရောင်ဖျော့ဖျော့ ဝတ်စုံလေးနှင့် တံခါးဝတွင် လက်ကလေးပိုက်ကာ ပြုံးပြုံးလေးနှင့် ထွက်ရပ်လာသော စောဆီ လက်ညှိုးကလေးထိုးပြီး သမီးက ဆိုတော့…

ကိုလိမ္မော်သည် တစ်သားမွေးပြီး တစ်သွေးလှနေသော ချစ်ဇနီး စောကို ချစ်ပြုံးတို့ဖြင့် လှမ်းကြည့်မိရင်းက…

"သိပ်လှတာပေါ့ဗျာ၊ မေမေကလည်းလှ၊ သမီးလေးက လည်း လှတော့ ဖေဖေဖြင့် ချစ်လို့ကို မဝတော့ပါဘူး…"

သမီးကိုချီရင်း စော အနီးသို့ ကိုလိမ္မော် လျှောက်ခဲ့သည်။

"ကဲ…မောင်၊ ခဏနားပြီး ရေချိုးနော်…"

"သိပ်လှတာပဲ စောရယ်၊ မောင့်မိန်းမက တစ်နေ့ထက် တစ်နေ့ကို လှလှနေတာ…"

"လင်မယားချင်း မမြှောက်နေစမ်းပါနဲ့ မောင်ရယ်၊ မောင် ကြိုက်တဲ့ ငါးရံ့အူဟင်း ချက်ထားပါသတဲ့…"

"ပြီးတော့ မောင့်ကို စော ပြောစရာရှိတယ် သိလား…"

"ဘာများလဲ စော…"

"အို…ခုမဟုတ်သေးဘူးလေ၊ နောက်မှ ပြောမယ်၊ ကဲ…သမီး ဖေဖေကို ပေးနားလိုက်ဦးနော်…"

"ဟုတ်ကဲ့ မေမေ…"

ရတနာမှာ ဖခင် လက်ပေါ်မှဆင်းပြီး ဗီရိုထဲမှ ကော်ရုပ်လေး



www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် ကစားနေလိုက်တော့သည်။

စောသည် မောင့်အတွက် အသင့်ဖျော်ထားသော သံပရာဖျော်ရည်ကို ယူလာပေးသည်။

"စော…"

"မောင်…"

ကိုလီမွှော်သည် သံပရာရည်လေး သုံးလေးငုံခန့် ဆက်သောက်လိုက်ပြီး စောကို ကြည့်ရင်းက…

"မောင့်ကို ဘာပြောစရာရှိလို့လဲဟင်…"

"အို…ညကျမှ ပြောမယ်…"

"ဘာစကားမို့လဲ စောရယ်…"

"ဝမ်းသာရမယ့် စကားပေါ့၊ ကဲပါ မောင်ရယ်၊ ပြီးရင် ရေချိုးတော့နော်၊ ထမင်းစားကြမယ်…"

"အင်း…"

ကိုလီမွှော် ခေါင်းညိတ်ပြသည်။

စော၏ အလိုကျ ရေချိုးရန် သူ အခန်းထဲ ဝင်သွားလိုက်၏။ တအောင့်ခန့်ကြာသည်တွင် ရေချိုးပြီးသွားသည်။

သူ ရေချိုးပြီးသည်တွင် စောက အဝတ်တွေအရန့်သင့် ထုတ်ပေးထားပြီး သူ့ကိုယ်ပေါ်မှ ရေတွေကို သုတ်ပေးသည်။

သူ့ကို ခေါင်းဖြီးပေးပြီး၊ အဝတ်လဲကြယ်သီးတွေ တပ်ပေးသည်က နေ့စဉ် စော လုပ်နေကျ အလုပ်တွေရယ်လေ။

"ကဲ…မောင်၊ ထမင်းစားမယ်နော်…"





မိသားစုလေး သုံးယောက်တည်းပေမယ့် မိသားစု ထမင်းဝိုင်းလေးကဖြင့် စည်စည်ကားကား ရှိပါ၏။

ထမင်းစားရင်း စောက တစ်နေ့တာ အိမ်တွင် သမီးနှင့် လုပ်ဆောင်ချက်တွေကို ကြည်နူးစွာ ပြောပြသလို…

သူကလည်း ဘဏ်မှ အလုပ်တွေအကြောင်းနှင့် အလုပ်ပိုင်ရှင်ရဲ့သား ရဲထက်လှိုင် ဆိုသူ ပြန်လာတော့မည့် အကြောင်းများအား စကားအဖြစ် ပြောပြသည်။

ထမင်းစားသောက်ပြီးသည့်တွင် တအောင့်နားပြီး သူက သမီးလေးကို စာသင်ပေးသည်။

စောက စာရေးစားပွဲတွင်ထိုင်ကာ စာရေးသည်။ ရှစ်နာရီခွဲတွင် သမီးလေးကို သူ သိပ်လိုက်သည်။

စောသည် စာရေး၍ ပြီးသွားဟန်ဖြင့် တစ်ချက်မျှ ဟမ်းလေး သမ်းလိုက်ပြီး သူ့ထံ အံ့သြစွာ လှမ်းကြည့်လာရင်းက…

"ဟင်…မောင်၊ မအိပ်သေးဘူးလား…"

စော မေးတော့ သူ စောထံ လျှောက်လာခဲ့၏။

"စော…"

"မောင်…"

"စော ပြီးပြီလား…"

"အင်း…ပြီးပြီ…"

စော ဆိုသည်တွင် စာရေးစားပွဲမှ မီးလေးကို ပိတ်ပြီး အိပ်ရာဆီ



www.burmeseclassic.com

www.burmeseclassic.com



သို့ လျှောက်လာခဲ့ကြသည်။

"စော…"

"မောင်…"

"မောင့်ကို ပြောစရာရှိတယ်ဆို၊ ပြောလေ…"

"အဟင်း…ပြောမယ်…ပြောမယ်…"

စော ဆိုရင်း သူနားနား ကပ်ကာ တိုးတိုးဆိုလိုက်သည်တွင်…

"ဟာ…စော တကယ်ပြောတာလား…"

"တကယ်ပါ မောင်ရဲ့၊ ဆရာဝန်နဲ့တောင် ပြပြီးပြီ…"

"ဟာ…စောရယ်၊ မောင် ဝမ်းသာလိုက်တာ ဘယ်နှစ်လရှိပြီလဲတဲ့…"

"နှစ်လပဲရှိသေးတယ် မောင်ရဲ့…"

"စော…"

"မောင်…"

"ဒီတစ်ခါတော့ မောင့်အတွက် သားလေးနော်…"

"ဒါပေါ့…"

"အချစ်ရယ် ပျော်လိုက်တာ…"

စော ကိုယ်လေးအား ဖက်ထားရင်း သူ ဆိုသည်။

"ဪ…နေဦး မောင်၊ ပြောစရာရှိသေးတယ်…"

"ပြောစေဗျာ…"

"နောက်လဆိုရင် သမီးလေး ငါးနှစ်တင်းတင်းပြည့်ပြီမဟုတ်လားဟင် မောင်…"





"ဟုတ်တယ်လေ၊ မောင်သိပါတယ်…"

"သမီးလေး ငါးနှစ်မြောက် မွေးနေ့ပွဲကို စောတို့ လုပ်ပေးကြရအောင်နော် မောင်…"

"လုပ်ရမှာပေါ့ဗျာ၊ ဟောဒီက သားသားလေး မွေးတဲ့အချိန်မှာ မောင်တို့သမီးကြီးက ကျောင်းသူမကြီး ဖြစ်နေမှာနော် စော…"

"အဟင်း…ဟင်း…"

ချမ်းမြေ့စွာ စော ရယ်သည်။

ကိုလိမ္မော်ကား ညအိပ်မီးသီးလေးအား လှမ်းပိတ်လိုက်ပါတော့သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



- တစ်ဆယ့်နှစ် -

နှစ်ဖက်မိဘများနှင့် မိသားစုများဆုံစည်းကာ ပျော်ရွှင် ကြည်နူး ကြရပြန်သည်။

မှန်သည်။

သည့်နေ့သည်၌ ချစ်သမီးလေး ငါးနှစ်ပြည့် မွေးနေ့ပွဲလေးအား ကျင်းပနေကြသည် မဟုတ်ပါလား။

နီနှစ်ရောင် အသားလေးနှင့် အဖြူရောင် ဝတ်စုံလေး ဝတ်ဆင်ထားသော ရတနာ သမီးလေးသည် လွန်စွာမှ လှပချစ်စရာ ကောင်းနေရ၏။

ရတနာ၏ လည်တိုင်ဝင်းဝင်းလေးတွင် ချစ်ချင်းတူသော မိဘနှစ်ပါး၏ အသည်းနှစ်ထပ် လော့ကက်သီးလေးနှင့် ရွှေကြိုးလေး နှစ်ကုံးကို ဆွဲပေးထားသည်။





ကိုလိမ္မော်နှင့် စောသည် ချစ်သမီးချောလေးအား ထူးထူးခြားခြားတော့ ဘာမှ ဆင်ပေးထားခြင်း မရှိပါလေ။

မိမိတို့ မိဘနှစ်ပါး၏ ချစ်ခြင်းများနှင့် ဆွတ်ဆွတ်ဖြူ ဝတ်စုံလေးကိုသာ သမီးချော၏ ခန္ဓာတွင် လွှမ်းခြုံ၍ ထားသည်။

ကိုလိမ္မော်သည် သမီးချောလေးထံ ကြည့်နေပြီးမှ ချစ်ဇနီး၏ လက်ချောင်းနုနုလေးတွေဆီ ခပ်ဖွဖွ ဆုပ်ကိုင်လိုက်ပြီး…

"ကဲ…သမီးရေ၊ မွေးနေ့ကိတ်လေး မလှီးခင် ဘိုးဘိုး၊ ဖွားဖွားနဲ့ ဒေါ်ဒေါ်တို့ကို နှုတ်ဆက်လိုက်ပါဦးကွယ်…"

"ဟုတ်ကဲ့ ဖေဖေ…"

ကိုလိမ္မော်က ဆိုသဖြင့် ရတနာမှာ ကိုလိမ္မော့် မိဘများကို အလျှင်ဆုံး နမ်းလိုက်သည်။ ပြီးတော့ စော မေမေကို နမ်းသည်။

နောက်ဆုံး မိဘနှစ်ပါးကို ရတနာ နမ်းသည်။ သမီးလေး၏ နူးညံ့သော အသွင်လေးကို အားလုံးက သဘောကျကြသည်။

"ငါ့မြေးလေးက မအေတူ သမီးလေးဆိုတော့ အင်မတန်မှ လိမ္မာယဉ်ကျေးပြီး နူးညံ့သိမ်မွေ့တာ…"

ကိုလိမ္မော့် ဖခင် ဦးထွန်းအောင်က ဆိုသည်။

ဖခင်က ချီးမွမ်းတော့ ကိုလိမ္မော်သည် ချစ်ဇနီးအား ချစ်ခြင်းတို့ဖြင့် ဂုဏ်ယူစွာ ကြည့်လိုက်မိ၏။

"ကဲ…မွေးနေ့ကိတ် လှီးကြရအောင်…"

စောက ဆိုသည်တွင် ချစ်သမီးကို အလယ်တွင်ထားကာ ကိုလိမ္မော်နှင့် စောက မွေးနေ့ကိတ်မှ ဖယောင်းတိုင်မီးတို့ကို ငြိမ်းစေ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကိတ်ကို လှီးစေသည်။

"ဖြောင်း..ဖြောင်း..ဖြောင်း..ဖြောင်း..."

ကျန်သော မိသားစုများ လက်ခုပ်သံလေးတွေက စည်စည်ကားကားလေး ထွက်ပေါ်လာ၏။

မွေးနေ့ကိတ်ကိုဆက်ပြီး စောက သေသပ်စွာ လှီးနေလိုက်သည်။

ရတနာသည် အပြုံးလေးနှင့် စော ကို ကြည့်ပြီး...

"မေမေ..."

"ဟင်..ဘာလဲသမီး..."

"မေမေက ရတနာရဲ့ ကိတ်မုန့်ကို ဘိုးဘိုး၊ ဖွားဖွားနဲ့ တီတီ တို့ထက် ပိုပြီးစားရမယ်နော်..."

"ဘာဖြစ်လို့လဲ သမီးရယ်..."

"မေမေ့ဗိုက်ထဲမှာ မောင်မောင်လေးရှိတယ်လေ၊ မောင်လေးလည်း စားရအောင်ပေါ့..."

"အို..သမီးကလည်း အဟင်း..ဟင်း..."

"အဟင်း..ဟင်း..ဟင်း..."

သားအမိနှစ်ယောက် စကားကြောင့် ထွေးထွေး တစ်ယောက်ရယ်မိသည်။

ကိုလီမွှော်မိခင်က...

"ဟင်..သမီးမှာ နောက်ကိုယ်ဝန်နဲ့လားကွယ်..."

ယခုမှ သိရ၍ ပျော်ရွှင်စွာ ယောက္ခမကြီးက ဆိုမေး မေးလာ





တော့...

"ဟုတ်ကဲ့ မေမေ..."

"သားက ဘာဖြစ်လို့ မေမေ့ကို မပြောတာလဲကွယ်..."

"မမြကျင်က သိနေပြီလား..."

"ဟုတ်ကဲ့ မအေးလှ၊ ကျွန်မလည်း မအေးလှ သိနေပြီထင်နေတာ၊ သမီး ထွေးထွေးက ကျွန်မကို ပြောထားလို့ သိနေတာလေ..."

"သမီးမှာ ကိုယ်ဝန်ရှိတော့ သမီး စားချင်တာလေးတွေ မေမေ က ချက်ပို့ရအောင် ပြောတာပါကွယ်..."

"အဟင်း..ရပါတယ် မေမေရယ်၊ အခု ကိုယ်ဝန်မှာ စောလည်း တခြား ဘာမှ စားချင်စိတ်မရှိပါဘူး၊ တစ်နေ့ တစ်နေ့ သီးနှံတွေ စားတာနဲ့ပဲ ဝနေတာပဲ..."

"သီးနှံစားရင်တော့ ယောကျာ်းလေးပဲ သမီးရဲ့..."

"အဟင်း..စောတို့ကလည်း ဒီတစ်ခါတော့ သားလေးပဲ လိုချင်ပါတယ် မေမေ..."

"ရ ရမှာပေါ့ကွယ်..."

"ကဲ..မကြီး ထွေးထွေးက ထားဝယ် ကြာဆံဟင်းခါးတွေ သွားထည့်လာတော့မယ်နော်..."

"အေး..အေး..."

မွေးနေ့ကိတ်ကို လှီးပြီး၍ ပြင်ဆင်ပြီးချိန်တွင် ထွေးထွေးက အိမ်နောက်တွင် ကြာဆံဟင်းခါးတွေ ခပ်ရန် ထွက်သွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုဆောင်မှ ခပ်လာသော ထားဝယ်ကြာဇံဟင်းခါးတွေကို မိသားစုတွေအားလုံးမှာ ပျော်ရွှင်စွာ စားသောက်လိုက်ကြသည်။

"ဒါ သမီးစောပဲ ချက်တာလား..."

ယောက္ခမကြီးက မေးသည်။

"ဟုတ်ကဲ့ မေမေ..."

"အင်း..ငါ့သားက တကယ်ကံကောင်းတာကွ၊ ငါတို့လည်း ချွေးမအလိမ္မာကိုရလို့ ကံကောင်းတာပဲ..."

ကိုလိမ္မော်၏ဖခင်က ချမ်းမြေ့ဂုဏ်ယူစွာ ဆိုရှာသည်။

ကိုလိမ္မော်သည် ချစ်ဇနီးအတွက် ဂုဏ်ယူ၍ မဆုံးပါလေ။

ကြာဇံဟင်းခါးများ စားသောက်ပြီးသည်တွင် ထွေးထွေးက အားလုံးဆေးကြောသိမ်းဆည်းပေးကြသည်။

ပြီးသည်နှင့် မိသားစုအားလုံး ဧည့်ခန်းတွင်ထိုင်ကာ ချစ်သမီးလေး၏ မွေးနေ့ကိတ်ကို ချိုမြိန်စွာ စားကြသည်။

ကိုလိမ္မော်သည် သမီးလေးကို ဓာတ်ပုံရိုက်ပေးသည်။ ချစ်ဇနီးနှင့် သမီးပုံတွေကို ရိုက်ပေးသည်။

မိဘများနှင့် သမီးလေးပုံ၊ သမီးလေးနှင့် အဒေါ်ပုံ၊ မိသားစုအားလုံးပုံတွေကို ရိုက်ပြီး...

ကိုလိမ္မော်၊ စောနှင့် သမီးလေးတို့ပုံကို ထွေးထွေးက တစ်လှည့် ပြန်ရိုက်ပေးသည်။

မိသားစုများမှာ ပျော်ရွှင်စွာ စားသောက် စကားများပြောဆိုရယ်မောနေကြရာမှာ အချိန်တွေမှာ ကုန်လာ၏။





ည ရှစ်နာရီခွဲတော့မည်မို့ မိဘများပြန်ရန် နှုတ်ဆက်ကြသည်။

"ကဲ..သမီးနဲ့သားရေ၊ မေမေတို့ ပြန်မယ်ကွယ်၊ သမီးလည်း ကိုယ်ဝန်နဲ့ ဂရုစိုက်နော်..."

"ဟုတ်ကဲ့ပါ မေမေ..."

"သားကလည်း သမီးကို ဂရုစိုက်နော်..."

"ဟုတ်ကဲ့ပါ မေမေ..."

ကိုလိမ္မော့် မိဘတွေက မှာသည်။

"မြေးလေးရေ ဖွားဖွား ပြန်ဦးမယ်..."

"မြေးလေး ဘိုးဘိုး ပြန်ဦးမယ်နော်..."

ကိုလိမ္မော့် မိဘတွေက မြေးဖြစ်သူ ရတနာကို နှုတ်ဆက်သည်။ ရတနာကလည်း အဘိုးအဖွားများကို နမ်းရှိုက်ပြီး နှုတ်ဆက်သည်။

ကိုလိမ္မော့် မိဘတွေ နှုတ်ဆက်ပြီးပြန်တော့ စော မိခင်နှင့် ညီမတို့လည်း အားလုံးနှုတ်ဆက်ပြီး ပြန်သွားကြသည်။

"စောရေ..မောင် သမီးကို သိပ်လိုက်ဦးမယ်နော်..."

"ဟုတ်ကဲ့ မောင်..."

သမီးလေးကို မောင် သိပ်နေဆဲ အခန်းထဲသို့ စော ဝင်ခဲ့သည်။

"ကရင်း..ရင်း..ရင်း..."

အခန်းထဲ စော ရောက်သည်နှင့် ဖုန်းသံလေးက မြည်လာ၏။

ဘယ်ကပါလိမ့်...



www.burmeseclassic.com

www.burmeseclassic.com



အတွေးနှင့် စော ဖုန်းလေးကို ကိုင်လိုက်သည်။

"ဟဲလို..အမိန့်ရှိပါရှင်..."

"ဟဲလို..အခု ပြောနေတာ ကိုလီမွှော် အိမ်ကပါလား ဟင်..."

တစ်ဖက်မှ အမျိုးသမီးတစ်ဦး၏ စကားသံကြောင့်...

"ဟုတ်ကဲ့..ဟုတ်ပါတယ်ရှင်၊ ဘာကိစ္စများရှိလဲဟင်၊ စောက ကိုလီမွှော်ရဲ့ ဇနီးပါ..."

"သြော်..ဟုတ်ကဲ့၊ ကိုလီမွှော်နဲ့ အရေးကြီးတဲ့ စကားပြောချင်လို့ပါ၊ ကိုလီမွှော် အိပ်ပြီလား မသိဘူး၊ တကယ်လို့ မအိပ်သေးဘူးဆိုရင်တော့ ကိုလီမွှော်နဲ့ ကျေးဇူးပြုပြီး စကားပြောချင်ပါတယ်..."

"ဟုတ်ကဲ့..."

ဘယ်ကဆက်နေမှန်း မသိသော အမျိုးသမီးမှာ မောင်နှင့်သာ စကားပြောချင်သည်တို ဆိုသဖြင့် စောမှာ ဟုတ်ကဲ့ဟုပင် ဆိုလိုက်ရပါတော့၏။

"စကားပြောပါရစေနော်..."

"ဟုတ်ကဲ့..ဖုန်း ခဏကိုင်ထားပါနော်၊ စော ခေါ်ပေးပါ့မယ်..."

ဆိုရင်း ဖုန်းလေးကို စော ဘေးတွင်အသာချထားခဲ့ပြီး အခန်းထဲမှ ထွက်အလာ အခန်းဝအရောက်...

"စော ဘယ်က ဖုန်းလဲဟင်..."

စောနှင့် ကိုလီမွှော်တို့ အခန်းဝတွင်ဆုံ၍ ကိုလီမွှော် မေးသည်။





"မသိဘူးမောင်၊ စောလည်း မမေးကြည့်ဖြစ်လိုက်ဘူး၊ မောင်နဲ့ စကားပြောချင်လို့တဲ့၊ အရေးကြီးတယ်တဲ့..."

"ဘယ်သူလဲ စော..."

"အမျိုးသမီး တစ်ယောက်ပဲ မောင်..."

ချစ်ဇနီး စကားကြောင့် ကိုလီမွှော်သည် စဉ်းစားဟန်ဖြင့် မျက်မှောင်ကုတ်သွားရလေသည်။

"စောင့်နေတယ် မောင်၊ ပြောလိုက်ပါဦး..."

စော ဆိုတော့ ကိုလီမွှော်မှာ စဉ်းစားဟန်ဖြင့် ဖုန်းကို ကောက်ကိုင်နားထောင်လိုက်ပြီး...

"ဟဲလို..ကိုလီမွှော်လား..."

"သြော်..ဟုတ်ကဲ့၊ ကျွန်တော်ပါပဲ..."

တစ်ဖက်မှ ဆိုလာ၍ ကိုလီမွှော် ပြန်ဆိုသည်။

"ကျွန်မနာမည် မေကြည်ပါ၊ ကျွန်မ မန္တလေးက ဆက်နေတာပါ..."

"မေကြည်..မန္တလေးက ဟုတ်လား..."

စောမှာ မောင့်အနီး၌ပင် ရပ်ပြီး မောင့်ကို ကြည့်နေမိသည်။

တစ်ဖက်မှ စကားသံတွေကိုလည်း ညအချိန်မို့လားမသိ စော အတိုင်းသား ကြားနေရ၏။

ကိုလီမွှော်မှာ မန္တလေးမှ မေကြည်ဆိုသူအား မသိသလိုဖြစ်နေ၍ ဘာပြောရမှန်းမသိ ဖြစ်နေဆဲ...

တစ်ဖက်မှ ပြောသံကို ကိုလီမွှော်ကော စောပါ ကြားလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

"ကိုလိမ္မော်…"

"ဗျာ…"

"မေကြည်ကိုတော့ ကိုလိမ္မော် သိမှာမဟုတ်ပါဘူး၊ ဒါပေမယ့် ချိုကိုတော့ ကိုလိမ္မော် သိမှာပါ…"

"ဩော်… ဟုတ်ကဲ့၊ ချို ကို ကျွန်တော်သိပါတယ်…"

"ဟုတ်ကဲ့ ကျွန်မက ချိုရဲ့အစ်မအငယ်ပါ၊ ကျွန်မတို့ အစ်မကြီးကတော့ မော်လမြိုင်မှာ ရှိတယ်…"

"ဟုတ်ကဲ့ အဲဒါ ကျွန်တော် ဘာလုပ်ပေးရမလဲခင်ဗျာ…"

"ကိုလိမ္မော်…"

"ဗျာ…"

"ကျွန်မညီမ ချို ဆုံးပါပြီ…"

"ဟင်…ချို ဆုံးပြီ ဟုတ်လား၊ ဘယ်တုန်းကလဲ…"

"သုံးလလောက် ရှိပါပြီ၊ ကျွန်မလည်း ကိုလိမ္မော်ဆီကို အသိပေး အကြောင်းမကြားချင်ပါဘူး…"

"ဒါပေမယ့် ကျွန်မမှာလည်း အိမ်ထောင်နဲ့သားသမီးတွေ ရှိတော့ အကြောင်းကြားလိုက်ရတာပါ…"

တစ်ဖက်မှ မေကြည်ဆိုသော အမျိုးသမီးပြောသည့် စကားတွေကို ကိုလိမ္မော်ကော စောပါ နားမလည်ပါ။

သို့သော်လည်း ကိုလိမ္မော်နှင့် စောမှာ မည်သည့်အကြောင်းရင်းဆိုသည်ကို ဆက်၍ နားထောင်နေမိကြ၏။



တစ်ဖက်မှ မေကြည်က စကားဆက်သည်။

"ဒီလိုပါ ကိုလိမ္မော်၊ အခု ချို ဆုံးသွားတော့ ချိုမှာ ရှစ်နှစ်ကိုးနှစ်အရွယ် သားတစ်ယောက် ကျန်ရစ်ခဲ့ပါတယ်…"

"ဟင်…"

"ဟုတ်တယ်၊ ကိုလိမ္မော် အဲဒီသားဟာ ကိုလိမ္မော်နဲ့ ချိုနဲ့ ရတဲ့ သားပါ…"

"ဗျာ…"

"ဟင်…"

တစ်ဖက်မှ စကားသံကြောင့် ကိုလိမ္မော်ရော စောပါ အံ့သြတုန်လှုပ်သွားကြရလေသည်။

ကိုလိမ္မော်သည် စောကို ကြည့်မိလိုက်သည်တွင် စောသည်လည်း ကိုလိမ္မော်အား မယုံနိုင်သော အကြည့်တွေနှင့် ကြည့်နေမိလေ၏။

"ဟုတ်တယ် ကိုလိမ္မော်၊ ချိုရဲ့ချစ်သူ ကိုသူရ ဆုံးတဲ့ညကို ကိုလိမ္မော် မှတ်မိမယ်ဆိုရင် ဒီအဖြေပေါ်လာလိမ့်မယ်…"

ဖုန်းလေးနားထောင်ရင်း ကိုလိမ္မော်သည် ကတုန်ကယင်ဖြစ်လာ၏။

စောက မျက်ရည်တို့ ဝဲ၍လာသည်။

စောသည် ကိုလိမ္မော်ကို မကြည့်မိတော့။

တဖြည်းဖြည်းချင်းတစ်ဖက်သို့ လှည့်သွားလိုက်ပြီး စာရေးစားပွဲနားတွင် စော သွားရောက်ကာ ရပ်နေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုလိမ္မော်သည် တစ်ဖက်မှ စကားကို နားထောင်နေရသည်က တစ်ဖက်…

ချစ်ဇနီး စောဆီ လှမ်းကြည့်နေမိရသည်က တစ်ဖက်နှင့် တုန်လှုပ်ကာ ဂနာမငြိမ်ရှိနေရပါလေ၏။

"ကိုလိမ္မော်ရဲ့သားဟာ၊ သိပ်လိမ္မာပါတယ်၊ ဒါပေမယ့် ကျွန်မက ဆက်ပြီး မမွေးထားနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မမှာလည်း ကလေးတွေများတယ်လေ၊ ကျွန်မယောကျ်ားကလည်း မကြည်ဖြူချင်ဘူး…"

"ဒါကြောင့် ရှင်းရှင်းပြောရရင် ကိုလိမ္မော်ရဲ့သားကို ကိုလိမ္မော် တာဝန်ယူနိုင်ရင် ပြန်ယူပါလို့…"

"တကယ်လို့ တာဝန်ပြန်မယူနိုင်ရင်လည်း မော်လမြိုင်က ကျွန်မရဲ့ အစ်မကြီးဆီ ပို့ပေးလိုက်ပါ…"

"ကျွန်မအစ်မက အပျိုကြီး၊ သူ့ တူကို သူ တာဝန်ယူနိုင်ပါလိမ့်မယ်…"

"ဒါကြောင့် ဒီဇင်ဘာကျောင်းပိတ်ရက် လာခေါ်ပါလို့ ကျွန်မ ဖုန်းဆက်တာပါ…"

"သူ့အမေ မရှိတော့တဲ့အချိန်မှာ ကိုလိမ္မော်ဆီမှာ တာဝန်ရှိပါတယ်၊ ကိုလိမ္မော်က ဖခင်တစ်ယောက်ပဲ မဟုတ်လား…"

ကိုလိမ္မော်သည် တံတွေးတစ်ချက်ကို မျိုချလိုက်သည်။

စောသည် ဝဲလဲရှိနေသော မျက်ရည်များအား မကျလာစေရန် ထိန်းထားဟန်ရှိ၏။



"ကျွန်မရဲ့ လိပ်စာကို ကိုလိမ္မော် မှတ်ထားပါဦး…"

"ဟုတ်ကဲ့…"

တစ်ဖက်မှ လိပ်စာ မှတ်ထားရန် ဆိုတော့…

စောသည် စားပွဲပေါ်မှ စာရေးနေသော ဘောလ်ပင်နှင့် စာရွက်လေးကို ယူပြီး ကိုလိမ္မော်ထံ ယူလာပေးသည်။

ကိုလိမ္မော်သည် တစ်ဖက်မှလိပ်စာကို ရေးမှတ်ထားလိုက်ရ၏။

"ကိုလိမ္မော်…"

"ဗျာ…"

"ကိုလိမ္မော်ရဲ့ သားနာမည်က ကောင်းထက်၊ ကိုလိမ္မော်ရဲ့ သားဟာ သိပ်လိမ္မာပါတယ်…"

"ချိုဟာ သူ့သားအပေါ်မှာ သိပ်ကို တာဝန်ကျေသွားရှာတယ်…"

"ချိုက ကျွန်မကို မှာသွားရှာတယ်၊ သူ့ သားကို ကိုလိမ္မော်ဆီလုံးဝမပို့ပဲ အစ်မကြီးဆီသာ ပို့ပါတဲ့…"

"ဒီအကြောင်းတွေ ကိုလိမ္မော် မသိပါစေနဲ့တဲ့၊ ဒါပေမယ့် ကျွန်မက ကိုလိမ္မော်ကို သိစေချင်တယ်၊ သားကို တစ်လှည့် ကိုလိမ္မော် တာဝန်ယူစေချင်တယ်လေ…"

"တကယ်လို့ တာဝန်မယူနိုင်ရင်လည်း ဒီဇင်ဘာကျောင်းပိတ်ရက် သားကို လာခေါ်ပြီး မော်လမြိုင်ကို ပို့ပေးလိုက်ပေါ့လေ၊ ဒါပါပဲ…"



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံး တစ်ဖက်မှ ဖုန်းချသွားပြီ ဖြစ်သည်။

ကိုလိမ္မော်သည် ရင်ထဲအုံသြခြင်း၊ ဝမ်းနည်းခြင်း၊ ထိခိုက်ခြင်းတို့ဖြင့် ခံစားမှုများအား စုပြုံခံစားလိုက်ရပါလေ၏။

ကိုလိမ္မော်သည် ဖုန်းကို အသာချပြီး ချစ်ဇနီးထံ သွားရောက်ကာ စော ပခုံးလေးဆီ ကိုင်လိုက်မိသည်တွင်…

စောသည် ကိုလိမ္မော်၏လက်များနှင့် အထိမခံ၊ ရှောင်ဖယ်လိုက်ပြီး အိပ်ရာထက်၌ သွားရောက်ကာ လှဲအိပ်နေလိုက်ပါတော့၏။

စော ရင်ထဲမလည်း အထင်ကြီးမိခဲ့သော အချစ်ကြီးချစ်မိခဲ့သော ချစ်ဆုံးခင်ပွန်းအတွက် မယုံကြည်နိုင်အောင် ထိခိုက်ခံစားနေမိရတော့သည် မဟုတ်ပါလား။

စော ရင်တို့ နာကျင်၍လာသည်။ မျက်ရည်တွေ ဝေါခနဲ ကျလာရလေသည်။

"စော…"

ကိုလိမ္မော်သည်လည်း မျက်ဝန်းညိုတို့ အရည်ကြည်များ ရစ်ဝဲကာ ထိခိုက်စွာ စောကို ခေါ်သည်။

"ကျေးဇူးပြုပြီး စော အေးအေးဆေးဆေး နေပါရစေ…"

ကြေကွဲစွာ စော ဆိုသည်။

ခုတင်စွန်းတစ်ဖက်သို့ လှည့်အိပ်ကာ စော မျက်ရည်တွေ စီးကျနေ၏။

ကိုလိမ္မော်သည် ချစ်ဇနီးအား ထွေးပိုက်ကာ သူ့အဖြစ်များအား ဖြေရှင်း ပြောဆိုချင်နေရသော်လည်း…





လောလောဆယ် သူ့ကိုယ်နှုတ်လည်း မည်သို့ဆိုရမည်ကို စဉ်းစားမရ၊ မဆိုတတ်အောင် ဖြစ်ကာ…

စိတ်ထဲထိခိုက်ခြင်းများစွာတို့ဖြင့် ထိခိုက်နေရှာသော ချစ်ဇနီးအတွက် ယူကျုံးမရ ဖြစ်နေရပါတော့သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



၂

## - တစ်ဆယ့်သုံး -

အလုပ်တွေလုပ်နေရသော်လည်း ကိုလိမ္မော်မှာ မျက်နှာမကောင်းပါလေ…

မိမိတို့၏ သာယာသော အိမ်ထောင်ရေးလေးက မမျှော်လင့်ဘဲ မုန်တိုင်းဝင်ရောက်တိုက်ခိုက်လေပြီ မဟုတ်ပါလား။

ချစ်ဇနီး စောက စိမ်းကားစွာ နေနေလေ၍ ကိုလိမ္မော်သည် စိတ်ထိခိုက်ကာ နေ၍ မတတ်အောင် ဖြစ်နေရရှာပါ၏။

လင်မယားချင်းမို့ စောနှင့် သူသည် မလွဲသာသော အပြောအဆိုလောက်သာရှိပြီး…

အနေအထိုင်တွေမှာ စိမ်းကားနေရတော့၏။

စဉ်းစားကြည့်မည်ဆိုလျှင် လင်မယားဟူသော အရင်းအနှီးဆုံး သူစိမ်းတွေပေပဲ…

စောနှင့်သူ စိမ်းကားဝေးကွာသွားမည်ကို သူ အလွန်မှ စိုးရိမ်





ကြောင့်ကြလှသည်ပါ။

သမီးလေးကမူ ဘာမှ မသိရှာ။

ယခင်ကအတိုင်း မိဘနှစ်ပါးမှာ ချစ်ခင်ကြင်နာနေကြသည်ဟုသာ သမီးလေး ထင်သည်။

သမီးလေး ငါးနှစ်ပြည့်ပြီဖြစ်သော်လည်း စောက ကျောင်းမထားသေး…

ခြောက်နှစ်ပြည့်မှသာ ကျောင်းထားမည်ဟု ဆုံးဖြတ်ချက်နှင့် သမီးကို ကျောင်းမထားသော်လည်း မူကြိုကျောင်းကိုတော့ သမီးကို စော ပို့ထားသည်။

ခုဆို တစ်ပတ်ခန့် ရှိပြီ။

အိမ်ထောင်ရေးသည် သွေ့ခြောက်နေရချေ၏။

သူ အလုပ်မှ ပြန်လျှင် စော ကို မတွေ့ရ။

အလျှင်လိုလည်း စောက သူ့ကို အပြုံးလှလှတွေနှင့် မကြိုဆိုတော့။

သမီးကိုကျောင်းပို့သည်။ ကျောင်းကြိုသည်။ စော မိဘအိမ်ကိုသွားသည်။

တစ်ချိန်လုံး စော လမ်းမှာနေတော့သလို စော အိမ်ကို မခင်တော့။ မိုးချုပ်ခါနီးမှသာ သမီးနှင့်အတူ စော အိမ်ပြန်ရောက်လာသည်။

သူတို့ အိမ်တွင်းရေးလေး မညီမညွတ်ဖြစ်နေသည်ကို နှစ်ဖက်မိဘတော့ဖြင့် သိသေးဟန် မတူပါလေ။

စော ကလည်း လူကြီးတွေသိအောင် ပြောမည် မဟုတ်သ



www.burmeseclassic.com

www.burmeseclassic.com



လို သူကလည်း မပြော…

တစ်နေ့ တစ်နေ့ စောနှင့် မတွေ့ရ၍ စော၏ကြင်နာယုယမှုတွေကို မရတော့၍ သူ ဝမ်းနည်း၍မဆုံးအောင် ရှိနေရ၏။

စော၏ စိမ်းကားမှု၊ လျစ်လျူရှုမှုတွေအတွက် သူ ထိခိုက်လွန်းရတော့သည်။

"စောရယ်‥ မောင် ဘယ်လိုပြောရတော့မလဲ၊ မသိတော့ပါဘူး…"

"စောကိုသာ မောင် အချစ်ဆုံး၊ စော ကိုသာ မောင်ချစ်တယ်…"

"မောင့်နှလုံးသား မောင့်ဘဝတစ်ခုလုံးကို ပိုင်စိုးသူဟာ စော တစ်ယောက်တည်းပါ…"

"စောရယ်‥မောင့်ကို ခွင့်လွှတ်ပါ…"

ရင်ထဲမှာ ဆွေးလျှန်းနုံး သူ ဆိုနေမိသည်။

ဝင်ငွေထွက်ငွေစာရင်းတွေ ရေးမှတ်နေရာမှ သူ့စိတ်တို့ နွမ်းဝေကာ လူမှာ မှိုင်းသွားရ၏။

မချိသော ခံစားမှုက သူ့မျက်ဝန်းအစုံတွင် အရည်ကြည်တို့ ဝေကာ နီရဲချင်လာသည်။

စားပွဲတွင် ခေါက်ထောက်ကာ သူ မျက်နှာကို ငုံ့ထားမိသည်။

"ဟာ‥ချို‥ချို…"

"ချိုရယ်‥ကျွန်တော် အဲဒါတွေ မသိခဲ့ပါလား…"





"ချိုကို ကျွန်တော် အဲဒါတွေ တောင်းပန်လို့ရမလား…"

"ကျွန်တော့်ကို ချိုကော ခွင့်လွှတ်နိုင်ခဲ့ရဲ့လား…"

"ချိုရယ်‥ ချို ကျွန်တော့်ကို ဘာကြောင့် ဖွင့်မပြောခဲ့တာလဲဗျာ…"

"သား…"

"သားတဲ့…"

"ငါ့သား‥ချိုနဲ့ငါနဲ့ရတဲ့ ငါ့သားတဲ့…"

"ကောင်းထက်…"

"အို‥စောရယ်၊ မောင် ဘာလုပ်ရမလဲ၊ မောင် ဘယ်လို ပြောပြရမလဲ၊ မောင် ဘာဆက်လုပ်ရမလဲ အချစ်ရယ်…"

"စောရဲ့ စိမ်းကား လျစ်လျူရှုမှုကို မောင် မခံနိုင်ဘူး အချစ်ရယ်…"

"မောင် နေရတာ မောင့်ဘဝဟာ သေ့ခြောက်လွန်းလှပါတယ်…"

"မောင်လေ‥စောက မုန်းမှာ သိပ်စိုးတယ်၊ သိပ်ကြောက်တယ်…"

"ချိုရယ် ကျွန်တော်နဲ့ ခင်ဗျားရဲ့အဖြစ်ကို ကျွန်တော်ဘယ်လို ခံစားမှုနဲ့ ပြောရမလဲ မသိတော့ဘူး…"

"ဟင်း…"

ခြောက်ချား မွန်းကျပ်ရသော အတွေးများနှင့် စားပွဲပေါ်က်၌ သူ မျက်နှာကို အပ်ထားလိုက်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလီမွှော်…"

မည်မျှအထိ သူ့ စိတ်နှင့်ကိုယ် ကင်းကွာ သွားရသည်မသိ…

အခန်းထဲဝင်လာသော ခြေသံနှင့် ခေါ်သံကို ကြာမီလေမှ သူ့ ကိုယ်သူ သတိရမိသည်။

သူ ငိုများနေလေသလား…

ရုက်လန့်တကြား သူ မျက်နှာကို စမ်းမိသည်တွင် သူ့မျက်နှာထက် စွတ်စိုနေသည်ကို သူ စမ်းကိုင်မိ၏။

"ကိုလီမွှော်…"

သူ့စားပွဲအနီး ကိုအောင်မြင့် ရောက်လာပြီး ခေါ်သည်။

"ဗျာ…"

သူ ထူးလိုက်သော်လည်း ခေါင်းကိုမူ မထောင်ဝံ့သေးပါ။

အိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ပြီး ဘာလိုလိုနှင့် သူ မျက်ရည်တွေကို သုတ်လိုက်ရသည်။

ပြီး နှာထင်နှင့် မျက်ခုံးရိုးတွေကို နှိပ်ယာန်ဖြင့် သူ ခေါင်းထောင်လာ၏။

"ကိုလီမွှော် ဘာဖြစ်လဲ၊ နေမကောင်းဘူးလား၊ မျက်နှာတွေလည်း နီနေတယ်…"

"ဪ…အင်း၊ အေးဗျာ၊ ကျွန်တော် ခေါင်းသိမ်ကိုက်နေတယ်…"

"ဟုတ်လား၊ ဒါဖြင့် ကိုလီမွှော် အနားယူလိုက်ပါလား၊ ဆေးကော သောက်ရဲ့လား…"





"ဟုတ်ကဲ့၊ ကျွန်တော် ဆေးသောက်ထားပါတယ်…"

"ဒါဖြင့် အိမ်ပြန်ပြီး အနားယူလိုက်ပါ ကိုလီမွှော် ကျွန်တော်က ကိုလီမွှော်ကို လာပြောပြတာ…"

"ဘာလဲ ကိုအောင်မြင့်…"

"တခြားမဟုတ်ပါဘူး၊ ဦးငွေလရောင်သား ကိုရဲထက်လှိုင် မနေ့က ပြန်ရောက်လာပြီလေ…"

"ဪ…ဟုတ်လား…"

"လူကဗျာ၊ တကယ့်လူချော၊ နိုင်ငံခြားမှာ ကြီးလို့လား မသိဘူး၊ တကယ့်ကို နိုင်ငံခြားသားကြီး အတိုင်းပဲ…"

"ကိုလီမွှော်လိုပဲ အရပ်ကလည်း မြင့်တယ်၊ တော်တော်ချောတဲ့ လူပဲ၊ အင်း…မြန်မာပြည် ပြန်ရောက်လာတော့ အမျိုးသမီးတွေ ဝိုင်းဝိုင်းလည်တော့မှာ သေချာတယ်ဗျာ…"

"ဒါပေမယ့် ဒီလူ့ကြည့်ရတာကတော့ တော်တော်တည်ငြိမ်မှု ရှိတယ်…"

"သူ့ အသက်အရွယ်ကတော့ ကျွန်တော်တို့တွေလောက်ပါပဲ…"

"သူ့အဖေကတော့ သိပ်ဝမ်းသာနေတယ်လေ၊ ဦးငွေလရောင်ကတော့ သားတစ်ယောက်ဆိုတစ်ယောက် မွေးထားရကျိုးနပ်ပါတယ်ဗျာ…"

"ဒါပေါ့ဗျာ၊ မိဘတွေအတွက် အကောင်းဆုံး စိတ်ချမ်းသာမှုက သားသမီး ကောင်းစားဖို့နဲ့ လိမ္မာရေးခြား ရှိဖို့ပါပဲ…"



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်မြင့်ပြောသော စကားများအား စိတ်မဝင်စားလှသော်လည်း အလိုက်သင့် သူ ပြန်ဆိုမိရပါ၏။

"ကိုလိမ္မော် ခင်ဗျားကြည့်ရတာ တော်တော် ဖြစ်နေပုံရတယ် အိမ်ပြန်ပြီး အနားယူလိုက်ပါလေ…"

"ရပါတယ်ဗျာ၊ ဒီမှာပဲ နားနားနေနေ လုပ်သွားပါ့မယ်…"

"မဟုတ်တာဗျာ၊ အိမ်မှာပြန်ပြီး ဆရာမရဲ့ အပြုအစုကို ခံလိုက်ရင် ချက်ချင်း ပျောက်သွားမှာပါ…"

စေတနာနှင့်ရယ်စရာ ပြောလိုက်သော်လည်း ကိုအောင်မြင့် စကားက သူ့ရင်အား ဆို့နစ်ကြေကွဲသွားစေရပါ၏။

သူတို့ စကားပြောနေဆဲ ခြေသံတွေ ကြားလိုက်ရ၍ အခန်းဝဆီသို့ ဖြိုင်တူလှမ်းကြည့်လိုက်ကြသည်တွင်…

"ဩော်…ဦး…"

ဦးငွေလရောင်နှင့် လူရွယ်ချောကြီး တစ်ဦးဝင်လာသည်ကို သူတို့ နှစ်ဦးစလုံး တွေ့လိုက်ရသည်တွင် ဖြိုင်တူ နှုတ်ဆက်လိုက်ကြသည်။

"အတော်ပဲ၊ မောင်လိမ္မော် ရှိနေတယ်၊ ဦးက မောင်လိမ္မော်များ အလုပ်သွားနေလားလို့…"

"ဟုတ်ကဲ့ ဦး၊ ကျွန်တော် စာရင်းပြတ်ရင် သွားမလို့ပါပဲ…"

"အေး အေး၊ ဦးက ဒီမှာ ဦးသား ပြန်ရောက်လာလို့ မောင် လိမ္မော်နဲ့ လာမိတ်ဆက်ပေးတာ…"



"ဟုတ်ကဲ့ ဦး၊ ကျွန်တော့်ကို ခုပဲ ကိုအောင်မြင့်က လာပြောပြနေပါတယ်…"

ကိုလိမ္မော်က ဆိုသည်တွင် ရုပ်ရည် ချောမွေ့သလောက် ရည်မွန်မှုရှိသော ကိုရဲထက်လှိုင်သည် သူ့ကို ပြုံးပြနှုတ်ဆက်သည်။

"သား…"

"ဗျာ၊ ဒယ်ဒီ…"

"ဒါ ဒယ်ဒီ အားကိုးရတဲ့ ကိုလိမ္မော်နဲ့ မောင်အောင်မြင့်တဲ့…"

"ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော်က ရဲထက်လှိုင်ပါ၊ ကျွန်တော် လည်း ကိုလိမ္မော်နဲ့ ကိုအောင်မြင့်တို့ကို တွေ့ရတာ ဝမ်းသာပါတယ်၊ အားလည်း ရှိပါတယ် ခင်ဗျာ…"

"ဟုတ်ကဲ့ ကျွန်တော်တို့ကလည်း ကိုရဲထက်လှိုင်ပြန်ရောက်လာပြီဆိုတော့ တစ်အားဖြစ်ရပါတယ်…"

ကိုရဲထက်လှိုင် လက်ဆွဲ နှုတ်ဆက်လာ၍ ကိုလိမ္မော်ရော ကိုအောင်မြင့်ပါ နှုတ်ဆက်လိုက်ရသည်။

ကိုရဲထက်လှိုင်ကလည်း ကိုလိမ္မော်၏ ယောကျာ်းပီသစွာ ချောမောသော အသွင်ကို ကြည့်ပြီး…

ကိုလိမ္မော် မျက်နှာချောချောထက်မှ ရိုးသားမှု၊ တည်ငြိမ်မှု၊ သစ္စာရှိမှု၊ လေးနက်မှုတွေကို ပညာတတ်တစ်ဦးပီသစွာ ဖတ်မြင်လိုက်မိ၏။

"ဩော်…ဦး…"

www.burmeseclassic.com



ကိုအောင်မြင့် ခေါ်သဖြင့်…

"ဘာလဲ မောင်အောင်မြင့်…"

"ကိုလိမ္မော်က အခုနေမကောင်းဖြစ်နေတယ်၊ အဲဒါ ကျွန်တော်က အနားယူခိုင်းနေတာ ပေတောပြီး နေနေတယ်လေ…"

"ဟုတ်လား၊ အင်း…ဒါကြောင့် မောင်လိမ္မော် မျက်နှာမကောင်းလှဘူးလို့တော့ ထင်သား…"

"နေမကောင်းရင် အနားယူလိုက်ပါ ကိုလိမ္မော်၊ ကျန်းမာရေးက အဓိကပါဗျာ၊ ကိုလိမ္မော်အိမ်ပြန်ပြီး အနားယူလိုက်ပါ…"

ကိုရဲထက်လှိုင်က ဝင်ရောက်ဆိုသည်။

"ဟုတ်တယ် ကိုလိမ္မော် အိမ်ပြန်လိုက်ပါကွယ်၊ သားနဲ့ မောင်အောင်မြင့် ရှိနေပြီပဲ၊ သက်သက်သာသာပဲ လုပ်ပါကွယ်…"

"ဟုတ်ကဲ့ ဦး၊ ကျွန်တော်ပြန်ပါ့မယ်၊ ကျွန်တော်ကို ပြန်ခွင့်ပြုပါဦး ကိုရဲထက်လှိုင်…"

"ဟုတ်ကဲ့ ကိုလိမ္မော်…"

"ကိုအောင်မြင့်၊ ကျွန်တော်ပြန်မယ်နော်…"

"ကောင်းပြီ…"

အားလုံးကို နှုတ်ဆက်ပြီး ကိုလိမ္မော်သည် အိမ်သို့ ပြန်လာခဲ့လေ၏။ အိမ်ရောက်သည်တွင် ထုံးစံအတိုင်း စောကား မရှိလေပါ။

ချစ်ဇနီးစောကို သူ တမ်းတမိသည်။ စော၏ ရှောင်ဖယ်မှု၊ သွေ့ဖြည်စိမ်းကားမှုတွေအတွက် သူ လွန်စွာမှ ထိခိုက်ကြေကွဲမဆုံး ရှိနေရပါ၏။



စော၏ စာရေးစားပွဲတွင် သူ ထိုင်နေမိသည်။ စာ ရေးလက်စ စာမူက ရှိမနေ။ သူ သဘောပေါက်လိုက်သည်။

တစ်နေ့ရာရာ၌ စောသည် စာရေးချင်လည်း ရေးနေမည်။ ဒါမှမဟုတ် စိတ်ချမ်းသာသလို စော နေချင်လည်း နေနေမည်။

အိမ်ကို ခင်တွယ်တတ်လွန်းသော စော တစ်ယောက်ခုတော့ အိမ်ပစ် ယာပစ် သွားလေပြီ၊ အိမ်ထောင်ရေးသာယာမှုကင်းမဲ့နေ၍ စောကော စာရေးလို့ ရပါဦးမလား…

သူ့အပြစ်တွေကြောင့် စောလည်း စိတ်နှလုံးထိခိုက်ကြေကွဲနေရသည်။ သူလည်း ထိခိုက်ကြေကွဲနေရသည်။

သူ စောကို မျှော်လင့်နေမိသည်။ မိုးချုပ်မှ စောနှင့်သမီးတို့ ရောက်လာကြမည်ကို သူ သိလျက်နှင့် မျှော်နေမိသည်။

အိမ်တစ်ဆောင်လုံးတွင် ခြောက်သွေ့ ထိခိုက်စွာဖြင့် သူ တစ်ယောက်တည်း ရှိနေရလေ၏။

တစ်နေကုန်သူသည် တစ်ကိုယ်တည်းရှိနေခဲ့သမျှ…

မိုးချုပ်ကာနီးမှ စောနှင့်သမီးသည် ပြန်ရောက်လာကြ၏။

စောသည် သူနှင့် မျက်နှာချင်းမဆိုင်၊ လွှဲဖယ်၍နေသည်။

စောသည် အိပ်ဆေးသောက်ပြီး တစ်ဖက်သို့ လှည့်ကာ စောစော အိပ်ရာဝင်သွားလေပြီ မဟုတ်ပါလား။ ။

www.burmeseclassic.com

www.burmeseclassic.com



## - တစ်ဆယ့်လေး -

ထိခိုက်မှုနှင့် ချွေခြောက်မှုတွေ ဖိစီးဖန်များလာတော့ သူ မနေနိုင်ပါတော့…

စောကို အရဲစွန့်ပြီး ဖြေရှင်းပြောဆို တောင်းပန်ရန် သူ ဆုံးဖြတ်လိုက်သည်။

အလုပ်မှ ပြန်ရောက်ကတည်းက စောကို သူ စောင့်သည်။

စော ပြန်ရောက်လာတော့ ညခြောက်နာရီခွဲနေပြီ ဖြစ်သည်။

စောကို စကားဆိုတောင်းပန်ရန် စောင့်သော်လည်း သမီးလေးက ရှိနေတော့ အခွင့်အမသာသေး၍ သူ မပြောသာ ဖြစ်နေရသေး၏။

သမီးလေးရှေ့ ပြောဆိုမိလို့ စောက ခါးသီးစွာ ငြင်းဆိုရင် မိဘနှစ်ပါး၏ မပြေလည်မှုကို သမီးလေးသိသွားမည်ကို သူစိုးရိမ်၍ သမီးလေးအိပ်ချိန်ကို သူ စောင့်နေရ၏။





သမီးလေး အိပ်ပျော်သွားသည်နှင့် စောသည် နက်အတွက် လုပ်စရာရှိသည့် အလုပ်များကို အသင့် စီစဉ်ထားလိုက်သည်။

ထို့နောက် အိပ်ရာဝင်ရန် စော အခန်းထဲသို့ ဝင်ရောက်လာ၏။

ကိုလိမ္မော်မှာ ချစ်ဇနီးလုပ်သမျှ အလုပ်များကို ဝိုင်းကူလုပ်ပေးသော်လည်း စောက စကားတစ်ခွန်းမျှမဆို…

အကြည့်ကိုပင် လွှဲဖယ်ထား၏။

စော အခန်းထဲဝင်တော့ ကိုလိမ္မော်သည်လည်း လိုက်၍ ဝင်သည်။

စောသည် အမြန်ဆုံးအိပ်ပျော်ရန် အိပ်ဆေးသောက်မည့် အပြု…

"စော…"

အိပ်ဆေးသောက်မအိပ်ရန် သူ စောကို တားလိုက်သည်။ စောသည် စကားမဆိုဘဲ သူ့ကို ကြည့်သည်။

စော အကြည့်သည် သူ့အတွက် သူစိမ်းဆန်လွန်းနေရလေ၍ သူ လွန်စွာထိခိုက်သွား၏။

"စောရယ်··စောကို မောင် စကားနည်းနည်း ပြောပါရစေ…"

"စောရဲ့ ခုလို စိမ်းကားတဲ့ဒဏ်ကို မောင် မခံနိုင်တော့ဘူး…"

"ဒီလောက်လေးတောင် မောင် သိပ်ခံစားနေရရင် စောသာ



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို စွန့်ပစ်သွားမယ်ဆိုရင် မောင် ရှူးရင်ရှူး၊ မရှူးရင် မောင် သေမှာပါ…"

"မောင် စောကို စကားပြောပါရစေနော်၊ မောင် ပြောမယ့် စကားတွေကို စော နားထောင်ပါဦးကွယ်…"

"ဒီအိပ်ဆေးတွေကိုလည်း မသောက်ပါနဲ့ အချစ်ရယ်၊ အချစ်မှာ ကိုယ်ဝန်နဲ့ဆိုတော့ သောက်လွန်းရင် မကောင်းပါဘူး…"

သူက ဆိုသော်လည်း စောက သူ့ကို စကားတစ်ခွန်းမှ ပြန် မဆိုပါလေ။

"စောက မအိပ်ချင်သေးပါဘူးကွယ်၊ မောင် စကားပြောပါ ရစေနော်…"

စောလက်ကလေးကို ဆွဲပြီး အိပ်ရာထက်၌ အတူထိုင်ကာ သူ ဆိုတော့…

စောသည် ခွန်းတုံ့မဆိုသော်လည်း သူ့ စကားများကို နားထောင်ရန် သဘောတူဟန်နှင့် အတူထိုင်မိကြ၏။

အိပ်ရာထက် ခြေတွဲလောင်းချပြီး အတူထိုင်မိကြသည်တွင် သူ ကိုင်ထားသော လက်တို စော အသာရုန်းယူလိုက်သည်။

စောသည် သူ၏အထိအတွေ့များကို ရွံရှာနေဟန်ပါ။

သူသည် စော၏ မျက်လုံးစိမ်းတွေနှင့် လှပသော မျက်နှာလေး ကို ကြေကွဲစွာ ကြည့်မိရင်းက…

"စောကို မောင် ချိုဆိုတဲ့ အမျိုးသမီးနဲ့ ပတ်သတ်ပြီး ပြောပြပါမယ်…"





"ချိုဟာ မောင့်သူငယ်ချင်း ကိုသူရရဲ့ချစ်သူပါ…"

"ကိုသူရနဲ့ပတ်သက်ပြီး ချိုနဲ့မောင်က ပြောဆိုခင်မင်မှုတော့ ရှိပါတယ်…"

"ပြီးတော့ ချိုဟာ စောနဲ့လည်း ရုပ်ချင်းနည်းနည်း ဆင်တယ်၊ တစ်ခါတစ်ခါ ချိုကို မောင် ရဲရဲတောင် မကြည့်ဝံ့ပါဘူး၊ ဘာဖြစ် လို့လဲဆိုတော့ စောနဲ့ချိုဟာ တူနေလို့ပါ…"

"မောင်တို့ နောက်ဆုံးနှစ် တက်နေတဲ့အချိန်မှာ ချိုရဲ့ ချစ်သူ ကိုသူရဟာ စစ်ကိုင်းကအပြန် ကားမှောက်လို့ ဆုံးသွားရှာတယ်…"

"ကိုသူရ အသုဘ ချပြီးတဲ့ညမှာ ချိုက မောင့်ကို ဖုန်းဆက် ခေါ်လို့ မောင် ချိုအိမ်ကို ရောက်သွားတယ်…"

"ချို နေတဲ့အိမ်က ချိုရဲ့ အစ်မအိမ်၊ မောင်ရောက်သွားတဲ့ အချိန်မှာ ချို တစ်ယောက်ပဲ ရှိတယ်…"

"ချိုရဲ့အစ်မ မိသားစုက ခရီးသွားနေလို့ အိမ်မှာ မရှိကြဘူး၊ အဲဒီညမှာ သူ့ချစ်သူဆုံးသွားတဲ့ ချိုဟာ စိတ်ထိခိုက်ပြီး ငိုတယ်…"

"မောင်လည်း ရိုးရိုးသားသားပဲ ချိုကို အားပေးနှစ်သိမ့်ပါ တယ်၊ မောင်ကော ချိုပါ ရိုးသားပါတယ် စောရယ်…"

"ညရှစ်နာရီ ထိုးခါနီးတော့ မသင့်တော်တော့တာနဲ့ မောင် လည်း ပြန်မယ်လို့ ချိုကို နှုတ်ဆက်တဲ့အခါမှာ…"

"ချိုဟာ မောင့်ကိုကြည့်ပြီး မျက်ရည်တွေကျနေတယ်၊ စောနဲ့ တူတဲ့ ချိုကို မောင်လည်း သနားတဲ့စိတ်နဲ့ ပြန်ကြည့်မိပါတယ်…"

"အဲဒီတုန်းမှာပဲ ချိုဟာ မောင့်ရင်ခွင်ထဲ ဝင်လာပြီး ငိုတယ်၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတော့ မောင့်စိတ်တွေလည်း ဘယ်လိုဖြစ်သွားတယ်ဆိုတာ အဲဒီချိန်က မောင်လည်း ဘာမှမသိတော့ဘူး…”

“အခုထိ မောင် အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုမှ ပြန်မပြော တတ်ဘူး ဖြစ်နေတယ်…”

“မောင် ချိုကို မချစ်တာ အမှန်ပါ၊ မောင် ချစ်တာ စောကိုပဲ ယုံပါကွယ်…”

“မောင်လေ ချိုနဲ့ကိစ္စကို စောကို ပြောပြချင်ပေမယ့်၊ မောင် ပြောမထွက်ခဲ့လို့၊ ပြောမတတ်ခဲ့လို့ မောင် ဘာမှ စောကို ဖွင့်မပြော ဖြစ်ခဲ့တာပါ…”

“ဖုံးကွယ်ချင်စိတ်နဲ့ ဖုံးကွယ်ထားတာတော့ မဟုတ်ပါဘူး စောရယ်…”

“ချိုမှာ အခုလို ကလေးရသွားတယ် ဆိုတာလည်း မောင် အခုမှ သိတာပါ…”

“ချိုကို မောင် မချစ်ဘူး စောရယ်၊ သူချစ်သူဆုံးလို့ သူ့ကို သနားတော့ သနားမိတယ်၊ ကိုယ်ချင်းစာမိတာတော့ အမှန်ပါပဲ…”

“ချိုနဲ့မောင့်အဖြစ်ကို မောင့်အနေနဲ့ ဘယ်လိုမှ ခံစားမှုမရှိခဲ့ဘူး…”

“စောရယ် မောင် ပြောတာကို ယုံပါကွယ်၊ ချိုနဲ့ပတ်သက်ပြီး မောင် ဒီလောက်ပဲ ပြောတတ်ပါတော့တယ်…”

“ချိုကရော ဘာမှ ပြန်မပြောဘူးလား…”

ခင်ပွန်းသည် စကားအား ဘယ်လိုမှ လက်မခံနိုင်သော်လည်း





စော ပြန်မေးလိုက်သည်။

“ချိုကလည်း မောင့်ကို ဘာမှပြန်မပြောဘူး၊ ပြောရရင် ချိုဟာ နောက်နေ့ ကျောင်းက အနားယူပြီး မော်လမြိုင်ပြန်သွားတယ်လို့ပဲ မောင် သိလိုက်ရတယ်…”

“အဲဒီကတည်းက ချိုနဲ့ မောင်တို့ အဆက်ပြတ်သွားခဲ့တာ၊ အခုမှ…”

“ခုတော့ ကလေးတစ်ယောက်နဲ့ အကြောင်းက ပေါ်လာပြီ ပေါ့…”

“စောရယ်…ချိုလည်း ရှိတော့တာမှ မဟုတ်တာကွယ်…”

“မိဘမရှိတော့ ကလေးက မျက်နှာငယ်နေရှာမှာ သေချာပါတယ်…”

“ဟုတ်ပါတယ်၊ သားသမီးချင်း စော ကိုယ်ချင်းစာတတ်ပါတယ်လေ…”

စော ဆိုရင်း ငိုသည်။

“စော…”

စော လက်ကလေးကို ကိုင်မည်အပြုတွင် စောသည် ရှန်းဖယ်လိုက်သည်။

“စောရယ်…မောင် မှားပါတယ်၊ မောင် တောင်းပန်ပါတယ်…”

“ခုလိုဖြစ်မှုမျိုးကို စော လုပ်ပြီးရင် စောကော ပြန်တောင်းပန်လို့ ရနိုင်မလား…”



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေနှင့် စော မေးတော့ သူ စောကို ထိခိုက်စွာ ကြည့်နေလိုက်သည်။

"စော သိပ်ဝမ်းနည်းတယ်၊ စော သိပ်ဝမ်းနည်းတယ် သိလား၊ ပြီးတော့ စော သိပ်ရှက်တယ်၊ စော အထင်ကြီးခဲ့တာတွေဟာ အလကားပဲ…"

"အဟင့်··ဟင့်··ဟင့်…"

ဆိုရင်း ထိခိုက်စွာ စော ငိုချလိုက်သည်။

"စောရယ်၊ မောင်··မောင် ဘာမှ မပြောတတ်တော့ပါဘူး။ စောရဲ့ အပြစ်ဒဏ်ကိုပဲ မောင် ခံရပါတော့မယ်…"

"စောကို မောင် သိပ်ချစ်တယ်ဆိုတာတော့ စော ယုံပါ၊ ယုံပါ စောရယ်…"

ထိခိုက်လွန်းစွာ သူဆိုရင်း စော ပုခုံးလေးထက် သူ ကိုင်မည် အပြုတွင်…

စောသည် ခါးသီးစွာ ရှောင်ရှားပစ်လိုက်ပြီး…

"စောကို မထိပါနဲ့၊ စောကို ထိဖို့ ဘယ်တော့မှ မကြိုးစားပါနဲ့…"

"စော ခွင့်မလွှတ်နိုင်သရွေ့ စောကို ဘယ်တော့မှ လာမယ် ပါနဲ့၊ စော မကြိုက်ဘူး၊ စော ရင်နာတယ်၊ အဟင့်··ဟင့်…"

စကားအဆုံး၌ စောသည် လက်ထဲမှ အိပ်ဆေးလေးအား ကပျာကယာ ထသောက်လိုက်၏။

"စော··စောရယ်…"





ကြောင့်ကြလှသည်ပါ။

သမီးလေးကမူ ဘာမှ မသိရှာ။

ယခင်ကအတိုင်း မိဘနှစ်ပါးမှာ ချစ်ခင်ကြင်နာနေကြသည် ဟုသာ သမီးလေး ထင်သည်။

သမီးလေး ငါးနှစ်ပြည့်ပြီဖြစ်သော်လည်း စောက ကျောင်း မထားသေး…

ခြောက်နှစ်ပြည့်မှသာ ကျောင်းထားမည်ဟု ဆုံးဖြတ်ချက်နှင့် သမီးကို ကျောင်းမထားသော်လည်း မူကြိုကျောင်းကိုတော့ သမီးကို စော ပို့ထားသည်။

ခုဆို တစ်ပတ်ခန့် ရှိပြီ။

အိမ်ထောင်ရေးသည် သွေ့ခြောက်နေရချေ၏။

သူ အလုပ်မှ ပြန်လျှင် စော ကို မတွေ့ရ။

အလျှင်လိုလည်း စောက သူ့ကို အပြုံးလှလှတွေနှင့် မကြို ဆိုတော့။

သမီးကိုကျောင်းပို့သည်။ ကျောင်းကြိုသည်။ စော မိဘအိမ် ကိုသွားသည်။

တစ်ချိန်လုံး စော လမ်းမှာနေတော့သလို စော အိမ်ကို မခင် တော့။ မိုးချုပ်ခါနီးမှသာ သမီးနှင့်အတူ စော အိမ်ပြန်ရောက်လာသည်။

သူတို့ အိမ်တွင်းရေးလေး မညီမညွတ်ဖြစ်နေသည်ကို နှစ်ဖက် မိဘတော့ဖြင့် သိသေးဟန် မတူပါလေ။

စော ကလည်း လူကြီးတွေသိအောင် ပြောမည် မဟုတ်သ



www.burmeseclassic.com

www.burmeseclassic.com



လို သူကလည်း မပြော…

တစ်နေ့ တစ်နေ့ စောနှင့် မတွေ့ရ၍ စော၏ကြင်နာယုယမှုတွေကို မရတော့၍ သူ ဝမ်းနည်း၍မဆုံးအောင် ရှိနေရ၏။

စော၏ စိမ်းကားမှု၊ လျစ်လျူရှုမှုတွေအတွက် သူ ထိခိုက်လွန်းရတော့သည်။

"စောရယ်.. မောင် ဘယ်လိုပြောရတော့မလဲ၊ မသိတော့ပါဘူး…"

"စောကိုသာ မောင် အချစ်ဆုံး၊ စော ကိုသာ မောင်ချစ်တယ်…"

"မောင့်နှလုံးသား မောင့်ဘဝတစ်ခုလုံးကို ပိုင်စိုးသူဟာ စော တစ်ယောက်တည်းပါ…"

"စောရယ်..မောင့်ကို ခွင့်လွှတ်ပါ…"

ရင်ထဲမှာ ဆွေးလျှုန်းနုံး သူ ဆိုနေမိသည်။

ဝင်ငွေထွက်ငွေစာရင်းတွေ ရေးမှတ်နေရာမှ သူ့စိတ်တို့ နွမ်းဝေကာ လူမှာ မှိုင်းသွားရ၏။

မချိသော ခံစားမှုက သူ့မျက်ဝန်းအစုံတွင် အရည်ကြည်တို့ ဝေကာ နီရဲချင်လာသည်။

စားပွဲတွင် လက်ထောက်ကာ သူ မျက်နှာကို ငုံ့ထားမိသည်။

"ဟာ..ချို..ချို…"

"ချိုရယ်..ကျွန်တော် အဲဒါတွေ မသိခဲ့ပါလား…"





"ချိုကို ကျွန်တော် အဲဒါတွေ တောင်းပန်လို့ရမလား…"

"ကျွန်တော့်ကို ချိုကော ခွင့်လွှတ်နိုင်ခဲ့ရဲ့လား…"

"ချိုရယ်.. ချို ကျွန်တော့်ကို ဘာကြောင့် ဖွင့်မပြောခဲ့တာလဲဗျာ…"

"သား…"

"သားတဲ့…"

"ငါ့သား..ချိုနဲ့ငါနဲ့ရတဲ့ ငါ့သားတဲ့…"

"ကောင်းထက်…"

"အို..စောရယ်၊ မောင် ဘာလုပ်ရမလဲ၊ မောင် ဘယ်လို ပြောပြရမလဲ၊ မောင် ဘာဆက်လုပ်ရမလဲ အချစ်ရယ်…"

"စောရဲ့ စိမ်းကား လျစ်လျူရှုမှုကို မောင် မခံနိုင်ဘူး အချစ်ရယ်…"

"မောင် နေရတာ မောင့်ဘဝဟာ သွေ့ခြောက်လွန်းလှပါတယ်…"

"မောင်လေ..စောက မုန်းမှာ သိပ်စိုးတယ်၊ သိပ်ကြောက်တယ်…"

"ချိုရယ် ကျွန်တော်နဲ့ ခင်ဗျားရဲ့အဖြစ်ကို ကျွန်တော်ဘယ်လို ခံစားမှုနဲ့ ပြောရမလဲ မသိတော့ဘူး…"

"ဟင်း…"

ခြောက်ချား မွန်းကျပ်ရသော အတွေးများနှင့် စားပွဲထက်၌ သူ မျက်နှာကို အပ်ထားလိုက်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလီမွှော်…"

မည်မျှအထိ သူ စိတ်နှင့်ကိုယ် ကင်းကွာ သွားရသည်မသိ…

အခန်းထဲဝင်လာသော ခြေသံနှင့် ခေါ်သံကို ကြားမိလေမှ သူ့ ကိုယ်သူ သတိရမိသည်။

သူ ငိုများနေလေသလား…

ရုက်လန့်တကြား သူ မျက်နှာကို စမ်းမိသည်တွင် သူ့မျက်နှာထက် စွတ်စိုနေသည်ကို သူ စမ်းကိုင်မိ၏။

"ကိုလီမွှော်…"

သူ့စားပွဲအနီး ကိုအောင်မြင့် ရောက်လာပြီး ခေါ်သည်။

"ဗျာ…!"

သူ ထူးလိုက်သော်လည်း ခေါင်းကိုမူ မထောင်ဝံ့သေးပါ။

အိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ပြီး ဘာလိုလိုနှင့် သူ မျက်ရည်တွေကို သုတ်လိုက်ရသည်။

ပြီး နှာထင်နှင့် မျက်ခုံးရိုးတွေကို နှိပ်ဟန်ဖြင့် သူ ခေါင်းထောင်လာ၏။

"ကိုလီမွှော် ဘာဖြစ်လဲ၊ နေမကောင်းဘူးလား၊ မျက်နှာတွေလည်း နီနေတယ်…"

"ဩော်…အင်း၊ အေးဗျာ၊ ကျွန်တော် ခေါင်းသိပ်ကိုက်နေတယ်…"

"ဟုတ်လား၊ ဒါဖြင့် ကိုလီမွှော် အနားယူလိုက်ပါလား ဆေးကော သောက်ရဲ့လား…"





"ဟုတ်ကဲ့၊ ကျွန်တော် ဆေးသောက်ထားပါတယ်…"

"ဒါဖြင့် အိမ်ပြန်ပြီး အနားယူလိုက်ပါ ကိုလီမွှော် ကျွန်တော်က ကိုလီမွှော်ကို လာပြောပြတာ…"

"ဘာလဲ ကိုအောင်မြင့်…"

"တခြားမဟုတ်ပါဘူး၊ ဦးငွေလရောင်သား ကိုရဲထက်လှိုင် မနေ့က ပြန်ရောက်လာပြီလေ…"

"ဩော်…ဟုတ်လား…"

"လူကဗျာ၊ တကယ့်လူချော၊ နိုင်ငံခြားမှာ ကြီးလို့လားမသိဘူး၊ တကယ့်ကို နိုင်ငံခြားသားကြီး အတိုင်းပဲ…"

"ကိုလီမွှော်လိုပဲ အရပ်ကလည်း မြင့်တယ်၊ တော်တော်ချောတဲ့ လူပဲ၊ အင်း…မြန်မာပြည် ပြန်ရောက်လာတော့ အမျိုးသမီးတွေ ဝိုင်းဝိုင်းလည်တော့မှာ သေချာတယ်ဗျာ…"

"ဒါပေမယ့် ဒီလူ့ကြည့်ရတာကတော့ တော်တော်တည်ငြိမ်မှု ရှိတယ်…"

"သူ့ အသက်အရွယ်ကတော့ ကျွန်တော်တို့တွေလောက်ပါပဲ…"

"သူ့အဖေကတော့ သိပ်ဝမ်းသာနေတယ်လေ၊ ဦးငွေလရောင်ကတော့ သားတစ်ယောက်ဆိုတစ်ယောက် မွေးထားရကျိုးနပ်ပါတယ်ဗျာ…"

"ဒါပေါ့ဗျာ၊ မိဘတွေအတွက် အကောင်းဆုံး စိတ်ချမ်းသာမှုက သားသမီး ကောင်းစားဖို့နဲ့ လိမ္မာရေးခြား ရှိဖို့ပါပဲ…"



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်မြင့်ပြောသော စကားများအား စိတ်မဝင်စားလှသော်လည်း အလိုက်သင့် သူ ပြန်ဆိုမိရပါ၏။

"ကိုလိမ္မော် ခင်ဗျားကြည့်ရတာ တော်တော် ဖြစ်နေပုံရတယ် အိမ်ပြန်ပြီး အနားယူလိုက်ပါလေ..."

"ရပါတယ်ဗျာ၊ ဒီမှာပဲ နားနားနေနေ လုပ်သွားပါ့မယ်..."

"မဟုတ်တာဗျာ၊ အိမ်မှာပြန်ပြီး ဆရာမရဲ့ အပြုအစုကို ခံလိုက်ရင် ချက်ချင်း ပျောက်သွားမှာပါ..."

စေတနာနှင့်ရယ်စရာ ပြောလိုက်သော်လည်း ကိုအောင်မြင့်စကားက သူ့ရင်အား ဆို့နစ်ကြေကွဲသွားစေရပါ၏။

သူတို့ စကားပြောနေဆဲ ခြေသံတွေ ကြားလိုက်ရ၍ အခန်းဝဆီသို့ ပြိုင်တူလှမ်းကြည့်လိုက်ကြသည်တွင်...

"ဩော်..ဦး..."

ဦးငွေလရောင်နှင့် လူရွယ်ချောကြီး တစ်ဦးဝင်လာသည်ကို သူတို့ နှစ်ဦးစလုံး တွေ့လိုက်ရသည်တွင် ပြိုင်တူ နှုတ်ဆက်လိုက်ကြသည်။

"အဲတော်ပဲ၊ မောင်လိမ္မော် ရှိနေတယ်၊ ဦးက မောင်လိမ္မော်များ အလုပ်သွားနေလားလို့..."

"ဟုတ်ကဲ့ ဦး၊ ကျွန်တော် စာရင်းပြတ်ရင် သွားမလို့ပါပဲ..."

"အေး အေး၊ ဦးက ဒီမှာ ဦးသား ပြန်ရောက်လာလို့ မောင် လိမ္မော်နဲ့ လာမိတ်ဆက်ပေးတာ..."



"ဟုတ်ကဲ့ ဦး၊ ကျွန်တော့်ကို ခုပဲ ကိုအောင်မြင့်က လာပြောပြနေပါတယ်..."

ကိုလိမ္မော်က ဆိုသည်တွင် ရုပ်ရည် ချောမွေ့သလောက် ရည်မွန်မှုရှိသော ကိုရဲထက်လှိုင်သည် သူ့ကို ပြုံးပြနှုတ်ဆက်သည်။

"သား..."

"ဗျာ၊ ဒယ်ဒီ..."

"ဒါ ဒယ်ဒီ အားကိုးရတဲ့ ကိုလိမ္မော်နဲ့ မောင်အောင်မြင်တဲ့..."

"ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော်က ရဲထက်လှိုင်ပါ၊ ကျွန်တော်လည်း ကိုလိမ္မော်နဲ့ ကိုအောင်မြင့်တို့ကို တွေ့ရတာ ဝမ်းသာပါတယ်၊ အားလည်း ရှိပါတယ် ခင်ဗျာ..."

"ဟုတ်ကဲ့ ကျွန်တော်တို့ကလည်း ကိုရဲထက်လှိုင်ပြန်ရောက်လာပြီဆိုတော့ တစ်အားဖြစ်ရပါတယ်..."

ကိုရဲထက်လှိုင် လက်ဆွဲ နှုတ်ဆက်လာ၍ ကိုလိမ္မော်ရော ကိုအောင်မြင့်ပါ နှုတ်ဆက်လိုက်ရသည်။

ကိုရဲထက်လှိုင်ကလည်း ကိုလိမ္မော်၏ ယောကျ်ားပီသစွာ ချောမောသော အသွင်ကို ကြည့်ပြီး...

ကိုလိမ္မော် မျက်နှာချောချောထက်မှ ရိုးသားမှု၊ တည်ငြိမ်မှု၊ သစ္စာရှိမှု၊ လေးနက်မှုတွေကို ပညာတတ်တစ်ဦးပီသစွာ ဖတ်ဖြစ်လိုက်မိ၏။

"ဩော်..ဦး..."

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်မြင့် ခေါ်သဖြင့်…

"ဘာလဲ မောင်အောင်မြင့်…"

"ကိုလိမ္မော်က အခုနေမကောင်းဖြစ်နေတယ်၊ အဲဒါ ကျွန်တော်က အနားယူခိုင်းနေတာ ပေတေပြီး နေနေတယ်လေ…"

"ဟုတ်လား၊ အင်း…ဒါကြောင့် မောင်လိမ္မော် မျက်နှာမကောင်းလှဘူးလို့တော့ ထင်သား…"

"နေမကောင်းရင် အနားယူလိုက်ပါ ကိုလိမ္မော်၊ ကျွန်းမာရေးက အဓိကပါဗျာ၊ ကိုလိမ္မော်အိမ်ပြန်ပြီး အနားယူလိုက်ပါ…"

ကိုရဲထက်လှိုင်က ဝင်ရောက်ဆိုသည်။

"ဟုတ်တယ် ကိုလိမ္မော် အိမ်ပြန်လိုက်ပါကွယ်၊ သားနဲ့ မောင်အောင်မြင့် ရှိနေပြီပဲ၊ သက်သက်သာသာပဲ လုပ်ပါကွယ်…"

"ဟုတ်ကဲ့ ဦး၊ ကျွန်တော်ပြန်ပါ့မယ်၊ ကျွန်တော်ကို ပြန်ခွင့်ပြုပါဦး ကိုရဲထက်လှိုင်…"

"ဟုတ်ကဲ့ ကိုလိမ္မော်…"

"ကိုအောင်မြင့်၊ ကျွန်တော်ပြန်မယ်နော်…"

"ကောင်းပြီ…"

အားလုံးကို နှုတ်ဆက်ပြီး ကိုလိမ္မော်သည် အိမ်သို့ ပြန်လာခဲ့လေ၏။ အိမ်ရောက်သည်တွင် ထုံးစံအတိုင်း စောကား မရှိလေပါ။

ချစ်ဇနီးစောကို သူ တမ်းတမိသည်။ စော၏ ရှောင်ဖယ်မှု သွေဖြည်စိမ်းကားမှုတွေအတွက် သူ လွန်စွာမှ ထိခိုက်ကြေကွဲမဆုံး ရှိနေရပါ၏။



စော၏ စာရေးစားပွဲတွင် သူ ထိုင်နေမိသည်။ စာ ရေးလက်စ စာမူက ရှိမနေ။ သူ သဘောပေါက်လိုက်သည်။

တစ်နေရာရာ၌ စောသည် စာရေးချင်လည်း ရေးနေမည်။ ဒါမှမဟုတ် စိတ်ချမ်းသာသလို စော နေချင်လည်း နေနေမည်။

အိမ်ကို ခင်တွယ်တတ်လွန်းသော စော တစ်ယောက်ခုတော့ အိမ်ပစ် ယာပစ် သွားလေပြီ၊ အိမ်ထောင်ရေးသာယာမှုကင်းမဲ့နေ၍ စောကော စာရေးလို့ ရပါဦးမလား…

သူ့အပြစ်တွေကြောင့် စောလည်း စိတ်နှလုံးထိခိုက်ကြေကွဲနေရသည်။ သူလည်း ထိခိုက်ကြေကွဲနေရသည်။

သူ စောကို မျှော်လင့်နေမိသည်။ မိုးချုပ်မှ စောနှင့်သမီးတို့ ရောက်လာကြမည်ကို သူ သိလျှက်နှင့် မျှော်နေမိသည်။

အိမ်တစ်ဆောင်လုံးတွင် ခြောက်သွေ့ ထိခိုက်စွာဖြင့် သူ တစ်ယောက်တည်း ရှိနေရလေ၏။

တစ်နေကုန်သူသည် တစ်ကိုယ်တည်းရှိနေခဲ့သမျှ…

မိုးချုပ်ကာနီးမှ စောနှင့်သမီးသည် ပြန်ရောက်လာကြ၏။

စောသည် သူနှင့် မျက်နှာချင်းမဆိုင်၊ လွှဲဖယ်၍နေသည်။

စောသည် အိပ်ဆေးသောက်ပြီး တစ်ဖက်သို့ လှည့်ကာ စောစော အိပ်ရာဝင်သွားလေပြီ မဟုတ်ပါလား။ ။

www.burmeseclassic.com

www.burmeseclassic.com



- တစ်ဆယ့်လေး -

ထိခိုက်မှုနှင့် သွေးခြောက်မှုတွေ ဖိစီးဖန်များလာတော့ သူ မနေနိုင်ပါတော့…

စောကို အရဲစွန့်ပြီး ဖြေရှင်းပြောဆို တောင်းပန်ရန် သူ ဆုံးဖြတ်လိုက်သည်။

အလုပ်မှ ပြန်ရောက်ကတည်းက စောကို သူ စောင့်သည်။

စော ပြန်ရောက်လာတော့ ညခြောက်နာရီခွဲနေပြီ ဖြစ်သည်။

စောကို စကားဆိုတောင်းပန်ရန် စောင့်သော်လည်း သမီးလေးက ရှိနေတော့ အခွင့်ကမသာသေး၍ သူ မပြောသာ ဖြစ်နေရသေး၏။

သမီးလေးရှေ့ ပြောဆိုမိလို့ စောက ခါးသီးစွာ ငြင်းဆိုရင် မိဘနှစ်ပါး၏ မပြေလည်မှုကို သမီးလေးသိသွားမည်ကို သူစိုးရိမ်၍ သမီးလေးအိပ်ချိန်ကို သူ စောင့်နေရ၏။



သမီးလေး အိပ်ပျော်သွားသည်နှင့် စောသည် မနက်အတွက် လုပ်စရာရှိသည့် အလုပ်များကို အသင့် စီစဉ်ထားလိုက်သည်။

ထို့နောက် အိပ်ရာဝင်ရန် စော အခန်းထဲသို့ ဝင်ရောက်လာ၏။

ကိုလိမ္မော်မှာ ချစ်ဇနီးလုပ်သမျှ အလုပ်များကို ဝိုင်းကူလုပ်ပေးသော်လည်း စောက စကားတစ်ခွန်းမျှမဆို…

အကြည့်ကိုပင် လွှဲဖယ်ထား၏။

စော အခန်းထဲဝင်တော့ ကိုလိမ္မော်သည်လည်း လိုက်၍ ဝင်သည်။

စောသည် အမြန်ဆုံးအိပ်ပျော်ရန် အိပ်ဆေးသောက်မည် အပြု…

"စော…"

အိပ်ဆေးသောက်မအိပ်ရန် သူ စောကို တားလိုက်သည်။ စောသည် စကားမဆိုဘဲ သူ့ကို ကြည့်သည်။

စော အကြည့်သည် သူ့အတွက် သူစိမ်းဆန်လွန်းနေရလေ၍ သူ လွန်စွာထိခိုက်သွား၏။

"စောရယ်…စောကို မောင် စကားနည်းနည်း ပြောပါရစေ…"

"စောရဲ့ ခုလို စိမ်းကားတဲ့ဒဏ်ကို မောင် မခံနိုင်တော့ဘူး…"

"ဒီလောက်လေးတောင် မောင် သိပ်ခံစားနေရရင် စောသာ

www.burmeseclassic.com



မောင့်ကို စွန့်ပစ်သွားမယ်ဆိုရင် မောင် ရှူးရင်ရှူး၊ မရှူးရင် မောင် သေမှာပါ…”

“မောင် စောကို စကားပြောပါရစေနော်၊ မောင် ပြောမယ့် စကားတွေကို စော နားထောင်ပါဦးကွယ်…”

“ဒီအိပ်ဆေးတွေကိုလည်း မသောက်ပါနဲ့ အချစ်ရယ်၊ အချစ်မှာ ကိုယ်ဝန်နဲ့ဆိုတော့ သောက်လွန်းရင် မကောင်းပါဘူး…”

သူက ဆိုသော်လည်း စောက သူ့ကို စကားတစ်ခွန်းမှ ပြန် မဆိုပါလေ။

“စောက မအိပ်ချင်သေးပါဘူးကွယ်၊ မောင် စကားပြောပါ ရစေနော်…”

စောလက်ကလေးကို ဆွဲပြီး အိပ်ရာထက်၌ အတူထိုင်ကာ သူ့ ဆိုတော့…

စောသည် ခွန်းတုံ့မဆိုသော်လည်း သူ့ စကားများကို နားထောင်ရန် သဘောတူဟန်နှင့် အတူထိုင်မိကြ၏။

အိပ်ရာထက် ခြေတွဲလောင်းချပြီး အတူထိုင်မိကြသည်တွင် သူ ကိုင်ထားသော လက်ကို စော အသာရုန်းယူလိုက်သည်။

စောသည် သူ၏အထိအတွေ့များကို ရွံရှာနေဟန်ပါ။

သူသည် စော၏ မျက်လုံးစိမ်းတွေနှင့် လှပသော မျက်နှာလေး ကို ကြေကွဲစွာ ကြည့်မိရင်းက…

“စောကို မောင် ချိုဆိုတဲ့ အမျိုးသမီးနဲ့ ပတ်သက်ပြီး ပြောပြပါ့မယ်…”



“ချိုဟာ မောင့်သူငယ်ချင်း ကိုသူရရဲ့ချစ်သူပါ…”

“ကိုသူရနဲ့ပတ်သက်ပြီး ချိုနဲ့မောင်က ပြောဆိုခင်မင်မှုတော့ ရှိပါတယ်…”

“ပြီးတော့ ချိုဟာ စောနဲ့လည်း ရုပ်ချင်းနည်းနည်း ဆင်တယ်၊ တစ်ခါတစ်ခါ ချို့ကို မောင် ရဲရဲတောင် မကြည့်ဝံ့ပါဘူး၊ ဘာဖြစ် လို့လဲဆိုတော့ စောနဲ့ချိုဟာ တူနေလို့ပါ…”

“မောင်တို့ နောက်ဆုံးနှစ် တက်နေတဲ့အချိန်မှာ ချို့ရဲ့ ချစ်သူ ကိုသူရဟာ စစ်ကိုင်းကအပြန် ကားမှောက်လို့ ဆုံးသွားရှာတယ်…”

“ကိုသူရ အသုဘ ချပြီးတဲ့ညမှာ ချိုက မောင့်ကို ဖုန်းဆက် ခေါ်လို့ မောင် ချို့အိမ်ကို ရောက်သွားတယ်…”

“ချို နေတဲ့အိမ်က ချို့ရဲ့ အစ်မအိမ်၊ မောင်ရောက်သွားတဲ့ အချိန်မှာ ချို တစ်ယောက်ပဲ ရှိတယ်…”

“ချို့ရဲ့အစ်မ မိသားစုက ခရီးသွားနေလို့ အိမ်မှာ မရှိကြဘူး၊ အဲဒီညမှာ သူ့ချစ်သူဆုံးသွားတဲ့ ချိုဟာ စိတ်ထိခိုက်ပြီး ငိုတယ်…”

“မောင်လည်း ရိုးရိုးသားသားပဲ ချို့ကို အားပေးနှစ်သိမ့်ပါ တယ်၊ မောင်ကော ချို့ပါ ရိုးသားပါတယ် စောရယ်…”

“ညရှစ်နာရီ ထိုးခါနီးတော့ မသင့်တော်တော့တာနဲ့ မောင် လည်း ပြန်မယ်လို့ ချို့ကို နှုတ်ဆက်တဲ့အခါမှာ…”

“ချိုဟာ မောင့်ကိုကြည့်ပြီး မျက်ရည်တွေကျနေတယ်၊ စောနဲ့ တူတဲ့ ချို့ကို မောင်လည်း သနားတဲ့စိတ်နဲ့ ပြန်ကြည့်မိပါတယ်…”

“အဲဒီတုန်းမှာပဲ ချိုဟာ မောင့်ရင်ခွင်ထဲ ဝင်လာပြီး ငိုတယ်၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတော့ မောင့်စိတ်တွေလည်း ဘယ်လိုဖြစ်သွားတယ်ဆိုတာ အဲဒီချိန်က မောင်လည်း ဘာမှမသိတော့ဘူး…"

"အခုထိ မောင် အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုမှ ပြန်မပြော တတ်ဘူး ဖြစ်နေတယ်…"

"မောင် ချိုကို မချစ်တာ အမှန်ပါ၊ မောင်ချစ်တာ စောကိုပဲ ယုံပါကွယ်…"

"မောင်လေ ချိုနဲ့ကိစ္စကို စောကို ပြောပြချင်ပေမယ့်၊ မောင် ပြောမထွက်ခဲ့လို့၊ ပြောမတတ်ခဲ့လို့ မောင် ဘာမှ စောကို ဖွင့်မပြော ဖြစ်ခဲ့တာပါ…"

"ဖုံးကွယ်ချင်စိတ်နဲ့ ဖုံးကွယ်ထားတာတော့ မဟုတ်ပါဘူး စောရယ်…"

"ချိုမှာ အခုလို ကလေးရသွားတယ် ဆိုတာလည်း မောင် အခုမှ သိတာပါ…"

"ချိုကို မောင် မချစ်ဘူး စောရယ်၊ သူချစ်သူဆုံးလို့ သူ့ကို သနားတော့ သနားမိတယ်၊ ကိုယ်ချင်းစာမိတာတော့ အမှန်ပါပဲ…"

"ချိုနဲ့မောင့်အဖြစ်ကို မောင့်အနေနဲ့ ဘယ်လိုမှ ခံစားမှုမရှိ ခဲ့ဘူး…"

"စောရယ် မောင် ပြောတာကို ယုံပါကွယ်၊ ချိုနဲ့ပတ်သက်ပြီး မောင် ဒီလောက်ပဲ ပြောတတ်ပါတော့တယ်…"

"ချိုကော ဘာမှ ပြန်မပြောဘူးလား…"

ခင်ပွန်းသည် စကားအား ဘယ်လိုမှ လက်မခံနိုင်သော်လည်း





စော ပြန်မေးလိုက်သည်။

"ချိုကလည်း မောင့်ကို ဘာမှပြန်မပြောဘူး၊ ပြောရရင် ချိုဟာ နောက်နေ့ ကျောင်းက အနားယူပြီး မော်လမြိုင်ပြန်သွားတယ်လို့ပဲ မောင် သိလိုက်ရတယ်…"

"အဲဒီကတည်းက ချိုနဲ့ မောင်တို့ အဆက်ပြတ်သွားခဲ့တာ၊ အခုမှ…"

"ခုတော့ ကလေးတစ်ယောက်နဲ့ အကြောင်းက ပေါ်လာပြီ ပေါ့…"

"စောရယ်…ချိုလည်း ရှိတော့တာမှ မဟုတ်တာကွယ်…"

"မိဘမရှိတော့ ကလေးက မျက်နှာငယ်နေရှာမှာ သေချာ ပါတယ်…"

"ဟုတ်ပါတယ်၊ သားသမီးချင်း စော ကိုယ်ချင်းစာတတ်ပါ တယ်လေ…"

စော ဆိုရင်း ငိုသည်။

"စော…"

စော လက်ကလေးကို ကိုင်မည်အပြုတွင် စောသည် ရုန်းဖယ် လိုက်သည်။

"စောရယ်…မောင် မှားပါတယ်၊ မောင် တောင်းပန်ပါ တယ်…"

"ခုလိုဖြစ်မှုမျိုးကို စော လုပ်ပြီးရင် စောကော ပြန်တောင်း ပန်လို့ ရနိုင်မလား…"



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေနှင့် စော မေးတော့ သူ စောကို ထိခိုက်စွာ ကြည့်နေလိုက်သည်။

"စော သိပ်ဝမ်းနည်းတယ်၊ စော သိပ်ဝမ်းနည်းတယ် သိလား၊ ပြီးတော့ စော သိပ်ရှက်တယ်၊ စော အထင်ကြီးခဲ့တာတွေဟာ အလကားပဲ…"

"အဟင့်..ဟင့်..ဟင့်…"

ဆိုရင်း ထိခိုက်စွာ စော ငိုချလိုက်သည်။

"စောရယ်၊ မောင်..မောင် ဘာမှ မပြောတတ်တော့ပါဘူး စောရဲ့ အပြစ်ဒဏ်ကိုပဲ မောင် ခံရပါတော့မယ်…"

"စောကို မောင် သိပ်ချစ်တယ်ဆိုတာတော့ စော ယုံပါ ယုံပါ စောရယ်…"

ထိခိုက်လွန်းစွာ သူဆိုရင်း စော ပုခုံးလေးထက် သူ ကိုင်မည် အပြုတွင်…

စောသည် ခါးသီးစွာ ရှောင်ရှားပစ်လိုက်ပြီး…

"စောကို မထိပါနဲ့၊ စောကို ထိဖို့ ဘယ်တော့မှ မကြိုးစား ပါနဲ့…"

"စော ခွင့်မလွှတ်နိုင်သရွေ့ စောကို ဘယ်တော့မှ လာခေါ် ပါနဲ့၊ စော မကြိုက်ဘူး၊ စော ရင်နာတယ်၊ အဟင့်..ဟင့်…"

စကားအဆုံး၌ စောသည် လက်ထဲမှ အိပ်ဆေးလေးအား ကပျာကယာ ထသောက်လိုက်၏။

"စော..စောရယ်…"





စောကို ကြည့်ကာ ကိုလီမွှော်သည် မျက်ရည်များ ဝဲကာ ထိခိုက်သွားရသည်။

"စောနဲ့လာမအိပ်ပါနဲ့၊ ကျေးဇူးပြုပြီး စော တစ်ယောက်ပဲ အေးအေးဆေးဆေး အိပ်ပါရစေ…"

"စော စိတ်ညစ်နေတယ်၊ စော သိပ်စိတ်ဆင်းရဲနေတယ် ဆိုတာကို သိပါ…"

စောင်တစ်ထည်နှင့် ခေါင်းအုံးတစ်လုံးကို အိပ်ရာပေါ်မှ ယူပြီး သူ့ထံသို့ စော ပစ်ပေးလိုက်သည်။

ထို့နောက် စောကား အိပ်ရာထက်၌ ငိုရှိုက်ရင်း အိပ်လိုက် ပါတော့၏။

ကိုလီမွှော်သည် ချစ်ဇနီးနှင့် ခွဲမအိပ်ဖူး၍ အိပ်၍မတတ် ဖြစ်နေရရှာပါ၏။

ဧည့်ခန်း ဆိုဖာထက်တွင် အိပ်မပျော်နိုင်ဘဲ သူ ရှိနေရ လေသည်။ သူ့အတွေးထဲမှာတော့…

ချိုကို သူမချစ်ခဲ့သော်လည်း ချိုနှင့် ပတ်သက်၍ ကောင်းထက် သည် သူ့သားဖြစ်နေရပြီဟူသော အသိက သူ့ရင်ဝယ် စွဲငြိစေပါ၏။

ချစ်ဇနီး စောနှင့် သား ကောင်းထက် အကြောင်းသည် သူ့ရင်၌ ညီမျှသော မီးတောက်တွေနှယ် ရှိနေရပါသတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



- တစ်ဆယ့်ငါး -

သမီးလေး ရတနာကို မူကြိုကျောင်းသို့ပေးခဲ့ပြီး ကားလေးကို မှန်မှန်မောင်းရင်း စော ပြန်လာခဲ့သည်။

ပြန်လာခဲ့သည်ဆိုပေမယ့် အိမ်သို့ ပြန်ရန်တော့ စောတွင် စိတ်ကူး မရှိပါလေ…

အိမ်ကို ခင်တွယ်သော စော၊ ခုတော့ စော အိမ်မှာ မနေချင်ပါ။

အထူးသဖြင့် စော မောင့်ကို တွေ့ရ၊ မြင်ရ၊ ကြည့်ရဖို့ ဝန်လေးလှသည်။

မောင့်ကိုမြင်လျှင် စောကိုယ်စော ဝမ်းနည်းမိသည်။ စောကိုယ် စော ရှက်မိသည်။

မောင့်အပေါ်မကျေနပ်စိတ်နှင့် ယုံကြည်မှု ကင်းမဲ့သောစိတ်၊





…င်သေးမိသော စိတ်တွေက စော မာနကို ပံ့ပိုးထားသလိုရှိ၏။

သိစိတ်နှင့်စောသည် မောင့်အပေါ် မာနထားနေမိသော် …ည်း…

သိစိတ်နှင့်မသိစိတ်တို့ ရောလျက်ရှိသော စော စိတ်တစ်မျိုး …မှ မောင့်ကို ခွင့်လွှတ်နားလည်ခြင်း ရှိသလိုလိုရှိရယ်ပါ။

ချိုနှင့်ရခဲ့သော မောင့်သားလေး ကောင်းထက်ကို စော …သမီးချင်း စာနာမိသည်။

သို့သော်လည်း ထိုအကြောင်းကို တွေးမိတော့လည်း စော …ည် ဝမ်းနည်းသလို၊ သဝန်တိုသလို ဖြစ်ရပြန်ပါ၏။

ထို့ကြောင့်လည်း စော သည် အိမ်တွင် မနေချင်ပါ။

အထင်တကြီးနှင့် အချစ်ကြီး ချစ်ခဲ့မိသော မောင့် နောက်ကွယ် …အကြောင်းတွေကို သိရသည့်နေ့ကတည်းက…

စော မောင့်ကိုလည်း မမြင်ချင် မတွေ့ချင်၊ စကားလည်း …ပြောချင်…

အိမ်လည်း မပြန်ချင်…

ထို့အတွက် စောသည် နေ့ရှိသရွေ့ ကားတစ်စီးနှင့် အိမ်မှ …ထွက်နေမိသည်။

သမီးကို ကျောင်းပို့ကျောင်းကြိုချိန်ကလွဲပြီး စော သွားချင် … သွားသည်။

သွားချင်လာချင်စိတ်မရှိလျှင်လည်း မေမေတို့ အိမ်ကိုင် … သွားပြီး စော စာရေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အညီတောင်းရန် လုပ်နေဆဲ…

ကားလေးတစ်စီးမှာ စောဆီသို့ ဦးတည်မောင်းနှင်လာ စေ ကားလေးနောက်တွင် ညင်သာစွာ ထိုးရပ်သွား၏။

ကားရပ်သွားသည်နှင့် ကားပေါ်မှ လူရွယ်နှစ်ယော ဆင်းလာသည်။

တစ်ယောက်က စောကို သိနေဟန်၊ ရင်းနှီးဟန်ဖြင့် ကြည် ကားအနီးလျှောက်လာသလို…

တစ်ယောက်က စောကို စူးရှထက်မြက်သော မျက်ဝန်း တွေနှင့် ကြည့်ကာ လျှောက်လာ၏။

စောသည်လည်း သူတို့နှစ်ယောက်ကို တည်ငြိမ်စွာ စောင့်ကြ နေမိဆဲ…

စောကို သိနေဟန်ရှိသော လူရွယ်က…

"ဆရာမ ကားဘီးပေါက်သွားတာလား…"

"ဟုတ်ကဲ့…"

ထိုသူ မေးတော့ စော ဟုတ်ကဲ့လိုက်ရသည်။

"ဆရာမ ကျွန်တော့်ကို မသိဘူးထင်တယ်…"

"အဟင်း…ဟို၊ စော…"

"ကျွန်တော် ကိုအောင်မြင့်ပါ၊ ကိုလီမွှော်နဲ့အတူ လု ကိုလီမွှော်ရဲ့ သူငယ်ချင်းလေ…"

"သြော်…ဟုတ်ကဲ့ရှင်၊ စောလည်း ကောင်းကောင်း မမှ ဘူးဖြစ်သွားတယ်…"





"ဒါပေါ့လေ ကျွန်တော်တို့က တွေ့မြင်နေကျမှ မရှိတာ၊ ဆရာမအနေနဲ့ ဘယ်မှတ်မိပါ့မလဲ…"

"သြော်…ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါက ကိုရဲထက်လှိုင် တဲ့၊ ကျွန်တော်တို့ အလုပ်ပိုင်ရှင် ဦးငွေလရောင်ရဲ့ သားပါ…"

"ကိုရဲထက်လှိုင်က နိုင်ငံခြားက ပြန်ရောက်လာတာ မကြာ သေးဘူးလေ…"

"ဟုတ်ကဲ့ရှင်၊ တွေ့ရတာ ဝမ်းသာပါတယ်…"

"ကိုရဲထက်လှိုင်၊ ဒါက စာရေးဆရာမ စောတဲ့၊ ကိုလီမွှော် ရဲ့ ဇနီးလေ…"

"သြော်…ဟုတ်ကဲ့ခင်ဗျာ၊ မမျှော်လင့်ဘဲ ဆရာမကို ခုလို တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ…"

"ဆရာမရဲ့ ဓာတ်ပုံမျက်နှာဖုံးနဲ့ ထုတ်ထားတဲ့ စာအုပ်တစ် အုပ်တောင်မှ ကျွန်တော့်ဆီမှာ ရှိနေပါသေးတယ်…"

"ကျွန်တော် ထိုင်ပေကိုသွားတုန်းက ထိုင်ပေစာအုပ်ဆိုင် တစ်ဆိုင်မှာ တွေ့လို့ စိတ်ဝင်စားပြီး ဝယ်ထားတာပါ…"

"ဆရာမရဲ့ အချစ်နဲ့ အိမ်ထောင်ရေး ဇာတ်လမ်းလေးတွေကို ကျွန်တော် သဘောကျမိတယ်…"

"ခုတော့ ဆရာမကို လူကိုယ်တိုင် ကျွန်တော်တွေ့ရတော့ ဝမ်းသာလို့ မဆုံးပါဘူးဗျာ…"

"အဟင်း…ဟုတ်ကဲ့၊ ခုလို စောကို အားပေးတာ ကျေးဇူး တင်ဝမ်းသာမိပါတယ် ရှင်…"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်··ကိုအောင်မြင့်ရေ၊ ဆရာမကို ကားဘီးလဲပေးလိုက်ရအောင်ပါဗျာ···"

ကိုအောင်မြင့်ကို ဆိုလိုက်သော်လည်း တကယ်တမ်း ကားဘီးကို ဖြုတ်၊ တပ် လုပ်ကိုင်ပေးလိုက်သည်က···

သဒ္ဓေးသား လူချောကြီး ကိုရဲထက်လှိုင်ရယ်ပါ။

စောမှာ အားနာနေမိရပါလေ၏။

ကျွမ်းကျင်စွာ လုပ်ကိုင်တတ်သူအဖို့ ကားဘီးလဲတပ်သည်က ဘာမှမကြာလိုက်ပါ။

"ကျေးဇူးတင်လိုက်တာရှင်···"

ကိုရဲထက်လှိုင်နှင့် ကိုအောင်မြင့်ကို ကျေးဇူးတင်စကား စောဆိုသည်။

"ကိစ္စမရှိပါဘူး ဆရာမရယ်၊ ဒါနဲ့ ဆရာမက အခု ဘယ်ကလာပြီး ဘယ်သွားမှာလဲဟင်···"

ကိုရဲထက်လှိုင် မေးသည်။

"စောက သမီးကို မူကြိုကျောင်း သွားပို့ပြီး၊ မေမေတို့အိမ်ကို သွားမလို့ပါ···"

"ဩော်··ဆရာမ သမီးလေးက မူကြိုမှာ နေနေတာလား···"

"ဟုတ်ပါတယ်၊ ကဲ··စော သွားလိုက်ပါဦးမယ်၊ စောကို ခွင့်ပြုပါဦးရှင်···"

"ဟုတ်ကဲ့ ဆရာမ···"





စော နှုတ်ဆက်သည်တွင် ကိုရဲထက်လှိုင်ရော ကိုအောင်မြင့်ပါ ဆိုသည်။

စော ကားလေး မောင်းထွက်သွားသည်တွင် ကိုရဲထက်လှိုင်သည် ငေးကြည့်နေမိ၏။

"ကိုရဲထက်လှိုင် သွားကြရအောင်···"

"ဩော်··ဟုတ်ကဲ့···"

ကိုအောင်မြင့် ခေါ်သံကြားမိလေမှ ကိုရဲထက်လှိုင်သည် ကားပေါ် ပြန်တက်ကာ အတွေးနှင့် တိတ်ဆိတ်နေ၏။

ကိုအောင်မြင့်မှာ ကားကို မနှေးမမြန်မောင်းနှင်နေဆဲ···

ကိုရဲထက်လှိုင်က···

"ကိုအောင်မြင့်···"

"ဘာလဲ ကိုရဲထက်လှိုင်···"

"ကိုလီမွှော်နဲ့ ဆရာမက ချစ်လို့ယူကြတာလား၊ မိဘတွေပေးစားတာလားဟင်···"

"သူတို့ချင်းလည်း ချစ်သူတွေပဲ၊ မိဘတွေလည်း သဘောတူတယ်လေ···"

"ဩော်··သူတို့သားသမီး ဘယ်နှစ်ယောက် ရပြီလဲဟင်···"

"သမီးလေး တစ်ယောက်တည်းပဲ ရှိသေးတာ···"

"ဩော်··ဆရာမက သိပ်လှတာပဲနော်၊ ကိုလီမွှော်ကလည်း တကယ့် လူချောပဲ···"

"ဟုတ်တယ်ဗျာ၊ သူတို့စုံတွဲက သိပ်လိုက်တာ···"



www.burmeseclassic.com

www.burmeseclassic.com



"အင်း..."

အင်းတစ်လုံးကို ဆွဲချရင်း ကိုရဲထက်လှိုင် စကားမဆိုပါတော့...

ကိုရဲထက်လှိုင်အား စာရေးဆရာမလေး စောကို မမျှော်လင့် မထင်မှတ်ဘဲ မြင်တွေ့လိုက်ရသည့်အချိန်မှစပြီး...

ကိုရဲထက်လှိုင်၏ ရင်ထဲမတောင့်တကောင်းသော တောင့်တမှု ဆန္ဒသည် မြင်းထန်စွာ ဖြစ်တည်နေတော့သည်တကား။ ။





## - တစ်ဆယ့်ခြောက် -

နေ့စဉ်လုပ်နေကျ အလုပ်တစ်ခုအဖြစ် စောသည် သမီးလေးကို ကျောင်းသို့ ပို့ခဲ့ပြီး မေမေတို့အိမ်သို့ပင် သွားရန် စိတ်ကူးနှင့် ကားကို မောင်းခဲ့လေသည်။

ထုံးစံအတိုင်း မောင့်အကြောင်းများအား စောသည် ဝမ်းနည်းခြင်း၊ မကျေနပ်ခြင်းများဖြင့် တွေးလာဆဲ...

လမ်းတစ်နေရာသို့ ရောက်သည်တွင် ကားတစ်စီးနှင့် လူတစ်ယောက်မှာ စော ကားကို တားနေလေ၏...

အနီးသို့ ပို့၍ရောက်လာလေမှ စော မှတ်မိလိုက်သည်။

ဟင်..ကိုရဲထက်လှိုင်ပဲ...

စိတ်ထဲအမည်ကိုပါ သတိရပြီး စောသည် အခက်တွေ့ စဉ်က ကိုရဲထက်လှိုင် ကူညီထားသည့်မှီ...

ယခု ကိုရဲထက်လှိုင် ကားတစ်စုံတစ်ခု ဖြစ်သည်အမှတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုရဲထက်လှိုင်ကား နောက်နားတွင် စော ကားလေးကို ရပ်ပေး ဖြစ်သွားရလေ၏။

"ဆရာမ ကျွန်တော့်ကို မှတ်မိတယ် မဟုတ်လား…"

စော ကြည့်နေဆဲ ကိုရဲထက်လှိုင်သည် စော အနီး လျှောက် လာရင်း ဆိုနေလေ၏…

"ဟုတ်ကဲ့၊ ကိုရဲထက်လှိုင် မဟုတ်လား…"

"ဟုတ်ပါတယ်၊ ဆရာမ ကျွန်တော့်ကို မှတ်မိနေတာ ကျွန်တော် ဝမ်းသာသွားတယ်…"

"ဟို…ကိုရဲထက်လှိုင် ကား ဘာဖြစ်လို့လဲဟင်…"

ကိုရဲထက်လှိုင် စကားကြောင့် စောမှာ အနေခက်သွားရသလို ရှိပြီး လိုရင်းကိုသာ မေးလိုက်လေ၏။

"ဘာမှ မဖြစ်ပါဘူး၊ ဆရာမ ဒီလမ်းများ လာဦးမလားဆို ပြီး ကျွန်တော်လာစောင့်နေတာ…"

"ရှင် ဘာကိစ္စရှိလို့လဲ၊ ကိုရဲထက်လှိုင်…"

"တခြားကိစ္စမဟုတ်ပါဘူးဗျာ၊ ကျွန်တော်က ဆရာမရဲ့ စာဖတ် ပရိတ်သတ်ပဲ မဟုတ်လား…"

"ဒီတော့ ကိုယ်နှစ်သက်တဲ့ ဆရာမနဲ့ ကျွန်တော် စကားပြော ချင်ပါတယ်၊ စာပေအကြောင်း ဆွေးနွေးတယ် ဆိုပါတော့ဗျာ…"

"ကျွန်တော်တို့ အေးအေးဆေးဆေး စကားပြောဖို့ တစ်နေ ရာကို သွားရအောင်လား…"

"ဘယ်ကိုသွားမှာလဲ ကိုရဲထက်လှိုင်…"





"စားသောက်ဆိုင်တစ်ခုခုနဲ့ ဒါမှမဟုတ်လည်း ဆရာမ သွားချင်တဲ့နေရာ တစ်ခုခုပေါ့လေ…"

"အင်း…ဟင်း…ဒါဖြင့်လည်း စော မေမေတို့ခြံက အေးဆေး ပါတယ်၊ စော မေမေတို့ခြံပဲ သွားကြတာပေါ့…"

"ဟုတ်ကဲ့…"

"စော ရှေ့က မောင်းသွားမယ်နော်…"

"ဟုတ်ကဲ့၊ ကျွန်တော် နောက်ကလိုက်ခဲ့ပါ့မယ်…"

စကားအဆုံး ကားပေါ်သို့ ပြန်တက်လိုက်ကြသည်။ ထို့နောက် နေရာမှ ကားလေးတွေကို မောင်းထွက်ခဲ့လိုက်ကြ၏။

မီးပွိုင့်တစ်ခုတွင် အရပ်၊ စောသည် နောက်ကြည့်မှန်ထဲမှ ကိုရဲထက်လှိုင်ကားဆီ ကြည့်မိသည်တွင်…

စော စိတ်ထဲတွင် ကိုရဲထက်လှိုင်၏ မျက်ဝန်းညိုကြီးတွေ အကြည့်ကြောင့် ကသိကအောက် ဖြစ်မိရပါလေ၏။

"ဟင်း…"

စိတ်ရှုတ်ထွေးစွာဖြင့် သက်မချကာ စောသည် ရှေ့မှ ကားလေးကို မောင်းနှင်ခဲ့ရာ မကြာမီတွင် မေမေတို့ခြံသို့ ရောက်လာ ခဲ့လေသည်။

မေမေတို့ခြံသို့ရောက်သည်တွင် မေမေနှင့်ထွေးထွေးက ဈေး သွားကြပြီ ဖြစ်သလို…

ထွေးထွေးကလည်း ဆေးခန်းသွားပြီ ဖြစ်၍ ခြံတွင်အိမ်ဖော် အလုပ်သမားတွေသာ ရှိကြတော့သည်မို့…



www.burmeseclassic.com

www.burmeseclassic.com



စောသည် ဆင်ဝင်အောက်၌ ကားလေးကို ထိုးရပ်လိုက်သည်တွင်…

နောက်မှ ကိုရဲထက်လှိုင်သည်လည်း ကားလေးကို ထိုးရပ်ကာ ကားပေါ်မှ ဆင်းလိုက်လေ၏။

"ခြံက ကျယ်တယ်နော်ဆရာမ၊ အေးလည်း အေးအေးတယ်…"

"ဟုတ်ကဲ့၊ ဒီခြံက စော မေမေ့ရဲ့ခြံပါ၊ ဒီမှာ မေမေနဲ့ စောညီမ နေတယ်လေ…"

"ဪ…ဆရာမနေတာကကောဟင်…"

"စောတို့ မိသားစုကတော့ အင်းယားမြိုင်လမ်းမှာ နေပါတယ်၊ စောက တစ်ခါတလေ မေမေတို့ခြံမှာလည်း စာလာရေးပါတယ်…"

"ဪ…ဟုတ်တာပေါ့ဗျာ၊ စာရေးလို့ သိပ်ကောင်းတဲ့ နေရာပဲလေ…"

ဆင်ဝင်အောက်မှ ခြံထောင့်တစ်နေရာမှ ပိန္နဲပင်ကြီးဆီ လျှောက်လာရင်း စကားပြောဖြစ်ခဲ့ကြသည်။

ကိုရဲထက်လှိုင်သည် ပိန္နဲပင်ကြီးအား ဝိုင်းပတ်ကာ သစ်သားကွပ်ပျစ်စင်လေး အခိုင်အခံ့ သေသပ်စွာ လုပ်ထားသည်ကို သဘောကျစွာ ကြည့်ပြီး…

"ဒီနေရာမှာ ဆရာမ စာရေးတာလား…"

"ဟုတ်တယ်၊ ဒီနေရာက အေးဆေးတယ်၊ သစ်ပင် ပန်းပင်





တွေ နဲ့ စိတ်ကူးလည်း ကောင်းတယ်လေ…"

"အဟွန်း…ဆရာမက စာပေသမားဆိုတော့ ပြောတတ်တယ်…"

ကွပ်ပျစ်စင်လေးတွေ ဝင်ထိုင်ရင်း စောကို ကြည့်ကာ ကိုရဲထက်လှိုင်ဆိုသည်။

စောသည် ကိုရဲထက်လှိုင်အကြည့်တွေနှင့် လွဲထားလိုက်ပြီး ပန်းပင်တွေဆီ ကြည့်နေလိုက်၏။

"ဆရာမ…"

တစ်ဖက်သို့လှည့်ကာ ငေးနေဟန်ရှိသော စောကို ကိုရဲထက်လှိုင်ခေါ်သည်။

"ရှင်…"

"ထိုင်လေ ဆရာမ၊ ကျွန်တော်တို့ စကားအေးအေးဆေးဆေး ပြောကြရအောင်လား…"

"ကိုရဲထက်လှိုင် ဘာပြောချင်လဲ ပြောလေ…"

"ဆရာမက ကျွန်တော်ထင်တာထက်ကို လှနေတယ် ဗျာ…"

"အို…ကိုရဲထက်လှိုင် ရှင် ဘာတွေပြောနေတာလဲ…"

"ကျွန်တော်က ဆရာမရဲ့ အလှကို ချီးမွမ်းတာပါ…"

"စောက အိမ်ထောင်ရှင်ပါ ကိုရဲထက်လှိုင်…"

"ကျွန်တော်က လူပျိုလူလွတ်ပါ ဆရာမ၊ ပြီးတော့ ကျွန်တော်ဟာ ဘယ်အမျိုးသမီးကိုမှလည်း ယနေ့တိုင် စိတ်ဝင်စားမှု



www.burmeseclassic.com

www.burmeseclassic.com



မရှိသေးတဲ့ လူမျိုးလူလွတ်တစ်ယောက်ပါ…"

"စောကို ကိုရဲထက်လှိုင်အကြောင်းတွေကို မသိချင်ဘူး၊ ကိုရဲ ထက်လှိုင်က စောနဲ့ စာပေအကြောင်းပဲ ဆွေးနွေးချင်တာဆို…"

"အဟွန်း…ဟုတ်ပါတယ်လေ၊ ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောချင်တယ်…"

"ဆရာမအနေနဲ့တော့ ကျွန်တော့်ကို အထင်သေးချင်လည်း သေးမယ်၊ အံ့သြချင်လည်း အံ့သြမယ်…"

"ဒါပေမယ့် ကျွန်တော်ကတော့ ဆရာမကို ပြောချင်တယ်၊ ဆရာမကို စိတ်ဝင်စားလို့ စာပေကို ကျွန်တော်စိတ်ဝင်စားတာပါ…"

"အို…"

ကိုရဲထက်လှိုင်စကားတွေကြောင့် အမှန်ပင် စောသည် တုန်လှုပ်အံ့သြသွားမိရပါ၏။

အနေလည်း ခက်သွားမိရပါ၏။

ကိုရဲထက်လှိုင်သည် ရင်ဖွင့်လိုက်ရလို့ စိတ်ပေါ့ပါးသွားဟန် ရှိသည်။

သူ့အသွင်သည် တည်ငြိမ်ရင့်ကျက်ပါ၏။ သို့သော် သူ့မျက်ဝန်းများကမူ စော အပေါ်၌ မြတ်နိုးမှုအား ဖုံးကွယ်၍ မရနိုင်ပါလေ…

စောသည်လည်း ကလေးအမေ၊ အိမ်ထောင်သည်ဖြစ်သည့်တိုင် ကိုရဲထက်လှိုင်၏ တည်ငြိမ်လေးနက်သော ရင်ဖွင့်စကားများအား ကြားရလေ၍…

ရှက်သွေးဖြာကာ အနေခက်၍ တစ်ကိုယ်လုံးမှာ ကတုန်





ကယင်လည်း ဖြစ်နေရပါလေ၏။

ကိုရဲထက်လှိုင်သည် စော၏ နုနယ်လှပသော အသွင်လေးအား လက်ပိုက်ကာ တည်ငြိမ်စွာ ကြည့်နေမိရင်းက…

"ဆရာမ ကျွန်တော့်စကားတွေကြောင့် အနှောင့်အယှက် ဖြစ် သွားမှာပဲနော်…"

"စဉ်းစားကြည့်ပေါ့ ကိုရဲထက်လှိုင်…"

"ဆရာမရယ်…ကျွန်တော့်ဘက်က ခံစားမှုကို စာရေးဆရာမ တစ်ယောက်ဖြစ်တဲ့ ဆရာမက ပိုနားလည်ပါလိမ့်မယ်…"

"ကျွန်တော် ဆရာမကို မြတ်နိုးတယ်၊ ဒါပေမယ့် ဆရာမနဲ့ ကျွန်တော်ဟာ မျှဉ်းပြောင့်နှစ်ကြောင်းဆိုတာ ကျွန်တော် နားလည် ပါတယ်…"

"တော်ပါတော့ ကိုရဲထက်လှိုင်ရယ်၊ စော ကိုရဲထက်လှိုင်ကို စကားတောင်မှ မပြောရဲတော့ပါဘူး…"

"တကယ်ဆို ကိုရဲထက်လှိုင်နဲ့ စောတို့သိကြတာက မနေ့က မှပါ…"

"ဘယ်ဟုတ်မလဲဗျာ၊ ဆရာမကို ကျွန်တော် သိနေတာ ကြာပါပြီ…"

"ဟောဒီမှာလေ…ဆရာမရဲ့ပုံ မျက်နှာဖုံးနဲ့ စာအုပ်လေး၊ ကျွန်တော်တိုင်ပေမြို့ကို အလည်ရောက်စဉ်က တန်ဖိုးကြီးကြီးပေးပြီး ဝယ်ထားရတာပါ…"

"အဲဒီကတည်းက ကျွန်တော် ဆရာမကို သိနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခွဲလမ်းနေတယ်...”

“ဆရာမနဲ့ ခုလိုတွေ့ရလိမ့်မယ်လို့လည်း ကျွန်တော် မမျှော်လင့်ပါဘူး၊ ခုတော့ ဆရာမနဲ့ ကျွန်တော် တွေ့ရတဲ့အခါမှာ ကျွန်တော် သိပ်ဝမ်းနည်းသွားရပါတယ်...”

“တော်ပါတော့ ကိုရဲထက်လှိုင်ရယ်..စော ဘာမှမပြောပါရစေနဲ့တော့..”

စောရှေ့ တယုတယ ထိုးပြလာသော စောမျက်နှာဖုံးနှင့် ဝတ္ထုစာအုပ်လေးကို ကြည့်ပြီး စော စိတ်ရှုပ်ထွေးစွာ ဆိုမိသည်။

စောတွင် အိမ်တွင်းရေး အနှောင့်အယှက်နှင့် ယခု ကိုရဲထက်လှိုင်ကြောင့် စိတ်အနှောင့်အယှက်က ဆင့်ပွားတိုးလာရသည် မဟုတ်ပါလား။

စောမှာ အမှန်ပင် ခံစားချက်များကြောင့် ရှူးချင်သလို၊ အော်ဟစ်ပြေးထွက်ကာ ငိုချင်သလိုလို စိတ်နှလုံးသည် ချူးကျုရပါ၏။

စိတ်၏ထွက်ပေါက်ကို စော မည်သို့ ရှာရမည်ကိုပင်မသိတော့ပါ။

စိတ် အနှောင့်အယှက် ခံစားမှုတွေကို စော တစ်ကိုယ်တည်း ကြိတ်မှိတ်ခံစားနေရသည်မှာလည်း ကြာပြီ မဟုတ်ပါလား။

စောသည် သေသပ်စွာ သိမ်းဆည်းထားပုံရသော ကိုရဲထက်လှိုင်လက်ထဲမှ မိမိ၏ ဝတ္ထုစာအုပ်လေးကို ယူလိုက်ပြီး...

“ကိုရဲထက်လှိုင်...”

“ဗျာ...”





“စောဟာ လွတ်လပ်သူ မဟုတ်လို့ စိတ်ကူးမယဉ်ပါနဲ့ရှင်၊ ဒီစာအုပ်ကို စော ပြန်ယူထားမယ်နော်...”

“အဟွန်း...”

ကိုရဲထက်လှိုင်သည် ခေါင်းယမ်းရင်းမှ ချောမွေ့စွာ ပြုံးသည်။ ပြီးတော့ စော လက်ထဲမှ စာအုပ်လေးကို ညင်သာစွာ ပြန်ယူလိုက်ပြီး...

“ကျွန်တော့်ရဲ့ ကိုယ်ကျင့်တရားကို ထိန်းသိမ်းမယ်၊ ဒါပေမယ့် နှလုံးသားကိုတော့ ကျွန်တော် ထိန်းချုပ်မထားနိုင်ဘူး...”

“ဒီစာအုပ်ဟာ ကျွန်တော့်ဘဝနဲ့ ထပ်တူရှိနေရမယ့် စာအုပ်ပါ...”

“ကျွန်တော် သွားမယ်နော်၊ စာပေစကားတွေကိုတော့ နောက်တစ်ခါမှ ပြောပါရစေတော့...”

စကားအဆုံး၌ ကိုရဲထက်လှိုင်သည် စော ရှေ့မှ ထွက်သွားလိုက်လေသည်။

စောကား သက်မဲ့အရုပ်ကလေး တစ်ရုပ်နှယ် ဆင်ဝင်အောက်မှ ကိုရဲထက်လှိုင် ကားလေး ပြန်လည်မောင်းထွက်သွားသည်ကို မှင်တက်ငေးငိုင်စွာ ကြည့်နေမိပါသတည်း။

“ဟင်း...”

နောက်ဆုံးသော် စောသည် သက်မမောလေးကို ချကာ ငြိမ်းနယ်စွာဖြင့် ပိန္နဲပင်ကြီးအား ကျောမှီကာ မျက်ဝန်းလေးအစုံကို မှိတ်ထားမိလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စော၏ မျက်ဝန်းတောင့်ဝယ် မျက်ရည်ကြည်လေးများ စို့ပြူလာကြ၏။

စော မျက်ရည်တွေ စီးကျလာသည်။

မောင်နှင့် ပတ်သက်၍ စော မျက်ရည်တို့ စီးဆင်းရသည့် အကြိမ်ပေါင်းလည်း မနည်းတော့ပြီလေ။ ။





- တစ်ဆယ့်ခုနစ် -

ညနေဘက် သမီးလေးကို မူကြိုကျောင်းမှ ကြိုခဲ့ပြီး ထုံးစံအတိုင်း စောသည် အိမ်သို့မပြန်သေးဘဲ ကားတစ်စီးနှင့် စိတ်ထင်ရာ မောင်းနှင်နေလိုက်၏။

နာရီကို ကြည့်မိတော့ ညနေလေးနာရီခွဲပြီ ဖြစ်သည်။

မောင်တစ်ယောက် အိမ်ကို ပြန်ရောက်နေလောက်ပြီဟုလည်း စော ထင်သည်။

သို့သော်လည်း စောကမူ အိမ်မပြန်ချင်သေး။ မောင်နှင့် စော အချိန်အကြာကြီး ရင်မဆိုင်ချင်ပါ။

မောင့်အပေါ်၌ စော တော့နုပ်ကြည်ဖြူသောစိတ် မထားနိုင်သရွေ့ စောတို့အိမ်ထောင်ရေးသည် ခြောက်သွေ့နေရတော့မည်ကို စော သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့တိုင် မောင်နှင့်ပတ်သက်၍ မောင့်အပေါ် နားလည်ရန်၊ သဘောထားကြီးရန်အတွက် စောစိတ်ကို စော လျှော့သော်လည်း မရပါလေ။

မောင့်ကို စော မကျေနပ်နိုင်၊ ခွင့်မလွှတ်နိုင်ပါ။

စောသည် မောင်နှင့်သာ ရင်မဆိုင်သော်လည်း စော ရင်ထဲ၌ မောင်နှင့်ပတ်သက်သော အကြောင်းအရာများသည် စက္ကန့်နှင့်အမျှ ရှိနေရသည် မဟုတ်ပါလား။

စော၏ ရင်အစုံသည် မွန်းကျပ်၍နေ၏။

တစ်ကိုယ်တည်း ကြိတ်မှိတ်ခံစားရလွန်းသော ဝေဒနာတွေကြောင့် တစ်ချိန်တစ်ချိန်၌ စော ပေါက်ကွဲချင်မိသည်။

စောဘက်၌ ပေါက်ကွဲသွားလျှင် နှစ်ဖက်မိဘများလည်း စိတ်ဆင်းရဲကြမည်။ စောတို့ အိမ်ထောင်ရေးလည်း ပြိုကွဲချင် ပြိုကွဲသွားနိုင်သည်။

ထိုအခါ စော သမီးလေးနှင့် စောဗိုက်ထဲမှ ရင်သွေးလေးတို့လည်း ရှေ့ရေးအလားအလာသည် အကောင်းဘက်မှ အင်အားလျော့ပါးသွားရမည့် အနေအထားကိုလည်း စောသည် ကြိုတင်တွက်ဆထားလိုက်မိပါ၏။

စဉ်းစားရင်းမှ စောသည် မျက်ရည်များ ဝဲ၍လာသည်။

ကျိတ်ခဲ တင်းကျပ်နေသော စောရင်ကို ပေါ့ပါးသွားရန် စော မည်သို့လုပ်ရမည်နည်း။

ထွေးထွေး...





စောသည် ညီမဖြစ်သူ ဒေါက်တာထွေးထွေးကို သတိရလိုက်မိသည်။

စောအကြောင်း၊ စောခံစားမှုတွေကို ညီမဖြစ်သူအား ဖွင့်ပြောလိုက်လျှင် အနည်းဆုံးတော့ ရင်ထဲပေါ့ပါး သက်သာသွားမည်ဟု စော ထင်သည်။

ထိုအတွေးဖြင့် စောသည် အရည်ကြည်လေးများ ရစ်ဝဲနေသော မျက်ဝန်းလေးအစုံ ပြန်၍ ကြည်လင်သွားရပြီး ညီမဖြစ်သူ ထွေးထွေးဆေးခန်းဆီသို့ ကားလေးအား ပတ်မောင်းနှင်လာခဲ့လေ၏။

ထွေးထွေးဆေးခန်းသို့ ရောက်သည့်တွင် ဆေးခန်းသို့ ထွေးထွေး ရောက်မလာသေးပါလေ။

အကူနာစ့်တစ်ယောက်ကသာ ဆေးခန်းဖွင့်စ ပြုနေလေ၍ ဆေးခန်းထဲက ဖုန်းနှင့် ထွေးထွေးထံသို့ ဖုန်းဆက်လိုက်သည်။

"ဟဲလို ထွေးထွေး..."

"မမကြီးလား၊ ဘယ်က ဆက်နေလဲဟင်..."

တော်သေးသည်။ ထွေးထွေး အိမ်မှထွက်မလာသေး၍ စော ဖုန်းဆက်သည်နှင့် ထွေးထွေး တန်းတိုးသွားရသည်။

"ထွေးထွေးဆေးခန်းကပဲ မမကြီး ဆက်နေတာ၊ ထွေးကို မမကြီး ဆွေးနွေးစရာတွေ အများကြီးရှိနေလို့ ဒီနေ့ ထွေးထွေး ဆေးခန်းပိတ်လိုက်ပါကွယ်..."

"ရတယ်လေ..."

"ဒါဆိုရင် မမကြီး ဗန္ဓုလပန်းခြံမှာ သွားစောင့်နေမယ်၊

www.burmeseclassic.com

www.burmeseclassic.com



တွေး လာခဲ့နော်…”

“ကောင်းပြီ မမကြီး၊ ဆေးခန်းကို ဆရာမဖွင့်နေရင် ပိတ်နိုင်းထားလိုက်တော့နော်…”

“အင်း…အင်း…ဒါပဲနော် တွေး…”

စကားအဆုံး၌ စော ဖုန်းလေးကို ချလိုက်ပြီး ဆရာမကို ကြည့်လိုက်သည်တွင် စော ဖုန်းပြောသည်ကို ကြားလိုက်ဟန်ဖြင့် ဆရာမလေးမှာ စောကိုကြည့်ပြီး ဆေးခန်းကို ပြန်ပိတ်နေပါလေ၏။

“ညီမရေ…ဒီနေ့ဒေါက်တာကို မမ အရေးပေါ် ခေါ်သွားစရာ ရှိလို့ကွ၊ ဆေးခန်းမဖွင့်တော့ဘူးနော်…”

“ဟုတ်ကဲ့ မမ၊ ဒါဖြင့် ဆေးခန်းပိတ်ပြီး ကျွန်မလည်း ပြန် မယ်နော်…”

“အေးကွယ်…”

ဆရာမလေး ဆေးခန်းပြန်ပိတ်နေချိန်တွင် စောနှင့် သမီးလေးတို့သည် ဗန္ဓုလပန်းခြံဘက်သို့ ထွက်လာခဲ့လိုက်ကြလေသည်။

တစ်အောင့်ခန့်ကြာသည်တွင် စောသည် ဗန္ဓုလပန်းခြံသို့ ရောက်ခဲ့လေ၏။

ဒါန်းပုခက်လေးနှင့် လျှောစီးသည့် နေရာတွင် သမီးလေးကို ဆော့ကစားနေစေပြီး စောသည် တစ်ယောက်တည်း တွေငေးကာ တွေးတွေးအလာကို စောင့်နေလိုက်၏။

သိပ်မကြာလိုက်ပါ။ စောဆီသို့ တွေးတွေးလည်း ရောက်လာသည်။





“မမကြီး ဘာဖြစ်လို့လဲ၊ ဘာပြောစရာ ရှိလို့လဲ၊ ဟင်…မမကြီးတို့သားအမိ အိမ်မရောက်သေးဘူးလား…”

မူကြိုကျောင်းဝတ်စုံလေးနှင့် တူမလေး ရတနာ ကစားနေသည်ကို မြင်သည်တွင် တွေးတွေးသည် အံ့သြစွာ မေးဖြစ်ရင်း စောကို ကြည့်နေလိုက်သည်။

“ဟင်း…”

စောသည် သက်မမောတို ချလိုက်၏။

တွေးတွေးမှာ စောမျက်နှာ နွမ်းနယ်ပုံလေးကို ကြည့်ပြီး စောအနီးတွင် ဝင်ထိုင်လာရင်းက…

“မမကြီး ဘာဖြစ်နေလဲ ပြောပါဦး၊ ဘာလဲ…ကိုလီမွှော်နဲ့ စိတ်ကောက်နေလား…”

“ဟင်း…တွေးတွေးရယ်…”

စော ညည်းတွားရင်း ထိန်းချုပ်စွာ မျက်ရည်တွေ ကျလာသည်။

“ဟင်…မမကြီး၊ ပြောစမ်းပါဦး ဘာဖြစ်လို့လဲ…”

စောကို အံ့သြစွာ ကြည့်ပြီး တွေးတွေး မေးသည်။

စောသည် မျက်ရည်များ မထိန်းနိုင်ဘဲ စီးဆင်းကျလာရင်းက…

“တွေးရယ်…မမကြီးပြောရင် တွေးတို့အနေနဲ့ ယုံနိုင်စရာတောင် ရှိမှာမဟုတ်ပါဘူးကွယ်…”

“ဘာအကြောင်းမို့လဲ မမကြီးရယ်…”



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေ..မောင်ပေါ့၊ သိပ်ပြီး အထင်ကြီးစရာကောင်းတဲ့ မောင့်အကြောင်းပဲ..."

"ဟင်..ကိုလိမ္မော် ဘာဖြစ်လို့လဲ..."

"မောင်ဟာ မန္တလေးမှာ နေခဲ့တုန်းက ချိုဆိုတဲ့ အမျိုးသမီး တစ်ယောက်နဲ့ မှားယွင်းခဲ့ပြီး ကလေးတစ်ယောက်ရခဲ့တယ်လေ..."

"ဟောတော်..ဘုရားရေ..."

စောစကားကြောင့် ထွေးထွေး မျက်ဝန်းပြူးကာ အံ့သြစွာ ဘုရားတ,မိသွားသည်။

"ဟုတ်တယ် ထွေးရယ်၊ အခု ချိုက ဆုံးသွားရှာပြီ၊ သား တစ်ယောက် ကျန်နေခဲ့တယ်..."

"အဲဒါ ချိုရဲ့ အစ်မတစ်ယောက်က ဒီကလေးကို မကျွေးမွေး မကြည့်ရှုနိုင်ဘူးတဲ့၊ သူတို့လည်း အဆင်သိပ်မပြေဘူးတဲ့..."

"ဒါကြောင့် သမီးလေးမွေးနေ့လုပ်တဲ့ညက ဖုန်းလာတယ် လေ၊ ဒီဇင်ဘာကျောင်းပိတ်ရင် သားကို လာခေါ်ပါတဲ့..."

"မောင်က သူ့သားကို မမွေးနိုင်ရင်လည်း မော်လမြိုင်က သူတို့အစ်မကြီး အပျိုကြီးဆီ ပို့ပေးလိုက်ပါတဲ့လေ..."

"ဟင်...ဒါဆို ဒီကိစ္စတွေဖြစ်တာ သမီးရဲ့မွေးနေ့ ကတည်းကဆိုတော့ ကြာပြီပေါ့..."

"ဟုတ်တယ် ထွေး၊ မမကြီးဟာ အဲဒီညကတည်းက ခံစား နေရတာ ခုထိပါ..."

"ဒါဆို မမကြီးတို့ အိမ်တွင်းရေး အဆင်မပြေဘူးပေါ့..."





"ဘယ်ပြေမလဲကွယ်၊ မောင်ကတော့ မမကို တောင်းပန် တယ်လေ၊ မမက မောင့်ကို ခွင့်မလွှတ်နိုင်ဘူး၊ ဒါကြောင့် မောင်နဲ့ ရင်မဆိုင်ဘဲ နေတယ်..."

"သမီးကို ကျောင်းပို့ကျောင်းကြိုပြီး အပြင်မှာပဲ နေတယ်၊ မိုးချုပ်မှ အိမ်ပြန်တယ်၊ မမကြီး သိပ်စိတ်ညစ်တာပဲ ထွေးရယ်..."

"အင်း...ဟုတ်တာပေါ့လေ၊ ထွေးတောင်မှ ကြားရတာ စိတ်မချမ်းသာ ဖြစ်သွားတယ်..."

"ဒီအကြောင်းတွေ မေမေတို့ မသိစေနဲ့နော် ထွေး..."

"အင်းပါ..."

"မမကြီး ဘယ်လိုလုပ်ရမလဲ ထွေး..."

"ဘာလုပ်ဖို့ လိုသလဲ မမကြီးရယ်၊ ချိုဆိုတာက ဆုံးရှာ ပြီပဲ၊ ကလေးတစ်ယောက်ပဲ ကျန်တော့တာ မဟုတ်လား..."

"ဒီကလေးကို မမကြီးမွေးနိုင်ရင်မွေး၊ မမွေးနိုင်လည်း သူ့အဒေါ်ဆီ ပို့လိုက်ပေါ့..."

"ထွေးရယ်..မမကြီး ရင်ထဲမှာ အမျိုးမျိုး ခံစားနေရပါ တယ်..."

"သားသမီးချင်းလည်း မမကြီး ကိုယ်ချင်းစာပါတယ်၊ ဆောင်ကလည်း သူ့ရင်သွေးကိုတော့ သူ ခေါ်ထားချင်မှာပဲ၊ ကလေးမှာ ဆော့ ဘာအပြစ်မှ မရှိပါဘူးကွယ်၊ မမကြီးအနေနဲ့ ကလေးကို ခေါ်ရို ဦးစားမိပါတယ်..."

"ဒါပေမယ့် အဲဒီကလေးကို မြင်ရရင် မမကြီးစိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါ့ မလားဆိုတာပဲ၊ ဒီကလေးကို ကြည့်ပြီး မမကြီးဟာ မောင့်အပေါ်မှာ မကျေမနပ်ဖြစ်နေမယ်၊ သံသယရှိနေမယ်…”

“ဒီအတွက် မောင်နဲ့ စကားတွေများနေရရင် ကလေးလည်း စိတ်ဆင်းရဲရှာမယ်၊ အို··အားလုံး စိတ်ဆင်းရဲရမှာပဲ ထွေး…”

“ချို့နဲ့ ပတ်သက်ပြီး ကိုလိမ္မော်က ဘာပြောလဲ မမကြီး…”

“မောင်ကတော့ ပြောတာပဲ၊ ချို့ကို သူ မချစ်ဘူးတဲ့၊ ဘာမှလည်း မဖြစ်ကြဘူးတဲ့၊ ချို့ရဲ့ ချစ်သူ ဆုံးတဲ့ညမှာမှ ချို့နဲ့မောင်နဲ့ ဘယ်လိုဖြစ်သွားမှန်း မသိဘူးတဲ့…”

“ခုထိ မောင့်ဘက်က အဲဒီအဖြစ်ကို ဘယ်လိုမှ ပြန်ပြောမတတ်အောင်၊ နားမလည်အောင် ဖြစ်မိတယ်တဲ့လေ…”

“ပြီးတော့ ချို့ဆိုတာ မမကြီးနဲ့လည်း တော်တော်လေးဆင်တယ်လို့ ပြောတယ်…”

“အင်း··သူ့စိတ်ကို မသိရမမြင်ရတော့လည်း သူ ပြောသလိုပဲပေါ့ မမကြီးရယ်၊ ထွေးတို့က ဘယ်လိုဆုံးဖြတ်နိုင်မလဲ…”

“ယောက်ျားတွေဟာ မကောင်းပါဘူး၊ သူတို့စိတ်တွေဟာ ယဖောက်ပြန်ဖို့ ခန့်မလေးကြဘူး…”

“ထွေးလည်း ဘာထူးသေးလဲ၊ ကိုကျော်ထူးဟာ အိမ်ထောင်ရှိလျက်နဲ့ ထွေးကို လှည့်စားခဲ့တာပဲ မဟုတ်လား…”

“ထွေးရယ်··ထွေးက ကိုကျော်ထူးကို မယူဖြစ်လို့ တော်သေးတာပေါ့…”

“ဟုတ်ပါတယ်၊ မမကြီးအနေနဲ့လည်း မကျေနပ်လို့





ကိုလိမ္မော်ကို ကွာလို့ရတာမှ မဟုတ်ဘဲ၊ မမကြီးက ကွာချင်ဦးတော့ သမီးလေး ရတနာရဲ့ မျက်နှာကို ထောက်ရဦးမယ်…”

“ဟုတ်တယ် ထွေး၊ အခု မမကြီးမှာ ကိုယ်ဝန်ထပ်ရှိနေတယ်”

“အင်း··ဒါဆိုရင်တော့ မမကြီးရယ်၊ သားသမီးတွေရဲ့ မျက်နှာကို ထောက်ထားလိုက်ပါ၊ ကိုလိမ္မော်နဲ့ အပြေလည်ဆုံး ညှိယူလိုက်ပါ”

“မမကြီးဘက်က သဘောထားကြီးပေးလိုက်ပါ…”

ထွေးထွေး ပြောတော့ စော ငိုသည်။

ထွေးထွေး ပြောသော စကားများသည် အိမ်ထောင်တစ်ခု မပြိုကွဲရေးအတွက် မှန်ကန်သင့်လျော်သည်ကို စော နားလည်ပါသည်။ စော လက်ခံပါသည်။

သို့သော်လည်း စောသည် မောင့်အပေါ်၌ ခွင့်မလွှတ်နိုင်အောင် ရှိနေရပါသေး၏။

စောသည် မျက်ရည်တွေနှင့် ဝမ်းနည်းစွာ ခေါင်းကို ယမ်းလိုက်မိသည်။

စောကို ကြည့်ပြီး ထွေးထွေးက…

“မမကြီးရယ်၊ အိမ်ထောင်ရေးကို ဖြိုခွဲဖို့တော့ မဆုံးဖြတ်ပါနဲ့နော်…”

“ကလေးတွေကိုငဲ့ပါ၊ မဖြစ်သင့်တာတွေ မဖြစ်ပါစေနဲ့…”

“မမကြီးအနေနဲ့ ကိုလိမ္မော်ကို အခု ခွင့်မလွှတ်နိုင်သေးရင်



www.burmeseclassic.com

www.burmeseclassic.com



လည်း နေပေါ့…”

“တဖြည်းဖြည်း ခွင့်လွှတ်နိုင်အောင်တော့ ကြိုးစားပါ၊ ကိုယ့်အိမ်ထောင်ရေးကို သာယာအောင် ပြန်တည်ဆောက်ပါလို့ပဲ ထွေးတော့ ပြောချင်တယ်…”

“အရွယ်တွေရှိလို့ ငွေကြေးတွေ ပြည့်စုံလို့ဆိုပြီး မာန်တွေတော့ မတင်းလိုက်ပါနဲ့ မမကြီးရယ်…”

“သားသမီးတွေ ထွန်းကားနေတဲ့ အိမ်ထောင်တစ်ခုမှာ မိရင်းဖရင်းတွေနဲ့ နေထိုင်ရမှသာ အသင့်တော်ဆုံးပါ…”

“သူ့အသိနဲ့ သူ့အကိုင်းသာ ဖြစ်နိုင်တယ်၊ သင့်တော်တယ် မဟုတ်လား မမကြီးရယ်၊ မမကြီးက စာရေးဆရာမပါ၊ ထွေးထက် ပိုနားလည်ပါတယ်…”

“အဟင့်··ဟင့်··ထွေးရယ်၊ ဒါတွေ မမကြီး သဘောပေါက်ပါတယ်၊ မောင့်ကို မမကြီး ခွင့်လွှတ်နိုင်အောင် ကြိုးစားပေမယ့် ခွင့်မလွှတ်နိုင်သေးဘူး ဖြစ်နေတယ်…”

“ဒါကတော့ ပူပူနွေးနွေး ခံစားချက်ပဲ ရှိသေးတာပါ မမကြီး ရယ်၊ နောင်တော့လည်း တည်ငြိမ်သွားမှာပေါ့…”

“မေမေ··မိုးချုပ်နေပြီ၊ အိမ်ပြန်ကြအောင်လေ၊ ဖေဖေ မျှော်နေလိမ့်မယ်…”

နောက်ဘက်မှ ပြေးလာသော သမီးလေး စကားသံကြောင့် စောသည် မျက်ရည်တွေကို ကပျာကယာ သုတ်ပစ်လိုက်ရ၏။

ထွေးထွေးမှာ တူမချောလေးကို ဆီးကာ ပွေ့ချီထားလိုက်





ပြီး…

“ဟုတ်သားပဲ၊ မေမေနဲ့ တီတီတို့က စကားကောင်းနေတာ၊ မိုးချုပ်တာတောင်မှ သတိမရဘူး၊ ကဲ··ကဲ··မမကြီးရေ၊ ပြန်ကြရအောင်…”

ထွေးထွေးဆိုရင်း နေရာမှထကာ ကားရပ်ထားရာဆီသို့ ထွက်ခဲ့လိုက်ကြသည်။

“မမကြီး၊ မနက်ဖြန် စနေနေ့ဆိုတော့ ကိုလိမ္မော် အလုပ်အားမှာပေါ့နော်…”

“ဟုတ်တယ် ထွေး၊ ဒါပေမယ့် မမကြီး ထွေးတို့ဆီပဲ လာခဲ့မယ်၊ ထွေး ဆေးခန်း စောစောပိတ်ပြီး ပြန်လာနော်…”

“အင်း··ထွေး ကားက ဟိုဘက်မှာ ရပ်ထားခဲ့တယ်၊ ကဲ··သွားမယ်နော်၊ သမီး ရတနာ တီတီ သွားပြီ…”

“ဟုတ်ကဲ့ တီတီ…”

စောနှင့် သမီးကို နှုတ်ဆက်ခဲ့ပြီး ထွေး ထွက်သွားပြီ။

စောသည် မောင်နှင့် ရင်မဆိုင်ချင်၍ အိမ်မပြန်ချင်သော်လည်း သမီးလေးက ရှိသေးသည်မို့ အချိန်တန်သော် အိမ်ပြန်ခဲ့ပါသတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



- တစ်ဆယ့်ရှစ် -

ကြင်နာနွေးထွေးမှုမဆိုလေနှင့် ချစ်ဇနီးစောနှင့် စကားပင်ကောင်းမွန်စွာ မပြောရသည်မှာ ကြာပြီမို့…

ကိုလိမ္မော်သည် နေ့စဉ်နှင့်အမျှ စိတ်ဆင်းရဲခြင်းဒုက္ခကိုခံစားနေရပါလေ၏။

စော၏ စိမ်းကားမှုအတွက် စောကိုလည်း ကိုလိမ္မော်သည်အပြစ်မတင်လိုပါ။

မိမိအပြစ်ကြောင့် စောသည်လည်း ခံစားနေရရှာမည်ကိုကိုလိမ္မော် သိပါ၏။ စာနာပါ၏။

ချစ်ဇနီး စော၏ စိတ်ဓာတ်ကို သူ သိသည်ပါ။

မှန်သည်။

သူနှင့် စောသည် တစ်ယောက်တစ်နေရာစီ အိပ်စက်ခဲ့ရသည်မှာ ကြာပြီ မဟုတ်ပါလား…





စိတ်ကောက်လို့ချော့လျှင် ပြေရမည်ဟု ပြောခဲ့သောစကားတို့သည်လည်း အရာမထင်ပါလေတော့။

သူ နားလည်ပါသည်။

စော မလွန်ပါ။ စော မမှားပါ။

မိန်းမတစ်ယောက်နှင့် ပြစ်မှားခဲ့၍ သားတစ်ယောက်ရခဲ့သောသူ့အပြစ်အတွက် စောအဖို့ ခွင့်လွှတ်နိုင်ဦးမည် မဟုတ်သည်ကို သူသိပါ၏။

စော သူ့ကို ဘယ်တော့များမှ ခွင့်လွှတ်နိုင်ပါမည်နည်း။စော ခွင့်လွှတ်နိုင်မည့်အချိန်ကို သူ စောင့်စားနေမိပါသည်။

ဆုတောင်းနေမိပါသည်။

တစ်နေ့သောအခါတွင် စောသည် သူ့အပေါ် နားလည်ခွင့်လွှတ်နိုင်ပါစေဟု…

ခုတော့ သူ့အပေါ် စော အနေနှင့် ခွင့်မလွှတ်နိုင်ခြင်း၊ စိမ်းကားခြင်းအတွက် စော မှန်ပါ၏။

သူ့အတွက်မူ စောကို ရင်နာစွာကြည့်ရင်း ဖေးမစောင့်ရှောက်ရင်းကပင် စော ခွင့်လွှတ်နိုင်မည့်အချိန်ကို စောင့်နေရန်သာရှိတော့သည် မဟုတ်ပါလား။

"စောရယ်…"

ကိုလိမ္မော်သည် ဆိုဖာရှည်ကြီး ထက်၌ လှဲလျောင်းနေမိပါ၏။

တစ်ညလုံးနီးပါး ကိုလိမ္မော်သည် အိပ်၍ မပျော်ခဲ့ပါလေ။မနက်မှာ ပျော်သွားသည့်အချိန်လေး၌ပင် အိပ်မက်ဆိုးတွေက ကြားဝင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာရပါသေး၏။

စောသည် မိမိကို စွန့်ပစ်ကာ အိမ်ထောင်သစ် ထူလိုက်သည်ဟု အိပ်မက်ဆိုးကြောင့် အိပ်ပျော်ရာမှ သူ လန့်နိုးခဲ့ရပါ၏။

အိပ်ရာမှ လန့်နိုးချိန်တွင် အိပ်မက်ထဲမှ ခံစားချက်တွေကြောင့် နိုက်နိုက်တုန်အောင် ချမ်းနေရပေမယ့် သူသည် ချွေးများပင် ပြန်ခဲ့ရပါ၏။

စောက စွန့်ပစ်သည်ကိုတော့ သူ မခံနိုင်ပါ။

အဘယ်ကြောင့်ဆိုသော် စောသည် သူ ချစ်ရဆုံး သူချစ်ဦးသူ သူ့ဇနီးရယ်ပါ။

ဘယ်နည်းနှင့်မှ စောကို သူ စွန့်မပစ်နိုင်။ စောနှင့် ဘဝချင်းလည်း ကွဲကွာပြီး သူ မနေနိုင်ပါ။

စောကို သူသည် သေမှသာ ခွဲမည်။

ရှင်လျက်နှင့်တော့ ချစ်ဇနီးကို သူ အကွဲမခံနိုင်ပါလေ။ စောနားလည်မှုကို စိတ်ရှည်စွာနှင့်ပင် ဝမ်းနည်းစွာ သူ စောင့်စားနေမည်ဟု သူ ဆုံးဖြတ်ပါ၏။

"ဟင်း…"

နွမ်းနယ်နေသော သက်မမောကိုချကာ ကိုလိမ္မော်သည် ပြန်အိပ်၍ မရပါလေတော့။

အချိန်ကို သူ ကြည့်လိုက်တော့ နံနက်လေးနာရီပင် ရှိသေးသည်။

ဆိုဖာထက်မှ သူ ထလိုက်သည်။





စောကို ကြည့်ရန်အခန်းထဲသို့ သူ ဝင်လာခဲ့၏။

စောသည် မောင်နှံတူ အိပ်စက်သော ခုတင်ကြီးတွင် နစ်မြုပ်စွာ အိပ်ပျော်နေရှာပါ၏။

စော နိုးမည်စိုး၍ ခြေကိုဖွကာ စောအနီးသို့ သူ တိုးလာသည်။ ပြီးတော့ စောအနီး ခုတင်စွန်းတွင် ညင်သာစွာ သူ ဝင်ရောက်ထိုင်လိုက်၏။

စောသည်လည်း နိုးနေပါသည်။

စောသည် မောင် ဝင်လာသည်ကို ကြည့်ကာ ထိခိုက်စွာ ဝမ်းနည်းနေမိပါ၏။

မောင့်ကိုကြည့်ပြီး စောသည် မောင့်ကို သနားသည်။ ချစ်သည်။ သို့သော်လည်း မောင့်ကို စော ခွင့်မလွှတ်နိုင်၊ မကြည်ဖြူနိုင်၊ မကျေနပ်နိုင်သေးပါလေ။

မောင်သည် စောကို ငေးကြည့်နေရင်း စော နိုးမည်ကိုလည်း စိုးရိမ်ရှာနေပါ၏။

မောင်သည် စောအနီးတွင် ထိုင်ကာ သူ့အပြစ်အတွက်လည်း သူ့ကိုယ်သူ ယူကျုံးမရဟန် ထိခိုက်လွန်းပုံနှင့်…

ခေါင်းကို ငုံ့ကာ မျက်နှာကိုပွတ်၊ ဆံပင်တွေထဲ လက်ကို ထိုးသွင်းဖွပစ်လိုက်သည်။

ပြီးတော့ မောင်သည် စောကို ပြန်၍ ငေးကြည့်လာသည်။

အို…မောင် ငိုနေပါလား…

မောင့်မျက်ရည်တွေကိုမြင်တော့ စောရင်ထဲ၌ ထိခိုက်စွာ ခံစား



www.burmeseclassic.com

www.burmeseclassic.com



ရပါလေ၏။

စောသည် မောင့်ကို မကြည့်ရက်တော့ပါ။

သို့သော်လည်း ဘာကြောင့်မှန်းမသိ၊ စော စိတ်တို့သည် ကျောက်ခဲလို မာကျောနေရလေသည်။

မောင့်ကို မကြည့်ရက်သော်လည်း စောသည် မောင့်ကို ကြင်နာစွာ စကားပြောခြင်းမရှိ။

စော မျက်လုံးတွေကိုသာ စောသည် ပြန်၍ မှိတ်ပစ်ထား လိုက်နေမိပါ၏။

ညအိပ်မီးသီးလေး အလင်းရောင်နှင့်ပေမယ့် အရိပ်ကျနေ သည်မို့ ကိုလိမ္မော်ကား စော၏ ခံစားမှုလေးတွေကို မမြင်တွေ့ရှာ ပါလေ…

ကိုလိမ္မော်သည် စော မျက်နှာလေးကို ငေးကြည့်နေရာမှ စိတ်တို့ မထိန်းနိုင်၍ စော နဖူးလေးဆီသို့ ဖွဖွလေး နမ်းလိုက်မိပါ၏။

ထို့နောက် ကိုလိမ္မော်သည် စောအနီး၌ ထိုင်လျက်မှ စောအား သည်အတိုင်းသာ မတို့မထိ ငေးကြည့်နေလိုက်မိပါသတည်း။

ကိုလိမ္မော်သည် အိပ်မပျော်နိုင်တော့သည့်အတူ ဇနီးအနား၌ ပင် ထိုင်၍နေပါတော့၏။

မိုးသည် တစ်စတစ်စ လင်း၍ လာပါပြီ။

စောသည် စိတ်ကိုနှစ်၍ အိပ်ပစ်လိုက်ရာမှ ပြန်၍ အိပ်ပျော် သွားဟန် ရှိပါ၏။

ခြောက်နာရီခွဲတွင် ထုံးစံအတိုင်း စော အိပ်ရာမှ နိုးလာသည်





စော မျက်ဝန်းအစုံဖွင့်လိုက်သည်တွင် စောအနီး၌ပင် မောင့်ကို ငုတ်တုတ် စော မြင်တွေ့လိုက်ရလေ၍…

စောသည် မောင့်ကို သနားလွန်းကာ ရင်ဝယ်ထိခိုက် ဝမ်းနည်း သွားရပေမယ့် ဘာကြောင့်ရယ်မသိ၊ စောသည် မောင့်ကို စကားမဆိုမိပါလေ။

အိပ်ရာမှ စော ထလိုက်သည်။

မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ရန် ရေချိုးခန်းထဲသို့ စော ဝင်ခဲ့သည်။

ရေချိုးခန်းထဲမှ စော ပြန်ထွက်လာသည်တွင် အခန်းတွင်း၌ မောင် ရှိမနေပါတော့။

ကော်ဖီဖျော်ရန် စော မီးဖိုဆောင်ဘက်သို့ သွားမည်အပြုတွင် မောင်သည် သမီးလေးကို ပွေ့ချီကာ အခန်းတွင်းသို့ ဝင်ရောက်လာ ၏။

တစ်ခါတစ်ရံ သမီးလေးသည်လည်း စောတို့ အိပ်ရာမှ ထသည့်အချိန်တွင် နိုးတတ်သည်မို့…

မောင်က သမီးကို မျက်နှာသစ်၊ အဝတ်လဲပေးတတ်သည်ကို စော သိသည်။

စောသည် မောင်နှင့်သမီးတို့ ကော်ဖီသောက်ရန် ပြင်ဆင် ပေးနေဆဲ…

“ကရင်…ရင်း…ရင်း…”

ဖုန်းမြည်သံလေး ကြားလိုက်ရ၍ မောင် ကိုင်မလာမလားဟု



www.burmeseclassic.com

www.burmeseclassic.com



စော စောင့်နေလိုက်သည်။

"ကရင်း..ရင်း..ရင်း..."

ဖုန်းမြည်သံလေး ကြားလိုက်ရ၍ မောင် ကိုင်လေမလား

စော စောင့်နေလိုက်သည်။

"ကရင်း..ရင်း..ရင်း..."

ဖုန်းမြည်သံက ထပ်၍ ပေါ်လာသည်။

မောင်သည် သမီးနှင့်အတူ အလုပ်များနေပုံရသည်ဟု အထင်ဖြင့် ဧည့်ခန်းထဲမှ အနီးဆုံးဖုန်းလေးကိုပင် သွားရောက်ကာ နားထောင်လိုက်ရပါ၏။

"ဟဲလို..."

"ဟဲလို.. ဦးဌေးလရောင်ပါ၊ ဆရာမလား..."

"ဪ..ဟုတ်ကဲ့ရှင်..."

"ဆရာမရေ၊ အရေးပေါ်ကိစ္စရှိလာလို့၊ ကိုလိမ္မော်နဲ့ ကိုအောင်မြင့်တို့ မန္တလေးသွားရဦးမယ်..."

"ကိုလိမ္မော်ရှိတယ် မဟုတ်လား ဆရာမ၊ အလုပ်ကိစ္စလေး နည်းနည်းပြောစရာရှိသေးလို့ပါ..."

"ဪ..ဟုတ်ကဲ့ ဟုတ်ကဲ့ ကိုင်ထားပါရှင်..."

စော ဖုန်းပြောနေသဲ ကိုလိမ္မော်နှင့်သမီးလေးတို့ ထွက်လာကြ၍...

စောသည် မောင့်ကို မကြည့်မစေဘဲ ဖုန်းလေးကိုသာ အသာချထားလိုက်ပြီး...





"အလုပ်ပိုင်ရှင် ဦးဌေးလရောင်ဆီက ဖုန်းလာတယ်၊ ကိစ္စ အရေးကြီးလို့တဲ့..."

စော ဆိုရင်း သမီးလေးကို ခေါ်ကာ ထမင်းစားခန်းထဲသို့ ဝင်ရောက်သွားလိုက်လေတော့သည်။

"သမီး ရတနာ..."

"ရှင်..မေမေ..."

"ဒီမှာ မုန့်နဲ့ကော်ဖီ ကောင်းကောင်းစားနေနော်၊ မေမေ အိပ် ခန်းထဲ ခဏသွားလိုက်ဦးမယ်..."

"ဟုတ်ကဲ့ မေမေ..."

သမီးလေးကို တစ်ယောက်တည်း ကော်ဖီနှင့်မုန့်ကို စားနေ စေခဲ့ပြီး အခန်းထဲသို့ စော ဝင်ခဲ့လေသည်။

စော ရင်ထဲမတော့ ထိခိုက်ခြင်း၊ အကြိတ်အခဲတွေနှင့်ရယ်ပါ။

မန္တလေးသို့ အလုပ်ကိစ္စနှင့် မောင်သွားရမည် ဆိုတော့ ဘာပဲ ဖြစ်ဖြစ် မောင်တစ်ယောက် သူ့သားကိုတော့ သူ သွားကြည့်မည်မှာ သေချာမည် မဟုတ်ပါလား။

စောထက်မောင်သည် ချိုကိုသာ ပို၍ ချစ်နေလိမ့်မည်ဟု စောထင်သည်။

ထိုအတွေး ထိုအချက်ကြောင့် စောသည် ရင်ထဲ၌ အကြိတ် အခဲများ မပြေနိုင်အောင် ပို၍ ကြီးထွားနေရသည်ပါလေ။

စောသည် ပြတင်းအနီး၌ရပ်ကာ အပြင်သို့ ငေးကြည့်ရင်း မောင့်အကြောင်းများအား ဝမ်းနည်းစွာ တွေးနေဆဲ...



www.burmeseclassic.com

www.burmeseclassic.com



"စော..."

နောက်နားဆီမှ မောင့်ခေါ်သံကို စော ကြားလိုက်ရသည်။

ပြီးတော့ စောအနီး လျှောက်လာသော မောင့် ခြေသံကိုပါ စော ကြားလိုက်ရပါ၏။

"စော..."

မောင်သည် စော ပခုံးထက် ဖွဖွကိုင်ကာ ခေါ်သည်တွင် စော တိမ်းဖယ်လိုက်၏။

မောင် လွန်စွာထိခိုက်သွားမည်ကို စော နားလည်လိုက်ပါသည်။

သို့သော်လည်း စော ကိုယ်၌ မောင့်ကို ခွင့်မလွှတ်နိုင်သေးသူမို့ မောင့်ကို စော လျစ်လျူရှုနေလိုက်မိပါ၏။

"ဟင်း...."

မောင်၏ သက်မချသံကို စော ကြားရသည်။

ကိုလီမွှော်သည် ချစ်ဇနီးကို ရင်နာစွာ ကြည့်ရင်းမှ အလုပ်ကိစ္စအတွက် မပြောမဖြစ်သည့် စကားကို ပြောရန် ကြိုးစားလိုက်ရပါ၏။

"စော အလုပ်နဲ့ ပတ်သက်ပြီး အရေးတကြီး မောင် မန္တလေးကို သွားရမယ်၊ ကြာတော့ မကြာပါဘူး စောရယ်၊ အသွားနဲ့အပြန်ပါပဲ..."

"အို ကြာချင်လည်း ကြာပါစေ၊ စော ဘာမှ မပြောချင်ဘူး..."





"ဟိုမှာက သားတစ်ယောက်ကလည်း ရှိနေတယ် မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် မိဘလုပ်သူကတော့ သွားကြည့်သင့်တဲ့ ဝတ္တရားနဲ့ သွားကြည့်ရမှာပဲ..."

"အလုပ်ကိစ္စနဲ့ သွားရတော့၊ သိပ်ကိုလည်း အဆင်ပြေသွားတယ်၊ မဟုတ်လား..."

"စော ထက် ချစ်ခဲ့တဲ့ မိန်းမတစ်ယောက်ရှိနေမှန်း အစကတည်းက စော ဒီအကြောင်းတွေကို သိခဲ့ရင် စော ခုလို စိတ်ဆင်းရဲခံရမှာ မဟုတ်ဘူး..."

"ခုတော့ စော စော်ကားခံရတယ်၊ လှည့်စားခံရတယ်၊ စော သိပ်ရှက်တယ်၊ စော သိပ်ဝမ်းနည်းတယ်..."

"စောရယ်၊ စော ပြောသလို မဟုတ်ပါဘူး၊ စောကို မောင် ပြောခဲ့ဖူးပါတယ်ကွယ်..."

"အို..စကား ဆိုတာကတော့ ပြောတဲ့အတိုင်း ပြောတာပါပဲ..."

"မန္တလေးကို သွားချင်တာနဲ့လည်း အတော်ပဲ မဟုတ်လား၊ သွားပါ..သွားပါ..."

"စောရယ်၊ မောင့်ကို အထင်မလွဲပါနဲ့ကွယ်၊ မောင် ချစ်ခဲ့တဲ့ မိန်းမက စော တစ်ယောက်တည်းကိုပါ..."

"ချိုနဲ့ မောင့် အဖြစ်ကို မောင် ဘယ်လိုမှ မခံစားလိုက်ရဘူး၊ မောင့်ကိုမောင်တောင်မှ နားမလည်လိုက်ပါဘူး အချစ်ရယ်၊ ဒီစကားတွေကို မောင် သစ္စာဆိုပြောခဲ့ပါတယ်..."



www.burmeseclassic.com

www.burmeseclassic.com



"ချို့နဲ့ မောင်ဟာ ဘာမှ မဖြစ်ခဲ့ကြဘဲနဲ့ကို ဖြစ်သွားရတာ သိပ် အံ့ဩဖို့ ကောင်းပါတယ်..."

"စောကို ဒီအကြောင်းတွေ မောင် ပြောပြဖူးပါပြီလေ၊ တစ်ခု တော့ ရှိတယ်စောရယ်၊ မောင် ဝန်ခံပါတယ်..."

"ချို့လည်း ဆုံးရှာပါပြီ၊ ကလေးမှာ ဘာအပြစ်မှ မရှိပါ ဘူး၊ မောင့် အနေနဲ့ ကလေးကို တွေ့ချင်နေမိတာကတော့ မှန်ပါ တယ်..."

"အဟင့်..ဟင့်...စော နားလည်တယ်၊ မိဘနဲ့ သားသမီး ရဲ့အပိုင်းကို စော နားလည်ပါတယ်..."

"ဒါပေမယ့် စော..စော ဝမ်းနည်းတယ်၊ ရှက်တယ်၊ စော ထက်သာတဲ့ အချစ်တွေဟာ ချို့အပေါ်မှာ ရှိနေမယ်ဆိုတာလည်း စော နားလည်လိုက်ပါတယ်..."

"အို..မဟုတ်ဘူး စောရယ် မဟုတ်ဘူး၊ မောင့်ကို ဒီလိုတော့ မပြောပါနဲ့ အချစ်ရယ်၊ မောင် သိပ်ခံစားရပါတယ်..."

"အချစ်က မသွားစေချင်ရင် မောင် မသွားပါဘူး၊ စော ကို မောင် ချစ်တယ်၊ သိပ်ချစ်တယ် စောရယ်..."

"အို မယုံဘူး..မယုံဘူး၊ စော ဘာကိုမှ မယုံတော့ဘူး၊ ကြားလည်း မကြားချင်ဘူး..."

"လူတစ်ဖက်သားရဲ့ ကိုယ်ရေးကိုယ်တာတွေကိုလည်း စော ဘာမှ မတားမြစ် မပိတ်ပင်ချင်ဘူး..."

"စိတ်ချမ်းသာသလို လုပ်ကြပါ၊ အဟင့်..ဟင့်..."





"စော..စော..."

"စောကို မထိနဲ့ ၊စောကို မထိပါနဲ့၊ အဟင့် ဟင့် ဟင့်..."

စောကား စကားအဆုံး၌ သည်းထန်စွာ ငိုရှိုက်ရင်း စိတ်လွတ် ကိုယ်လွတ် ရှိသွားရသည်ထင့်...

ကြေကွဲလွန်းစွာဖြင့် အခန်းထဲမှ ပြေးထွက်သွားလိုက်မိပါတော့ သတည်း။

"စော..စော..စော"

ကိုလိမ္မော်သည် ခြံထဲပြေးဆင်းသွားသော စော နောက်မှ ပြေးလိုက်ရင်း ခေါ်သည်။

စောကား စိတ်ထိခိုက်လွန်း၍ ပြေးမိပြေးရာ ဖွတ်ပြေးနေတော့ ရာ နှင်းတွေကျ၍ ချော်နေသော ကျောက်ပြား ကျောက်တုံးများ ရှိသည့် နေရာသို့ ရောက်သွားရသည်တွင်...

"ဘိုင်း..အင့်..အား..."

"ဟင်..စော..စော..."

စောသည် ကျောက်တုံးများထက် ဝမ်းလျားမှောက်ထိုးလဲကျ သွားသည်ကို မြင်တွေ့လိုက်ရသည်တွင်...

ကိုလိမ္မော်သည် ရူးမတတ် ချစ်ဇနီးကို ဟစ်ခေါ်ကာ အပြေး ရောက်လာရင်းက ...ချစ်ဇနီးကိုယ်လေးအား သိုင်းဖက်ထွေးယူ လိုက်သည် တွင်...ချစ်ခင်ပွန်းသည်၏ ရင်ခွင်တွင်း၌ စော သည် သတိလစ်၍ နေပါပြီတည်း။

×××××



www.burmeseclassic.com

www.burmeseclassic.com



"ဟော…ကိုလိမ္မော် ရောက်ပြီ…"

ဦးငွေလရောင်အိမ်သို့ အလောတကြီး ရောက်လာသော ကိုလိမ္မော်ကို မြင်သည်တွင်…

ခရီးထွက်ရန် ရောက်လာပြီအထင်ဖြင့် ကိုအောင်မြင့်ဆို လိုက်သည်။

"လာဟေ့ မောင်လိမ္မော်…"

ဦးငွေလရောင်သည်လည်း ဘာမှ မသိရှာသေး၍ ကိုလိမ္မော်ကို ဖိတ်ခေါ်လိုက်သည်။

ကိုအောင်မြင့်နှင့်အတူ ကိုလိမ္မော်သည် ဧည့်ခန်းထဲသို့ ဝင်လာခဲ့ပြီး…

ကိုလိမ္မော်သည် ထိုင်ပင်မထိုင်၊ ဦးငွေလရောင်ဆီ ကြည့်လိုက်ရင်းက…

"ဦး…"

"ဘာများလဲ မောင်လိမ္မော်…"

"ကျွန်တော် မန္တလေးကို မသွားဖြစ်တဲ့အကြောင်း လာပြောတာပါဦး…"

"ဒီစာတစ်စောင်နဲ့ ဒီငွေတစ်သောင်းကို မန္တလေးက အဲဒီလိပ်စာအတိုင်း သွားပို့ပေးပါဗျာ…"

"ဩော်…ရပါတယ်၊ ကျွန်တော်ပို့ပေးပါ့မယ်…"

"သွားပို့တဲ့အခါ ကိုရဲထက်လှိုင်ကို မခေါ်ပဲ ကိုအောင်မြင့် တစ်ယောက်တည်းပဲ သွားပို့ပေးပါနော်…"





"ပြီးတော့ ဟိုက ပါးစပ်နဲ့ပဲဖြစ်ဖြစ်၊ စာနဲ့ပဲဖြစ်ဖြစ် တစ်ခုခု ရေးပေးလိုက်၊ ပြောလိုက်ရင်လည်း ဘယ်သူ့ကိုမှ မပြောပဲ ကျွန်တော်ကိုသာ ပြန်ပြောပါနော်…"

"စိတ်ချပါ ကိုလိမ္မော်…"

"အဲဒါ တစ်ခုတော့ ဘယ်သူ့မှ မပြောဖို့ ကျွန်တော့်ကတိပေးပါ ကိုအောင်မြင့်ရယ်…"

"စိတ်ချပါကိုလိမ္မော်၊ ကျွန်တော်ဘယ်သူ့မှ မပြောပါဘူး…"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကဲ…ကျွန်တော် သွားမယ်နော်…"

"ကောင်းပြီ ကိုလိမ္မော်…"

ကိုအောင်မြင့်ကို နှုတ်ဆက်ပြီး ဦးငွေလရောင်တိုက်မှ ကိုလိမ္မော်သည် ကားကို ပြန်မောင်းထွက်လာခဲ့လိုက်သည်။

သောကမီးကို ဆင့်လောင်ကျွမ်း၍ စဉ်းစားဆုံးဖြတ်ချိန်တို့ လျော့နည်းနေရသည်မို့…

ကိုလိမ္မော်သည် အဆင်ပြေမည်ဟုထင်သော အလုပ်တစ်ခုကို ယုံကြည်စိတ်ချစွာ လုပ်ခဲ့မိလိုက်ပါ၏။

ကိုလိမ္မော်၏ရင်ထဲမတော့…

စိတ်ထိခိုက်မှုနှင့် ကိုယ်ဝန်ပျက်သွားရရှာသော ချစ်ဇနီးအတွက်သောက…

မမြင်မတွေ့ဘူးသေးပေမယ့် မိဘမဲ့ကာ မည်မျှအထိ အားငယ်ချက်နာငယ်နေရှာမည့် မိမိ၏ ရင်မှဖြစ်သော သားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အတွက်…

သောကတို့သည် ရင်နှင့်အပြည့် ခံစားနေရရှာသည် မဟုတ်ပါလား။ ။





## - တစ်ဆယ့်ကိုး -

ကိုရဲထက်လှိုင်၏ စိတ်တွင် စနိုးစနောင့်နှင့် တစ်မျိုးကြီးဖြစ်နေလေသည်။

ကိုရဲထက်လှိုင်သည် ကားလျှင်နှုန်းနှင့် တရိပ်ရိပ်ကျန်ရစ်ခဲ့သော မြင်ကွင်းများဆီ ကြည့်တာ စိတ်ထဲမရှင်းမလင်းသလို…

တစ်စုံတစ်ရာကိုလည်း သိချင်စိတ် ဖြစ်ပေါ်နေမိသည်ကြောင့်…

ကိုရဲထက်လှိုင်သည် ကားကို ဂရုစိုက် မောင်းနှင်နေသော ကိုအောင်မြင့်ထံသို့ ကြည့်မိ၏။

ကိုအောင်မြင့်မှာလည်း တိတ်ဆိတ် အေးဆေးစွာပင် ကားကို ဂရုစိုက် မောင်းနှင်နေသယောင်နှင့် တစ်ခုခုကို အတွေးနက်သယောင်ရှိ၏၊ ကိုအောင်မြင့် မျက်နှာပြင်ကို ရဲထက်လှိုင် တွေ့လိုက်ရလေ၏။

"ဟင်း…"



www.burmeseclassic.com

www.burmeseclassic.com



သက်မဲ့မောကိုချကာ ကိုရဲထက်လှိုင်သည် ကိုအောင်မြင့်ထံမှ အကြည့်ကိုလွှဲကာ စကားမဆိုဖြစ်သေးပါလေ။

သို့သော်လည်း ကိုရဲထက်လှိုင်၏ စိတ်ထဲမတော့…

“ကိုရဲထက်လှိုင်၊ ကျွန်တော်နဲ့အတူ (×××) လမ်းကို လိုက်ခဲ့စမ်းပါဗျာ၊ ကျွန်တော်တစ်ယောက်တည်း သွားရမှာပျင်းလို့ နှစ်ယောက်ဆိုတော့ အဖော်ရတာပေါ့…”

“လိုက်မယ်လေ၊ ခင်ဗျားကိစ္စ ရှိနေလို့လား…”

“ကျွန်တော့်ကိစ္စ မဟုတ်ပါဘူး၊ ကိုလိမ္မော်ကိစ္စပါ ကိုလိမ္မော်က အကူအညီတောင်းလို့ပါ…”

“ဪ…သွားလေ…”

ကိုအောင်မြင့်နှင့် စကားပြောခဲ့စဉ်က ကိုရဲထက်လှိုင်စိတ်ထဲ၌ ဘာရယ်မရှိသေးပါလေ…

မန္တလေး(×××) လမ်းမှ အိမ်ကို ရောက်လေမှ…

မမေကြည်ဆိုသော အမျိုးသမီး၏ စကားများက ကိုရဲထက်လှိုင်အား ဘုမသိ ဘမသိနှင့် အနေခက် အံ့သြသွားစေရပါ၏။

ကိုရဲထက်လှိုင်သည် လေးနက်သော မျက်ဝန်းတို့နှင့် မျက်မှောင်တို့ ကြုတ်ကာ မမေကြည်ပြောသော စကားတို့ကို ပြန်၍ ကြားယောင်မိလေ၏။

“ဪ…ရန်ကုန်ကဧည့်သည်တွေလား၊ ထိုင်ပါ ထိုင်ပါ၊ ကိုလိမ္မော်က သားကို လာကြည့်တာထင်တယ်…”

“သားရေ၊ ကောင်းထက် လာပါဦးကွယ်၊ ဒီမှာ ရန်ကုန်က





ဧည့်သည်တွေက သားကို တွေ့ချင်လို့တဲ့…”

မမေကြည်စကားနှင့် မရှေးမနှောင်းပင် ကောင်းထက်ဟူသော ရှစ်နှစ်ကိုးနှစ်ခန့်ရှိသော ကလေးတစ်ယောက်လည်း ထွက်လာသည်ကို ကိုအောင်မြင့်ရော ကိုရဲထက်လှိုင်ပါ တွေ့လိုက်ရလေသည်။

ကိုရဲထက်လှိုင်မှာ မမေကြည်စကားတွေက သူ့ကို ဦးတည်ဆိုနေလေ၍ အံ့အားသင့်ကာ ကိုအောင်မြင့်ဘက် ကြည့်မိလိုက်သည်နှင့်…

ကိုအောင်မြင့်သည်လည်း အံ့သြဟန်နှင့် ရှိနေရပါလေ၏။

“သားရေ…”

“ဗျာ…ဒေါ်လေး…”

“မှတ်ထားနော်၊ ဒါက ရန်ကုန်က ဦးလိမ္မော်တဲ့ နောက်ဆိုင် သားက ဦးလိမ္မော်နဲ့ သွားနေရမှာကွယ့်…”

စွတ်ရွတ်ပြောနေသော မမေကြည်စကားကြောင့် ကိုရဲထက်လှိုင်မှာ အခက်တွေ့ကာ ဘာပြောရမှန်းမသိ ဖြစ်နေရပါတော့၏။

ထို့အတူ ကိုအောင်မြင့်သည်လည်း စိတ်ဝင်တစားဖြင့် နားထောင်ခက်နေရပါတော့၏။

“ဟုတ်ကဲ့ ဒေါ်လေး၊ မေမေမရှိတော့ သားက၊ သားကို ကြည့်မယ့် နေရာမှာပဲ လိမ်လိမ်မာမာ နေရမှာပေါ့ဗျာ…”

“မေမေက မသေခင်မှာ သားကို လိမ်လိမ်မာမာနဲ့ စာကြိုးစားဖို့ မှာသွားပါတယ်…”

ကလေး၏စကားကို နားထောင်ရင်း ကိုရဲထက်လှိုင်မှာ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းခြင်းနှင့် စိတ်ဝင်စားသွားရ၏။

ကလေးကိုကြည့်တော့ ကလေးသည် ကိုလိမ္မော်နှင့် မျက်ခုံး မျက်ဖန်တို့ တူနေသယောင်ယောင်နှင့် လိမ္မာရေးခြားရှိသော ကလေး တစ်ယောက်ဟု ကိုရဲထက်လှိုင် တင်မိ၏။

"ကဲ..သား၊ သား ကျောင်းသွားစရာ ရှိသေးတယ်၊ စာသွား ကျက်တော့နော်၊ ဒေါ်လေး ဧည့်သည်တွေနဲ့ စကားပြောလိုက် ဦးမယ်..."

"ဟုတ်ကဲ့..ဒေါ်လေး..."

ကောင်းထက်ဟူသော ကလေး ထွက်သွားသည်တွင် မမေကြည်သည် သူ့ကို အလေးအနက်နှင့် စိတ်ပေါ့ဖါးစွာ ကြည့်လာ ရင်းက စကားဆက်သည်။

"ကိုလိမ္မော် အဲဒါ ကိုလိမ္မော်ရဲ့သားပဲ..."

"ဗျာ..."

မမေကြည်စကားကြောင့် ကိုရဲထက်လှိုင်ရော၊ ကိုအောင်မြင့် ပါ အံ့သြတုန်တက်သွားရ၏။

အံ့သြလွန်း၍ သူတို့ ဘာမှ စကားမဆိုနိုင်ခင်မှာပင် မမေး မစမ်းနှင့် စွတ်ရွတ်ပြီး မမေကြည် စကားတွေဆိုသည်။

"ကိုအောင်မြင့် အံ့သြနေလား၊ သားက သိပ်လိမ္မာပါတယ်၊ ကိုလိမ္မော်ရဲ့ဇနီး ဆရာမကလည်း သားကို ချစ်မှာပါ..."

"သားရဲ့မေမေ ကျွန်မရဲ့ညီမလေး ချိုကတော့ ဆုံးရှာပြီ ကျွန်မတို့ရဲ့ အခြေအနေကလည်း ကိုလိမ္မော်မြင်တဲ့အတိုင်းပဲလေ..."





"ကျွန်မမှာက ကလေးများတော့၊ သားရဲ့ တာဝန်ကို ကျွန်မ မယူနိုင်လို့ ကိုလိမ္မော်ရဲ့သားကို ကိုလိမ္မော်အနေနဲ့ ပြန်ပြီး တာဝန် ယူစေချင်လို့ ပြောရတာပါ..."

"ကျွန်မညီမကတော့ ကိုလိမ္မော်အနေနဲ့ အဲဒီအကြောင်းတွေ ကို ဘာမှ မသိစေဖို့ ကျွန်မကို ပိတ်သွားပေမယ့်လည်း ဖခင်တစ် ယောက်အနေနဲ့ ကိုလိမ္မော်ဟာ ကိုယ့်ရင်သွေးအပေါ် စိမ်းကားမှာ မဟုတ်ဘူးလို့ ကျွန်မထင်တယ်လေ..."

"ကျွန်မတို့က ချမ်းသာနေရင်တော့လည်း ဒီအကြောင်းတွေ ကို ကိုလိမ္မော်ကို ဘာမှ ဖွင့်မပြောပါဘူး..."

"ကျွန်မရဲ့ညီမလေးဟာ ကိုလိမ္မော်အပေါ်မှာ အင်မတန် ချစ်ခင်စွဲလမ်းရှာတာပါ..."

"သူ့ခင်ဗျာ ကိုလိမ္မော်အပေါ်မှာ တစ်ဖက်သတ်အချစ်နဲ့ အနစ် နာခံရှာသွားပါတယ်..."

"အဲဒါလေးကို ထောက်ထားပြီး ကိုလိမ္မော်ရဲ့ ကျန်ရစ်တဲ့ သားလေးကိုတော့..."

"ကိုအောင်မြင့်..."

မမေကြည်မှာ ကိုလိမ္မော်အမှတ်နှင့် မိမိကိုသာ ကြည့်ပြီး စကားတွေဆိုနေလေ၍...

ကိုရဲထက်လှိုင်သည် ဘာမသိဘာမသိနှင့် အနေခက်ကာ ကိုအောင်မြင့်ကို ခေါ်မိရလေသည်။

ထိုအခါမှ ကိုအောင်မြင့်သည်လည်း အံ့သြမှင်တက်နေရာမှ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်သနစ်အမှန်ကို သိသွားရသလိုရှိပြီး…

"ဟို..ဟို ဒီ..ဒီက အစ်မကြီးပြောတာ မှား..မှားနေပါပြီ…"

"ရှင်.. ကျွန်မ ဘာမှားတာလဲ…"

"ကျွန်တော်တို့က ရန်ကုန်ကလာတာတော့ ဟုတ်ပါတယ်၊ ကိုလီမွှော်က လွှတ်လိုက်တာပါ…"

"ဟော်တော်..ဒါဖြင့် ဒီက ကိုလီမွှော် မဟုတ်ဘူးလား…"

"ကျွန်တော်က ရဲထက်လှိုင်ပါခင်ဗျာ…"

"ကျွန်မက ကိုလီမွှော်ဆိုတာလည်း တစ်ခါမှ မမြင်ဖူးဘူး၊ ညီမလေးပြောဖူးတာက ကိုလီမွှော်ဟာ အရပ်မြင့်မြင့် အသား ဖြူဖြူနဲ့ တော်တော်ချောတယ်လို့ ပြောထားတော့…"

"ကျွန်မက ရှင့်ကို ကိုလီမွှော်အမှတ်နဲ့ ပြောနေတော့တာပေါ့၊ ဒုက္ခပါပဲ၊ ဆောရီးရှင်၊ စိတ်မရှိပါနဲ့နော်…ကျွန်မတို့အိမ်ကလည်း ရန်ကုန်က ဧည့်သည်လာခဲတော့ ကျွန်မစိတ်ထဲ ကိုလီမွှော်ပဲ သတ်မှတ်လိုက်မိတာပါ…"

"ဟုတ်ကဲ့၊ ရပါတယ်ဗျာ၊ ဟောဒီမှာ ကိုလီမွှော်က ကျွန်တော်တို့နဲ့ ဒီငွေနဲ့ ဒီစာကို ပို့ခိုင်းလိုက်လို့ ကျွန်တော်တို့ လာပို့တာပါ…"

"အစ်မကြီးက ပြန်မှာစရာရှိရင်လည်း ကျွန်တော်တို့နဲ့ပဲ မှာလိုက်ပါလို့ ပြောပါတယ်…"

"သြော်..ဟုတ်ကဲ့၊ ဒါဆို ကျွန်မ စာလေးတစ်ကြောင်း နှစ်ကြောင်း မြန်မြန် ရေးပေးလိုက်မယ်နော်…"

"ဟင်း…"





ကိုရဲထက်လှိုင်သည် တွေးနေရာမှ သက်မမောကြီးအား ချလိုက်မိ၏။

စာထဲတွင် ဘာပြန်ရေးပေးလိုက်သည်ကိုတော့ ကိုရဲထက်လှိုင် မသိ။

သိစရာလည်း မလိုတော့အောင် ကိုလီမွှော်၏ ရာဇဝင် အကြောင်းက ပေါ်လွင်နေရချေပြီ မဟုတ်ပါလား။

ကိုရဲထက်လှိုင်သည် တရိပ်ရိပ်ကျန်ရစ်ခဲ့သော မြင်ကွင်းတွေဆီ အတွေးများနှင့် ငေးကြည့်နေဆဲမှ…

မိမိစွဲလမ်း မြတ်နိုးရသော စာရေးဆရာမလေး စောကို မြင်ယောင်လာမိရပါ၏။

ကိုရဲထက်လှိုင်သည် စော၏ တည်ငြိမ်ခြင်းနှင့် လှပလွန်းသော မျက်နှာလေးကို မြင်ယောင်လိုက်ရသည်နှင့်…

ကိုအောင်မြင့်ဘက်ကို ရုတ်ခနဲ ကြည့်မိလိုက်ရင်းက…

"ကိုအောင်မြင့်…"

"ဗျာ..ကိုရဲထက်လှိုင်…"

အတွေးများကိုယ်စီကြားမှ နှစ်ယောက်သား ခေါ်ထူးလိုက်ကြမိသည်။

"ကိုလီမွှော်ဟာ ဆရာမစောထက် အလျှင်ဦးတဲ့ အမျိုးသမီး တစ်ယောက် ရှိခဲ့တာပေါ့နော်…"

"အင်းလေ..လက်ရှိ ဆရာမနဲ့ရတဲ့ကလေးထက် ကြီးနေတဲ့ ကလေးတစ်ယောက် ရှိနေတာတော့ သေချာနေတာပေါ့…"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းတွေကို ဆရာမက သိရဲ့လား မသိဘူးနော် ကိုအောင်မြင့်…"

"ကျွန်တော်လည်း မပြောတတ်တော့ဘူး၊ ဒါပေမယ့် ကိုလိမ္မော်ဟာ နောက်ပိုင်းမှာ သိပ်ပြီး ငေးငိုင်မှိုင်တွေနေတာကို အမြဲ တွေ့နေရတယ်၊ ဒီကိစ္စတွေ ဆရာမ သိလို့ အိမ်ထောင်ရေး အဆင်မပြေ လို့ဘဲလားတော့ မသိဘူး…"

"မန္တလေးကို လာမယ့်ဆဲဆဲမှာ ဆရာမ ကလေးဖျက်လို့ ဆေးရုံတင်ထားရတယ်လေ၊ ဒါကြောင့် ကိုလိမ္မော် မန္တလေးကို မလိုက် နိုင်တော့တာ…"

"ဟင်…ဟုတ်လား၊ အေးဗျာ…ကိုလိမ္မော်ကို ကျွန်တော်က အထင်ကြီးမိတယ်၊ ဒီပုံအတိုင်းဆို ဆရာမတော့ သနားစရာပါပဲ…"

"ဒါပေမယ့်လည်း ဟိုတစ်ယောက်က ဆုံးသွားပြီဆိုတော့ ပြဿနာတော့ မရှိပါဘူးလေ…"

ကိုရဲထက်လှိုင်မှာ တစ်ကိုယ်တည်း စကားတွေဆိုနေမိသည်။

"ဒါပေမယ့်ဗျာ ဘာပဲဖြစ်ဖြစ် ဒီကိစ္စအတွက်တော့ ဆရာမ သိရင် ခွင့်လွှတ်နိုင်မယ်တော့ မထင်ဘူး…"

"ကိုလိမ္မော်ဟာ ဆရာမကို ဖွင့်ပြောဖို့အတွက် စိတ်ညစ် နေတာပဲလား၊ ဒါမှမဟုတ် ဆရာမသိလို့ အဆင်မပြေ ဖြစ်နေ တာပဲလား မပြောတတ်ဘူး…"

"မျက်နှာမကောင်းတာတော့ အမှန်ပဲ ပြီးတော့ ကျွန်တော်က ဒီစာ သွားပေးခိုင်းတာကလည်း ကျွန်တော် တစ်ယောက်တည်း





သွားပေးခိုင်းတာ…"

"ဘယ်သူ့ကိုမှလည်း ဒီအကြောင်းမပြောဖို့ ကိုလိမ္မော်က မှာလိုက်သေးတယ်…၊ ကျွန်တော်ကလည်း ခုလို ကိစ္စမျိုးကြီး မထင်တော့ ခင်ဗျားကို ခေါ်သွားမိတာပါ…"

"အေးလေ…ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ မသိသလိုဘဲ နေကြ တာပေါ့ဗျာ၊ ဟိုက ပြန်ပေးလိုက်တဲ့ စာကိုလည်း ကိုလိမ္မော်ဆီ ခင်ဗျား ပြန်ပေးရဦးမယ် မဟုတ်လား…"

"အင်း…"

"မသိသလိုဘဲ ပေးလိုက်ပေါ့ဗျာ၊ ကိုလိမ္မော်ကို ဒီလိုရှိလိမ့် မယ်လို့ ကျွန်တော် မထင်ဘူး…"

"ကျွန်တော်လည်း ဒီအတိုင်းပဲ ကိုရဲထက်လှိုင်၊ ကိုလိမ္မော်ကို ကျွန်တော် အထင်ကြီးမိတာပဲ…"

"အေးလေ၊ ဆုံးသွားတဲ့ အမျိုးသမီးနဲ့ ကိုလိမ္မော်တို့မှာ ဘယ်လိုအကြောင်းမျိုး ရှိခဲ့လို့လဲမှ မသိတာ…"

"ဟင်း…"

စကားအဆုံး၌ ကိုရဲထက်လှိုင်သည် လမ်းဘေးသို့ပြန်၍ ငေးကြည့်ကာ စော မျက်နှာလေးကို မြင်ယောင်ရင်း သက်မမောအား ချလိုက်၏။

သူ့အနေနှင့် အိမ်ထောင်ရှင် မိန်းမတစ်ယောက်ကိုမှ ချစ်ခဲ့ဖူး သမ်းမိသည် မှန်သော်လည်း…သူသည် လူ့ကျင့်ဝတ်ကိုတော့ စောင့်စည်းချိုးနှိမ်ထား နိုင်သူပါ။



www.burmeseclassic.com

www.burmeseclassic.com



ယုတ်ညံ့သောစိတ်ဖြင့် မျှော်လင့်သည်မျိုးတော့ မဟုတ်။ မပြောကောင်းမဆိုကောင်း၊ ကိုလိမ္မော်နှင့် စောတို့ အဆင်မပြေ၍ တရားဝင် ကွာရှင်းကြလျှင်…

စောတွင် ကလေးများ ပါလာပါစေ၊ သူ စောကို မြတ်နိုးစွာ လက်ထပ်၍ ဘဝတစ်လျှောက် လက်တွဲသွားချင်ပါ၏။

"ဟင်း··ဟင်း···"

ထိုအတွေးကြောင့် သူ့စိတ်များသည် ယုတ်ညံ့သွားလေပြီလားဟု စိတ်ဖြင့် သူသည် သူ့လိပ်ပြာပင် သူရှက်မိကာ တစ်ကိုယ်တည်း သက်မမောကို ချလျက် ခေါင်းကို ယမ်းနေမိလိုက်ပါ၏။

သူ့ရင်ထဲမှ ဝေဒနာကိုလည်း အပြစ်ပြ၍ မရနိုင်… သူ့ဝေဒနာအား ကိုအောင်မြင့် တစ်ယောက် သိရှိသွား၍လည်း မဖြစ်နိုင်ပါ။

သူသည် ကားပြတင်းပေါက်မှ အပြင်သို့ ငေးကြည့်ကာ တိတ်ဆိတ်စွာ ရှိနေသည်တွင်···ကိုအောင်မြင့်သည်လည်း တိတ်ဆိတ်စွာပင် ကားကို ဂရုစိုက်မောင်းနှင်နေပါလေ၏။ နှစ်ဦးသား၏ အတွေးထဲမတော့ ကိုလိမ္မော်၏ အကြောင်းတွေက ရှိနေကြသည်မှာ သေချာပါလေ၏။ ။





- နှစ်ဆယ် -

"ကလေးတစ်ယောက် ဖျက်တယ်ဆိုတာလည်း ကလေးမွေးသလိုပဲ ဂရုစိုက်ရတယ်သမီး၊ ပြီးတော့ ကလေးမွေးတာထက် ကလေးဖျက်တာက ပိုဆိုးတယ်၊ ကလေးဖျက်ထားတာက နှစ်ပတ်ကျော်ကျော်ပဲ ရှိသေးတယ်၊ သမီးက လျှောက်သွားနေပြီ၊ ကိုယ့်အိမ်မှာပဲ အနားယူပါလား သမီးရဲ့"

"ရပါတယ်မေမေ၊ စော ကျန်းမာနေပါတယ်၊ ထွေးထွေးကလည်း စောကို ဂရုစိုက်ပါတယ်၊ အိမ်မှာလည်း စော သက်သက်သာသာပဲ နေပါတယ်၊ အလုပ်တွေကို မောင်ကပဲ လုပ်ပါတယ်…"

"အင်း··မောင်လိမ္မော်ကလည်း အင်မတန်တော်ရှာတဲ့ ယောက်ျားကောင်း တစ်ယောက်ပါပဲကွယ်၊ ငါ့သမီး ကုသိုလ်ကောင်းတယ်…"

မေမေ့ စကားများကြောင့် စော ရင်ထဲ ထိခိုက်စွာ ငိုချချင်



www.burmeseclassic.com

www.burmeseclassic.com



ပါတော့သည်။

စောသည် အားလုံးနှင့် အကြည့်တွေ လွှဲနေလိုက်၏။

"သမီးရဲ့ ယောက္ခမတွေကလည်း အင်မတန်ကောင်းကြတယ်၊ ငါ့သမီးကို ချစ်ကြတယ်၊ သမီး ဆေးရုံတက်တုန်းကများ ဂရုစိုက်လိုက်ကြတာ၊ မောင်လိမ္မော့် ခင်ဗျာဆို နေ့မအိပ်ညမအိပ် သလောက်ပဲ..."

မောင့်အကြောင်းတွေဆိုလာ၍ စောသည် ဝမ်းနည်းခြင်းဖြင့် မေမေ့ ရှေ့မှ ထကာ ပြတင်းအနီး၌ သွားရောက် ရပ်နေလိုက်၏။

မောင်သည် စောကို ချစ်သည်။ စောကလည်း မောင့်ကို ချစ်သည်။ သို့သော်လည်း စော စိတ်ထဲတွင် မောင်သည် စောထက် ချို့အပေါ်၌သာ အချစ်များ သာခဲ့မည်ဟု စော ခံစားချက်ရှိနေရ၏။

ထိုအချက်ဖြင့် စောသည် မောင့်အပေါ်မှာ ဘယ်လိုမှ နားလည်ခွင့်လွှတ်နိုင်ခြင်း မရနိုင်ပါလေ...

စောသည် မောင့်အကြောင်းများ တွေးလေတိုင်း၌ ရှက်ခြင်းနှင့် ကြေကွဲရကာ မျက်ရည်များ စီးကျလာခဲ့ရပါ၏။

စောသည် မေမေ့ရှေ့၌ ထိန်းမနိုင်အောင် ငိုချလိုက်မိမည်ကို စိုး၍ မည်သူ့ကိုမှ နှုတ်မဆက်တော့ပဲ စောသည် အိမ်ထဲမှ ထွက်ခဲ့ လိုက်လေ၏။

"ဟဲ့ သမီး ဘယ်လဲ..."

"ဟင်..မမကြီး ဘယ်သွားမလို့လဲ..."

မေမေနှင့် ညီမတွေက လှမ်းမေးလိုက်ကြသော်လည်း စော





သည် မည်သို့မျှ မဆိုတော့ဘဲ ကားတံခါးကိုဖွင့်ကာ မောင်းထွက် ခဲ့လိုက်လေ၏။

ကားကို မောင်းထွက်ခဲ့ပြီးမှ စောသည် လွတ်လပ်စွာ ချုပ် တည်းထားရသမျှ မျက်ရည်များ ဝေါကနဲ ကျလာရပါတော့၏။

ဒေါ်မြကျင်သည် သမီးကြီးကို နားမလည်စွာကြည့်၍ ကျန်ခဲ့ သည်။ ထွေးထွေးသည်သာ နားလည်စွာ ကြည့်၍ ကျန်ရစ်ခဲ့ပါ၏။

ခြံထဲမှ စော ကားလေးမောင်းထွက်သွားသည်တွင် ထွေးထွေး သည် သက်မမောကို ချကာ မိခင်ဘက် ကြည့်လိုက်မိလေသည်။

စောကား မိခင်နှင့် ညီမများ မည်သို့ရှိကျန်ခဲ့မည်ကို မသိပါ တော့။

စော သည် ရှိုက်သံကလေးများပင် ထွက်အောင် အားပါးတရ တစ်ယောက်တည်း ငိုနေမိတော့သည်။

ထို့နောက် စောသည် လမ်းဘေးတစ်နေရာ၌ ကားကို ထိုးရပ် ကာ ဘာရယ်မဟုတ် တစ်ယောက်တည်း မျက်ရည်တို့ဖြင့် တွေငေး၍ နေပါလေတော့၏။

စော မည်မျှအထိ တွေငေးနေသည်မသိ၊ ကားလေးတစ်စီး သည် စော ကားနောက်နားတွင် ရပ်လာ သည်ကိုလည်း စော မသိ။ မျက်ရည်တွေ စီးကျရင်းနှင့်သာ စော ငေးမော၍ နေသည်။

ကားတံခါးဖွင့်ကာ ဆင်းလာသော ကိုရဲထက်လှိုင်သည် ကား မှန်ထဲကပင် စော၏ နွမ်းနယ် ငေးမောနေသော မျက်နှာလှလှလေးကို မြင်တွေ့နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



စော အနီးသို့ ကိုရဲထက်လှိုင် ရောက်လာသည်အထိ စော မသိရှာ။

"ဟင်..ဆရာမ ငိုနေတယ် ဟုတ်လား..."

"ဟင်..အို၊ ရှင်..ကိုရဲထက်လှိုင်..."

စောသည် လန့်ဖျပ်သွားဟန်လေးဖြင့် ကပျာကယာ မျက်ရည် တို့ကို သုတ်ပြီး အံ့ဩသော မျက်ရည်မျက်ဝန်းလေးတွေနှင့် ကြည့်ကာ ကိုရဲထက်လှိုင်ကို ဆိုသည်။

"ဆရာမ ကားရပ်ထားတာ မြင်လို့ ကျွန်တော် လာကြည့်တာ ပါ၊ ဆရာမကား ဘာဖြစ်လဲဟင်..."

"ဟင်းအင်း..ဘာမှ မဖြစ်ပါဘူး ကိုရဲထက်လှိုင်..."

စောဆိုရင်း ကိုရဲထက်လှိုင်ကို ကြည့်မိသည်တွင် ကိုရဲထက် လှိုင်သည်လည်း စောကို ငေးကာ နွေးထွေးသော အကြည့်တွေနှင့် ကြည့်နေမိလေ၏...

စောသည် ရင်ထဲ အနှောင့်အယှက်တစ်ခုလို ဖြစ်ကာ မျက်လွှာလေး သိမ်းသွားရရှာ၏။

"ဆရာမ..."

နူးညံ့နွေးထွေးသော အသံနှင့် ကိုရဲထက်လှိုင် ခေါ်လာသည်။

စောရင်ထဲ ပို၍ ဝမ်းနည်းကာ ငိုချလိုက်ချင်သလိုလည်း ဖြစ်မိသည်။

ကိုရဲထက်လှိုင်နှင့် ဝေးရာကိုလည်း ထွက်သွားမိချင်သည် ဖြစ်မိ၏။





စောသည် ရင်ထဲ ခွဲခြားမရသော ခံစားမှုတို့ ရှိနေဆဲကပင် မျက်ရည်တွေသည် ဝေါကနဲ စီးဆင်းကျလာကြကုန်၏။

ကိုရဲထက်လှိုင်သည် မြစ်ကလေးနှစ်သွယ် ဖြာစီးနေသော စော မျက်နှာလေးဆီ ထိန်းချုပ်ထားကာ မြတ်နိုးမှု မျက်ဝန်းတို့နှင့် ကြည့်နေဆဲမှ...

အင်္ကျီအိတ်ထဲမှ ပုဝါဖြူကို ထုတ်ယူကာ စော မျက်နှာလေးမှ စီးနေသော မျက်ရည်တွေကို ဖွဖွသုတ်ပေးလာ၏။

"အို..."

ကိုရဲထက်လှိုင်၏ ကြင်နာမှုများအတွက် စောသည် ကြေကွဲ ဝမ်းနည်းနေသည့်ကြားမှ ကတုန်ကရင်လေး ဖြစ်သွားရပါလေ၏။

"ဆရာမ..."

"ကို..ကိုရဲထက်လှိုင်၊ကျေးဇူးတင်ပါတယ်၊ စော သွား တော့မယ်၊ စောကို ခွင့်ပြုပါ..."

စကားအဆုံး၌ စောသည် ကားစက်ကို နှိုးကာ ကိုရဲထက်လှိုင် အနီးမှ ကားလေးအား လျှောကနဲ မောင်းထွက်သွားလိုက်ပါတော့ သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



- နှစ်ဆယ့်တစ် -

"ဆရာမ…"

"ဟင်…ကိုရဲထက်လှိုင်…"

သမီးလေးကို မူကြိုကျောင်းသို့ ပို့ပြီး စော ပြန်အထွက် ဂိတ်ဝတွင် စောင့်ကာ ခေါ်လိုက်သံကြောင့်…

စောသည် ကိုရဲထက်လှိုင်အား အံ့သြစွာ တွေ့လိုက်ရလေ၍ ရင်ထဲ မောသလို အနှောင့်အယှက်လေးတစ်ခု ခံစားလိုက်ရပါလေ၏။

"ဆရာမ…သမီးကို ကျောင်းလာပို့တာလား…"

"ဟုတ်တယ်လေ၊ ကိုရဲထက်လှိုင်ကော ဘယ်လဲ…"

"ကျွန်တော်က ဆရာမနဲ့တွေ့ဖို့ တမင်လာစောင့်နေတာပါ"

"ရှင်…ဘာကိစ္စ ရှိလို့လဲ…"

"အထွေအထူးတော့ မဟုတ်ဘူးလေ၊ ကျွန်တော် ဆရာမနဲ့





စကားပြောတဲ့ သက်သက်ပါ…"

"ဟင်း…"

ရင်ထဲ သက်မမောအား စော ကြိတ်ချလိုက်၏။

"ဆရာမ ကျွန်တော့်ကြောင့် အနှောင့်အယှက်ဖြစ်လားဟင်"

သူမေးတော့ သူ့ကို အားနာသွားရသလိုလိုရယ် စော ဖြစ်မိသည်။

"အနှောင့်အယှက်ရယ်လို့တော့ မဟုတ်ပါဘူးရှင်…"

မရည်ရွယ်ပါဘဲနှင့် စော နှုတ်မှ အလိုလို ထွက်သွားရလေ၏။

"ဒါဖြင့် ကျွန်တော်တို့ စားသောက်ဆိုင် တစ်ခုခုမှာ ခဏဝင်ပြီး စကားပြောကြရအောင်နော်…"

"ဟင်း…"

သက်မမောနှင့်ဝင် သူ့ကို အားနာစွာဖြင့် စောသည် ခေါင်းညိတ်ပြလိုက် ရပြန်ပါ၏။

ကျောင်းနှင့် မနီးမဝေးတွင် ရှိသော နန်းကြီးသုတ်ဆိုင်နှင့် စားသောက်စရာ မျိုးစုံရောင်းသော ဆိုင်ထဲသို့ လမ်းလျှောက်၍ သူတို့ လာခဲ့ကြ၏။

ဆိုထဲ ရောက်သည်တွင် လူရှင်းသော စားပွဲတွင် သူတို့ ထိုင်လိုက်ကြပြီး…

"ကိုရဲထက်လှိုင်၊ စောတော့ မစားဘူးနော်၊ အိမ်မှာ စားလာခဲ့ပြီ…"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမစားလည်း ကျွန်တော်နဲ့အတူ ကော်ဖီလေးတော့ ထပ်သောက်ပါဗျာ…"

သူ့စကားကို စော မငြင်းသာပြန်ပါ။

ကော်ဖီနှင့် မုန့်တွေကို သူ မှာလိုက်သည်။တအောင့်ကြာသည်တွင် ကော်ဖီနှစ်ခွက်ရောက်လာပြီး ကော်ဖီကို ဇွန်းကလေးတွေနှင့် ခေါက်နေရင်းက…

"ဆရာမ…"

"ရှင်…"

"ဆရာမ အခုကော စာတွေရေးနေသေးလားဟင်…"

"ဟုတ်ကဲ့၊ ရေးပါတယ်…"

"ဆရာမ ဆေးရုံတက်ရသေးတယ်ဆို…"

"ဟုတ်ကဲ့၊ ကိုရဲထက်လွှိုင်က ဘယ်လို သိလဲ…"

"ဒီလိုပဲ ပြောသံကြားရတာပဲလေ၊ ဒီတုန်းက ကျွန်တော် မန္တလေး သွားနေလို့၊ နို့မို့ဆိုရင် ကျွန်တော် လာကြည့်ပါတယ်…"

"ကျေးဇူးတင်ပါတယ် ရှင်…"

"ဆရာမ ဆေးရုံက ဆင်းလာတာ မကြာသေးဘူးပေါ့နော်"

"ခုဆိုရင် တစ်လနီးပါးတော့ ရှိပြီလေ…"

"ဆေးရုံတက်ထားရတယ်ဆိုတော့ ဆရာမရယ် နည်းနည်း နားနားနေနေ နေဦးပေါ့၊ စာတွေ မရေးသေးနဲ့ဦးပေါ့…"

"ဟုတ်ကဲ့၊ ကိုရဲထက်လွှိုင်ရဲ့ စေတနာနဲ့ အကြံပေးတာ စော ကျေးဇူးတင်ပါတယ် ရှင်…"





စကားတွေပြောရင်း သူတို့ ကော်ဖီသောက် ပြီးသွားကြသည်။

စောသည် ကိုရဲထက်လွှိုင်နှင့် မျက်နှာချင်းဆိုင်တွင် နေနေရသည်မှာ စိတ်ထဲ ကျဉ်းကြပ်သလို ရှိနေရသည်မို့…

"ကဲ…ကိုရဲထက်လွှိုင်၊ စော စာပေတိုက်ကို သွားစရာရှိလို့ စောကို ခွင့်ပြုပါဦးနော်…"

"ဟုတ်ကဲ့၊ ကျွန်တော် မနက်ဖြန်လည်း ဆရာမနဲ့ ခုလို အချိန်လေးမှာ စကားပြောချင်ပါသေးတယ်…"

"အို…"

စောသည် သူ့စကားတွေကြောင့် ဘာပြောရမှန်းမသိအောင် အနေခက်စွာဖြင့် သူ့ရှေ့မှ ခပ်သွက်သွက်လေး ထွက်ခဲ့လိုက်ပါတော့၏။

နောက်တစ်နေ့…

စော စိတ်ညစ်သွားသည်။

မှန်သည်။

ကိုရဲထက်လွှိုင်သည် သူ ပြောခဲ့သော စကားအတိုင်း သည်နေ့သည်း ကျောင်းဂိတ်၌ လာရောက်ကာ စောင့်နေသည် မဟုတ်ပါလား။

ဘာကြောင့်ရယ် မသိ။ သူ ဖိတ်တော့လည်း စော မငြင်းသာ။ သူနှင့်အတူ စားသောက်ဆိုင်လေးဆီသို့ ရောက်လာခဲ့ရပြန်ပါသည်။

စော စိတ်ထဲ စော သူ့ကို အားနာနေမိခြင်းကြောင့်သာပါဟု စောကိုယ်စောတော့ အသိဆုံးပါလေ။

သူ့မျက်ဝန်းညို အကြည့်တွေက သူ့ရင်မှ ခံစားမှုအား ဖော်ပြနေသော်လည်း…



www.burmeseclassic.com

www.burmeseclassic.com



သူ့အသွင်ကဖြင့် တည်ငြိမ်အေးဆေးသည်။ သန့်ပြန့်ချော့မွေ့၍ နေသည်။

ထိုအတွက် စောသည် အနေရခက်သလိုလိုနှင့် သူ့ကို ပြောရဲဆိုရဲတော့လည်း ရှိမိပါ၏။

မနေ့က ထိုင်ဖြစ်ကြသော စားပွဲလေး၌ပင် ထိုင်ရင်း သူက…

"ဆရာမ…"

"ရှင်…"

"ဆရာမ စာရေးတော့ ဘယ်လိုရေးလဲဟင်…"

"ဒီလိုပဲ စာအုပ်နဲ့ ဘောလ်ပင်နဲ့ပဲ ရေးတာပေါ့…"

"ကွန်ပျူတာ မရိုက်ဘူးလား…"

"ဟင်အင်း၊ လက်နဲ့ပဲ ရေးတယ်…"

"ဇာတ်လမ်းတွေကကော ဘယ်ကဘယ်လိုယူပြီး စီစဉ်သလဲဟင်…"

"ဒါကတော့ စောကိုအနေနဲ့ကလည်း အိမ်ထောင်ရှင်ပဲလေ၊ ကိုယ့်ဟာကိုယ် အနည်းနဲ့အများ ခံစားချက်နဲ့ ရေးတာ ရှိသလို…"

"နိုင်ငံခြား ရုပ်ရှင်တွေ၊ ဝတ္ထုတွေကနေ မှီငြမ်းတာမျိုးလည်း ရှိပါတယ်…"

"တိုက်ရိုက်ဘာသာပြန် ခံစားရေးသားတာတွေလည်းရှိတယ်…"

"သြော်… အင်း… ဒါပေါ့လေ၊ တစ်တိုင်းပြည်နဲ့ တစ်တိုင်း





ပြည်က စာပေအနုပညာတွေဟာ ပြန့်ပွားဆက်နွယ်နေတာကိုတော့ ကျွန်တော်လည်း သဘောပေါက်ပါတယ်…"

"ဒါနဲ့ ဆရာမ ဝတ္ထုရေးရင် ဘယ်လောက်ကြာလဲဟင်၊ ဝတ္ထုချင်းတစ်ပုဒ်ရေးရင် ဆိုပါတော့…"

"ဒါကတော့ နေ့စဉ်မှန်မှန်အလုပ်လုပ်တဲ့ အပေါ်မှာပဲ မူတည်ပါတယ်၊ စော အနေနဲ့ကတော့ နေ့စဉ်မှန်မှန်လည်း အလုပ်လုပ်တယ်၊ တစ်နေ့ကို တစ်ခန်းနှုန်းနဲ့ ရေးတယ်ပဲထား၊ ဝတ္ထုတစ်ပုဒ်မှာ အခန်းသုံးဆယ်ရှိတယ်ဆိုရင် တစ်လနဲ့ ပြီးတာပဲလေ…"

"တစ်နေ့ကို နှစ်ခန်းသုံးခန်း ကိုယ်ရေးနိုင်ရင် ရေးနိုင်သလို မြန်မြန်ပြီးနိုင်တာပေါ့…"

"အလုပ်မလုပ်ပဲ နေရင်တော့ ဘယ်ပြီးမလဲရှင့်၊ စိတ်မပါဘူး၊ စိတ်ပါမှ ရေးတဲ့သူအဖို့ကတော့ သုံးလေးလကြာမှ တစ်အုပ်ပြီးမှာပေါ့…"

"ဆရာမကတော့ နေ့စဉ်ရေးနေတာပေါ့နော်…"

"ဟုတ်တယ်…"

"ဇာတ်လမ်းတွေကို ဘယ်လိုရှာမလဲဟင်…"

"စောစောကပြောတယ်လေ၊ ဗွီဒီယို၊ ရုပ်ရှင်၊ စာအုပ်တွေ ဆိုတာလို…"

"ပြီးတော့ ပြောရမယ်ဆိုရင် စာရေးသူတစ်ယောက်ဟာ စိတ်ကူးလည်း ယဉ်တတ်ရတယ်ပေါ့…"

"စာရေးသူတစ်ယောက် စိတ်ကူးယဉ်တတ်ဖို့ဟာ အဓိ



www.burmeseclassic.com

www.burmeseclassic.com



ကပဲ…”

“ဒါမှ စာတွေကို ပိုရေးနိုင်တယ်၊ နောက်ပြီး ဇာတ်လမ်းတ
ပုဒ်ကို ရေးနေရင်လည်း ဦးနှောက်နဲ့လက်က အလိုလိုအတွေးပေါ
ပြီး ရေးနိုင်တယ်…”

“ဒါဆို ဆရာမ ရေးတာတွေကကော စိတ်ကူးယဉ်တွေ
လားဟင်…”

“ဒါတော့ရှင်၊ စိတ်ကူးယဉ်တွေရှိသလို၊ ကိုယ်တိုင်ခံစား
တွေလည်း ပါမယ်လေ…”

“ဪ…အင်း၊ ကျွန်တော်လည်း စာသိပ်ရေးချင်တယ်
အထူးသဖြင့် ကျွန်တော့်ခံစားမှုတွေကို ကျွန်တော် ရေးချင်တယ်…”

“ကျွန်တော်ရေးရင် စာအုပ်တစ်အုပ် ဖြစ်လာနိုင်မလား
ဆရာမ…”

“ဒါကတော့ ကိုရဲထက်လှိုင်အပေါ်မှာပဲ မူတည်တာပဲ
ကဲ…စောမှာ အလုပ်ရှိသေးလို့ ခွင့်ပြုပါဦး ကိုရဲထက်လှိုင်…”

“ဆရာမ…”

စော ဆိုရင်း ထိုင်ရာမှ ထသည်တွင် ကိုရဲထက်လှိုင်သ
လိုက်ထပြီး စောကို ခေါ်သည်။

စောသည် ဆိုင်ထဲမှထွက်ခဲ့ရင်း ကိုရဲထက်လှိုင်ကို တစ်ချ
မော်ကြည့်လိုက်သည်တွင်…

သူက…

“ကျွန်တော့်အကြောင်းကို ကျွန်တော်ရေးနိုင်ဖို့ ဆရာ





နှ်တော်နေ့စဉ် တွေ့ပြီး ဆွေးနွေးရမှာပဲ…”

“ဒါမှ ဆရာမပြောတဲ့ သဘောတရားတွေ ကျွန်တော်
းလည်ပြီး အမြန်ဆုံးရေးနိုင်မယ်လေ…”

သူက လေးနက်စွာဆိုသည်။

စော ရင်ထဲမတော့ သက်မမောများအား အကြိမ်ကြိမ်
ှိုသာ နေမိရပါလေ၏။

သူစကားအတိုင်းပင်…နောက်နေ့၊ နောက်ရက်များတွင်မလည်း
သည်…စောအား နေ့စဉ်စောင့်၍ စကားတွေပြော နေကျပါ။

သမီးလေးအား ကျောင်းကြိုကျောင်းပို့ အချိန်တိုင်း၌ ကိုရဲထက်
သည် စောနှင့်စကားပြောရန် စောကို တကူးတက ကြိုတင်၍
စောင့်နေတတ်၏။

စော နောက်တွက် ကိုရဲထက်လှိုင်သည် တကောက်ကောက်
လိုက်နေတတ်သလို ဖြစ်နေမှန်းမသိ ဖြစ်နေပါပြီ။

မှန်သည်…

ကိုရဲထက်လှိုင်နှင့် စောတို့၏ စုံတွဲလှလှ သတင်းလေးကား
သတင်း လေညင်းဆောင်သည့်နှယ် တစ်ဦးမှတစ်ဦး တစ်ဆင့်
းတစ်ဆင့်ဖြင့် လူအများသို့ အတွေးအမြင်များနှင့်အတူ ပျံ့လွင့်လျက်
နေတော့သည်တကား။ ။



www.burmeseclassic.com

www.burmeseclassic.com



- နှစ်ဆယ့်နှစ် -

ကိုရဲထက်လှိုင်နှင့် ချစ်ဖနီးစော အကြောင်းများကို ကိုလိ...
သည်လည်း ကြားနေရပါပြီ။

ချစ်ဖနီးစောကို သူ ယုံကြည်သည်။ သူ စိတ်ချသည်...

သို့သော်လည်း သူ စိုးရိမ်သည်။ ထိခိုက် ကြေကွဲ...
ဆတက်ထမ်းပိုး ကြီးထွားလာရပါ၏။

သူ ကိုယ်နှိုက်က ချိုနှင့် မမျှော်လင့်သော အတိတ်က...
လေတော့···

စော သူ့ကို ကလဲ့စားချေပြီလား၊ စော တစ်ဖွတ်ထိုး...
လား···

သူ စိုးရိမ်ခြင်းပါ။

ကိုရဲထက်လှိုင်နှင့် ပတ်သက်ပြီး စောသည် သူ့ကို...





လမ်းခွဲစကားများ ဆိုလာလေတော့မလား···

တဲတွေးတစ်ချက်ကို မျိုချကာ ကိုလိမ္မော်သည် ထိခိုက်စွာ တွေးနေမိရပါ၏။

တစ်ဖက်တွင်မှာလည်း ကိုအောင်မြင့် မန္တလေးက ပြန်လာစဉ်က မေကြည် ပေးလိုက်သော စာထဲတွင် ဒီဇင်ဘာ ကျောင်းပိတ်လျှင် သားကို လာခေါ်ရန် ထပ်ဆင့်၍ တောင်းဆိုထားသည်။

အမိမဲ့ဖြစ်သော သားတစ်ယောက်အတွက် ဖခင်တစ်ယောက် အနေနှင့် တာဝန်ဝတ္တရားတွေကို ကိုလိမ္မော် နားလည်လက်ခံပါသည်။

ချိုနှင့် အဖြစ်ကို ကိုလိမ္မော်သည် သတိတယရယ် မရှိသော်လည်း ဖြစ်ခဲ့ကြဖူးသည်ဟူသော အသိကဖြင့် ရှိပါ၏။

ထို့အတွက် သားကို သူ လက်ခံသည်။ ချိုနှင့်ပတ်သက်၍ အကျင့်စာရိတ္တကို သူ သိသည်ပဲလေ။

သားကိုခေါ်ရန်အတွက် အနည်းငယ်အချိန်ပေးဖို့ မမေကြည်ထံ သူ စာရေးလိုက်သော်လည်း မမေကြည် လက်ခံပုံမပေါ်။

ဖခင်နှလုံးသားရှိသူအတွက် သားအပေါ်၌ ထားရှိရမည့် မေတ္တာ စေတနာတွေကို သူ နားလည်ပါသည်။

သို့သော်လည်း သားကိုခေါ်ရန် ချစ်ဖနီးစောအား သူ မည်သို့ ပြောဆိုဝံ့ပါမည်နည်း။

စောသည် ထိုအတွက်ပင် သူ့ကို ယနေ့ထက်တိုင် စိမ်းကားနေ ခဲ့ မဟုတ်ပါလား···

ကိုရဲထက်လှိုင်နှင့် စောတို့အကြောင်းက ပေါ်လာ ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



စော သူ့ကို စွန့်ပစ်တော့မည်လား၊ လမ်းခွဲစကားဆိုတော့မည်လား…

သူ စိုးရိမ်ကြောင့်ကြမိပါ၏။

တကယ်တော့ သူ့အနေနှင့်ချစ်ဇနီး စောကိုသာ အချစ်ဦး အချစ်ဆုံး…

ဘယ်မိန်းမကိုမှ သူ စိတ်ဝင်စားခြင်း၊ စိတ်လှုပ်ရှားခြင်းလည်း မရှိဖူးခဲ့သည်က အမှန်ပါ။

ချို့နှင့် သူ့အဖြစ်ကတော့ ဘယ်ပုံဘယ်နည်းဖြစ်သွားရသည် ခံစားမှုကိုပင် သူ့ကိုယ်သူ အဖြေရှာမရပါလေ။

သူ ဘာကိုမှ မပြောတတ်အောင်ပါ။

စောရယ်…မောင် ဘယ်လိုတောင်းပန်ရမလဲ၊ မောင် ဘယ်လို ရှင်းပြရမလဲကွယ်…

စောကို မောင်ချစ်တယ်၊ စောကို မောင်ချစ်တယ်…

စော မောင့်ကိုမစွန့်ပစ်ပါနဲ့၊ စောနဲ့မောင် ကွေကွင်းပြီး မနေ ရစေနဲ့ အချစ်ရယ်၊ စောနဲ့မောင် ကွေကွင်းရရင် မောင် ရူးမယ်၊ မောင် စောကို တောင်းပန်ပါရစေ…

အခန်းဝ၌ ဦးငွေလရောင်သည် ကိုလိမ္မော်အား အတန်ကြာ ကြာ ရပ်ကြည့်သွားပြီး ထွက်သွားသည်ကို ကိုလိမ္မော် မတွေ့ လိုက်ပါလေ…

"ကိုလိမ္မော်…"

အခန်းထဲသို့ ခေါ်သံနှင့်အတူ ကိုအောင်မြင့် ဝင်လာသည်။





"ဩော်…ကိုအောင်မြင့်၊ ပြန်တော့မလို့လား…"

"ဟုတ်တယ်၊ ကိုလိမ္မော်ရော မပြန်သေးဘူးလား…"

"အင်း…ကျွန်တော်လည်း ပြန်တော့မှာပါ…"

လေးတွဲစွာဆိုရင်း နေးဖင့်စွာဖြင့် ပစ္စည်းတွေသိမ်းဆည်းကာ စားပွဲမှ ထခဲ့လိုက်သည်။

"ကိုလိမ္မော်…"

"ဗျာ…"

"ကိုလိမ္မော် စိတ်ချမ်းသာဖို့ အတွက် အနားယူဖို့ကောင်း တယ်"

ချစ်ဇနီးအကြောင်းနှင့် သူ့အကြောင်းတွေကို သိနေပြီဖြစ်သော ကိုအောင်မြင့်အား သူသည် မကြည့်မိ။

အလိုက်သိစွာနှင့်ပင် ကိုအောင်မြင့်သည်လည်း စကားမဆို တော့ပါ။

ကိုရဲထက်လှိုင်၏ဖခင် ဦးငွေလရောင်၏ ကိုရဲထက်လှိုင် အပေါ်ထားရှိသော သဘောထားကိုလည်း သိနေရပြီ မဟုတ်ပါလား။

ကိုလိမ္မော် စိတ်ထိခိုက်မည်စိုး၍ ကိုအောင်မြင့်သည် စကား မဆိုတော့ပါ။

ကားနားရောက်သည်တွင် စိတ်နှင့်ကိုယ် ကင်းကွာနေဟန်ဖြင့် ကိုလိမ္မော်သည် ကိုအောင်မြင့် နှုတ်မဆက်ဖြစ်တော့…

ကားကို မောင်းထွက်ခဲ့လိုက်လေ၏။

ကိုလိမ္မော်သည် စိတ်ထိခိုက်ခြင်း များစွာတို့ဖြင့် လမ်းတစ်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်၌ ချစ်ဇနီးအကြောင်းများသာ တွေးရင်း ကားကို မှန်မှန် မောင်းနှင်လာခဲ့ရာ…

အင်းလျားကန်ပေါင် လမ်းမကြီးတစ်နေရာ၌ တွေ့လိုက်ရသော မြင်ကွင်းကြောင့်…

မြင်တွေ့နေရသော မြင်ကွင်းအတွက် ကိုလိမ္မော်သည် ဒေါသ မဖြစ်၊ ကြေကွဲဝမ်းနည်းမှုသာ ရင်၌ လှိုက်လှဲ့နေ၏။ မှန်သည်။

ကိုလိမ္မော် မြင်တွေ့နေရသော မြင်ကွင်းကား အခြားမဟုတ်။ လူတွေပြောနေကြသည့် ကိုရဲထက်လှိုင်နှင့် ချစ်ဇနီးကလေး။ ပြီးတော့ သမီးလေးပါ ပါသေးသည်။

ကိုရဲထက်လှိုင်သည် စောနှင့် သမီးလေးတို့အတွက် ကိုယ်တိုင် ကားတံခါးကို ဖွင့်ပေးပြီး ကားထဲ ဝင်စေကာ အင်းလျားကန်ပေါင် နံဘေးမှ ကားလေးအား မောင်းနှင်ထွက်သွားလိုက်သည် မဟုတ်ပါလား။

ကိုရဲထက်လှိုင်၊ စောနှင့် သမီးလေးတို့သည် အင်းလျားကန် ပေါင်၌ တူတူလမ်းလျှောက်ကြပြီး၍ ပြန်သွားကြဟန် ရှိပါ၏။

ကိုလိမ္မော်သည် ကားလေး ထွက်သွားသည်အထိ မျက်ရည် တို့ဝဲကာ ငေးကြည့်နေမိသည်။ အတန်ကြာလေမှ သူ့မျက်ဝန်းဝယ် စွတ်စိုနေရသည်ကို သူ သတိထားမိလာ၏။

ဪ… သူ ငိုနေမိသည်ပဲ…

စောရယ် မောင်မှားပါတယ်။ ဒီအမှားအတွက် မောင် ဘယ်လို တောင်းပန်ရမလဲကွယ်…





ရင်ဝယ်ကြေကွဲစွာ သူဆိုရင်း နေရာမှကားလေးကို ဖြည်းဖြည်း ပင် မောင်းနှင်ထွက်ခဲ့လိုက်လေ၏။

သူ အိမ်နား ရောက်ခါနီးတွင် ကိုရဲထက်လှိုင်၏ ကားလေး ပြန်လာသည်ကို လမ်းတွင် သူတွေ့လိုက်ရသည်။

ရင်၌ အတိုင်းမသိသော ကြေကွဲခြင်းကို ခံစားလိုက်ရပါ၏။ သူ အိမ်သို့ ပြန်ရောက်လာသည်တွင် သမီးလေးသည် ရေချိုးပြီး၍ သူ့ကို ထွက်ကြိုနေ၏။

"ဖေဖေ…"

"သမီး…"

"ဟင်…ဖေဖေ နေမကောင်းဘူးလားဟင်၊ ဖေဖေ့ မျက်လုံးတွေ နီနေတယ်…"

"ကောင်းပါတယ် သမီးရယ်၊ ပိုးကောင်ဝင်သွားလို့ပါ သမီး"

"ရှင်…ဖေဖေ…"

"မေမေကော…"

"မေမေ ရေချိုးနေတယ်၊ အခု ပြီးပြီလား မသိဘူး…"

"ဒါဖြင့် သမီးလေး ခြံထဲဆင်းကစားချင် စကားနေနော်၊ ဖေဖေ ရေချိုးလိုက်ဦးမယ်…"

"ဟုတ်ကဲ့ ဖေဖေ…"

သမီးလေးကို ထားခဲ့ပြီး သူ အခန်းထဲ ဝင်လာသည်တွင် စောသည် ရေချိုးပြီး၍ သနပ်ခါးလူးနေသည်ကို သူ တွေ့လိုက်ရသည်။

သူ့ခြေသံဖွဖွကို ကြားသည်တွင် စောသည် သူ့ကို လှည့်



www.burmeseclassic.com

www.burmeseclassic.com



မကြည့်။ တစ်ချက်မျှစောင်းငဲ့သလို ကြည့်ပြီး…

အင်္ကျီကို စော ဝတ်လိုက်သည်။

"ဟင်း…"

သူသည် သက်မမော်ကိုချရင်း စော အနီးသို့ သွားချင်သော်လည်း မသွားရဲသလို ရှိနေရ၏။

စောသည် တိတ်ဆိတ်စွာပင် အခန်းထဲမှ ထွက်သွားလိုက်သည်။

သူ ရေကိုမြန်မြန်ချိုး အဝတ်လဲပြီး အခန်းထဲမှထွက်လာသည်တွင် ထမင်းစားခန်းထဲ၌ အသံတွေကြားနေရ၍ ထမင်းစားခန်းထဲ သူ ဝင်လာ၏။

စောနှင့် သမီးက ထမင်းစားနေကြပြီ။ သူ ရောက်လာတော့ သူ့အတွက် ထမင်းကို စော ခူးထည့် ပေးသည်။

ယခင်က မိသားစုလေး သုံးယောက် ထမင်းဝိုင်းသည် စိုပြည်မှုရှိသော်လည်း ယခုမူ ခြောက်သွေ့နေ၏။

စောသည် တိတ်ဆိတ်စွာ ထမင်းကိုပင် မြန်မြန်လေး စားနေသည်။

သူက စောကို ကြည့်သည်။ ပြီးတော့ သမီးလေးဆီ ကြည့်မိတော့…

သမီးလေးမှာ မိဘနှစ်ပါးကို မျက်ဝန်းဝိုင်းဝိုင်းလေးတွေနှင့် ကြည့်နေသည်ကို သူ တွေ့လိုက်ရလေသည်။

သမီးလေးမှာ မိဘနှစ်ပါးအား အကဲခတ်နေပြီလား…





ညည မိဘနှစ်ပါးမှာ ခွဲအိပ်နေကြသည်ကို သမီးလေး ဘာမှ မသိ၊ သမီးလေး အိပ်ပြီးမှသာ သူတို့ အိပ်ရာဝင်ကြရသည် မဟုတ်ပါလား။

ခြောက်သွေ့သော ထမင်းဝိုင်းလေး ပြီးသွားသည်တွင် စောက သမီးကို စာသင်ပေးသည်။

ကိုလိမ္မော်သည် စာရင်းအင်းများ လုပ်နေရာမှ တစ်ချီတစ်ချီ သမီးနှင့်စောတို့ထံ ငေးကြည့်မိသည်။

သူ့အနေနှင့် စောကို စကားပြောရန် အချိန်တို့ကို စောင့်နေရသည် မဟုတ်ပါလား။

တစ်စတစ်စ အချိန်များ ကုန်သွားသည်နှင့် စောသည် သမီးလေးကို သိပ်လိုက်သည်။

သမီးလေး အိပ်ပျော်သွားသည်နှင့် စောသည် သမီးလေး အခန်းမှ ထွက်ကာ အခန်းထဲဝင်မည်အပြု…

"စော…"

သူ ခေါ်သည်ကို စော မထူးဘဲ အခန်းထဲသာ လှမ်းဝင်သွားသည်။

စော၏ စိမ်းကားလှစ်လျူရှုမှုအား သူ ဝမ်းနည်းထိခိုက်ခြင်းနှင့်ဝင် စော အခန်းထဲသို့ သူ လိုက်ဝင်သွားသည်။

"စော‥စောကို မောင် စကားနည်းနည်း ပြောပါရစေ…"

"ပြောလေ…"

"စော မောင့်ကို စကားတောင် မပြောချင် တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



လားကွယ်…"

"ဒါကတော့ စောရဲ့ခံစားမှုကို ကိုယ်ချင်းစာကြည့်စေချင်တယ်…"

စောဆိုတော့ ထိခိုက်စွာ သူ ခေါင်းညိတ်သည်။ ပြီးမှ စောအနီး သူတိုးသွား…

"စော မောင့်ကို စွန့်ပစ်ဖို့ ကြိုးစားပြီလားကွယ်…"

သူ ဆိုတော့ စောသည် သူ့ကို အံ့ဩဟန်လေးနှင့် ကြည့်လာပြီး…

"စောကို ဘာတွေ လာပြောနေတာလဲ…"

"မောင် စောကို ချစ်တယ်၊ ယုံကြည်တယ်၊ စောနဲ့ ကိုရဲထက် လှိုင် အကြောင်းတွေကို မောင် ကြားနေရတယ် စောရယ်"

"ဟင်…စောနဲ့ ကိုရဲထက်လှိုင်တို့က ဘာဖြစ်နေကြလို့လဲ"

"မောင်မသိဘူး၊ စောကို မောင် ယုံကြည်တယ်၊ ဒါပေမယ့် ခုည ကိုရဲထက်လှိုင်ကားနဲ့ စော ပြန်လာတယ်မဟုတ်လား…"

"ဟုတ်တယ်လေ၊ နေ့လယ်ကပဲ စော ကားပျက်နေလို့ ဝပ်ရှော့ပို့ထားလိုက်တယ်၊ သမီးကို ကားငှားပြီး စော သွားကြိုတော့ ကိုရဲထက်လှိုင်က အဲဒီမှာ စောင့်နေတာနဲ့ စောတို့ သားအမိကို ပို့ပေးပါရစေဆိုလို့ စောလည်း လိုက်ခဲ့တာပါ…"

"စောတို့ ကန်ပေါင်မှာ လမ်းလျှောက်ကြသေးတယ် မဟုတ်လား…"

"ဟုတ်တယ်၊ စောရဲ့ခေါင်းထဲလည်း မကြည်လင်လို့ စော





လမ်းလျှောက်တာပါ၊ သမီးလည်းပါတယ်၊ စော လမ်းလျှောက်ရုံနဲ့တော့ ကလေးတစ်ယောက် စော မမွေးရပါဘူးလေ…"

"စောရယ်၊ မောင့်ကို မသရော်ပါနဲ့၊ ထိခိုက်အောင် မပြောပါနဲ့၊ မောင်ဟာ ဒီအတွက် အားနည်းချက်ရှိနေပြီးသားပါ…"

"စော မောင့်ကို အနိုင်ယူပါ၊ စောကို မောင် မကျေနပ်လို့ ပြောနေတာမဟုတ်ပါဘူး၊ ဒါပေမယ့် မောင် စိုးရိမ်တယ်…"

"စော မောင့်ကို စွန့်ပစ်မှာ မောင် သိပ်ကြောက်တယ်…"

သူ ဆိုရင်း စော လက်ကလေးကိုဆွဲယူလိုက်သည်တွင် စောသည် သည်တစ်ချီမတော့ ငြိမ်သက်စွာ နေပြီးမှ…

"အို…စောကို မထိပါနဲ့၊ စော နားလည်မှုအထားနိုင်သရွေ့ စောကို ခွင့်လွှတ်ပါ၊ စောဟာ ကလေးအမေ အိမ်ထောင်ရှင်မတစ်ယောက်ဆိုတာ စောသိတယ်…"

"ဒါကြောင့် မောင် စောကို ယုံကြည်တယ်၊ သိပ်ချစ်တယ်၊ စောရဲ့သတင်းတွေက မောင့်နားထဲ မဆံ့တော့ဘူး စောရယ်…"

"ဒါတော့ စော မတတ်နိုင်ဘူးလေ၊ စော ဘက်ကတော့ ဘာမှ ပြဿနာ မရှိဘူး…"

"ကိုရဲထက်လှိုင်ကကော…"

ကိုလိမ္မော် ဆိုတော့ ရုတ်တရက် စော မဆို။ ပြီးမှ…

"သူကတော့ စောကို စိတ်ဝင်စားနေတယ်၊ အိမ်ထောင်ရှိတဲ့ အမျိုးသမီးတစ်ယောက်ကို သူမြတ်နိုးတဲ့အကြောင်း သတ္တိရှိရှိ တင်ကြိမ် ဘာ ပြောနိုင်တဲ့အခွင့်အရေး သူ့မှာရှိပါတယ်…"



www.burmeseclassic.com

www.burmeseclassic.com



"သူက သူ့အကြောင်းကို စာအုပ်တစ်အုပ်ရေးဖို့အတွက် စောနဲ့ အမြဲတွေ့ပြီး လေ့လာနေတာပါ…"

"စောရယ် စိတ်ဝင်စားနေတဲ့သူအဖို့ နီးစပ်မှုများကြာလာရင် တစ်နေ့…"

"ဒီမှာ နီးစပ်မှုကြောင့် ဖြစ်သွားရတယ်၊ အတွေ့ကိုမရှောင်နိုင်ဘူးဆိုတဲ့ ဆင်ခြေအကြောင်းပြချက်ကို စော မုန်းတယ်၊ သိပ်မုန်းတယ်၊ သိလား…အဟင့်…ဟင့်…"

စော ဆိုရင်း စော မျက်နှာလေး အုပ်ကာငိုချလိုက်မိတော့သည်။

"စော…စောရယ်၊ မောင် တောင်းပန်ပါတယ်ကွယ်…"

ထိခိုက်ခြင်း၊ ဆွေးမြည့်ခြင်းစိတ်တို့ဖြင့် ကိုလိမ္မော်သည် ခေါင်းအုံးနှင့် စောင်ကိုယူကာ အခန်းထဲမှ ထွက်ခဲ့ရပါသတည်း။





## - နှစ်ဆယ့်သုံး -

"ကိုလိမ္မော်…"

"ဗျာ…"

အလုပ်ကိုရောက်သည်နှင့် ကိုအောင်မြင့် ခေါ်သံကြောင့် ကိုအောင်မြင့် မျက်နှာဆီ ကြည့်ပြီး သူ ထူးလိုက်သည်။

သူ့ကိုကြည့်နေသော ကိုအောင်မြင့် မျက်နှာက သိပ်မကောင်း…ဘာမှန်းတော့လည်း သူ မသိ။

"ကိုအောင်မြင့်၊ ဘာလဲ…"

"ဦးငွေလရောက်က ကိုလိမ္မော်နဲ့ စကားပြောစရာ ရှိတယ်တဲ့၊ ခေါ်ခိုင်းလိုက်လို့ပါ…"

"သြော်…ဟုတ်ကဲ့၊ ကျွန်တော် အခုပဲ သွားတွေ့လိုက်ပါ့



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်မြင့်ကို ကြည့်ပြီး သူ ဆိုသည်။

ဦးငွေလရောင်ကို တွေ့ရန် ဦးငွေလရောင် အခန်းဆီသို့ ဝင်သွားခဲ့သည်။

"ဦး..ကျွန်တော့်ကို ခေါ်တယ်ဆိုလို့..."

"ဪ..မောင်လိမ္မော် ရောက်ပြီလား၊ အေးကွာ..ဦး စကား နည်းနည်းပြောစရာရှိလို့ပါ၊ ထိုင် မောင်လိမ္မော်..."

"ဟုတ်ကဲ့..."

ဦးငွေလရောင် မျက်နှာချင်းဆိုင်တွင် သူ ဝင်ထိုင်လိုက်သည်။

ဦးငွေလရောင်သည် ဟိုစာရွက်ယူမယောင် ဒီစာရွက် ယူမယောင်ရှိနေရင်းက...

"ဦး ပြောမှာ တခြားမဟုတ်ပါဘူးကွယ်၊ မောင်လိမ္မော်ရဲ့ အိမ်ထောင်ရေး အဆင်ပြေရဲ့လား..."

"ဟုတ်ကဲ့ဦး၊ ကျွန်တော်တို့ အဆင်ပြေပါတယ်..."

"ဦးပြောတာ စီးပွားရေးမဟုတ်ဘူး..."

"ဟုတ်ပါတယ်၊ ကျွန်တော်နားလည်ပါတယ် ဦး၊ ကျွန်တော် တို့ အိမ်တွင်းရေးလည်း အဆင်ပြေပါတယ်..."

"လင်နဲ့မယား လျှာနဲ့သွား ဆိုတာလောက်ကတော့ ရှိမှာ ပေါ့ခင်ဗျာ..."

"အင်း..."

သူဆိုတော့ ဦးငွေလရောင် ခေါင်းညိတ်ပြီး အင်းလိုက်သည်။

ဦးငွေလရောင်အသွင်က တည်ငြိမ်မှု၊ ပြည့်ဝမှုတွေ





ရှိပါသည်။

ဦးငွေလရောင် စကားများနှင့် ဦးငွေလရောင် အသွင်ကို ကြည့်ပြီး သူသည် အကြောင်းတစ်စုံတစ်ရာအတွက် အလိုလို နားလည် သဘောပေါက်နေရပါလေ၏။

မှန်သည်။ ချစ်ဇနီးဖောနှင့် ကိုရဲထက်လှိုင် အကြောင်းများအား သူသည်လည်း ကြားနေရပါသေးလျှင် ဦးငွေလရောင်လည်းပဲ မိမိ၏ သား ကိုရဲထက်လှိုင်သတင်းအား မကြားရှိပ့်မလား။

ထိုကိစ္စအတွက် ဦးငွေလရောင် မည်သို့များ ထင်မြင်ယူဆပါ သနည်း။ ဦးငွေလရောင်မျက်နှာကို သူ အကဲခတ် ကြည့်မိသည်တွင် ထူးခြားမှုတော့ မရှိလှပါလေ။

ဦးငွေလရောင်က စကားဆက်သည်။

"အေးလေ..ဦးပြောချင်တာက အဲဒါအဓိက မဟုတ်ပါဘူး"

"ဟုတ်ကဲ့ဦး၊ ပြောပါ..."

"ဒီလိုလေ၊ ဦးရဲ့ လုပ်ငန်းတွေအတွက် မောင်လိမ္မော်ဟာ သိပ်အားကိုးရတဲ့ သူတစ်ယောက်ပါ..."

"အင်း..ဟို..ဒါပေမယ့် ဦးရဲ့သားလည်း အခု ပြန်ရောက်နေ ပြီဆိုတော့၊ အလုပ်ကိစ္စကို သူ စိတ်ဝင်စားဖို့နဲ့ အလုပ်ကို သူပဲ ဦးစီး လုပ်ကိုင်သွားစေချင်တယ်လေ..."

"ခုဆို သူက မောင်လိမ္မော်ရှိနေတော့ အလုပ်ကို သိပ်စိတ် မဝင်စားသလို ဖြစ်နေသလားလို့၊ ပြောရရင်တော့ အလုပ်ကို စိတ်မဝင်စားဘဲ အပြင်ထွက် လမ်းမှာပဲ နေနေတာ များတယ်လေ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ဦးအနေနဲ့ မောင်လိမ္မော်ရဲ့နေရာမှာ သူ့ကို တာဝန်လုံးဝ ယူနိုင်းလိုက်ချင်တယ်၊ ဒါမှ သူ အလုပ်ကို စိတ်ဝင်စားပြီး အလုပ်ထဲမှာ အချိန် ပိုပေးနိုင်မယ်လို့ ဦးယူဆတယ်…"

လူယဉ်ကျေးတစ်ဦး၏ ပညာသားပါသော စကားများအတွက် ကိုလိမ္မော်ကား သဘောပေါက်လိုက်ရပါပြီတည်း။

ဦးငွေလရောင်သည် မိမိအား အယဉ်ကျေးဆုံး နှင်နေချေပြီ မဟုတ်ပါလား…

ထိုစကားများအတွက် ဦးငွေလရောင်အား သူ စိတ်မဆိုးပါ။ ဦးငွေလရောင်ဘက်က တွက်လျှင်လည်း မှန်ပါသည်။

တကယ်တော့ ဦးငွေလရောင်သည် ပါးနပ်စွာ နှစ်ဦးနှစ်ဖက်အတွက် ထိန်းလိုက်ခြင်းသာပါပဲဟု သူ တွက်ဆမိပါသည်။

"ဟုတ်ကဲ့ဦး၊ ဦးပြောတာတွေ ကျွန်တော် သဘောပေါက်ပါတယ်၊ ဦးပြောတာ မှန်ပါတယ်၊ ဦးကို ကျွန်တော် ကျေးဇူးတင်ပါတယ်ခင်ဗျာ…"

"မောင်လိမ္မော်…"

"ဗျာ…"

"ဦးကို ရိုင်းတယ်လို့ မောင်လိမ္မော် ထင်သလား…"

"မထင်ပါဘူး ဦးရယ်၊ ဦးစကားတွေကို ကျွန်တော် သဘောပေါက်ပါတယ်၊ လူဆိုတာ မပြောတတ်ရင် ဆဲသလိုဖြစ်တယ်ဆိုတဲ့ စကားပုံ ရှိပါတယ်၊ အခုလို ပြောတာက နားခံရသူအဖို့ နားဝင်ချိုပါတယ်ဦး၊ လက်ခံချင်ပါတယ်…"





"ဦးကို ကျွန်တော် သင်ခန်းစာယူပါတယ်၊ ဦးစကားတွေကိုလည်း ကျွန်တော် လက်ခံပါတယ်၊ ဦးမျှော်လင့်ထားသလို ဆုံးဖြတ်ထားတဲ့အတိုင်း ဖြစ်စေပါမယ်…"

သူ့စကားများအတွက် ဦးငွေလရောင်သည် သူ့ကို အားနာစွာ ပြန်၍ ကြည့်နေမိ၏။

ကိုလိမ္မော်သည် ထိုင်ရာမှ ထရပ်လိုက်ပြီး…

"ကျွန်တော့်ကို ခွင့်ပြုပါဦး၊ ဦး…"

သူ နှုတ်ဆက်တော့ စိတ်မကောင်းစွာပင် ဦးငွေလရောင် ခေါင်းညိတ်ပြလိုက်သည်။ ဦးငွေလရောင် အခန်းထဲမှ သူထွက်လာခဲ့လိုက်ပြီး သူ့ရုံးခန်းထဲသို့ ဝင်လာခဲ့လိုက်သည်။

ကိုရဲထက်လှိုင် ဆက်ကိုင်လျှင် စာရင်းအင်းတွေကို အလွယ်တကူ ကိုင်နိုင်အောင် သူ စီစဉ်လုပ်ပေးခဲ့လိုက်သည်။

ထို့နောက် စားပွဲပေါ်တွင် သေသပ်စွာ ထားရစ်ခဲ့ပြီး ကိုအောင်မြင့်ကိုပင် သူ နှုတ်မဆက်ခဲ့မိတော့။ ဦးငွေလရောင်၏ အလုပ်မှ သူ ထွက်ခဲ့သည်။

သူ ကားမောင်းပြီး ထွက်အလာတွင် သူ မျက်ရည်တို့ဝဲလာသည်။ ဘာပဲပြောပြော သူ ဝမ်းတော့နည်းမိသည်လေ။ ဦးငွေလရောင်ကို စိတ်ဆိုး၍မဟုတ်။ စိတ်နာ၍မဟုတ်။ သူ ရှက်တော့ ရှက်မိသည်။

သူတို့အိမ်တွင်းရေးကို ဦးငွေလရောင် ဘယ်လိုထင်သလဲ။ ဘာတွေ ကြားသိထားသဘဲ…

သူ တွေးမိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ကိုရဲထက်လှိုင်သည် ချစ်ဖနီးကို စိတ်ဝင်စား ကြောင်းအား သူ့ကို ချစ်ဖနီးကိုယ်နှိုက်ကလည်းဖော်ပြထားသည်။

ကိုရဲထက်လှိုင်၏ အသွင်ကို ကြည့်ခြင်းအားဖြင့်လည်း သူ နားလည်မိပါသည်။

ချစ်ဖနီး စောကိုတော့ သူ ယုံကြည်မှုထားသည်။ စောသည် ကိုရဲထက်လှိုင်အား စိတ်ဝင်စားမှုမရှိကြောင်းကိုပါ။

"စောရယ်၊ မောင် စောကို ယုံတယ်ကွယ်..."

ရင်ဝယ်ထိခိုက်စွာ ညည်းတွားရင်း မိမိတို့၏ အိမ်ထောင်မိသား စုလေးတွင် လေညင်းလေးများ ပြန်လည်ကာ တိုက်ခတ်သာမည့် အချိန်အား တောင့်တမျှော်လင့်မိပါသတည်း။ ။





**- နှစ်ဆယ့်လေး -**

ထုံးစံအတိုင်း သမီးလေးကို ကျောင်းပို့ခဲ့ပြီး မေမေတို့ခြံသို့ ကားကို မောင်းထာခဲ့သည်။

စောသည် ကားကို မောင်းနေရင်း သတိရလှသည်ဟု ...သော်လည်း သတိတော့ ထားမိလိုက်သည်။

မှန်သည်။ နေ့စဉ် စောနှင့် တွေ့ဆုံကာ စကားပြောတတ်သော ...ထက်လှိုင် တစ်ယောက် မနေ့ကနှင့် သည်နေ့အထိ အရိပ်အယောင် ...စော မတွေ့ခဲ့ရသောကြောင့်ပါ။

စောသည် ကိုရဲထက်လှိုင်နှင့် ပတ်သက်၍ ထိုမျှသာတွေးမိ ...။ ထိုထက်ပို၍ မတွေးမိသည်က အမှန်ရယ်ပါ။

စော ကားလေးသည် မေမေတို့ခြံသို့ ရောက်လာခဲ့ပြီ ...သည်။

"ဟင်..မေမေ ဈေးမသွားဘူးလားဟင်..."



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဝင်အောက်၌ စော ကားလေးရပ်လိုက်သည်နှင့် မေ
ထွက်ကြိုနေသည်ကို တွေ့လိုက်ရ၍ အံ့ဩစွာ စော ဆိုလိုက်မိသည်
ဒေါ်မြကျင်သည် သမီးကြီး စောကို အေးဆေးစွာ
ကြည့်ပြီး…

"အေး‥မသွားသေးဘူး သမီးရေ၊ မေမေက အေးအေး
ဆေးမှပဲ သွားတော့မယ်…"

"ကဲ‥လာ‥လာ သမီး၊ မေမေလည်း သမီးနဲ့စကား ပြော
စရာရှိတယ်၊ သမီး ညီမ ထွေးထွေးလည်း ရှိနေတယ်…"

ဆိုရင်း ဧည့်ခန်းထဲ မေမေ ဦးဆောင်ဝင်သွားလေ၍
သည် မေမေ့နောက်မှ လိုက်ခဲ့၏။

မေမေက စကားပြောစရာရှိသည်ဆိုသဖြင့် စော ရင်ထဲ
ခနဲတော့ ရှိသွားပါ၏။

စောတို့ အိမ်တွင်းရေးအကြောင်းတွေ မေမေများသိသွားပြီ
ဟု စော တွေးမိရပါလေ၏။

"ဟော‥မမကြီး ရောက်နေပြီလား…"

မေမေနှင့်စောတို့ ဧည့်ခန်းတွင် ထိုင်မိကြသည်တွင် အ
ထပ်မှ ထွေးထွေး ဆင်းလာရင်း ဆိုသဖြင့်…

"ခုပဲရောက်တယ်…"

"အတော်ပဲ မမကြီးကို ထွေး ပြောစရာရှိသေးတယ်
ထွေးလည်း ဆိုရင်း ဧည့်ခန်းတွင် ဝင်ထိုင်လာသည်
သားအမိနှစ်ယောက်မှာ တစ်ယောက်မျက်နှာကို တစ်ယော





ကြည့်ပြီး စောက…

"မေမေ စောကို ဘာပြောမှာလဲဟင်…"

ဒေါ်မြကျင်သည် သမီးကြီးကို အေးချမ်းစွာပင် ကြည့်လာ
ရင်းက…

"မေမေ ပြောချင်တာကို သမီးလည်း သိမှာပါလိမ့်မယ်၊ တခြား
တော့ မဟုတ်ဘူး သမီး၊ ထွေး ပြောပြလို့ သမီးရဲ့အိမ်တွင်းရေး
အခြေအနေကို မေမေ သိလိုက်ရတယ်…"

စောသည် မေမေ့စကားကို နားထောင်နေမိသည်။

"အခု မြေးလေးကို ကျောင်းပို့ခဲ့ပြီ မဟုတ်လား သမီး…"

"ဟုတ်ကဲ့ မေမေ…"

"သား မောင်လိမ္မော်ကကော…"

"စောကို သူ့ အရေးကြီးကိစ္စရှိလို့ဆိုပြီး စောစော ထွက်သွား
တယ် မေမေ…"

"အင်း‥သား မောင်လိမ္မော်ခမျာ ဘာတွေဘယ်လို ကြိုးစား
လုပ်နေလဲဆိုတာတွေ သမီးမသိဘူးမဟုတ်လား…"

မေမေ့စကားကြောင့် စော မေမေ့ကို ကြည့်နေမိလိုက်သည်။

မောင့်ကို စော လျစ်လျူရှုသည်ခဲ့သည်က ကြာပြီပဲလေ။

"ဒီမှာသမီး၊ သား မောင်လိမ္မော်ဟာ သမီးအတွက်တော့
တကယ့်ကို ခင်ပွန်းကောင်းတစ်ယောက်ပါ၊ မေမေဘက်လိုက်ပြီး
ပြောတာမဟုတ်ပါဘူး သမီး၊ မေမေ အားလုံးအဖြစ်တွေ၊ အကြောင်း
တွေကို သိပြီးပြီ…"



www.burmeseclassic.com

www.burmeseclassic.com



“ပြောရရင် မောင်လိမ္မော်ကို အပြစ်တင်ချင်သည်ထားဦး၊ ခုမှတော့လည်း တင်လို့အပိုပဲပေါ့၊ သူ့အမှားတွေက လွန်လေပြီးတဲ့ကာလကပဲမဟုတ်လား…”

“အမှားအယွင်းရှိစေဦး၊ ဒီမှာ သမီး..မေမေပြောပြမယ်၊ မေမေတို့မိန်းမတွေဟာ ကိုယ့်ခင်ပွန်းကို ကိုယ်ထိန်းတတ်ရ မယ်…”

“ကိုယ့်အိမ်ထောင်ရေးကို တန်ဖိုးထားတတ်ရမယ်၊ အတတ်နိုင်ဆုံး နားလည်မှုတွေထားကြရမယ်၊ ဒါဟာ အိမ်ထောင်ရှင်မကောင်းတစ်ယောက်ရဲ့ အသိပညာနဲ့ အလိမ္မာပဲ သမီး…”

“လင်ရယ်မယားရယ်ဖြစ်လာရင် သူမှန်တယ်၊ ငါမှားတယ် ဆိုပြီး တစ်ယောက်ကိုတစ်ယောက် လျစ်လျူရှု တင်းမာနေကြလို့လည်း မရဘူး…”

“မာနတွေ ထားနေလို့လည်းမရဘူး၊ အကောင်းဆုံးက မပြေလည်တာလေးတွေအတွက် ပြေလည်အောင် ညှိယူရမယ်၊ တစ်ယောက်ကိုတစ်ယောက် အတတ်နိုင်ဆုံး နားလည်မှုတွေထားပေးကြရမယ် သမီး…”

“ခုဆို မောင်လိမ္မော်ဟာ သူ့ကိုယ်သူလည်း အပြစ်ရှိတယ်လို့ပဲဝန်ခံတဲ့အနေနဲ့ သမီးကိုအများကြီး သူ အရှုံးပေးထားပါတယ်ကွယ်”

“မေမေရယ်…”

စော ဝမ်းနည်းစွာဆိုမည်အပြုတွင် မေမေက စကားမဆုံးသေးဟန်ဖြင့် လက်ကာပြသည်။ ပြီးတော့ စကားကို ဆက်ဆိုသည်။

“မေမေသိတယ် သမီး၊ သမီးလည်း ဘယ်လိုခံစားရမယ်





ဆိုတာ မေမေ နားလည်ပါတယ်၊ ဒါပေါ့သမီးရယ်၊ အူတိုတယ် သဝန်တိုတယ်ဆိုတာ အဲဒါပဲပေါ့၊ ဒီအတွက် ငါ့သမီးလည်း မမှားပါဘူး၊ ဖြစ်သင့်ပါတယ်…”

“ဒါပေမယ့် မေမေပြောမယ်သမီး၊ သမီးအနေနဲ့က စာရေးဆရာမတစ်ယောက်တည်း ဖြစ်တယ်ဆိုတော့ မေမေ့အနေနဲ့လည်း ထူးထူးထွေထွေ ပြောဖို့ မလိုပါဘူးကွယ်…”

“ဒါပေမယ့် မေမေပြောချင်တာလေးတွေကိုတော့ ငါ့သမီးအနေနဲ့ သေသေချာချာ နားထောင်စဉ်းစားပြီး ဆုံးဖြတ်ပါလို့ မေမေ တိုက်တွန်းတောင်းပန်ပါတယ်…”

မျက်နှာလေးငုံ့ကာ မျက်ရည်တွေကျလာမိသည်။ မေမေပြောသည့် စကားတွေကိုတော့ စော နားထောင်နေပါလေ၏။

“မောင်လိမ္မော်ခများလည်း သိပ်ကို စိတ်ဆင်းရဲ နေရှာပါတယ် သမီး၊ စိတ်ဆင်းရဲနေပေမယ့်လည်း မောင်လိမ္မော်ဟာ အင်မတန်မှ ကြိုးစားတဲ့ လူတစ်ယောက်ပါ…”

“သူ ကြိုးစားတာဟာလည်း သူ့မိသားစုအတွက်ပါပဲ သမီး…”

“ပြီးတော့သမီးဟာ မိခင်တစ်ယောက်ပါ၊ မိခင် တစ်ယောက်ဖြစ်တဲ့ သမီးဟာ သားသမီးချင်း စာနာစိတ်ထားရှိဘာတ်ရမယ် သမီး…”

“သမီးရဲ့ စိတ်နှလုံးသားဟာ မရိုင်းစိုင်းဘူး၊ မကြမ်းကြုတ်ဘူးလို့ မေမေထင်ပါတယ်…”

“မေမေရှင်းရှင်းပဲပြောမယ် သမီးရယ်၊ မောင်လိမ္မော်ရဲ့သား



www.burmeseclassic.com

www.burmeseclassic.com



လေးကို သမီးခေါ်လိုက်ပါ၊ ခေါ်ခွင့်ပြုလိုက်ပါ…"

"ဒီကလေးမှာ မိခင်လည်း မရှိတော့ဘူးဆိုတော့ ဘာပြဿနာရှိမလဲကွယ်၊ ပြီးတော့ သမီးအနေနဲ့လည်း နောက်ထပ် သားသမီးရတာမှာ မရနိုင်တော့ဘူးဆိုတော့…"

"ဒီကလေးဟာ မောင်လိမ္မော်ရဲ့သွေး၊ သမီးရဲ့ သားပဲ ဖြစ်သင့် တာပေါ့၊ သဘောထားကြီးပေးပါ သမီးရယ်၊ ကိုယ့်အိမ်ထောင်ရေး အဆင်ပြေဖို့ သာယာဖို့ဟာ သမီးအပေါ်မှာ မူတည်ပါတယ်…"

"ပြည့်ဝစမ်းပါသမီးရယ်၊ မေမေက မွေးထားတဲ့ သမီးတွေဟာ ဘယ်တော့မှ စိတ်နှလုံးမကြမ်းတမ်းဘူး၊ မရက်စက်တတ်ဘူးလို့ မေမေ ယုံကြည်ပါတယ်…"

မေမေစကားများအတွက် စော သည် မျက်ရည်များ ဝိုးဝိုး ကျလာရပါလေ၏။

မေမေပြောသလိုပါပင် စော သည် မောင်နှင့် ပတ်သက်သော မောင့်သားလေးအား ခေါ်ရန် စိတ်ဆန္ဒတွေက စောတွင် အမြဲတမ်း ရှိနေရသည်က အမှန်ပါ။

"သမီးကြီးစဉ်းစားပေါ့ သမီးရယ်၊ မေမေကတော့ မောင်လိမ္မော်ကိုယ်စားကော မေမေတို့ရဲ့ မိခင်တစ်ယောက်ရဲ့ စိတ်ဓာတ် အိမ်ထောင်ရှင်မကောင်းတစ်ယောက်ရဲ့ စိတ်ဓာတ်နဲ့ ဒီစကားတွေကို မေမေသမီးကို တိုက်တွန်း ပြောခြင်းဖြစ်တယ်၊ တောင်းပန်ပြောခြင်း လည်း ဖြစ်တယ်…"

"သမီးစဉ်းစားပါ၊ မေမေ့စကားတွေကို အလေးအနက်ထား





ပြီး စဉ်းစားပါသမီးရယ်…"

မျက်ရည်တွေနှင့် စော ခေါင်းညိတ်သည်။ ပြီးတော့ စောသည် မျက်ရည်တွေကို သုတ်ပစ်လိုက်၏။

"မေမေ..မမကြီးမသိတာ တစ်ခုကျန်သေးတယ် ပြောပြဦးမလေ…"

ထွေးထွေးက စကားထောက်ကာဆိုတော့…

"ဪ..ဟုတ်သားပဲ၊ မောင်လိမ္မော် သူ့အလုပ် (××) ဌာနက အလုပ်ထွက်လိုက်တာ သမီးမသိဘူးဆို…"

"ဟင်..ဟုတ်လားမေမေ၊ မောင် အလုပ်ကထွက်လိုက်တယ်၊ ဟုတ်လား…"

အံ့ဩစွာ စော မေးမိသွားရသည်။

"ဟုတ်တယ် သမီး၊ မောင်လိမ္မော်ဟာ သူ့ဟာနဲ့သူ အလုပ်ထွက်တာတော့ မဟုတ်ပါဘူး၊ ရိုးရိုးပြောရရင် သူ့ဌေးက အလုပ်ထုတ်သလိုလို ဆိုလားပဲ…"

"ဟင်..မောင့်ကို အလုပ်ထုတ်တယ် ဟုတ်လား…"

မောင့်အတွက် ဝမ်းနည်းခြင်း မခံမရပ်နိုင်ဖြစ်ခြင်းကြောင့် စော ဆိုသည်။

"ဒါကတော့ မေမေတို့လည်း အတတ် မပြောတတ်ဘူး၊ ပြောသံကြားမိတာပဲ၊ ရေရေရာရာတော့ မဟုတ်ပါဘူး၊ မောင်လိမ္မော်ပဲ သိမှာပေါ့…"

"ဒါပေမယ့် မောင်လိမ္မော်ကတော့ အေးအေးဆေးဆေးပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အခု (×××) လမ်းမှာ သူ့ကိုယ်ပိုင်အလုပ်ကို ထောင်ဖို့ လုပ်နေတာ လေ၊ စာတွေဘာတွေလည်း တင်ထားပြီးပြီလို့တောင် ပြောတယ်…"

"ဟင်‥စောလည်း အဲဒါတွေ ဘာမှမသိဘူး မမေ…"

"အင်း သမီးဘယ်သိမလဲ၊ သမီးက ခင်ပွန်းသည်ကို ကြ နာတဲ့ မျက်လုံး၊ ခွင့်လွှတ်တဲ့ မျက်လုံးလေးတွေနဲ့ မကြည့်ခဲ့တာ ကြာပြီဖြစ်လို့ပေါ့…"

"မမေ…"

"ဘာလဲ သမီး…"

"အဲဒီကိစ္စတွေကိုမောင့်ရဲ့ မိဘတွေကကော သိကြလားဟင်"

"မသိပါဘူး၊ မမေမပြောပါဘူး၊ ဘာသိစရာလိုလဲ သမ ရယ်၊ ကိုယ့်အိမ်ထောင်ရေးကို ကိုယ့်ဟာကိုယ် သိုသိုသိပ်သိပ်ကလေး ထိန်းသိမ်းသွားရင် ပြီးတာပဲ မဟုတ်လား…"

"ဟင်း…"

ရင်ထဲမှာ မောပန်းသော သက်မလေးအား စော ချမိ

စော စိတ်ကူးတွေထဲမှာတော့ ညနေ မောင် အိမ်ပြန်ရောက် လျှင် မောင့်ကို မေးစရာတွေနှင့် စောက ပြောစရာတွေ ရှိတာပဲပြေ တော့မည်ဟု ဆုံးဖြတ်ချက်များ ရှိနေရပါသတည်း။

××××××

သည်နေ့တော့ သမီးကို ကြိုပြီး မောင့်ထက်စောအောင် စော သည် အိမ်သို့ ပြန်ရောက်နေသည်။





သမီးကို စော ရေချိုးထားပေးသည်။ ထမင်းလည်း ကျွေးထား လိုက်သည်။ သမီးကို ထမင်းကျွေးပြီး တအောင့်ကြာသည်တွင် စော သည် သမီးလေးကို စာသင်ပြပေးသည်။

ဘာလိုလိုနှင့် ည ခြောက်နာရီပင် ခွဲသွားပြီ ဖြစ်သည်။

"တီ‥တီ…"

သမီးကို စာသင်နေဆဲ ခြံထိပ်မှ ကားဟွန်းသံကြောင့် စော သည် ခြံသော့လေးယူကာ မောင့် ကို တံခါးသွားဖွင့်ပေးသည်။

စောသည် ခြံတံခါးဖွင့်ပေးပြီး ပြန်ပိတ်နေသည်တွင် မောင်သည် ကားရပ်ကာ စောကို စောင့်နေရှာသည်။

အလိုက်သိစွာပင် စောသည် မောင့်ကားထဲ ဝင်ထိုင်ပြီး ဆင်ဝင်အောက်သို့ မောင့်ကားလေးကို ဆက်မောင်းခဲ့လေ၏။

"အလုပ်တွေများလို့ မောင် နောက်ကျသွားတယ်စော…"

စော မမေးသော်လည်း မောင်က ဆိုသည်။

စောသည် မောင်၏ အေးဆေးတည်ငြိမ်သော အသွင်ချော ချောအား သနားကြင်နာစွာဖြင့် ခေါင်းလေးညိတ်ပြီး ဆိတ်ဆိတ်သာ ကြည့်နေလိုက်ပါ၏။

ဆင်ဝင်အောက်၌ မောင့်ကားလေး ရပ်သွားသည်နှင့် မောင် နှင့် စောတို့ အတူ အိမ်ထဲဝင်ခဲ့ကြသည်တွင်…

"ဖေဖေ…"

"သမီး‥ရွှတ်‥အား မွှေးလိုက်တာဗျ…"

"ကဲ‥သမီး၊ ဖေဖေ ရေချိုးပစေနော်၊ မိုးသိပ်ချုပ်နေပြီ…"



www.burmeseclassic.com

www.burmeseclassic.com



"မောင်…"

"ပြောလေ စော…"

"ဒီဇင်ဘာ ကျောင်းပိတ်တော့မယ်၊ တစ်ပတ်ပဲ ကျန်ပြီ မဟုတ်လား…"

စော စကားအတွက် ကိုလှိုင်မွှေ့သည် စော မျက်နှာလေးဆီ မဝံ့မရဲကြည့်၍ လာသည်။

ပြီးတော့ စော အကြည့်တွေနှင့်လည်း ရင်မဆိုင်ရဲသလို သူ့ မျက်လွှာကို သိမ်းထားလိုက်၏။

စောသည် ဆုံးဖြတ်ထားသည့်အတိုင်းပင် အေးဆေးစွာပင် သူ့စကားကို ဆက်ဆိုလိုက်သည်။

"မန္တလေးက သား ကောင်းထက်ကို ကျောင်းပိတ်တာနဲ့ မောင် သွားခေါ်ပါ…"

"ဟင်…စော…"

စော စကားများကြောင့် ကိုလှိုင်မွှေ့သည် အံ့ဩတုန်လှုပ် သွား၏။

"စော တကယ်ပြောတာပါ မောင်၊ စောဟာ မိခင် တစ်ယောက်ပါ၊ သမီးချင်း စော စာနာတတ်ပါတယ်…"

"ပြီးတော့ သားကောင်းထက်ဟာ တခြားသူ မဟုတ်ဘူးလေ မောင့် သွေးသားပဲမဟုတ်လား…"

"ဒါပေမယ့် ဒီအကြောင်းတွေကို သမီးလေးတော့ သိလို့ မဖြစ်သေးဘူး…"



"အင်း…ဟုတ်ပါတယ်၊ ကောင်းထက်ကလည်း သူ့ဟာ မောင့်ကို သူ့အဖေမှန်း မသိသေးပါဘူး…"

"ဒါတွေကိုတော့ နောက်မှ အခြေအနေအရ တဖြည်းဖြည်းပဲ ရှင်းပြောရမှာပေါ့လေ…"

"ဒီအကြောင်းတွေကို သမီးကသိရင် ဘယ်လိုနေရှာမလဲ တော့မသိဘူး၊ အချိန်တော့ ယူရမှာပဲလေ…"

စော ပန်းကန်တွေဆေး သိမ်းဆည်းတော့ သူလည်းလိုက်၍ သိမ်းဆည်း ကူညီလုပ်ပေးသည်။ အားလုံး သိမ်းဆည်းပြီး၍ ဧည့်ခန်းထဲ ထွက်လာခဲ့သည့်တွင် သမီးလေးသည် ဧည့်ခန်းတွင် ရှိမနေပါတော့…

ကိုလှိုင်မွှေ့ကော စောပါ သမီးလေး အခန်းသို့ သွားရောက် ကြည့်လိုက်ကြသည့်တွင် သမီးလေးသည် အိပ်ပျော်နေရှာပြီ ဖြစ်၏။

ကိုလှိုင်မွှေ့နှင့် စောသည် သမီးလေး စောင်၊ ခြင်ထောင်တို့ကို ကောင်းမွန်စွာ ပြုပြင်လုပ်ဆောင်ပေးခဲ့ကြပြီးနောက်…

အိပ်ခန်းထဲသို့ ပြန်ဝင်လာခဲ့ကြလေသည်။

ကိုလှိုင်မွှေ့သည် စော လက်ကလေးအား ညင်သာစွာ တွဲကာ စော မျက်နှာလေးအား ငုံ့အကြည့်တွင်…

စောသည် မျက်နှာလေးကို လွှဲလိုက်ပြီး လက်ကိုလည်း ညင်သာစွာ ဆွဲယူလိုက်သည်။

"စောကို ခွင့်လွှတ်ပါ၊ အဲဒီအတွက်ကြောင့် မောင် အပြင် ဘက်ထဲ ထွက်အိပ်ပါဦးလို့ စော တောင်းပန်ပါရစေ…"

"ဟင်း…"

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးလွှဲကာ စောဆိုတော့…

ကိုလီမွှော်ကား မော်လျှန့်မိုမ်းသော သက်မမေအား မချိမဆုံး ဖြစ်ကာ ချစ်ဇနီးအလိုအရ စောင်နှင့် ခေါင်းအုံးလေး ယူလျက်… ထုံးစံအတိုင်း ဧည့်ခန်း ဆိုဖာဆက်တီဆီသို့ ထွက်ခဲ့ရပါ လေသတည်း။ ။





## - နှစ်ဆယ့်ငါး -

အမှတ်တမဲ့ နေထိုင်လှုပ်ရှားနေဆဲကာပင် အချိန်များသည် ...န်မှန်းမသိ ကုန်သွားကြ၏။

မှန်သည်။ စာမေးပွဲများပြီး၍ ဒီဇင်ဘာ ကျောင်းပိတ်ပြီမဟုတ် ...ဟား။ ဒီဇင်ဘာ ကျောင်းပိတ်ပြီမို့ မနေ့ညက ညရထားနှင့်ပင် ...ာင်သည် သား ကောင်းထက်ကို ခေါ်ရန် သွားလေပြီဖြစ်သည်။

မောင်ဟာ သူ့သားကို သူ တွေ့ချင်မှာပဲ…

အေးလေ…ဘာပဲပြောပြော မောင်ဟာ ကောင်းထက်လေးရဲ့ ...င်ပဲလေ…သားကို မြင်ရတော့မယ်ဆိုလို့ မောင် ပျော်နေရှာမှာ…

"မောင်ဟာ ချိုကို ချစ်ခဲ့မှာပါလေ…"

စောသည် စာရေးစားပွဲတွင်ထိုင်ကာ စာရေးခြည် ပြင်ပြီးခါ ...ာ မရေးဖြစ်သေးဘဲ အတွေးများထဲ ရောက်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးများအား ခံစားတွေးမိတိုင်းလည်း စောသည် မျက်ရည်များ ဝဲလာမိရပါသည်။

"အို··ငါ အဲဒါကို မတွေးဘဲနေရင် ကောင်းမယ်···"

"ဒီအတွေးတွေကြောင့် ငါဟာ စိတ်ဒုက္ခ ပိုခံစားရတာလည်း အမှန်ပဲ···"

"ဒါပေမယ့် မောင့်အပေါ်မှာ ငါနားလည်မှု မထားနိုင်ခဲ့တာလည်း အမှန်ပဲ···"

"ဟင်း···"

စောသည် စိတ်ကိုတင်းကာ အတွေးများကို ကြိုးစားဖျောက်ဖျက်၍ သက်မမောအား ချမိ၏။

မောင်က မန္တလေးသွားသည်။ သမီးလေးကို မှူကြိုပို့ပြီး အိမ်မှာပင် စောသည် တစ်ယောက်တည်းတိုက်စစ်၊ ခံစစ် အတွေးများနှင့် ချာလည်ကာ မောပန်းနေရရှာပါလေ၏။

"အတတ်နိုင်ဆုံး ငါ ချိုရဲ့အကြောင်းကို ဖျောက်ဖျက်ထားရမယ်···"

"သား ကောင်းထက်ကို ငါ့သားတစ်ယောက်လို ငါ ချစ်နိုင်ရမယ်၊ ငါကြိုးစားရမယ်၊ တကယ်တော့ ကလေးမှာက ဘာအပြစ်မှ မရှိရှာပါ ဘူးလေ···"

"ကရင်း··ရင်း··ရင်း···"

အတွေးများနှင့် စော တစ်ကိုယ်တည်း ရှိနေဆဲ အနီးရှိ စားပွဲပေါ်မှ တယ်လီဖုန်းသံလေးက စော စိတ်အား အပြောင်းအလဲ





ဖြစ်စေလုပ်ပေးလိုက်လေ၏···

စောသည် တယ်လီဖုန်းလေးကို လှမ်းကိုင်လိုက်ရင်းက···

"ဟဲလို··အမိန့်ရှိပါရှင်···"

"ရန်ကုန် ကိုလိမ္မော်တို့အိမ်ကပါလားရှင်···"

တစ်ဖက်မှ အမျိုးသမီးတစ်ဦးမေးသံကြောင့် စောသည် မန္တလေးကလား၊ ဘယ်ကလဲဟု သိချင်စိတ်ဖြင့်···

"ဟုတ်ပါတယ်ရှင်၊ စောက ကိုလိမ္မော်ရဲ့ဇနီးပါ၊ အခု ဘယ်က ဆက်တာပါလိမ့်ရှင်···"

"ဪ··ဟုတ်ကဲ့၊ ကျွန်မက မမကြည်ပါ။ ချိုရဲ့ အစ်မပါရှင်···"

"ဪ··ဟုတ်ကဲ့၊ အခု မောင်··အဲ··ကိုလိမ္မော် သားကို သွားခေါ်ဖို့ မနေ့ညကပဲ မန္တလေးကို သွားပါပြီရှင်၊ ဒီနေ့ နေ့လယ်လောက်တော့ ရောက်သွားမှာပေါ့···"

"ဪ··ဟုတ်လား၊ လာခေါ်ပြီလား···"

"ကျေးဇူးပါပဲရှင်၊ ကျွန်မက လာများမခေါ်ဘူးလားလို့ ထပ်ပြီး ဖုန်းဆက်တာပါ၊ ကလေးကလည်း သူ့ဦးလေး လာခေါ်မယ်လို့ ကျွန်မ တို့က ပြောထားလို့ စောင့်နေရှာတယ်လေ···"

မမကြည်ပြောသော စကားတွေကိုသာ စော နားထောင်နေလိုက်တော့သည်။

"ဟိုတစ်ခေါက်က ကိုလိမ္မော်ရဲ့ သူငယ်ချင်းတွေ လာတုန်းက သားအတွက် ကိုလိမ္မော်က စာတစ်စောင်နဲ့ ငွေတစ်သောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ပါတယ်၊ စာထဲမှာ သူက သားကို မခေါ်ချင်သေးတဲ့ အကြောင်း ကျွန်မကို ရေးထားတယ်လေ…"

"ကိုလီမွော်ဘက်က အခက်အခဲကို ကျွန်မလည်း နားလည်ပါတယ်၊ ဒီကလေးအတွက်နဲ့ ကိုလီမွော်ဟာ သူ့အိမ်ထောင်ရေးမှာ တော်တော်ကြီး အခက်အခဲ အနှောင့်အယှက် ဖြစ်မယ်ဆိုတာပါ…"

"ဒါပေမယ့် ကျွန်မတို့အနေနဲ့လည်း မတတ်နိုင်လို့ အဖေ တစ်ယောက်ဖြစ်တဲ့ ကိုလီမွော်ကို ကျွန်မက တမင်တာဝန်ပေးလိုက် တာပါ…"

"ကျွန်မ ညီမက ဒီအကြောင်းတွေကို ဘာမှမပြောခိုင်းဘူး လေ၊ ဘာကြောင့်လဲဆိုတော့ ကျွန်မရဲ့ညီမလေး ချိုဟာ ကိုလီမွော် ကို သိပ်ချစ်ရှာတယ်…၊ ပြောရရင် ကိုလီမွော်မှာ ချစ်သူရှိတာသိလျက်နဲ့ ချိုဟာ ကိုလီမွော်ကို တစ်ဖက်သတ်ချစ်ရှာခဲ့တာပါ…"

"ချို့ရဲ့ဆုံးသွားတဲ့ရည်းစား ကိုသူရကို ချိုဟာ မချစ်ဘဲနဲ့ လက်ခံလိုက်တာပါ၊ ဘာကြောင့်လက်ခံလဲဆိုရင် ချစ်သူရှိနေတဲ့ ကိုလီမွော်ကို သူ မနှောင့်ယှက်ချင်လို့ သူ့ကိုယ်သူ ထိန်းတဲ့သဘောနဲ့ လက်ခံလိုက်ရှာတာပါ…"

"နောက်တော့ ကိုသူရ ကားမှောက်ပြီး ဆုံးတဲ့အချိန်မှာ ချိုဟာ သူသိပ်ချစ်တဲ့ ကိုလီမွော်ရဲ့တခဏတာ အချစ်ကလေးကိုပဲ ရရင် တော်ပါပြီဆိုပြီး သူ့ကိုယ်သူ ဖွင့်မိုက်လိုက်ရှာတာပါ…"

"ညီမလေးဟာ မန္တလေးတက္ကသိုလ်မှာပဲ ဆရာမပြန်လုပ် သွားတယ်လေ၊ သူ့သားကို ချစ်လိုက်တာမပြောပါနဲ့၊ နောက်ဆုံး





သူ့သားအတွက် သူ့အသက်တောင် ပေးသွားရှာတာ…"

"သားအမိတွေ စစ်ကိုင်းသွားလည်တာ စစ်ကိုင်းမြစ်ထဲ ရေချိုးတော့ သားကရေနစ်တယ်လေ၊ သားကို ရေနစ်လို့ ဆယ်ရာက ချိုဟာ ဆုံးသွားရရှာတာပါ…"

"ဩော်…"

"ဩော်.."ဟု ဆိုလိုက်သော စောအသံလေးပင် တုန်ခါ သွားရလေသည်။

မမကြည်ပြောသော ချို့အကြောင်းတွေသိရတော့ ချို့အပေါ် ၌ စော သနားသွားမိသည်က အမှန်။

ချိုသည် မောင့်အပေါ် တစ်ဖက်သတ်အချစ်နှင့်ဘဝကို ပုံအပ် ကာ ရဲရင့်စွာပင် ရင်ဆိုင်သွားရဲ့သူတစ်ယောက် မဟုတ်ပါလား။

ချိုသည် ချစ်တတ်လွန်းသော အချစ်သစ္စာရှင်မလေးရယ်ဟု ပင် စောသည် ချို့အပေါ် ထင်မိ၏။ ချိုသည် မိန်းမကောင်းပါ။ ချို့နှင့်အပိုင်းကို စော လက်ခံလိုက်ပြန်သည်။

သို့သော် မောင့်ကိုတော့ စော နားလည်မှုမပေးနိုင်သေးပါ လေ။

"ဒီအကြောင်းတွေကို ကိုလီမွော်ကတော့ ဘာမှ မသိရှာပါ ဘူး၊ ချိုက တစ်ဖက်သတ်ချစ်နေတာလည်း ကိုလီမွော် မသိဘူး"

"ကိုလီမွော်ဘက်က ဘယ်လိုမှ စိတ်မရှိဘူးဆိုတာ ကျွန်မ ညီမက ကျွန်မကို အမြဲတမ်း သူ့ခံစားချက်တွေကို ဖွင့်ပြောပြနေလို့ ဒီအကြောင်းတွေ ကျွန်မ သိခဲ့ရတာပါ…"

"ဒါကြောင့် ကျွန်မက အားလုံးရဲ့အဖြစ်မှန်တွေကို ခုလို ဖွင့်ပြောပြီး အကူအညီတောင်းတာပါ..."

"ဟုတ်ကဲ့..စော နားလည်ပါပြီ မမေကြည်၊ စောခွင့်ပြုချက်နဲ့ပဲ မောင်က သားကို သွားခေါ်နေတာပါ၊ ပြန်လာရင် လေယာဉ်နဲ့ ပြန်လာကြမယ်ဆိုလို့ စောတို့သားအမိ လေယာဉ်ကွင်းမှာ သွားကြိုဖို့ အစီအစဉ်ရှိပါတယ်၊ ဒီည မောင်က စောဆီကို ဖုန်းပြန်ဆက်မှာပါရှင်..."

"ဟုတ်ကဲ့..ခုလို ကြားရတာ ဝမ်းသာလိုက်တာရှင်၊ စောနော် ဟုတ်လား..."

"ဟုတ်ကဲ့..စောနာမည် စောမဟာပါ..."

"ကျွန်မ သိပ်ကျေးဇူးတင်မိပါတယ်၊ ဒါပါပဲနော် စော..."

"ဟုတ်ကဲ့ရှင့်..."

တစ်ဖက်မှ လှိုက်လှဲဝမ်းသာသော စကားများ ဆိုကာ ဖုန်းချသွားသည်တွင် စောသည်လည်း ဖုန်းလေးအား ညင်သာစွာ ပြန်ချထားလိုက်ပါ၏။

ချီဟာ စောနဲ့ တော်တော်ဆင်တယ်ဟု မောင်ပြောဘူးသော မောင့် စကားသံကို စော ကြားယောင်မိသည်။ ပြီးတော့ စောသည် ဘာကို တွေးမိသည် မသိ၊ စောခေါင်းလေးကို ယမ်းလိုက်မိသည်။





– နှစ်သယ့်ခြောက် –

စောကိုယ်တိုင် မောင်းလာသော ကားလေးသည် မင်္ဂလာဒုံလေဆိပ်ဆီသို့ ရောက်လာပြီဖြစ်၏။

စောသည် နံဘေးမှ သမီးလေးကို ငဲ့ကြည့်လိုက်သည်တွင် သမီးလေး ရတနာ၏ မျက်နှာလေးသည် ကြည်လင်၍ နေ၏။

စောသည် ကားထားရန် ပါကင်ဝင်းထဲသို့ ကားကို ချိုးကွေ့ဝင်ခဲ့ပြီး အဆင်ပြေသော နေရာတွင် စော ကားကို ရပ်လိုက်သည်။

"မေမေ ဖေဖေ ရောက်တော့မှာလားဟင်..."

"ရောက်တော့မယ်လေ သမီးရဲ့၊ လာ..သမီး..."

သမီးလေးလက်ကို ဆွဲပြီး ခရီးသည်များ နားခိုရာ အဆောက်အအုံဆီသို့ စော ထွက်လာခဲ့၏။

"မေမေ..."

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက ကိုကို ကောင်းထက်ကို သွားခေါ်တာ ဟုတ်လား…"

"ဟုတ်တယ်လေ သမီးရဲ့…"

"ကိုကို ကောင်းထက်က ဘယ်သူလဲ မေမေ…"

"ဖေဖေ့မိတ်ဆွေရဲ့ သားလေးပါ…"

"ရတနာ့ဆီ လာလည်တာလား မေမေ…"

"ဒါပေါ့ သမီးရဲ့…"

သမီးလေး စကားကို စော အလိုက်သင့် ဖြေရသည်။

သမီးလေးမှာ ထိုအကြောင်းများနှင့်ပတ်သက်၍ ဘာမှ မသိရှာပါ။ စောကလည်း ကြိုတင်ပြီး ဘာမှ မပြောထား။

မနက်ဖြန် ဖေဖေ ပြန်လာမည်။ ဖေဖေ့ကို သွားကြိုရမည်။ ဖေဖေနှင့်အတူ သမီးလေးကို အဖော်ရအောင် ကိုကို ကောင်းထက်ပါ ပါလာမည်ဟု စော ပြောပြထားသည်။

သမီးလေးသည် မနေ့ကတော့ ကောင်းထက်အပေါ်အား စိတ်မဝင်စားဟန် ရှိသည်။

သူ့ဖေဖေ ပြန်လာမည်ကိုသာ စိတ်ထဲ ရှိနေ၍ ကောင်းထက် အကြောင်းအား စိတ်မဝင်စားဟန်လည်း ရှိမည်။

ခုမှ ကောင်းထက်နှင့်ပတ်သက်၍ သမီးလေး၏ မေးခွန်းလေးတွေကို စော အလိုက်သင့် ဖြေလိုက်ရခြင်းပါ။

စောတို့ သားအမိ စကားတွေဆိုရင်းက ခရီးသည်များ နားခိုခန်းသို့ ရောက်လာသည်။





"မန္တလေးလေယာဉ် ဆိုက်ပြီးလာဟင်…"

လူတစ်ယောက်ကို စော စုံစမ်းမေးကြည့်လိုက်သည်။

"မန္တလေးလေယာဉ် အခုပဲ ဆိုက်နေပြီခင်ဗျာ၊ ကျွန်တော်လည်း မန္တလေးက ဧည့်သည်ပဲ လာကြိုတာပါ…"

"ဪ…ကျေးဇူးပါပဲရှင်…"

မန္တလေးလေယာဉ် ဆိုက်နေပြီဆိုသဖြင့် စောသည် သမီးလေး လက်ကို ဆွဲကာ ခရီးသည်များ ထွက်လာမည့် ဂိတ်ပေါက်ဆီသို့ လျှောက်သွားလိုက်သည်။

ဂိတ်ပေါက်နားတွင် စောတို့သားအမိ ရပ်ကာ မောင်တို့ သားအဖကို စောင့်နေဆဲ မန္တလေးလေယာဉ်ပေါ်မှ ဆင်းလာသော ခရီးသည်တွေကို စော တွေ့လိုက်ရ၏။

စောသည် ကောင်းထက်ဟူသော ကလေးငယ်၏ အသွင်လေးက ဘယ်လိုရှိပါလိမ့်ဟု တွေးတောနေမိဆဲ…

"ဟော…မေမေရေ၊ ဖေဖေနဲ့ ကိုကိုကောင်းထက် လာပြီ၊ ဖေဖေက ကိုကိုကောင်းထက်လက်ကို ဆွဲလာတယ် မေမေ…"

"ဟင်…ကိုကိုကောင်းထက်က မျက်မှန်ကြီးနဲ့ မေမေ…"

ဝမ်းသာအားရ ပြောနေသော သမီးလေး ရတနာ၏ စကားသံလေးတွေကြောင့် စောသည်လည်း မောင်တို့သားအဖကို တွေ့မြင်လိုက်ရပြီဖြစ်၏။

ကောင်းထက်သည် မျက်လုံးအားနည်းဟန်ရှိ၍ မျက်မှန်လေး တပ်ထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်နှစ်၊ ဆယ့်နှစ်နှစ်ခန့် ရှိပြီဖြစ်သော ကောင်းထက် သည် ကိုယ်လုံးလေးပြည့်ပြည့် အသားလတ်လတ်နှင့် အပြစ်ကင်းသော မျက်နှာလေးက ကြည်လင်နေ၏။

မြင်တွေ့ရသော ကောင်းထက် အသွင်လေးကပင် ကောင်းထက်သည် လိမ္မာရေးခြားရှိမည့်အသွင် ထင်ပေါ်နေရသည်ပါ။

မောင့်မျက်နှာကိုကြည့်တော့ မောင်သည် ဝမ်းသာဝမ်းနည်း မဝံ့မရဲအသွင်နှင့် စောတို့သားအမိကို ကြည့်နေရှာပါ၏။

စောသည် မောင့်ကို လှမ်း၍ကာ ပြုံးပြလိုက်သည်။

"စော··သမီး···"

မောင်သည် စောနှင့်သမီးကိုခေါ်ရင်း အနီးသို့ ရောက်၍လာသည်။

စောသည် အနီးရောက်မှ ကောင်းထက် မျက်နှာလေးဆီ ထပ်၍ ကြည့်မိလိုက်သည်။

မောင့်သွေးဖြစ်သော ကောင်းထက်သည် တကယ့်လူချောလေး ရယ်ပါ။ ပြီးတော့ ကောင်းထက်၏ မျက်နှာအကျနှင့် မျက်ခုံး၊ မျက်လုံး၊ နှုတ်ခမ်းတို့သည် သမီးလေး ရတနာနှင့်လည်း ဆင်ဆင်တူနေသယောင်ပါ။

ဟင်း··ဒါကြောင့်သာပဲ ကောင်းထက်ဟာ သမီးလေးနဲ့တူနေရတာပဲ ဖြစ်မည်ဟု စောသည် ကောင်းထက် မျက်နှာလေးဆီ ကြည့်မိပြီး သက်မဖောလေးချကာ တွေးဖြစ်သွားရပါလေ၏။

"စော···"



ကောင်းထက်ဆီ စော ကြည့်နေခဲ့ ကိုလိမ္မော် ခေါ်သည်။

စောသည် မောင့်ကို အေးချမ်းသောအပြုံးနှင့် ကြည့်လိုက်၏။

"သား ကောင်းထက်ကို ခေါ်လာမယ့်အကြောင်း သမီးလေးကို စော ပြောပြထားတယ်နော်···"

ကိုလိမ္မော် ပြောတော့ စော ခေါင်းညိတ်ပြလိုက်သည်။

"ကဲ··သား ကောင်းထက်နဲ့ လေးလေး မိတ်ဆက်ပေးရဦးမယ်၊ ဟောဒါ လေးလေးရဲ့ဇနီး စောတဲ့၊ ဒါက လေးလေးရဲ့ သမီးလေး ရတနာတဲ့···"

"ဟုတ်ကဲ့ လေးလေး၊ ဒေါ်လေးနဲ့ ညီမလေးကို သားတွေ့ရတာ ဝမ်းသာပါတယ်···"

"ပြီးတော့ ဒေါ်လေးက သားမေမေနဲ့လည်း တူနေတော့ ဒေါ်လေးကို တွေ့လိုက်ရတော့ သားမေမေကို သိပ်သတိရမိတယ်···"

စောသည် ကောင်းထက် လက်ကလေးနှင့် မျက်နှာလေးဆီ ကိုင်မိလိုက်သည်တွင် ကောင်းထက်သည် စော ရင်ခွင်ထဲ အားငယ်ခြင်း၊ အားကိုးခြင်းတို့ဖြင့် ဝင်ရောက်လာရှာ၏။

စောသည် တစ်ခဏအတွင်း၌ပင် ကောင်းထက်အပေါ်၌ မိမိ ရင်မှပေါက်သော သားကဲ့သို့ပင် ခံစားရကာ···

လွန်စွာ လိမ္မာရေးခြားရှိသော ကောင်းထက်အား စောသည် မိမိ၏ ရင်နှစ်သည်းချာကဲ့သို့ ချစ်သနားသွားရပါလေ၏။

"သားရယ်၊ ဒေါ်လေးက သားမေမေနဲ့ တူတယ်ဆိုရင် ဒေါ်လေးကို သားက ဒေါ်လေးမေလို့ ခေါ်ပေါ့နော်···"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဒေါ်လေးမေ…"

"ကဲ…ကဲ…သားတို့ သားအဖ ခရီးပန်းလာတယ်၊ အနားယူဖို့ အိမ်ပြန်ကြရအောင်နော်…"

"မောင်…လာ၊ သမီးလေး လာ…"

ကိုလိမ္မော်သည် ချစ်ဇနီး စော၏ ပြည့်ဝသော မေတ္တာကို တွေ့ရ၍ စိတ်တွင် အနည်းငယ်မျှ အေးချမ်းသွားရပါလေ၏။

စောသည် သမီးလေးလက်ကိုဆွဲကာ ရှေ့မှ သွားနေသည်တွင်…

ကိုလိမ္မော်သည် သားနှင့်အတူ သားပခုံးကို ဖက်ကာ အဝတ်အိတ်တွေဆွဲလျက် လိုက်ခဲ့လေ၏။

မိခင်ဆွဲခေါ်ရာ လိုက်ပါနေရသော ရတနာသည် ဖခင်နှင့် ကောင်းထက်ဆီသို့ လှည့်တကြည့်ကြည့်ဖြင့် ရှိနေရရှာ၏။

ရတနာ့မျက်လုံးထဲ၌ ဖေဖေသည် ကိုကိုကောင်းထက်အား သိပ်ချစ်ပုံရနေသည်ဟု ရတနာ ထင်နေမိ၏။

ကားဆီသို့သာ ရောက်လာရသည် ရတနာ့မျက်လုံးထဲ၌ ဖေဖေသည် ကောင်းထက်ပခုံးအား တယုတယဖက်ထားသည့် အသွင်က မထွက်ပါလေ။

ကားဆီသို့ရောက်သည်တွင် ဖေဖေနှင့် မေမေ့ရှေ့တွင် ထိုင်ကြပြီး ရတနာက ကိုကိုကောင်းထက်နှင့်အတူ နောက်တွင် ထိုင်ရသည်။

ရတနာသည် ဖေဖေချစ်သော ကိုကိုကောင်းထက်ကို မျက်လုံးဝိုင်းဝိုင်းလေးတွေနှင့် ကြည့်နေမိသည်တွင်…



ကောင်းထက်သည် ရတနာ၏ ချစ်စရာကောင်းသော မျက်နှာနုနုလေးဆီ အပြုံးနှင့်ကြည့်လာရင်းက…

"ညီမလေး…"

"ရှင်…"

"ညီမလေး ကျောင်းနေပြီလား…"

"မူကြိုနေနေတယ်လေ၊ ကိုကိုကောဟင်…"

"ကိုကိုက ကျောင်းနေနေပြီ ညီမလေးရဲ့…"

"ကိုကိုက ဘယ်နှစ်တန်းလဲဟင်…"

"ကိုကိုက သုံးတန်းရောက်ပြီ…"

"ဟုတ်လား၊ ဒါဆို ရတနာကို ကိုကို စာသင်ပေးနော်…"

"သင်ပေးမှာပေါ့၊ ညီမလေးက စာကြိုးစားနော်…"

"ဟုတ်ကဲ့ ကိုကို…"

ကောင်းထက်နှင့် ရတနာတို့ စကားတွေပြောရင်း ရတနာမှာ ကောင်းထက်၏ နူးညံ့စွာ ပြောဆိုပုံလေးများအပေါ် ချစ်ခင်သွားရရှာ၏။

နောက်တွင် သမီးနှင့် သားတို့၏ စကားသံလေးတွေကို နားထောင်ရင်း…

ကိုလိမ္မော်သည် ကားမောင်းနေသော ချစ်ဇနီး စောကို ကြည့်မိသည်။

စောသည် မောင့်ကို မကြည့်မိ။ တွေးရည်စိမ်သော မျက်နှာလေးနှင့် တူရှုသို့သာကြည့်ကာ ကားကို မောင်းနှင်နေလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုလိမ္မော်သည် စော၏ ပခုံးလေးထက် ဖွဖွဆုပ်ဖျစ်ကိုင်လိုက်သည်တွင်…

စောသည် မောင့်မျက်နှာဆီ တည်ငြိမ်အေးဆေးသော အကြည့်တွေနှင့် တစ်ချက်မျှကြည့်လာပြီး ဘူရှသို့သာ ပြန်ကြည့်လိုက်၏။

"ဟင်း…"

ကိုလိမ္မော်သည် ရင်ထဲကျိတ်ကာ သက်မမောအား ချလိုက်၏။

အဘယ်ကြောင့်ဆိုသော် ချစ်ဇနီးစော၏ အကြည့်သည် သူ့အပေါ်၌ ထူးခြားခြင်းမရှိသေးသည်ကို သူ တွေ့လိုက်ရသောကြောင့်ပါတည်း။ ။



## - နှစ်ဆယ့်ခုနှစ် -

ကိုလိမ္မော်သည် မိမိကိုယ်ပိုင်ဖွင့်ထားသော အလုပ်သို့ …န်းဆက်လိုက်ပြီးနောက်…

"ကဲ‥သားနဲ့သမီးရေ ဘိုးဘိုး၊ ဖွားဖွားတို့ဆီ သွားလည်ကြ…ယ်၊ အကျီလဲကြနော်…"

"ဟုတ်ကဲ့ ဖေဖေ…"

"ကိုကိုလဲဖို့ အကျီပါရဲ့လားဟင်…"

"ပါပါတယ် ညီမလေးရဲ့…"

"ဒါဖြင့် သွားလဲ၊ ရတနာလည်း လဲလိုက်ဦးမယ်…"

ကောင်းထက်နှင့် ရတနာတို့ စကားသံတွေကို နားထောင်ရင်း …ိုလိမ္မော်နှင့်စောသည် တစ်ယောက်ကိုတစ်ယောက် ကြည့်…ာ …န်းထဲသို့ ဝင်ခဲ့ကြ၏။

"စော…"

www.burmeseclassic.com

www.burmeseclassic.com



စော အနီးရောက်ကာ ကိုလိမ္မော်ခေါ်တော့ စော ကြည့်သည်။

"သားနဲ့သမီးကတော့ ချစ်ချစ်ခင်ခင် ရှိကြတယ်နော်…"

ကိုလိမ္မော် ပြောတော့ စော ခေါင်းညိတ်ပြသည်။

"စောကရော မောင့်ကို ဘယ်တော့မှ နားလည်မှာလဲကွယ်"

"မောင့်ကို နားလည်နိုင်ဖို့ စောကိုယ်စောလည်း ကြိုးစားနေပါတယ်လေ…"

စော ခါးလေးဆီကိုင်ကာ ကိုလိမ္မော် ဆိုသည်တွင် စောသည် မောင့်လက်ကို ဖြုတ်ချဖယ်ရှားကာ ဆိုလိုက်၏။

"ဟင်း…"

ကိုလိမ္မော်သည် ချစ်ဇနီး၏ စိမ်းကားသွင်ဖယ်မှုများ အတွက် အားငယ်တာ သွေ့ခြောက်နေရလွန်းပါ၏။

"ကဲ…မောင်၊ အဝတ်မြန်မြန်လဲတော့၊ သွားကြမယ်၊ မောင် မိဘအိမ်တွေ သွားပြီးမှ စော မေမေ့ဆီ သွားကြတာပေါ့…"

စောဆိုရင်း အဝတ်လဲသည်။ ပြီးသည်နှင့် စောသည် အခန်းထဲမှ ထွက်ကာ ကောင်းထက်နှင့် သမီးလေးတို့အခန်းတွေဆီ ထွက်လာခဲ့လိုက်သည်။

"ဟော…သမီးနဲ့သားတို့က အင်္ကျီတွေတောင် လဲပြီးကုန်ကြပြီကိုး…"

ဧည့်ခန်းတွင်ထိုင်နေကြသော ကောင်းထက်နှင့် ရတနာတို့ကို တွေ့လိုက်ရ၍ စော အံ့သြစွာ ဆိုလိုက်သည်တွင်…

ကောင်းထက်နှင့် ရတနာသည် စောထံသို့ အပြုံးတွေနှင့်



လှည့်ကြည့်လာကြရင်း ရတနာက…

"ရတနာက အဝတ်လဲပြီးတာ ကြာလှပြီ မေမေ၊ မေမေနဲ့ ဖေဖေတို့ကို စောင့်ရင်း ကိုကိုက ရတနာ့ကို စာတော်ပြနေတာ…"

"ကိုကိုကရတနာ့ကို ညတိုင်း စာသင်ပေးမယ်တဲ့ မေမေ…"

"ကောင်းတာပေါ့ သမီးရယ်၊ သမီးလေးကလည်း ကိုကိုနဲ့ စာသင်ချင်တယ် မဟုတ်လား…"

"ဟုတ်ကဲ့…"

"ဟော…ဟိုမှာ ဖေဖေလာပြီ၊ သွားကြရအောင်…"

စာအုပ်ကလေးကို သေသပ်စွာထားပြီး ကောင်းထက်သည် ရတနာ၏ လက်ကလေးကိုဆွဲကာ အိမ်ရှေ့သို့ ထွက်ခဲ့သည်။

အိမ်တံခါးတွေပိတ်ပြီးနောက် မိသားစုလေးသည် ရွှေတောင်ကြားလမ်းမှ ကိုလိမ္မော် မိဘအိမ်ဆီသို့ ကိုလိမ္မော်သည် ကားကို မောင်းထွက်လာခဲ့လိုက်လေ၏။

ကိုလိမ္မော်သည် ချစ်ဇနီးဘက်ကြည့်လိုက်၊ နောက်တွင် ထိုင်နေသော သားနှင့်သမီးထံသို့ ကြည့်လိုက်နှင့် ကားကို မောင်းနှင်နေလေ၏။

နောက်တွင် ထိုင်နေကြသော ကောင်းထက်နှင့် ရတနာတို့က အရုပ်ကလေးတွေကြည့်၍ လာကြသည်။

စောကား ကားပြူတင်းပေါက်အပြင်ဘက်သို့ အတွေးတို့ဖြင့် ငေးမောကာ တိတ်ဆိတ်စွာ ရှိနေပါလေ၏။

မှန်သည်။

ရန်ပိုင်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



စော အတွေးထဲ၌ ကောင်းထက် အကြောင်းများသည် ရှိနေ သည် မဟုတ်ပါလား။

ကောင်းထက်သည် အလွန်မှ အလိုက်သိ၍ လိမ္မာသော ကလေး တစ်ယောက်ဖြစ်ကြောင်း စော ပို၍ သိလာသည်။

အဘယ်ကြောင့်ဆိုသော် ကောင်းထက်သည် စောတို့ မိသား စု၏ အရိပ်အခြည်ကိုကြည့်ကာ နေထိုင်ပြောဆိုတတ်သည်။

သားက သိပ်လိမ္မာတာပဲဟု စောဆိုလျှင်...

ကျွန်တော့်မေမေက ဆရာမဆိုတော့ ကျွန်တော့်ကို လိမ္မာအောင် အမြဲတမ်း ဆုံးမသွန်သင်နေတတ်ပါတယ် ဒေါ်လေးမေဟု ကောင်းထက် ဆိုတတ်သည်။

စောသည် ကောင်းထက်၏ လွန်စွာမှ အလိုက်သိ လိမ္မာနေ ခြင်း ရှိပုံအတွက်တော့ဖြင့် မိမိ၏ သားအရင်းကဲ့သို့ တမ်းတကာ ချစ်သနားနေမိသည်က အမှန်ပါလေ။

မှန်သည်။

ကောင်းထက်ကို စော ချစ်သည်။ မိမိ၏ သားအရင်းတမျှ စော ချစ်မိသည်။ မောင့်ကိုမူ ဘာကြောင့်ရယ်မသိ။ စောသည် မောင့်အား နားလည်ခွင့်လွှတ်ကြည်ဖြူနိုင်စွမ်း မရှိသေးပါ။

"စော..."

"ဟင်..."

"မေမေတို့ အိမ်ရောက်ပြီ..."

"ဆောရီး မောင်၊ စော အတွေးတွေ လွန်သွားတယ်..."





ယောက္ခမများ အိမ်ရှေ့သို့ ကားလေး ရပ်လို့ရပ်သွားမှန်းပင် မသိအောင် အတွေးထဲ နစ်မျောသွားရ၏။

"ယော...သားတို့သမီးတို့ လာကြပြော့၊ လာ...လာ...မေမေ တို့တောင်မှ ဒီညနေ သမီးတို့ဆီသွားဖို့ လုပ်နေကြတာကွယ်..."

ယောက္ခမကြီးက စောတို့ မိသားစုကို ဖိတ်ခေါ်ရင်း ဆိုသည်။

"ကဲ...လာ၊ ထိုင်ကြ၊ ထိုင်ကြ၊ ဟော်...ဒါလေးက ဘယ်သူ လဲကွယ့်၊ ဘယ်ကလဲ..."

ကောင်းထက်ကိုကြည့်ကာ ဦးထွန်းအောင် ဆိုသည်တွင် စောနှင့် ကိုလိမ္မော်တို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက် ကြပြီး...

စောက...

"မောင့်မိတ်ဆွေရဲ့သားပါ ဖေဖေ၊ ဒီဇင်ဘာကျောင်းပိတ်တုန်း လာလည်တာပါ..."

"ဪ...ဟုတ်လား၊ သားက ဘယ်နှတန်းရောက်ပြီလဲ ကွယ့်၊ ဘယ်ကနေ လာလည်တာလဲ..."

ကိုလိမ္မော်၏မိခင်မှာ ကောင်းထက်ကို ကြည့်ပြီး မေးနေ၍...

"သားက သုံးတန်းပါ၊ မန္တလေးက လာလည်တာပါ ဘွားဘွား..."

"ဪ...မြေးရဲ့မိဘတွေကကောကွယ့်..."

"သားက ဖေဖေကော မေမေကော မရှိကြတော့ပါဘူး၊ သားက မေမေ့အစ်မ ဒေါ်လေးနဲ့နေပါတယ်..."



www.burmeseclassic.com

www.burmeseclassic.com



"ညှော်..."

ဦးထွန်းအောင်နှင့် ဒေါ်အေးလှသည် ကောင်းထက် မျက်နှာလေးဆီ ကြည့်၍နေမိကြလေသည်။

"ဒါနဲ့ ဖေဖေနဲ့မေမေတို့ အလုပ်ဘက် ရောက်ကြသေးလားဟင်..."

ကောင်းထက်ထံမှ မိဘနှစ်ပါး၏ အာရုံများကို ကိုလိမ္မော်သည် မသိမသာ ဖြတ်တောက်လိုက်ပါ၏။

"မနေ့ကတော့ ရောက်တယ် သားရဲ့၊ သား မန္တလေးသွားတယ်လို့ မန်နေဂျာက ပြောပြတယ်..."

"ဒါနဲ့သားက ဒီကလေးကို မန္တလေးကနေ ခေါ်လာတာလားကွယ့်..."

"ဟုတ်တယ် မေမေ၊ ဒီနေ့ မိသားစု လျှောက်လည်ကြမလို့လေ၊ မေမေတို့အိမ် ခဏဝင်လာတာ..."

"ဒါနဲ့ သားတို့အခု တိရစ္ဆာန်ရုံတွေဘာတွေ သွားကြမှာလား"

"ဟုတ်ကဲ့ မေမေ၊ ဒီက သားကောင်းထက်ကို လိုက်ပြမလို့လေ..."

"အင်း..အင်း၊ ကောင်းတယ် ကဲ ဒါဖြင့်လည်း နေမပူခင်အချိန်ရှိတုန်း သွားလိုက်ကြကွယ့်..."

"ဟုတ်ကဲ့ မေမေ..."

အားလုံး ထိုင်ရာမှထကာ မိဘနှစ်ပါးကို နှုတ်ဆက်လိုက်ကြသည်။





ကိုလိမ္မော်နှင့်စောတို့က မိဘယောက္ခမအိမ်မှ ကားကိုမောင်းထွက်လာခဲ့ကြပြီး ကန်တော်ကြီးကို ပတ်ကာ တိရစ္ဆာန်ဥယျာဉ်သို့ မိသားစု ဝင်ရောက်ခဲ့ကြလေ၏။

တိရစ္ဆာန်ရုံထဲ လျှောက်လည်ကြသည်တွင် ကောင်းထက်ကို ကိုလိမ္မော်က လက်ဆွဲခေါ်သလို သမီးလေးကို စောက လက်ဆွဲခေါ်သည်။

တိရစ္ဆာန်ရုံအနှံ့လျှောက်လည်အပြီး...

ထမင်းစားချိန်နီးသည်ကို သတိရမိ၍ စောသည်...

"ကဲ..လာ..လာ၊ ထမင်းစားချိန်လည်း ရောက်ပြီ၊ စောမေမေတို့ဆီမှာ ထမင်းဟင်းတွေချက်ထားတယ်၊ သွားကြရအောင်..."

ထို့နောက်စောတို့ မိသားစုလေးသည် ငါးပြတိုက်မှ ထွက်လာခဲ့လိုက်ကြသည်။

တအောင့်ခန့်ကြာသည်တွင် စော၏မိခင် ယောက္ခမအိမ်သို့ ရောက်ခဲ့သည်။

"ကဲ..လာကြ၊ ဘယ်တွေရောက်ခဲ့ကြလဲ၊ နေရာတွေ စုံခဲ့ကြရဲ့လား..."

သူတို့မိသားစု ရောက်လာသည်တွင် အားလုံးက ဝိုင်း၍ကြိုဆိုကြသည်။

"ဟင်..မေမေ ဈေးမထွက်ဘူးလား..."

မေမေကိုမြင်၍ အံ့ဩစွာ မေးလိုက်သည်။

"မထွက်ဘူးသမီးရေ၊ မေမေ နေမကောင်းဖြစ်ချင်လို့ ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



အနားယူလိုက်တယ်လေ…”

“သမီးတွေမိသားစုတွေလည်း လာမယ်ဆိုတော့ အတော်ပဲ ဝေ့ကွယ်…”

“ကဲ··ကဲ ကလေးတွေ ထမင်းဆာကြရောပေါ့၊ ထမင်းစားကြကွယ့် သားမောင်လီမွှော်လည်း ဆာလောက်ပြီ၊ အားလုံးအသင့် ပါပဲကွယ်၊ စားကြ··စားကြ…”

ဒေါ်မြကျင်မှာ သမီး သမက်နှင့် မြေးတွေကို ဖေါ်ရွေပြည့် ဝစွာဖိတ်ခေါ်ကာ ထမင်းစားခန်းဆီသို့ တန်းခေါ်၍ ကိုယ်တိုင်ပင် ကျွေးမွေးရှာပါ၏။

ကိုလီမွှော် အနေသက်သာစေရန်အတွက် ဘာမှ မသိသလို ပြုကာ ခလေးတွေကို ထမင်းဟင်းတွေ ခပ်ထည့် ကျွေးမွေးကြသည်။

မှန်သည်။ ထိုနေ့က ယောက္ခမအား နှုတ်ဆက်ကာ အိမ်ပြန် ခဲ့သည်တွင် ကိုလီမွှော်သည် ချစ်ဇနီးအား အထူးပင်ကျေးဇူးတင်ခဲ့ရ သည် မဟုတ်ပါတကား။ ။





## - နှစ်ဆယ့်ရှစ် -

“ကိုကို…”

“ဘာလဲ ညီမလေး…”

“ကျောင်းဖွင့်ရင် ကိုကိုပြန်မှာလားဟင်…”

“ပြန်ရမှာပေါ့ ညီမလေးရဲ့…”

“ဟင်··မပြန်ပါနဲ့လား၊ ဒီမှာ ရတနာနဲ့ အတူတူ ကျောင်းနေ ပါလား ကိုကိုရဲ့…”

“အင်··နောက်နေ့ကျရင် ညီမလေးရဲ့ဖေဖေ၊ လေးလေးက တော့ ကိုကို့ကို ကျောင်းထားပေးမယ်လို့ ပြောတာပဲ ညီမလေးရဲ့…”

“ဟား··ဒါဆိုအတော်ပဲပေါ့၊ ရတနာလည်း ဒီနှစ်မှုကြို တက်ပြီးရင် ကျောင်းနေရတော့မှာ ကိုကိုနဲ့အတူတူ ကျောင်းနေမယ် နော်…”

“ကိုကို့ကို ညီမလေးမိဘတွေက ထားပေးရင်တော့ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



နေရမှာပေါ့ညီမလေးရယ်...”

ခလေးနှစ်ယောက်၏ ချစ်ခင်မှုလေးတွေကို ဒေါ်မြကျင်နှင့် ထွေးထွေးတို့ သဘောကျနေကြသည်ပါ။

တနင်္ဂနွေနေ့မို့ အလုပ်ကိစ္စနှင့် ကိုလိမ္မော်နှင့် စောတို့မှာ ပဲခူးသို့ သွားကြ၍ သားနှင့်သမီးကို စောမေမေတို့အိမ်သို့ ပို့ထား ရသည်။

ပဲခူးကပြန်လာလျှင် ဝင်ခေါ်မည့်အချိန်ကိုစောင့်ရင်း ကောင်း ထက်နှင့် ရတနာတို့မှာ ခြံထဲ ကစားနေကြခြင်းပါ။

ရေသောက်ရန်အတွက် ရတနာအိမ်ထဲသို့ ဝင်ရောက်လာ ခဲ့သည်။

“အင်း ကလေးချင်းက ချစ်ချစ်ခင်ခင်ရှိကြတာ တွေ့ရတော့ ကြည့်ရတာ စိတ်ချမ်းသာရတယ်...”

“ဟုတ်တယ်မေမေ၊ ကောင်းထက်က သူ့အဖေအစစ်အမှန် ဟာ ကိုလိမ္မော်ပါလို့ ဖွင့်ပြောလိုက်ရင် ဘယ်လိုနေရှာမလဲ မသိဘူးနော်”

ဧည့်ခန်းထဲသို့ လှမ်းဝင်လာသော ရတနာ ခြေလှမ်းလေးတွေ မှာ တန့်သွားရလေသည်။ ဘွားအေကြီးနှင့်အဒေါ်ဖြစ်သူဘက် ရတနာ လှမ်းကြည့်လိုက် တော့ ရတနာကို သူတို့ မမြင်မိကြဘဲ စကားတွေသာ ဆက်ပြောနေ ကြသည်။

“ကောင်းထက်က ခုထိ သူ့အဖေဟာ မောင်လိမ္မော်မှန်း မသိဘူးလား သမီးရဲ့...”

“ဟင်းအင်း..မသိသေးဘူး မေမေ၊ ကိုလိမ္မော်ကို





ကောင်းထက်က သူ့မိဘရဲ့ မိတ်ဆွေအနေနဲ့ပဲ သိနေတာ...”

“မမကြီးကတော့ တဖြည်းဖြည်း ဖွင့်ပြောဖို့ ကြိုးစားနေတာ ပါပဲတဲ့...”

“မမကြီးအနေနဲ့ ကောင်းထက်လေးကို သားသမီးချင်းစာနာ ပြီး ချစ်တာတော့ အမှန်ပဲ မေမေ...”

“ဒါပေမယ့် မမကြီးက ကိုလိမ္မော်ကိုတော့ ခွင့်လွှတ်ပုံ မပေါ်သေးဘူး...”

ဘွားအေနှင့် အဒေါ်ဖြစ်သူ စကားများကို နားထောင်ရင်း ရတနာ မျက်နှာလေးညှိုကာ အိမ်ထဲမှ ပြန်ထွက်လာခဲ့လေသည်။

ရတနာ ရေမသောက်တော့၊ ရေဆာတော့...မြင်သာသော နေရာလေး၌ရပ်ကာ ကောင်းထက်ကို မျက်ရည်တွေစီးကျရင်း ရတနာ ကြည့်နေမိသည်။

ရတနာ မျက်လုံးထဲက ဖေဖေနှင့် ကောင်းထက်ပုံရိပ်တွေကို မြင်တွေ့နေရ၏။

ယခင်က ဖေဖေသည် ရတနာကို ပွေ့ချီ၍ နမ်းတတ်သည်။ ယခု ဖေဖေသည် ရတနာကို ဂရုမစိုက်တော့ဟု ရတနာ ထင်သည်။

ရတနာ့ထက် ဖေဖေ့သားကို ပိုချစ်သွားပြီ၊ ပိုဂရုစိုက်သွား ပြီဟု ရတနာ စိတ်တွင် ထိခိုက်စွာ ခံစားသွားမိရ၏။

ကိုကိုကောင်းထက်ပခုံးကို ဖေဖေသည် အမြဲလို ဖက်ထား သည်။ ကိုကိုကောင်းထက်ကို ဖေဖေသည် စကားတွေ အရေးတယူ ဆိုတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်ကွင်းတွေက ရတနာ၏ မျက်လုံးထဲမှာ တဝဲလည်လည် ရှိနေရ၏။

ဒါကြောင့် ဖေဖေက ငါ့ကိုမချစ်တော့တာ၊ ငါ့ထက် ကိုကိုကောင်းထက်ကို ဖေဖေ ပိုချစ်သွားပြီ....

ကိုကိုကောင်းထက်ဟာ ဖေဖေ့သားတဲ့...

ဟုတ်မှာပါ၊ ဒါကြောင့် ကိုကိုကောင်းထက်ကို ဖေဖေ သိပ်ချစ်နေတာ..အဟင့်..ဟင့်...

ရှိုက်သံလေးတွေထွက်အောင် ရတနာ ငိုလိုက်မိသည်။ ထို့နောက် ကောင်းထက်ထံသို့ ရတနာ ပြေးသွားလိုက်ပြီး ကောင်းထက်ကစားနေသည့် အရုပ်ကလေးကို လုယူလိုက်၏။

"ဟင်..ညီမလေး၊ ဘာဖြစ်လို့လဲ..."

"မခေါ်နဲ့၊ မခေါ်နဲ့၊ ရတနာဟာ ကိုကိုကောင်းထက်ရဲ့ ညီမလေးမဟုတ်ဘူး၊ ကိုကိုကောင်းထက်ကို ရတနာ မချစ်တော့ဘူး"

"ဒီအရုပ်တွေလည်း ရတနာ မလိုချင်တော့ဘူး သွားတော့၊ ဟီး..ဟီး..."

အရုပ်တွေကို လွှင့်ပစ်ပြီး ရတနာကား ထိခိုက်ခြင်း၊ ဝမ်းနည်းခြင်းကြီးစွာဖြင့် ငိုချလိုက်မိပါတော့၏။

"ဟင်..ညီမလေး၊ ဘာဖြစ်လို့ ငိုတာလဲ၊ ကိုကို ဘာလုပ်မိလို့လဲ၊ ကိုကို ဘာလုပ်ပေးရမလဲဟင်..."

"ဟင့်..ဟင့်အင်း..မခေါ်နဲ့..မခေါ်နဲ့၊ ဟီး..ဟီး..."

"အို..သမီး..သမီး ဘာဖြစ်လို့လဲ၊ သား..ညီမလေး ဘာဖြစ်



လို့လဲ..."

ဒေါ်မြကျင်နှင့် ထွေးထွေးတို့ ရောက်လာပြီး ကောင်းထက်နှင့် ရတနာကို ကြည့်ပြီး မေးသည်။

"သားလည်း ဘာမှမသိပါဘူး ဘွားဘွားနဲ့ ဒေါ်လေးရယ်၊ ညီမလေး မကြိုက်တာလည်း သားဘာမှ မလုပ်မိပါဘူး..."

ရတနာသည် ဝမ်းနည်းစွာဖြင့် ငိုသည်။

"သမီး..သမီး၊ အို..သမီးရယ်၊ ငိုလိုက်တာ၊ ဘာဖြစ်လဲ ဘွားဘွားကိုပြောလေ..ပြော..."

"ပြောလေ သမီး..."

အဘွားနှင့် အဒေါ်က မေးသော်လည်း ရတနာ မဖြေ။

ကောင်းထက်သည် ရတနာကို သနားစရာ မျက်နှာလေးနှင့် ကြည့်နေမိသည်။ ဒေါ်မြကျင်နှင့် ထွေးထွေးကလည်း ရတနာကို အကဲခတ် သလို ကြည့်နေမိသည်။

ရတနာသည် ရှိုက်သံလေးပျောက်၍ မျက်နှာလေးညှိုးငယ်နေရာ၏။ မျက်မှောက်တွန့်ကာ ဒေါ်မြကျင်နှင့် ထွေးထွေးတို့မှာ ရတနာနောက်သို့ ဝင်လိုက်သွားကြသည်။

ကောင်းထက်ကား ရတနာ လွှင့်ပစ်သွားသော အရုပ်ကလေးဆီ သွားကောက်ကာ ဝမ်းနည်းစွာ ကြည့်နေလိုက်ရှာ၏။ ။

www.burmeseclassic.com

www.burmeseclassic.com



– နှစ်သယ်ကိုး –

"စော…"

ကော်ဖီသောက်ရင်း ကိုလီမွှော် ခေါ်သံကြောင့် စော ကြည့်လိုက်သည်။

"မောင်တို့ ဒီနေ့ လျှောက်လည်ကြရအောင်နော်…"

"မောင်က အားလို့လား…"

"မောင်က ရပါတယ်၊ စောပဲ အနှောင့်အယှက်ဖြစ်မှာစိုးလို့"

"စောလည်း ရပါတယ်၊ သွားတာပေါ့…"

"ဒါဖြင့် သားနဲ့သမီးကို မောင် သွားပြောလိုက်မယ်နော်…"

စော ခေါင်းညိတ်ပြလိုက်သည်။ ကိုလီမွှော်သည် ချစ်ဇနီးနှင့် သဘောတူညီမှုယူခဲ့ပြီး သားနှင့် သမီးတို့ကို လျှောက်လည်ရန်အတွက် သွားရောက်ပြောရန် အိမ်ရှေ့သို့ ထွက်ခဲ့လေ၏။

ကိုလီမွှော် အိမ်ရှေ့ရောက်သည်တွင် ကောင်းထက်



တစ်ယောက်တည်းထိုင်ကာ ငေးနေသလိုလို တွေ့လိုက်ရလေ၍…

"သား…ကောင်းထက်…"

"ဗျာ…"

"ဒီနေ့ လေးလေးတို့မိသားစု အားလုံးလျှောက်လည်ကြမယ်၊ ညီမလေးကော သား…"

ကိုလီမွှော်မေးတော့ ကောင်းထက် မျက်နှာလေး မကောင်းသလိုရှိရင်းက…

"ကော်ဖီသောက်ပြီး အခန်းထဲဝင်သွားတယ် လေးလေး…"

"ဪ…ဟုတ်လား၊ ညီမလေးက သားနဲ့ မကစားဘူးထင်တယ်၊ လေးလေးသွားပြောပြလိုက်မယ် သားလည်း အဆင်သင့် လုပ်ထားနော်…"

"ဟုတ်ကဲ့ လေးလေး…"

အခန်းထဲသို့ ကိုလီမွှော်ဝင်သွားသည်ကို ကောင်းထက် ငေးကြည့်နေလိုက်လေသည်။

ရတနာနှင့်ပတ်သက်၍ ကောင်းထက် စိတ်မကောင်းဖြစ်နေရသည်က အမှန်ပါ။

ရတနာဘာဖြစ်မှန်းလည်း ကောင်းထက် မသိ။ သူ့ကို ရတနာ မခေါ်မပြောပဲ နေသည်မှာ မနေ့ကတည်းက မဟုတ်ပါလား…

ရတနာအခန်းထဲ ရောက်လာသော ကိုလီမွှော်သည် သမီးလေးအား အိပ်ရာထဲတွင် ခွေခွေလေးတွေ့လိုက်ရလေ၍…

"ဟင်…သမီး၊ သမီး ဘာဖြစ်လဲဟင်…"

ရန်ပိုင်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သမီးလေးအား ညှိုးငယ်စွာတွေ့လိုက်ရလေ၍ စိုးရိမ်စွာဖြင့် သမီးလေးကို ပွေ့ချီကာ မေးဖြစ်ရှာသည်။

ရတနာသည် မိမိကို ဂရုစိုက်စွာမေးလာသော ဖေဖေ့ကို အားငယ်စွာ ငေးကြည့်နေရှာ၏။

"သမီး ဖေဖေ့ကို ဘာကြည့်နေတာလဲကွယ်၊ သမီးနေမကောင်းဘူးလားဟင်…"

"ဟင်…သမီး၊ ဘာဖြစ်လဲ သမီးနေမကောင်းဘူးလား…"

အခန်းထဲသို့ ဝင်ရောက်လာသော စောပါ သမီးလေးအတွက် စိုးရိမ်စွာဖြင့် မေးမီသည်။

"သမီး…သမီး ဘာဖြစ်လဲ သမီးလေး၊ သမီးနေမကောင်းဘူးလား…"

သမီးချောအတွက် စိုးရိမ်တကြီးနှင့် သည်းသည်းလှုပ်ကာ ကိုလီမွှေ၍ မေးသည်။

စောသည် ဇနီးနှင့် သားသမီးအပေါ် ရွှန်းစွာမှ ဂရုစိုက်ကြင်နာတတ်သော မောင့်ကို ငေးကြည့်နေမိတော့သည်။

"ဖေဖေ…"

"ဘာလဲသမီးရယ် သမီးဘာလိုချင်လဲပြော၊ ဖေဖေ့ကို ပြောပါ…"

"ဟင့်အင်း…ရတနာ ဘာမှ မလိုချင်ဘူး ဖေဖေ၊ ဖေဖေ ရတနာ့ကို ချစ်ရဲ့လားဟင်…"

"အို…သမီးရယ်၊ ဘယ်လိုမေးလိုက်တာလဲကွယ်၊ သမီးလေး





ဟာ ဖေဖေရဲ့ ရတနာတပါးမို့ သမီးလေးရဲ့အမည်ကိုတောင်မှ ရတနာလို့ ဖေဖေက ပေးထားတာပါ သမီးရယ်…"

"သမီးကရော ဖေဖေကို ချစ်တယ် မဟုတ်လားဟင်…"

"ရတနာရဲ့ဖေဖေနဲ့ မေမေကို ရတနာ ချစ်တာပေါ့…"

"ကဲ…ဒါဖြင့် ဖေဖေနဲ့မေမေကိုချစ်ရင် သမီး ဒီလိုမနေနဲ့နော်၊ ဖေဖေတို့ လျှောက်လည်ကြမယ်၊ ထ နော်…"

ဖခင်ချော့တော့ သမီးလေး ရတနာ မျက်နှာလေးမှာ လန်းဆန်းသလို ရှိလာရဖြန့်သည်။

စောစောက သမီးလေးများ တစ်ခုခုဖြစ်သလားဟု စိုးရိမ်နေသော စောမှာ စိတ်အေးသွားရပြီး သမီးလေးကို အဝတ်လဲပေးလိုက်သည်။

ထို့နောက် အိမ်တံခါး၊ ပြတင်းပေါက်များပိတ်ကာ ကားတစ်စီးနှင့် မိသားစု ထွက်ခဲ့လိုက်လေ၏။

"စော ဘယ်သွားမလဲဟင်…"

"မောင်ပဲ သွားချင်တာသွားပါ…"

"ဒါဖြင့် လော်ကားဥယျာဉ် သွားကြရအောင်…"

"မောင့် သဘောပဲ…"

"သားက လော်ကား ဥယျာဉ်ကို မရောက်ဘူးသေးဘူးနော်…"

"ဟုတ်ကဲ့ လေးလေး၊ ရန်ကုန်တောင် ခုပါနဲ့မှ ရောက်ဖူးတာပါ၊ မေမေနဲ့ တစ်ခါလာဖူးတယ်…"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ..."

ရှေ့တွင်ထိုင်ကာ စကားပြောနေကြသော ဖခင်နှင့် ကောင်းထက်ကို ရတနာကြည့်နေလိုက်သည်။

ရတနာသည် ကားထဲ ဝင်ထိုင်ကတည်းက မေမေ့လက်ကို ဆွဲကာ နောက်ခန်းတွင် ဝင်ထိုင်ခဲ့သည်မဟုတ်ပါလား ...

စောသည်လည်း ခင်ပွန်းသည်နှင့် ကောင်းထက်တို့အား ဝမ်းနည်းစွာ ကြည့်နေမိရသည်ပါ။

စော အနေနှင့် ကောင်းထက်အပေါ်၌ သားအရင်းကဲ့သို့ ချစ်နိုင်ပါသော်လည်း ...

ရတနာသည်လည်း ဖခင်နှင့် ကောင်းထက်ကို မြင်သည့်တွင် အလိုလို အားငယ်၍ နေတော့သည်။

ဖေဖေက ကိုကိုကောင်းထက်ကို ချစ်သည်။ သူ့ကို မချစ်ဘူး ရတနာ စိတ်မှာ ခံစားရသည်။

ရတနာ၏ စိတ်ဝေဒနာလေးများအား ကိုလိမ္မော်ရော စောပါ ရိပ်မိသိရှိခြင်းမရှိပါလေ။

အတန်ကြာသည်တွင် လော်ကားဥယျာဉ်သို့ ကိုလိမ္မော် မောင်းလာသောကားလေး ရောက်ရှိလာ၏။

လော်ကားဥယျာဉ်အတွင်း ကားနှင့်မောင်းကြည့်ပြီးနောက် သာယာအေးချမ်းသော နေရာလေးတွင် ကားရပ်ကာ ကားပေါ်မှ မိသားစု ဆင်း၍ လမ်းလျှောက်ကြည့်ရှုကြသည်။

"သား .. ပျော်ရဲ့လား ..."



"ဟုတ်ကဲ့ လေးလေး ပျော်ပါတယ် ..."

"သား .. ရေကူးမလား ..."

"ကျွန်တော် ဘယ်တော့မှ ရေမကူးဘူး လေးလေး ..."

"ဘာဖြစ်လို့လဲ ..."

"ကျွန်တော့်ရဲ့မေမေဟာ ရေနစ်ပြီး ဆုံးသွားရတာပါ၊ အဲဒါ ကျွန်တော့်ကြောင့်ပါ ..."

မျက်ရည်လေးတွေဝဲကာ ပြောနေရှာသော ကောင်းထက်စကားများအား ကိုလိမ္မော်သည် စိတ်မကောင်းစွာ နားထောင်နေမိ၏။

ချို တစ်ယောက်ရေနစ်ပြီး ဆုံးရသည်ကို ခုမှပင် သူသိရသည် မဟုတ်ပါလား။

စောသည် ကောင်းထက်၏ မျက်နှာဆီ ငေးကြည့်နေသော ကိုလိမ္မော်၏ မျက်နှာဆီသို့ ကြည့်နေမိသည်။

ထို့အတူ ရတနာသည်လည်း ကြည့်နေရှာသည်ပါ။

ကောင်းထက်က သူ့မိခင်အကြောင်းကို ဆက်ဆိုသည်။

"စစ်ကိုင်းကို သွားလည်တုန်း မြစ်ထဲမှာ ကျွန်တော် ရေချိုးတော့ ရေနစ်သွားတယ် ..."

"မေမေက ကျွန်တော့်ကို လာဆယ်တယ်လေ၊ မေမေက ကျွန်တော့်အသက်ကိုတော့ ကယ်သွားတယ်၊ မေမေကတော့ ..."

ကောင်းထက် မျက်ရည်တွေစီးကျလာရင်း အသံတွေ တိုးတိမ်ဝင်သွားသည့်တွင် ...

ကိုလိမ္မော်သည် ကောင်းထက်အား ရင်ခွင်ထဲ ဖက်ထွေးကာ



www.burmeseclassic.com

www.burmeseclassic.com



အားပေးနှစ်သိမ့်လိုက်ရရှာ၏။

"လေးလေးရယ် ကျွန်တော်က အဖေမရှိခဲ့ပေမယ့်၊ ကျွန်တော့် မေမေက ကျွန်တော့်ကို ကောင်းကောင်းထားနိုင်ပါတယ်…"

"ကျွန်တော့်မေမေဆုံးတော့ ကျွန်တော်ဟာ ဒေါ်မေကြည်တို့ရဲ့ မိသားစု အငြိုးအငြင်ကို ခံပြီးနေရတယ်…"

"ကျွန်တော် ဝမ်းနည်းပေမယ့် စိတ်ဓာတ်မကျအောင် ကျွန်တော် ကြိုးစားပါတယ်၊ မေမေ သင်ခဲ့သလိုလိမ္မာအောင် ကျွန်တော် နေခဲ့ပါတယ်…"

"ကျွန်တော်လေ မေမေ့ကို သိပ်သတိရတာပဲ၊ မေမေသာ ရှိရင် ကျွန်တော် ဒီလို မနေရပါဘူး၊ ကျွန်တော်လေ ဒေါ်လေးမေကို မြင်တိုင်း မေမေ့ကို ပိုသတိရတယ်…"

"ဒေါ်လေးမေဟာ မေမေနဲ့သိပ်တူတာပါပဲ၊ တွေ့စက ကျွန်တော် မေမေလားလို့တောင် ထင်မိတယ်…"

"သားရယ် ဝမ်းနည်းစကားတွေမဆိုပါနဲ့တော့ကွယ်၊ အားလည်းမငယ်ပါနဲ့နော်၊ လေးလေးနဲ့ ဒေါ်လေးမေ ရှိပါတယ်…"

ကောင်းထက်ကို ပိုက်ထွေးကာ ဆံနွယ်လေးများကို ပွတ်သပ်ပေးရင်း ကိုလီမွှေ အားပေးစကားဆိုသည်။

ကြားနေရသော ကောင်းထက် စကားများအတွက် စောသည် အမှန်ပင် စိတ်ထိခိုက်မိရပါလေသည်။

စောသည် သမီးလေးလက်ကိုဆွဲကာ ကောင်းထက်အနီး လျှောက်သွားသည့်တွင် ရတနာသည် မသိမသာလေး လက်ကလေး





ဖြုတ်ကာ ကျွန်နေရစ်ခဲ့သည်။

ရတနာ့ကို စော သတိမထားမိ။ မောင်နှင့်အတူ စောလည်း နှစ်သိမ့်အားပေးမိသည်။

"အားမငယ်ပါနဲ့ သားရယ်၊ သားဘဝမှာ ဘာမှ အားငယ်စရာ မရှိပါဘူး၊ ဒေါ်လေးမေလည်း ရှိသလို၊ သားရဲ့ ဖေ..အဲ၊ လေးလေးလည်းရှိပါတယ်ကွယ်…"

"သား အားမငယ်နဲ့နော်၊ ကဲ..ကဲ..တိတ်ပါ သားရယ်…"

ကောင်းထက်သည် စော မျက်နှာကို မော့ကြည့်ရင်း မျက်ရည်တွေ စီးကျနေလေ၍ စောသည် လက်ကိုင်ပဝါလေးနှင့် မျက်ရည်တွေကို တယုတယ သုတ်ပေးလိုက်၏။

ရတနာသည် ခုံတန်းလေးတွင် သွားရောက်ထိုင်နေလိုက်ပြီး ဖေဖေ၊ မေမေနှင့် ကောင်းထက်တို့ကို ကြည့်နေမိ၏။

ရတနာ မျက်ဝန်းထဲတွင် မျက်ရည်လေးတွေ ဝဲလျှံ၍ နေရှာ၏။

စောသည် သမီးလေးထံသို့ လျှောက်လာသည်။ သမီးလေးနှင့်အတူ စော ထိုင်ကာ ခေါင်းထဲ၌ စော ခံစားမှုအတွေးများ ရှုပ်ထွေးနေသည့်တွင်…

မိခင်ရင်ဝယ်ခေါင်းလေးတိုးဝင်ကာ ဖခင်နှင့် ကောင်းထက်ထံ လှမ်းကြည့်နေဆဲမှ…

"ဖေဖေ ငါ့ကို မချစ်တော့ဘူး၊ ကိုကိုကောင်းထက်ကိုပဲ ချစ်နေပြီ၊ ကိုကိုကောင်းထက်ကို မုန်းတယ်…"



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းထိခိုက်စွာ ငွေးရင်း ရတာနှာ မျက်ရည်တွေကျလာသည်။

"ဟင်..သမီးလေး ငိုနေတယ်..."

"မေမေ..သမီး ပြန်ချင်တယ်..."

"ဒါဖြင့် ဖေဖေတို့ကို ခေါ်လိုက်မယ်နော်..."

"သမီး မေမေနဲ့ပဲ ပြန်မယ်၊ အခု ပြန်မယ် မေမေ၊ အဟင့်..ဟင့်..."

"အို..သမီး မငိုနဲ့၊ သမီးပြန်ချင်ရင် ပြန်ရမှာပေါ့၊ ခဏလေးနော်၊ သမီးဖေဖေတို့အတွက် မေမေတို့ပြန်သွားကြောင်းသိရအောင် စာလေးတစ်စောင် ရေးထားခဲ့မယ်နော်..."

သမီးလေးကို ဆိုကာ ကပျာကယာ စာတိုလေးကိုရေးခဲ့ပြီး ခုံးပေါ်တွင် ခဲလုံးလေးနှင့်ဖိကာ သမီးလေး အလိုကျ ပြန်သွားလိုက်ရပါသတည်း။

စောစောက ထိုင်နေကြသော ခုံတန်းအောက်၌ စောတို့သားအမိကိုယ်စား စာရွက်လေးကို တွေ့လိုက်ရ၍ ကိုလီမွှော် ဖတ်ကြည့်လိုက်သည်တွင်...

မောင်...သမီးလေးက ပြန်ချင်တယ်ဆိုလို့ စောနဲ့ သမီးတို့ ပြန်သွားကြပါပြီ၊ မောင်တို့သားအဖ အေးအေးဆေးဆေးနေကြပါ၊ စောတို့ သားအမိအတွက် စိတ်မပူပါနဲ့ စောတို့အိမ်ရောက်တာနဲ့ ကားပြန်လွှတ်ပေးလိုက်ပါ့မယ်...

စော





စော ရေးသွားသော စာလေးကိုဖတ်ပြီး ကိုလီမွှော်သည် ရင်ထဲ မောနွမ်းသွားရပါလေ၏။

ကောင်းကင် မော်ကြည့်လာတော့ ကိုလီမွှော်သည် ဝေဒနာကို မျှိုသိပ်ကာ သားဖြစ်သူအား ပြုံးလျက်နှစ်သိမ့်လိုက်၏။ ။



www.burmeseclassic.com

www.burmeseclassic.com



- သုံးဆယ် -

"ကိုကိုကောင်းထက်ကို မုန်းတယ်၊ ကိုကိုကောင်းထက်ကို မုန်းတယ်..."

"ဖေဖေက ရတနာကို မချစ်တော့ဘူး၊ ကိုကို ကောင်းထက်ကိုပဲ ချစ်တယ်၊ ကိုကိုက ဖေဖေ့သားကိုး၊ ဟီး..ဟီး..ကိုကိုက ဖေဖေ့ရဲ့သားဆိုတာ ဘွားဘွားနဲ့ တီတီတို့ပြောသံကြားလို့ ရတနာ သိတယ်"

"ဟီး..ဟီး..."

"အို..သမီး..."

"ဟင်..သမီးလေး..."

နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ သမီးလေး အခန်းထဲမှ သမီးလေး၏ အော်ဟစ်ပြောသော စကားသံများကြောင့်...

ကိုလိမ္မော်၊ စောနှင့် ကောင်းထက်တို့ပါနိုးကာ ရတနာ အခန်း





ဆီသို့ စိုးရိမ်တကြီး အပြေးရောက်သွားကြရလေသည်။

ထိုအခါ ချစ်သမီးလေး မျိုသိပ်ခံစားထားရသော စိတ်ဝေဒနာတို့သည် အိပ်ပျော်နေရာမှ ယောင်ယမ်းကာ ပေါက်ကွဲထွက်လာရသည့် စကားများအား ကြားလိုက်ကြရသည့်တွင်...

ကိုလိမ္မော်နှင့် စောသည် သမီးလေး၏ ဝေဒနာအား နားလည်သွားကြရလေ၏။

ရတနာ၏ စကားများအား ကြားလိုက်ရသော ကောင်းထက်သည်လည်း အံ့ဩမှင်တက်ကာ ရှိနေမိလေ၏။

"မုန်းတယ်..မုန်းတယ်၊ ဖေဖေက ရတနာကို မချစ်တော့ဘူး၊ ကိုကိုကောင်းထက်ဟာ ဖေဖေ့သားတဲ့၊ ဒါကြောင့် ဖေဖေက ကိုကိုကောင်းထက်ကို ပိုချစ်တာ၊ ဟီး..ဟီး..."

အဆက်မပြတ် ယောင်ယမ်းကာ ဆိုနေသော သမီးလေးစကားများကြောင့် ကိုလိမ္မော်ရော စောပါ ဘာလုပ်ရမှန်းမသိအောင် ငေးငိုင်သွားရပါလေသည်။

စောသည် သမီးလေး ကိုယ်များပူသလားဟု စိုးရိမ်တကြီး စမ်းမိသည်။

သမီးလေး ကိုယ်မပူပါ။ မျိုသိပ်ထားရသည်ကို မမျိုသိပ်နိုင်တော့၍ ပေါက်ကွဲနေခြင်းသာ ဖြစ်သည်။

"လေးလေး..."

ကောင်းထက် ခေါ်သံကြောင့် ကိုလိမ္မော်ရော စောပါ ကောင်းထက်ကို ကြည့်လိုက်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းထက်သည် မျက်ရည်များဝဲကာ ရှက်ခြင်း၊ ဝမ်းနည်းခြင်းတို့ ရောနေလျက်မှ…

"ညီမလေး ပြောတဲ့စကားတွေ အမှန်ပဲလားဗျာ၊ ဒေါ်လေးမေ သားကို အမှန်အတိုင်းပြောပါ၊ ညီမလေး ပြောတဲ့စကားတွေဟာ အမှန်ပဲလားဟင်…"

စော ခေါင်းညိတ်ပြလိုက်သည်။

ကောင်းထက်သည် မျက်ရည်ကျလာရင်းမှ…

"ဒါကြောင့် ညီမလေးက ကျွန်တော့်ကို စကားမပြောတော့တာကိုး၊ ကျွန်တော်က မသိဘူး၊ ညီမလေး ခုလို ခံစားနေရတာ ကျွန်တော် မလိုလားပါဘူး…"

"ကျွန်တော့် အဒေါ်ကြီးရှိတဲ့ မော်လမြိုင်ကို ကျွန်တော် သွားပါရစေ၊ ကျွန်တော့်ကို ပို့ပေးပါနော်၊ ကျွန်တော် အခုသိရတော့ ရှက်တယ်၊ ဝမ်းနည်းတယ်၊ ညီမလေးအတွက်လည်း စိတ် မကောင်းဘူး…"

"သား…"

စကားအဆုံး၌ အခန်းထဲမှ ကောင်းထက် ပြေးထွက်သွားသည်တွင် ကိုလီမွှော်ရော စောပါ လှမ်းခေါ်လိုက်ကြသည်။

"မောင်…သားနောက်ကို လိုက်သွားလိုက်ပါ၊ သမီးကို စော ကြည့်နေမယ်…"

စော ဆိုသဖြင့် ကောင်းထက်နောက်သို့ ကိုလီမွှော် လိုက်ခဲ့လေသည်။





ညှော်ခန်းထဲရောက်သည်တွင် ကိုလီမွှော် အိပ်ရသော ဆိုဖာရှည်ကြီးနား၌ ကောင်းထက် ရပ်နေသည်ကို တွေ့လိုက်ရလေ၏။

"သား…"

ကောင်းထက် မထူး…

"သားရယ်၊ ဖေဖေ့ကို စိတ်နာသွားပြီလားကွယ်…"

"ကျွန်တော် ဘာကို စိတ်နာရမှာလဲ ဖေဖေ၊ ကျွန်တော် ရှက်တာပဲသိတယ်၊ ပြီးတော့ ကျွန်တော်နဲ့မေမေ့ကို ဖေဖေ ဘာကြောင့် ဖစ်ထားတာလဲဟင်…"

"သားရယ်၊ ဒီအကြောင်းတွေပြောရင် အရှည်ကြီးပါ၊ သားကြီး လာလို့ ဖေဖေပြောတာတွေကို နားလည်တာတတ်တဲ့ အချိန်ကျရင် သားကို ဖေဖေပြောပြပါ့မယ်၊ ခုတော့ ဖေဖေ့ကို ခွင့်လွှတ်ပါ…"

"ဟုတ်ကဲ့၊ ကျွန်တော် ဖေဖေ့ကို ဘာအပြစ်တစ်ခုမှ မမြင်ပါဘူး၊ မေမေဟာ သားဖေဖေကို ချစ်လွန်းလို့ သားဖေဖေရဲ့ အချစ်ကိုသာ ယူခဲ့တာပါတဲ့၊ မေမေ ပြောဖူးခဲ့တယ်…"

"အဲဒါ ဘာလဲ ဖေဖေ…"

"ဟင်း…"

ကောင်းထက်အမေးတွင် ကိုလီမွှော်သည် ဖြေရခက်စွာ သက်မမောကို ချလိုက်ပြီး…

"သား နားလည်တဲ့ တစ်နေ့မှာ ဖေဖေ ပြောပြပါ့မယ်သား၊ အခုပြောလည်း ဖေဖေ့စကားတွေကို သား နားလည်မှာ မဟုတ်ပါဘူး ကွယ်…"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမျှော်လင့်ပဲ ကျွန်တော်ဖေဖေဆိုတာ သိလိုက်ရတော့ ဖေဖေ့ကို ကျွန်တော်ချစ်တယ်၊ ဒါပေမယ့် ကျွန်တော်ကို မနက်ဖြန်တော့ မော်လမြိုင်ကို ပို့ပေးပါနော်၊ ကျွန်တော်ညီမလေးကို သနားလို့ပါ၊ ပြီးတော့ ကျွန်တော့် ကြောင့် ဖေဖေနဲ့ဒေါ်လေးမေတို့ ပြဿနာရှိကြမှာပါ…"

"ကျွန်တော်နားလည်ပါတယ် ဖေဖေ၊ ဒေါ်လေးမေကြည့်ဆီမှာ နေတုန်းက ကျွန်တော့်ကြောင့် ဒေါ်လေးတို့လင်မယား စကားများကြတယ်…"

ကောင်းထက်စကားများအတွက် ကိုလိမ္မော်မှာ ဖြေရှင်းရခက်နေပါတော့သည်။

"ကျေးဇူးပြုပြီး ကျွန်တော့်ကို မော်လမြိုင်ပဲ ပို့ပေးပါ ဖေဖေ၊ ဖေဖေရယ် ဒေါ်လေးမေရယ် ညီမလေးရယ်ကို ကျွန်တော်သိပ်ချစ်ပါတယ်၊ ကျွန်တော် သိပ်ချစ်လို့လည်း ဒီစကာကို ခွင့်ပန်တာပါ…"

"သားရယ်…"

လိမ္မာ ဆိတ်သော သား၏ စကားများကြောင့် ကိုလိမ္မော်သည် စိတ်ထိခိုက်သွားရပါ၏။ ကောင်းထက်ကို ထွေးဖက်ကာ ကိုလိမ္မော်သည် မျက်ရည်လည်မိလေသည်။

သမီးနှင့်ဇနီးကို ထောက်ထားကာ ရင်နာစွာနှင့်ပင် သားကို မော်လမြိုင်သို့ပို့ရန် ကိုလိမ္မော်သည် ဆုံးဖြတ်လိုက်ရရှာပါသတည်း။

ရန်ပိုင်ဦးစာပေ



- သုံးဆယ်တစ် -

ရထားထွက်ရန် သုံးမိနစ်သာလိုပြီ။

ကိုလိမ္မော်သည် ကောင်းထက်အတွက် ထိခိုက်ခြင်းဖြင့် လက်ကလေးအား ဆုပ်ကာ နှစ်သိမ့်ထားမိ၏။

"ဟင်…"

သက်မမောကို ချကာ ချစ်ဇနီးနှင့် ချစ်သမီးလေးဆီ ကြည့်လိုက်သည်။ စောသည်လည်း ကောင်းထက်ကို ကြည့်ကာ စိတ်ကောင်းရှာပါ။

ကောင်းထက်အတွက် စော မျက်ရည်တွေပင် ဝဲနေမိရလေသည်။ ရတနာသည်လည်း မိခင်လက်ကို ဆွဲကိုင်ကာ သံဇကာတစ်ဘက်မှ ကောင်းထက်မျက်နှာ ရွှမ်းရွှမ်းလေးဆီ ကြည့်နေမိရှာ၏။

တကယ်တမ်းကျတော့လည်း ကိုကိုကောင်းထက်အတွက်ရတနာ စိတ်မကောင်းသလို ဖြစ်နေရှာပုံပါ။



www.burmeseclassic.com

www.burmeseclassic.com



သံဇကာ တစ်ဘက်မှကောင်းထက်သည် စောနှင့် ရတနာ တို့ဆီ မျက်ရည်ဝဲကာ ညှိုးငယ်သော မျက်နှာလေးနှင့် ကြည့်နေရှာရင်း မှ…

"ဒေါ်လေးမေ၊ သား သွားတော့မယ်နော်၊ သားကို ဒေါ်လေး မေချစ်တာ သား သိပါတယ်၊ သားလည်း ဒေါ်လေးမေကို ချစ်တယ်"

"သားကို ကောင်းမွန်စွာ ကျွေးမွေးထားတဲ့အတွက် ဒေါ်လေး ကို သား ကျေးဇူးတင်မဆုံးပါဘူး…"

"ညီမလေးကိုလည်း ကိုကိုချစ်တယ်၊ ကိုကိုသွားမယ်နော် ကိုကိုညီမလေးကို နှုတ်ဆက်ပါတယ်၊ ဖေဖေ ပြန်လာတဲ့အခါ ကိုကို ညီမလေးအတွက် လက်ဆောင်ဝယ်ပေးလိုက်မယ်နော်…"

ကောင်းထက်ဆိုတော့ စောကော ရတနာပါ မျက်ရည်တို့ ပြိုလုပြိုခင် ရှိရလေ၏။

"ဘော်‥ဘူး…"

ရထားထွက်ရန် တစ်မိနစ်သာ လိုပြီ…

"သား…"

စော ခေါ်သည်။ စကားဖြင့်မူ စော မဆိုမိ။

"သား နှုတ်ဆက်ပါတယ် ဒေါ်လေးမေ၊ ညီမလေးကိုလည်း ကိုကိုနှုတ်ဆက်ပါတယ်…"

"စော‥မောင် သွားမယ်နော်၊ သမီး…ဖေဖေကိုကို့ကို ပြီး အမြန်ဆုံး သမီးဆီကို ပြန်လာခဲ့မယ်နော်…"

ချစ်ဇနီးနှင့် ချစ်သမီးကို နှုတ်ဆက်သည်တွင် စော





ခေါင်းညိတ်ပြသည်။

ရတနာမှာ ချစ်သောဖေဖေနှင့် ကိုကိုကောင်းထက်ဆီ ကြည့် ကာ စကားမဆိုပဲ မျက်ရည်တွေသာ စီးကျလာရှာ၏။

ရထားထွက်တော့မည်မို့ ကိုလီမွှော်နှင့်ကောင်းထက်သည် စောနှင့်ရတနာတို့ သားအမိကို လှည့်တကြည့်ကြည့်ရှိကာ ရထားဆီ သို့ တက်သွားရလေပြီ ဖြစ်၏။

စောသည် ကိုလီမွှော်နှင့် ကောင်းထက်ဆီ ကြည့်ပြီး ရင်ထဲ လွန်စွာမှ ထိခိုက်၍ နေမိပါလေ၏။

သမီးလေးဆီ စော ငုံ့ကြည့်မိတော့ သမီးလေးသည်လည်း မျက်ရည်တို့ စီးကျနေသည်ကို စော တွေ့လိုက်ရ၏။

စော နားလည်လိုက်ပါသည်။

သမီးလေးသည်လည်း စော ကဲ့သို့ပင် ခံစားမှုဝေဒနာလေး များ လွန်ဆွဲနေရှာပုံပါ။

"ဘော်‥ဘူး…"

ဥသြဆွဲကာ ရန်ကုန်-မုတ္တမ ရထားကြီးကား ထွက်ခွာသွား လေပြီ။

စောသည် သမီးလေး၏ မျက်ရည်လေးတွေကို သုတ်ပေးပြီး ဘူတာရုံထဲမှ ထွက်ခွာလာခဲ့လိုက်၏။

သမီးလေးသည် စကားမဆိုပဲ တစ်လမ်းလုံး ငေးငိုင်၍ တိတ် ဆိတ်စွာ ရှိနေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းဆဲမှလည်း စောသည်လည်း သမီးလေးကို စကား မဆိုမိပါလေ။

စော စိတ်များသည် ခံစားမှုတွေကြောင့် ရှုပ်ထွေးနောက်ကျိ ကာ နေလေတော့သည်။

ခေါင်းထဲ၌ အတွေးများသည် ယောက်ယက်ခတ်၍ ရင်ထဲ မှ ဘယ်လိုမှ စော နေမကောင်းပါလေ။

ကားတစ်စီးနှင့် သားအမိနှစ်ယောက်မှာ တစ်လမ်းလုံး တိတ်ဆိတ်၍ လာခဲ့၏။

တအောင့်ခန့်ကြာသည်တွင် စော ကားလေးသည် မေမေတို့ ခြံသို့ ရောက်လာခဲ့သည်။ ဆင်ဝင်အောက်၌ ကားကို ထိုးရပ်ပြီး စော တို့သားအမိ အိမ်ထဲသို့ ဝင်လိုက်သည်နှင့်...

"ဟင်..သမီးတို့သားအမိ စောစောစီးစီး ဘယ်ကလာကြတာ လဲကွယ့်..."

"ဘူတာရုံက ပြန်လာတာပါ မေမေ..."

"ဟင်..ဘူတာရုံက..."

"ဟုတ်တယ် မေမေ၊ သား ကောင်းထက်ကို မော်လမြိုင်မှာ ရှိတဲ့ သူ့အဒေါ်ကြီးဆီ မောင်က သွားလိုက်ပို့တယ် မေမေ..."

"ဟင်..ဘာဖြစ်လို့လဲ သမီး၊ ကလေးက သမီးတို့နဲ့ နေမပျော် လို့လား..."

"မဟုတ်ပါဘူး မေမေရယ်၊ ကလေးက နေပျော်ရှာပါတယ်။





စောကလည်း မလိုလားလို့ မဟုတ်ပါဘူး..."

"နောက်မှပဲ စော ပြောပြပါ့မယ် မေမေ၊ ကဲ..ကဲ..သမီးက သမီးတီတီဆီ တက်သွားနော်၊ ပြီးတော့ မေမေ ရောက်နေတယ်လို့ ပြောပြီး ခေါ်ခဲ့နော် သမီး..."

"ဟုတ်ကဲ့ မေမေ..."

သမီးကို အပေါ်ထပ်သို့ စော လွှတ်တင်လိုက်သည်။ ကောင်း ထက်သွားရသည့်အကြောင်းရင်းနှင့် ပတ်သက်၍ ရတနာ ဘာမှ မသိရှာ ပါ။

ရတနာ ယောင်ယမ်းကာဆိုသည့် စကားများအတွက် ရတနာ့ ရှေ့တွင် ရတနာ စိတ်မကောင်းဖြစ်မည်စိုး၍ စော ဘာမှ မပြောချင်ပါ။

ရတနာ အပေါ်ထပ်သို့ တက်သွားလေမှ စောသည် မိခင်ကြီး နားလည်စေရန် ရှင်းပြပြောဆိုလိုက်ရပါလေသည်။

"သြော်..အေးလေ၊ မြေးလေးအနေနဲ့ ရုတ်တရက်ဆိုတော့ ခံစားရရှာမှာပေါ့၊ တကယ်တော့ သား မောင်လိမ္မော် အနေနဲ့ကလည်း ကလေးအားငယ်မှာစိုးလို့ အားပေးတဲ့အနေနဲ့ ဂရုစိုက်ရှာတာပါကွယ်"

"ဟုတ်တယ် မေမေ၊ စောလည်း နားလည်ပါတယ်၊ ဒါကို နူးနယ်တဲ့ နှလုံးသားလေးနဲ့ သမီးလေးကတော့ ဘယ်နားလည်ရှာမလဲ မေမေရယ်..."

"ဟုတ်ပါတယ်လေ..."

"အခု ဘူတာကို သွားပို့တော့ သမီးလေး စိတ်ထိခိုက်ရှာ ပုံပါပဲ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်း‥ဖြည်းဖြည်းတော့ ငါ့မြေးလေး နားလည်ရှာလာမှာပါလေ…"

"ဟင်း‥မေမေရယ်၊ စောတော့ ဘာကိုမှ မတွေးချင်တော့ပါဘူး၊ ဒီကိစ္စတွေကြောင့် စော ခေါင်းထဲမှာ နောက်ကျိရှုပ်ထွေးနေတော့တာပဲ မေမေရယ်…"

"ဖြစ်နိုင်ရင် စောလည်း စိတ်ပြေလက်ပျောက် ခရီးတစ်ခုခုကိုပဲ ထွက်သွားလိုက်ချင်ပါတော့တယ်…"

"ဟုတ်တယ် မမကြီး၊ မမကြီးအနေနဲ့ ခရီးထွက်သင့်ပြီ၊ စိတ်အနှောင့်အယှက်တွေက များနေပြီမဟုတ်လား၊ မမ ခရီးထွက်လိုက်ပါ၊ ထွေး အဖော်လိုက်ပေးမယ်၊ သမီးကိုတော့ မေမေတို့နဲ့ပဲ အပ်ခဲ့လိုက်ပါ…"

အပေါ်ထပ်မှ ဆင်းလာရင်း ဆိုလေ၍ စောသည် ထွေးထွေးပေးသော အကြံပေးချက်အား လွယ်လင့်တကူ လက်ခံကာ ခေါင်းညိတ်လိုက်မိပါတော့၏။





## - သုံးဆယ်တစ် -

ချစ်ဇနီး စောတစ်ယောက် ခရီးထွက်သွားသည်မှာ သည်နေ့ဆိုလျှင် လေးရက်ရှိပြီဖြစ်၏။

ကိုလိမ္မော်သည် မော်လမြိုင်တွင် တစ်ညသာအိပ်ပြီး ပြန်လာခဲ့သည်။ ကိုလိမ္မော် ပြန်ရောက်တော့ ချစ်ဇနီး စောနှင့် ညီမထွေးထွေးတို့ ခရီးထွက်သွားကြောင်းကို ယောက္ခမကြီးက ပြောပြသည်။

ချစ်ဇနီးစော ခရီးထွက်သွားသည်မို့ ကိုလိမ္မော်သည် ယောက္ခမအိမ်မှ သမီးကို ပြန်ခေါ်လာခဲ့လိုက်ပြီး၊ သမီး၏တာဝန်များလည်းယူကာ စီးပွားရေး လုပ်ငန်းများကို လည်း ကြိုးစာကာ လုပ်ကိုင်နေရရှာပါလေ၏။

ကိုလိမ္မော်သည် ချစ်ဇနီး၏ ခံစားမှုများကိုလည်း နားလည်ရှာပါသည်။ တစ်ဖက်တွက်လည်း အပြစ်မရှိသော သားလူမမည်လေး

www.burmeseclassic.com

www.burmeseclassic.com



အား ကိုလိမ္မော်သည် လျစ်လျူမရှုရက်ရှာလေပါ။ ချစ်သမီးလေး စိတ်ထိခိုက်ရမည့် အဖြစ်မျိုးကိုလည်း ကိုလိမ္မော် မလိုလား…

ခင်ပွန်းကောင်းတစ်ယောက်၏ စိတ်ဓာတ်၊ ဖခင်ကောင်းတစ်ဦး၏စိတ်ဓာတ် နှလုံးသား၌အပြည့်အဝရှိသော ကိုလိမ္မော်အဖို့လည်း ဝေဒနာသည် ရင်နှင့်အပြည့်ပါလေ။

ညဆယ့်တစ်နာရီခွဲပြီဖြစ်သော်လည်း အိပ်မပျော်နိုင် ပါလေ။

ကိုလိမ္မော်သည် အိပ်၍မပျော်တိုင်း မိသားစုဓာတ်ပုံတွေဆီ ကြည့်ကာ မျက်ရည်တို့ဝဲလျက် ငေးငိုင်နေဆဲ…

"ဖေဖေ…"

"ဟင်…သမီး၊ နိုးလာတယ်ဟုတ်လား၊ ရှူးရှူးပေါက်မလား သမီး၊ လာ…လာ…"

"ဟင့်အင်း…ဖေဖေ၊ မေမေ ဘယ်တော့ ပြန်လာမှာလဲဟင်"

"ပြန်လာတော့မှာပါ သမီးရယ်…"

"မေမေက ဖေဖေနဲ့ ရတနာတို့ကို ပစ်သွားတာတော့ မဟုတ် ပါဘူးနော် ဖေဖေ…"

"အို…မဟုတ်ပါဘူး၊ မေမေက စာရေးဆရာမကြီးဆိုတော့ စာတွေများများရေးနိုင်အောင် ခရီးလည်းများများထွက်ပေးရတယ် လေ"

"ဖေဖေ…"

"ဘာလဲ သမီး…"

"ကိုကိုကောင်းထက်ကို ပြန်ခေါ်ပါ ဖေဖေ၊ ကိုကိုကောင်း ထက်ကို သိပ်အောက်မေ့တာပဲ၊ ရတနာတို့ကျောင်းမှာ ရတနာ့သူငယ်ချင်း



တွေမှာ ကိုကိုတွေရှိကြတယ်၊ သူတို့က သူတို့ကိုကိုတွေကို သိပ်ချစ်ကြ တာပဲ…"

"သူတို့ကိုကိုကလည်း သူတို့ကို သိပ်ချစ်ကြတာ ရတနာ မြင်တယ်၊ ကိုကိုကောင်းထက်ကလည်း ရတနာကို ချစ်တယ် ဖေဖေ"

"ကိုကိုကောင်းထက်ဟာ ရတနာ့ကိုကိုပဲ မဟုတ်လား၊ ရတနာ့ မှာလည်း ကိုကိုရှိနေတာပဲ၊ ကိုကိုကောင်းထက်ကို ပြန်ခေါ် ပေးပါနော် ဖေဖေ…"

"ပြီးတော့ ဖေဖေနဲ့မေမေလည်း တူတူပြန်နေပါ၊ ဖေဖေရယ်၊ မေမေရယ်၊ ကိုကိုရယ်၊ ရတနာရယ် မိသားစု အလှုင်လို ပျော်ပျော် ပါးပါးနေကြပြီး လျှောက်လည်ကြမယ်နော် ဖေဖေ…"

"ကိုကိုပြန်လာရင် ကိုကိုနဲ့အတူ ရတနာ ပျော်ပျော်ပါးပါး နေတော့မယ်၊ ကိုကို့ကို ပြန်ခေါ်ပါနော် ဖေဖေ…"

"ခေါ်ပေးပါ့မယ် သမီးရယ်၊ မေမေ ပြန်လာရင် ဖေဖေ မေမေ့ကို ပြောပြပြီး သွားခေါ်ပေးမယ်နော်၊ ကဲ…သမီးလေး ပြန်အိပ် တော့နော်…"

ထို့နောက် ကိုလိမ္မော်သည် သမီးလေးကို ပွေ့ချီကာ အခန်း ထဲသို့ခေါ်ခဲ့ပြီး ပြန်သိပ်လိုက်သည်။ ။



www.burmeseclassic.com

www.burmeseclassic.com



– သုံးဆယ့်သုံး –

စိတ်လွတ်ကိုယ်လွတ်ဖြင့် စော ခရီးထွက်လာခဲ့သည်မှာ နှစ်ပတ်ပင် ကျော်နေပြီဖြစ်၏။

စောသည် ဦးနှောက်လည်း ရှင်းရင်း၊ ကုန်ကြမ်းလည်းရှာရင်းဖြင့် ခရီးထွက်ခဲ့သည်မှာ ကျိုင်းတုံ၊ တာချီလိတ် အထိပင် ရောက်သွားခဲ့ပြီးနောက်…

မနေ့ကမှ မန္တလေးသို့ စောတို့ ညီအစ်မ ပြန်ရောက်လာခဲ့လေ၏။

စော သည် အိမ်နှင့်ဝေးကွာနေသည်မှာ ကြာတော့လည်း အိမ်ကို သတိရမိသည်။

မောင်နှင့်သမီးလေးကို ဘယ်လိုနေကြမလဲ စော စဉ်းစားမိသည်။

ပြီးတော့…





"ကောင်းထက်…"

ဒီဇင်ဘာကျောင်းတွေ ပြန်ဖွင့်ပြီဆိုတော့ ကောင်းထက်လေး တစ်ယောက် မော်လမြိုင်ကနေ မန္တလေးများ ပြန်ရောက်နေပြီလား…

ကောင်းထက်လေးကို သတိရစွာ စော တွေးမိသည်။

"ဟင်း…"

အိမ်ပြန်ခါနီးတော့ စော သည် ဦးနှောက်ထဲ ခံစားမှုလေးတွေ ပြန်လည် ဝင်ရောက်လာရပြန်ပါသည်။

ညက ခရီးပန်း၍ စော ကောင်းစွာ အိပ်ပျော်ခဲ့သည်မို့၊ စော စောစီးစွာပင် နိုးနေသည်။ တစ်ဖက်ကုတင်ကို ကြည့်လိုက်တော့ ညီမဖြစ်သူ ထွေးထွေးမှာ နှစ်ခြိုက်စွာ အိပ်ပျော်နေရှာတုန်းပင်…

စောသည် ထွေးထွေးနိုးလာမှ ရန်ကုန်သို့ လေယာဉ်နှင့် ပြန်မလား ရထားနှင့်ပင် ပြန်မလားဟု တိုင်ပင်ရန် စိတ်ကူးနှင့် အိပ်ရာထက်မှ ထလိုက်၏။

စောသည် မျက်နှာသစ် အဝတ်လဲ၊ သနပ်ခါး ရေကျဲလေး လူးပြီးနောက် တည်းခိုးခန်းရှေ့ မြေကွက်လပ်တွင် ကြည်လင်သော နံနက်ခင်းအလှနှင့် လေကောင်းလေသန့်ကို ရှုကာ လမ်းလျှောက်နေလိုက်၏။

တည်းခိုခန်းသည် လွန်စွာမှ လှပသေသပ်သည် အဆောင် အတန်းမီမီနှင့် တည်းခိုသူ ခရီးသွားများအတွက် အဆင်ပြေမှု အလုံးစုံ ရှိလှပါပေ၏။

စောသည် တည်းခိုခန်းလေးအား သဘောကျနှစ်ခြိုက်စွာ

www.burmeseclassic.com



ကြည့်နေရာမှ စောတို့ တည်းခိုခန်းရှေ့ရှိ တစ်ဖက်အဆောင်ရှေ့မှ ကားတစ်စီး ရပ်ထားသည်ကို စောစောက စောသည် အမှတ်တမဲ့လို နေမိ၏။

အခုမှ ရပ်ထားသော ကားလေးကို စောသည် အမှတ်ရရ သတိထားကြည့်လိုက်မိသည်တွင်...

"ဟင်..စော..."

"ဟင်..ကိုရဲထက်လှိုင်..."

ကိုရဲထက်လှိုင်သည် ဘွားကနဲ ပေါ်လာကာ စောကို မြင်သည်တွင် အံ့ဩဝမ်းသာ ခေါ်လိုက်လေ၏။

စောသည်လည်း အမှန်ပင် အံ့ဩသွားရသည်ပါ။

ကိုရဲထက်လှိုင်သည် စောအား မတွေ့ရသည်မှာ ကြာပြီဖြစ်၍ ငေး၍ကြည့်နေမိသည်တွင်...

စောသည် တစ်စုံတရာကို သတိထားမိလိုက်သည်။

မှန်သည်။ ယခင်က ကိုရဲထက်လှိုင်သည် စောကို ဆရာမဟုခေါ်နေရာမှ ယခု သူ့နှုတ်မှ ရုတ်တရက် စောဟု ခေါ်ကာ နှုတ်ဆက်နေသည် မဟုတ်ပါတကား...

"စော..."

"ဪ..ရှင် ကိုရဲထက်လှိုင်..."

"စော ခရီးထွက်လာတာလားဟင်..."

"ဟုတ်ကဲ့..."

"တစ်ယောက်တည်းလား..."





"ဟင့်အင်း စောညီမ ပါတယ်..."

"ဒါနဲ့ ကိုရဲထက်လှိုင်ကော ခရီးထွက်လာတာလား..."

"ဖေဖေ့အလုပ်ကိစ္စနဲ့ ကျွန်တော်လာခဲ့တာပါ စောနဲ့တောင်မှ ကျွန်တော့်မှာ တွေ့ချိန်မရှိတော့ဘူး..."

"စောကို ကျွန်တော် အမြဲတမ်းသတိရနေမိတယ်၊ ဒါနဲ့ စောတို့ ဘယ်တော့ ပြန်မှာလဲဟင်..."

ကိုရဲထက်လှိုင် အမေးအတွက် စောသည် ဖြေရခက်ခက် မဖြေရခက်ခက် ရှိနေမိ၏။

"ပြောပါဦး စောရယ်၊ စောတို့ ခရီးဆက်ဦးမှာလား၊ ပြန်တော့ မှာလားဟင်..."

"စောတို့ ရန်ကုန်ပြန်တော့မှာပါ ညီမလေး နိုးလာမှ လေယာဉ်နဲ့ပြန်မလား ရထားနဲ့ပြန်မလားဆိုတာ တိုင်ပင်မလို့လေ..."

"ဒါနဲ့ စောတို့ လက်မှတ်တော့ မဝယ်ရသေးဘူးပေါ့..."

"ဟုတ်ကဲ့..."

"ဒါဆို ကျွန်တော့်မှာ ကားပါတာပဲလေ၊ ကျွန်တော့်ကားနဲ့ အတူတူပြန်ကြတာပေါ့နော် စော..."

"ဟို..ရပါတယ် ကိုရဲထက်လှိုင်..."

"ဘယ်ဟုတ်မလဲဗျာ၊ စောတို့ပါတော့ ကျွန်တော်လည်း အဖော်ရတာပေါ့ဗျာ..."

"ဟို..စော ညီမလေးနဲ့ တိုင်ပင်လိုက်ပါဦးမယ် ကိုရဲထက်လှိုင်..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ တိုင်ပင်မလို့လဲ မမကြီး…"

စောနှင့် ကိုရဲထက်လှိုင်တို့ စကားပြောနေဆဲ ထွေးထွေး ရောက်လာရင်း မေးသည်။

ကိုရဲထက်လှိုင်သည် ထွေးထွေးကို တည်ငြိမ်စွာ ကြည့်လိုက်ပြီး…။

"ကျွန်တော်လည်း ရန်ကုန် ပြန်မှာမို့ ကျွန်တော့်ကားနဲ့ တခါ တည်းလိုက်ဖို့ ကျွန်တော် ဖိတ်ခေါ်တာပါ…"

"ပြီးတော့ ကျွန်တော်ကလည်း တခြားလူ မဟုတ်ပါ ဘူးဗျာ၊ စောတို့မိတ်ဆွေလည်း ဖြစ်တယ်လေ၊ ကျွန်တော့်နာမည် ကိုရဲထက်လှိုင်ပါ၊ ဦးငွေလရောင်ရဲ့ သားပါ…"

"ဪ…သိတယ်၊ ကိုလိမ္မော်လုပ်ခဲ့တဲ့ အလုပ်ပိုင်ရှင်ရဲ့သား မဟုတ်လား…"

သွက်လက်စွာ ထွေးထွေး ဆိုတော့…

"ဟုတ်ပါတယ်၊ ကဲ…ထွေးထွေးက ကျွန်တော့်ကားနဲ့ ပြန်လိုက်ဖို့ သဘောတူမလား…"

"အို…သိပ်တူတာပေါ့၊ သက်တောင့်သက်သာတောင်မှ ပြန်ရသေးတယ်၊ ဒါနဲ့ကိုရဲထက်လှိုင်က ဘယ်အချိန်လောက် ပြန်မှာလဲ…"

"ပစ္စည်းတွေ သိမ်းဆည်းပြီးရင် ခရီးထွက်မယ်လေ…"

"ဟား…သိပ်ကောင်းတာပေါ့…"

"ကဲ…စော၊ ထွေးထွေးက သဘောတူလိုက်ပြီ၊ စော သဘောက ထွေးထွေးရဲ့ သဘောပဲဆို…"

---



"ဟင်း…"

ကိုရဲထက်ပိုင်ဆိုတော့ ရင်ထဲသက်မမော်နှင့် စောသည် ခေါင်း ညိတ်လိုက်ရပါတော့သည်။

"ကဲ…ဒါဖြင့် စောတို့ သွားပြင်ဆင်တော့၊ ကျွန်တော်လည်း ပစ္စည်းနည်းနည်းသိမ်းပြီး ဒီရှေ့ ကားမောင်းလာမယ်…"

သူ့စကားအဆုံး သူ့အဆောင်ဘက် ပြန်သွားတော့ စောတို့မှာ သူ့စကားအတိုင်း စီစဉ်လိုက်ရပါတော့၏။

ထွေးထွေးက သက်တောင့်သက်သာ သွားရမည်မို့ ရွှင်လန်း တက်ကြွ၍ နေလေသည်။

ကိုရဲထက်လှိုင်နှင့်ပတ်သက်၍ ထွေးထွေးအား စောက ဘာမှ မဆိုတော့ပါလေ…

အခန်းထဲမှ စောတို့ ပစ္စည်းတွေသိမ်းပြီး ထွက်လာချိန်တွင် ကိုရဲထက်လှိုင် ကားလေးသည် တည်းခိုဆောင်ရှေ့၌ အသင့်ရောက်နေ လေပြီဖြစ်၏။

ကိုရဲထက်လှိုင်က ပစ္စည်းတွေကို နေရာတကျကိုယ်တိုင် စီစဉ် ထားပေးရှာသည်။ ပစ္စည်းက မများ၊ လူကလည်း သုံးယောက်တည်းမို့ သက်တောင့်သက်သာ ရှိသည်ကတော့ အမှန်ပါ။

ထို့နောက် ကိုရဲထက်လှိုင် ကားလေးသည် တည်းခိုခန်းရှေ့ မှ မောင်းထွက်ခဲ့လိုက်ပါတော့၏။

"ဒါနဲ့ ကိုရဲထက်လှိုင်က နိုင်ငံခြားကို မသွားတော့ဘူးလား"

"ဟုတ်ကဲ့၊ လောလောဆယ်တော့ စိတ်ကူးမရှိသေးပါဘူး"

ရန်ပိုင်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုရဲထက်လှိုင်မှာ အိမ်ထောင်ရှိလား…"

"မရှိပါဘူး၊ ဒါပေမယ့် နှလုံးသားနဲ့လူပဲ စိတ်ဝင်စားတာ တော့ ရှိမှာပေါ့နော်…"

"ဒါဖြင့်လည်း အချိန်မဆွဲနဲ့၊ အသက်ကလည်း မငယ်တော့ ဘူး၊ မြန်မြန်သာ ယူလိုက်တော့…"

"ကျွန်တော့်ဘဝမှာ ကျွန်တော် စိတ်ဝင်စားတဲ့ အမျိုးသမီးကို ဘယ်တော့မှ ယူလို့မရတော့ပါဘူးဗျာ…"

"ဟင်…ဘာဖြစ်လို့လဲ…"

"ကျွန်တော်နဲ့သူက အတွေ့နောက်ကျသွားတယ်လေ…"

နောက်ကြည့်မှန်မှတဆင့် ပြုံးကာ စောဆီ ကြည့်ရင်း ကိုရဲထက်လှိုင် ဆိုတော့…

စောမှာ အနေခက်ခြင်းဖြင့် မသိချင်ဟန်ဆောက်ကာ ရင်ထဲ သက်မောမျှသာ ကျိတ်ချနေရပါတော့၏။

"ကဲ…ထွေးထွေးရယ် ကိုရဲထက်လှိုင်ကို စကားတွေ သိပ်မ ပြောပါနဲ့၊ ကားတွေက ရှုပ်နေတာနဲ့ တော်ကြာ…"

"အို…ကိုရဲထက်လှိုင်၊ အား…"

စော စကားပင် မဆုံးလိုက်ပါ။

စစ်ကိုင်းတံတားကြီးသို့ရောက်ခါနီး တစ်နေရာ၌ လူများနှင့် မြည်းလှည်း၊ ကားတွေကိုရှောင်ရင်း…ကိုရဲထက်လှိုင်မောင်းသော ကားလေးကား မြင်းလှည်းနှင့် တားကိုအရှောင် ကားလမ်းပေါ်မှ ချောက်ထဲသို့ ထိုးကျသွားရတော့ သည်မဟုတ်ပါတကား။





ည ဆယ့်တစ်နာရီထိုးပြီ…

စောသည် နဖူးအထက်နားတွင် လေးချက်ခန့် ချုပ်လိုက်ရပြီး ပတ်တီးစည်းထားသော ညီမဖြစ်သူ ထွေးထွေးကို ကြည့်ကာ စိတ်မ ကောင်း ဖြစ်နေမိ၏။

ထွေးထွေးသည် ဆရာဝန်မမို့ သူ့ကိုယ်သူလည်း သတိမလစ် စေရန်ထားသည်။

ဆေးခန်းတစ်ခုတွင် နဖူးမှ ဒဏ်ရာကိုချုပ်ပြီး တည်းခိုခန်း၌ပင် ပြန်၍ အနားယူကြသည်။

တော်ပါသေးသည်။ ကားမှောက်စဉ်က ဘယ်သူမှ ပိုးစိုးပက် စက် ဖြစ်မသွားကြလို့သာပါ။ ထွေးထွေးတစ်ယောက်သာ ဒဏ်ရာ အနည်းငယ် ရသည်မှလွဲ၍ စောသည်လည်း ဘာမှ မဖြစ်။

စောသည် အဖျားမတက်စေရန် အိပ်ဆေးပါသောက်ပြီး အိပ် ပျော်နေရှာသော ထွေးထွေးအနားတွင် ထိုင်ကာ စောင့်နေမိ၏။ စော အိပ်မပျော်နိုင်ပါ။

ညီမအတွက် စိုးရိမ်သည်။ အိမ်ကို သတိရသည်။ မောင်နှင့် သမီးလေးကို စော အလွန်ပင် သတိရနေမိပါ၏။ စောသည် အလိုလို နေရင်း ဝမ်းနည်းလာ၍ မျက်ရည်တွေ စီးကျလာ၏။

"စော…"

စောကို ခေါ်ရင်း အခန်းထဲသို့ ကိုရဲထက်လှိုင် ဝင်လာသည်။

ကိုရဲထက်လှိုင်သည်လည်း အိပ်မပျော်နိုင်ရှာပါ။ အဖော်အညီ ပေးရန်အတွက် မကြာခဏ စောတို့အခန်းဆီ ဝင်ကာ ကိုရဲထက်လှိုင်



www.burmeseclassic.com

www.burmeseclassic.com



လာကြည့်နေတတ်ပါ၏။

ကိုရဲထက်လှိုင်သည် စောအနီး ရပ်လာရင်းက ထွေးထွေးဆီ ကြည့်လိုက်ပြီး…

"စော ထွေးထွေး အဖျားတက်လား…"

"ဟင့်အင်း…မတက်ပါဘူး…"

"ဆယ့်တစ်နာရီထိုးပြီ၊ စော အိပ်တော့လေ၊ ကျွန်တော်ရှိပါတယ်၊ ကျွန်တော် စောင့်နေမှာပေါ့…"

"စော အိပ်မပျော်ပါဘူး ကိုရဲထက်လှိုင်ရယ်…"

"စောရယ် ခုလိုဖြစ်သွားတာ ကျွန်တော် တောင်းပန်ပါတယ်၊ ဝန်ခံရရင် ကျွန်တော့်စိတ်တွေ စောဆီ ရောက်သွားရလို့ပါ…"

"ကဲလေ၊ ထားပါတော့၊ စော အိပ်လိုက်ပါနော်၊ မနက်ဖြန် ထွေးထွေးအခြေအနေ ကောင်းရင် ကျွန်တော်တို့ ရန်ကုန်ပြန်ကြတာပေါ့"

"ထပါ စောရယ်၊ အိပ်တော့နော်…"

ဆိုရင်း ကိုရဲထက်လှိုင်သည် စော၏ လက်မောင်းလေးနှစ်ဖက်မှ ဖေးမကာ ခေါ်လိုက်သည်။

သူခေါ်တော့ နွမ်းနယ်နေသော စောသည် အလိုက်သင့်ပါလာ၏။

ထွေးထွေးနံဘေးမှ စော အိပ်ရာဆီသို့ စောကို ကိုရဲထက်လှိုင် ခေါ်ခဲ့သည်။

"အိပ်တော့နော် စော၊ စိတ်ချလက်ချ အိပ်ပါစောရယ်…"

ညအိပ်မီးရောင် မှိန်မှိန်လေးအောက်၌ စော မျက်နှာဝင်းမှုန်မှုန်





လေးဆီကြည့်ပြီး ကိုရဲထက်လှိုင် ဆိုသည်။

စောသည်လည်း ကိုရဲထက်လှိုင်ကို ဘာပြောရမှန်း မသိအောင် စိတ်တို့ ဝေဝါးစွာဖြင့် ငေးကြည့်နေမိ၏။

"စော…"

သတိလွတ်နေသယောင်ရှိသော စော လက်မောင်းလေးဖွေ ဆီမှ ကိုင်ကာ ကိုရဲထက်လှိုင် ခေါ်လိုက်သည်။

ဘာရယ်ကြောင့်မသိ စော စိတ်တို့အားငယ် ဝေဟုန်စွာဖြင့် မျက်ရည်တွေမှာ အလိုလို စီးကျလေ၏။

"စောရယ်…ကိုယ်လေ စောကို သိပ်ချစ်တယ်ကွယ်…"

စော စိတ်များသည် ဝေဟင်ထဲလွင့်မျော၍ နေသယောင်ရယ်၊ ထို့နောက် ကိုရဲထက်လှိုင်၏ လက်တစ်ဖက်သည် ညအိပ်မီးသီးခလုတ် လေးဆီ လှမ်းပိတ်လိုက်လေသည်။

"ထောက်…"

"ဟင်…အို…စော…"

ထောက်ခနဲ မြည်သွားသော မီးခလုတ်လေးအသံသည် စော၏ ဝေဟုန်မျောလွင့်နေသော အာရုံ၊ အသိစိတ်များအား ထိုးဖောက် ရိုက်ခတ်လိုက်သလိုပါ။

စောသည် မှန်ကန်သောအသိတရားများ ကိုယ်တွင်းသို့ ဝင်ရောက်လာကာ ကိုရဲထက်လှိုင်အား တွန်းဖယ်ကာ ပြတင်းပေါက်ဆီ ရှေ့၌ သွားရပ်နေလိုက်ရင်းက…

"အဟင့်…ဟင့်…ဟင့်…"



www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်စွာ စော ငိုရှိုက်လိုက်မိရပါသတည်း။

"စော…"

ထောက်…

မီးကိုပြန်ဖွင့်ရင်း ကိုရဲထက်လှိုင် ခေါ်သည်။

အိပ်ရာထက်၌ပင် ကိုရဲထက်လှိုင်သည် စောကို လှမ်းကြည့် နေလိုက်လေသည်။ ကိုရဲထက်လှိုင်သည် စောကို နားလည်လိုက်သည် ပါ။

"ကိုယ့်ကိုခွင့်လွှတ်ပါ စော၊ ကိုယ်မှားတော့မလို့…"

ကိုရဲထက်လှိုင် ပြောသောစကားများကို စော ကြားသည်။ စောသည် တဝကြီးငိုရှိုက်ပြီးခါမှ ကိုရဲထက်လှိုင်ဆီ လှည့်ကြည့်က ရှော့ပြောက်လာရင်းက…

"ကိုရဲထက်လှိုင်…စော…စောလေ စောရဲ့ခင်ပွန်းအပေါ်မှာ နားလည်လာပါပြီ၊ စာနာတတ်ပါပြီ၊ မှန်တာပြောရရင် စောစော စောစိတ်တွေဟာ ဘာမှန်းမသိအောင် ဝေဟုန်နေရပါတယ်…"

"မမှားသင့်မမှားအပ်သလို၊ မမှားချင်ပါဘဲနဲ့ စောတို့မှ မှားကြတော့မလို့ မဟုတ်လား၊ စောစောက စော ဘာဖြစ်သွားတယ် ဆိုတာ စောကိုယ်စောတောင် နားမလည်နိုင်သလိုပါပဲ…"

"ဒီအတွက် မောင့်အပေါ်မှာ စော နားလည်ပါပြီ၊ စာနာတ ပါပြီ၊ မောင့်ကို စော ခွင့်လွှတ်လို့ပါပြီ၊ စော ကိုယ်တိုင် ခံစားလို ရမှ စော မောင့်အဖြစ်ကို နားလည်ရပါပြီ၊ စော မောင့်ကို ခွင့်လွှတ် ပါပြီ ကိုရဲထက်လှိုင်…"





"စောရယ်…စောဟာ တကယ့်ကို အိမ်ထောင်ရှင်မကောင်း တစ်ယောက်ပါ၊ စောကို ကိုယ်ချီးမွမ်းပါတယ်၊ ဂုဏ်ယူပါတယ်၊ စော ပြောတာမှန်ပါတယ်၊ မမှားသင့်မမှားအပ်တာကို ကိုယ်တို့သိတယ်…"

"ဒါပေမယ့် ကိုယ်တို့မှားကြတော့မလို့၊ ပြောရရင် ကိုယ့်အနေ နဲ့ ကတော့ စောကို မြတ်နိုးစွဲလမ်းနေသူ မဟုတ်လားကွယ်၊ လူ့စည်း ကမ်းတွေကို ကိုယ်လည်းပဲ မချိုးဖောက်ချင်ပါဘူး စော၊ ကိုယ် သိပ်ရှက် မိပါတယ်၊ ကိုယ့်ကို ခွင့်လွှတ်ပါ၊ ကိုယ်ဒီနေ့ရောကနေ့ပဲ တစ်ထိုင်တည်း ဆုံးဖြတ်လိုက်ပြီ စော…"

"ကိုယ် နိုင်ငံခြားကိုပဲ ပြန်တော့မယ်၊ ဟိုမှာ ကိုယ့်ရဲ့ အကြောင်း စာအုပ်တစ်အုပ် ထုတ်နိုင်အောင် ကြိုးစားမယ်၊ ကိုယ်တို့ အဖြစ်တွေကို မေ့ထားလိုက်ကြရအောင်၊ မနက်ဖြန် ကိုယ်တို့ပြန်ကြမယ်"

"ဟင့်အင်း…စော မပြန်သေးဘူး ကိုရဲထက်လှိုင်၊ စောမှာ ကိစ္စတစ်ခု ရှိသေးတယ်…"

"ဘာကိစ္စလဲ စော…"

"စောမှာ သားတစ်ယောက်ရှိတယ်၊ အဲဒီသားဘယ်မှာနေလဲ ဆိုတာ စုံစမ်းပြီး ကျောင်းထွက် လက်မှတ်တွေပါလုပ်ပြီး သားကိုခေါ် ပြီးမှ စော ရန်ကုန်ပြန်တော့မယ်…"

ကိုရဲထက်လှိုင်သည် စော ပြောသောစကားတွေကို သဘော ပေါက် နားလည်စွာ နားထောင်နေလိုက်ပြီးမှ…

"အဲဒီသားက မန္တလေးမှာလား စော…"

"ဟုတ်တယ်…"



www.burmeseclassic.com

www.burmeseclassic.com



"သူနေတာ စော သိလား…"

"ဟင့်အင်း…စုံစမ်းရဦးမယ်…"

"သွားစုံစမ်းနေရင် ကြာပါတယ် စောရယ်၊ သားရှိတဲ့နေရာကို ကိုလိုက်ပို့ပေးမယ်…"

"ဟင်…ကိုရဲထက်လှိုင် သိနေလား…"

"အဟုတ်နဲ့…"

အံ့သြစွာ စော မေးတော့ ကိုရဲထက်လှိုင်သည် တည်ငြိမ်အေးချမ်းစွာဖြင့် စောကို ကြည့်ကာ ပြုံး၍ ခေါင်းညိတ်ပြ၏။

"ကိုရဲထက်လှိုင် ဘယ်တုန်းက သိနေတာလဲဟင်…"

ရှက်မျက်နှာလေးဖြင့် စော မေးသည်။

ကိုရဲထက်လှိုင်သည် ကိုအောင်မြင့်နှင့်အတူ တစ်ခါက လူမှားခံခဲ့ရသည့် သူ့အဖြစ်ကို စောကို ပြောပြလိုက်၏။

"ဩော်…"

"ဩော်…"ဟုဆိုကာ ရှက်မျက်နှာလေးရဲရဲဖြင့် စောသည် မျက်နှာလေး ငုံ့သွားရှာ၏။

"ကိုယ်သိလို့ စော ရှက်နေလား၊ ဘဝဆိုတာ ဒီလိုပေါ့ စောရယ်၊ ရှက်စရာမဟုတ်ပါဘူး…"

"အယ်သူက မလှပတဲ့ဘဝကို လိုချင်ကြပါ့မလဲလေ၊ မိန်းက ထဲမှာတော့ စောဟာ မိန်းမမြတ်ပါပဲ၊ စောကို ကိုယ်ဟာ အမြဲတမ်း ချီးမွမ်းဂုဏ်ပြုနေမယ့် သူပါပဲ…"

"မနက်ဖြန်ကျရင် ကိုလိမ္မော်ဆီကို စောက ပြန်ရောက်မယ့်နေ့





ကို ဖုန်းဆက်လိုက်နော်၊ လေဆိပ်မှာ လာကြိုပါလို့၊ လေယာဉ်လက်မှတ် ကိုယ်လုပ်ပေးလိုက်မယ်…"

"ပြီးတော့ သားကို ခေါ်ဖို့အစီအစဉ်တွေပါ ကိုယ်လိုက်လုပ်ပြီး ပေးပါ့မယ်…"

"ကျေးဇူးတင်ပါတယ် ကိုရဲထက်လှိုင်၊ ကိုရဲထက်လှိုင်ကို စော ဘယ်တော့မှ မေ့မှာ မဟုတ်တော့ပါဘူးရှင်…"

"ကိုရဲထက်လှိုင်အတွက် ကိုရဲထက်လှိုင် မြတ်နိုးနိုင်မယ့် မိန်းမ တစ်ယောက်နဲ့ ဖူးစာဆုံဖို့ စော ဆုတောင်းပေးနေပါ့မယ်…"

"အဟုတ်နဲ့…"

စော၏ တည်ငြိမ်အေးချမ်းသော စကားလေးအတွက် ကိုရဲထက်လှိုင်သည်လည်း တည်ငြိမ်အေးချမ်းစွာပင် ပြုံးလိုက်မိပါသတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



- သုံးဆယ်လေး -

မင်္ဂလာဒုံလေဆိပ်…

ကိုလီမွှော်သည် သမီးလေးနှင့်အတူ လွန်ခဲ့သော နာရီဝက်ကတည်းက လေဆိပ်သို့ ရောက်ရှိနေသည်ပါ။

ကိုလီမွှော်သည် ချစ်ဇနီးက သူ့ကိုအမှတ်တရပြန်မည့်နေ့ ဖုန်းဆက်လိုက်သည်မို့ သူ့ရင်ထဲ ကြည်နူးနွေးထွေး၍ မဆုံးအောင် ရှိနေရရှာပါ၏။

"ဖေဖေ…"

"ဟင်…သမီး…"

"မေမေပြန်လာပြီဆိုတော့၊ မေမေနဲ့ပြောပြီး ကိုကိုကောင်းထက် ကို သွားခေါ်ကြမယ်နော် ဖေဖေ…"

"ခေါ်တာပေါ့ သမီးရယ်၊ ဒါပေမယ့် သမီးကိုကိုက အခု





မော်လမြိုင်မှာ ဘယ်ရှိတော့မလဲ…"

"ဟင်…ဘာဖြစ်လို့လဲ ဖေဖေ…"

"ကျောင်းဖွင့်ပြီဆိုတော့ မန္တလေးမှာ ကျောင်းပြန်တက်နေပြီပေါ့၊ ကျောင်းကြီးပိတ်မှပဲ ကိုကို့ကို သွားခေါ်လို့ရတော့မှာ သမီးရဲ့…"

"ဟင်…ဘာပဲဖြစ်ဖြစ် မေမေလာတာနဲ့ ကိုကို့ကို သွားခေါ်ခိုင်းမှာပဲ၊ ကိုကို့ကို ရတနာ အောက်မေ့တယ်၊ မေမေ ပြန်ရောက်တာနဲ့ ကိုကို့ကို သွားခေါ်မယ်…"

ရတနာ မျက်နှာလေး စူစူနှင့်ဆိုတော့ ကိုလီမွှော်သည် သားကိုခေါ်ရန် သမီးလေးအတွက် စိတ်အေးသွားရပြီး…

ချစ်ဇနီးက မည်သို့ သဘောထားဦးမည်ကို စိုးရိမ်နေရရှာပါလေ၏။

"ဖေဖေ…နော်…နော်…ဖေဖေ…"

"အင်းပါ သမီးရယ်…"

"မန္တလေး လေယာဉ်ဆိုက်ပြီဟော့…"

လူတစ်ယောက် ပြောလိုက်သော စကားသံနှင့် အလုပ်သမားတွေ ရှုပ်ယှက်ခတ်သွားသည့်ကြောင့်…

ကိုလီမွှော်သည် ချစ်သမီးလေးလက်ကို ဆွဲကာ…

"သမီးရေ…မေမေတို့ ရောက်ပြီတဲ့၊ ဖေဖေတို့ ဟိုနားမှာ သွားစောင့်နေမယ်နော်…"

"ဟုတ်ကဲ့ ဖေဖေ…"



www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်များ ထွက်လာမည့် ဂိတ်ပေါက်အနီးတွင် သားအဖနှစ်ယောက် သွားစောင့်နေကြသည်။

လေဆိပ်အဆောက်အအုံကြီး အတွင်းတွင်တော့…

စော၊ ထွေးထွေးနှင့် ကောင်းထက်တို့သည် လေယာဉ်ပေါ်မှ ဆင်းလာကြပြီး ပစ္စည်းရွေးရန် စောင့်နေဆဲက…

ကောင်းထက်က…

"ဒေါ်လေးမေ…"

"ဟော..သားကကွယ်၊ မေမေ့ကို မေမေလို့ပဲ ခေါ်ပါဆို၊ ဘာလဲ သားက မေမေ့ကို မချစ်လို့လား…"

"အို..မဟုတ်ပါဘူး မေမေရယ်၊ သားက သိပ်ဝမ်းသာနေလို့ပါ…"

"တကယ်တော့ မေမေဟာလည်း သားရဲ့ မေမေပဲလေ…"

စော မျက်နှာဆီ သနားစရာ ငေးငေးလေး ကြည့်ပြီး ကောင်းထက် ဆိုသည့်တွင်…

စောသည် ဓိမိရင်မှဖြစ်သော သားဟူသော အသိတို့ဖြင့် ကောင်းထက်အား ကြည်နူးစွာ သိုင်းဖက်ထားလိုက်လေ၏။

"သား…"

"ဗျာ..မေမေ…"

"မေမေတို့ကို သားရဲ့ ဖေဖေနဲ့ညီမလေးတို့က လာကြိုနေကြမှာကွယ့်…"

"ဟုတ်လား မေမေ၊ သားဝမ်းသာလိုက်တာ၊ ညီမလေးက



သားကို ချစ်ပါ့မလား မေမေ…"

"ညီမလေးက သားကိုချစ်အောင် မေမေက သားညီမလေးကို ပုံပြင်လေးတစ်ပုဒ် ပြောပြလိုက်မှာပေါ့ သားရယ်၊ အဲဒါဆို သားညီမလေးက သားကို ချစ်သွားမှာပါ…"

"သား ဝမ်းသာလိုက်တာ မေမေရယ်…"

"ဒါပေမယ့် မေမေက သားဖေဖေနဲ့ ညီမလေးကို မဟောဒ္ဓိ လုပ်ထားတယ်ကွယ့်…"

"ဘယ်လိုလုပ်ထားတာလဲ မေမေ…"

"သားပါ ပါလာတာ သူတို့မသိကြဘူးလေ၊ သားကို တွေ့ရင် သူတို့ သိပ်အံ့ဩသွားမှာ…"

"အထူးသဖြင့်တော့ သားရဲ့ ဖေဖေပေါ့ကွယ်…"

"မေမေရယ်…"

စောနှင့်ကောင်းထက်တို့ ပြောသောစကားတွေကို နံဘေးမှ နားထောင်ရင်း ထွေးထွေးသည် အစ်မဖြစ်သူ စော၏ နှလုံးသားခံယူချက်အတွက် ပီတိများနှင့် ရှိနေရပါလေ၏။

"ကဲ..သားအမိနှစ်ယောက် စကားကောင်းမနေနဲ့၊ ဟိုမှာ ပစ္စည်းတွေရောက်လာပြီ၊ သွားရွေးကြရအောင်…"

ထွေးထွေးဆိုတော့ ကောင်းထက် လက်တစ်ဖက်စီကို စောကော ထွေးထွေးပါဆွဲကာ ပစ္စည်းတွေ သွားရွေးယူကြသည်။

ထို့နောက် ပစ္စည်းလှည်းကလေးကို တွန်းရင်း လေဆိပ်အပြင်ဘက်သို့ ထွက်လာခဲ့လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"မမကြီး…"

"ဟင်..ဘာလဲ ထွေး…"

"ကိုလီမွှော်သာ သားကိုတွေ့ရင် ဝမ်းသာဝမ်းနည်းဖြစ်ရှာ မှာပဲနော်…"

"ဟုတ်တယ်ထွေး၊ မောင့်ကိုယ်စား မမကြီးတောင်မှ ဝမ်းသာ ဝမ်းနည်းဖြစ်မိပါတယ်…"

"ကိုလီမွှော်ကို မမကြီး ခွင့်လွှတ်နိုင်ပြီပေါ့နော်…"

"မောင့်အပေါ်မှာ မမကြီး စာနာနားလည်ခွင့်လွှတ်နိုင်ပါ ပြီကွယ်…"

"မမကြီးတို့ရဲ့ မိသားစုအိမ်ထောင်လေးမှာ ရှေ့လျှော သာယာလှသွားတော့မှာပါ ညီမရယ်…"

"ထွေး အရမ်းဝမ်းသာတာပဲ မမကြီး၊ မေမေတို့သိရင်လည် စိတ်ချမ်းသာသွားကြမယ်…"

"ကိုလီမွှော်ရဲ့ မိဘတွေကိုတော့ ဖြည်းဖြည်းမှပဲ အသိ ပေါ့နော် မမကြီး…"

"ဒါပေါ့…"

"ဝမ်းသာတယ် မမကြီးရယ်၊ ခရီးထွက်ရတဲ့ အကျိုးကျေ ပါပဲ၊ ကိုရဲကို ထွေး သိပ်ကျေးဇူးတင်တယ်၊ ကိုရဲဟာ တကယ် ယောက်ျားမြတ်တစ်ယောက်ပါပဲနော်…"

ထွေး စကားများအတွက် စော စကားမဆိုတော့ပါ။

စောသည် ကိုရဲ၏ ချောမွေ့တည်ငြိမ်သော အသွင်အား မြ



ယောင်ကာ…

ကျေးဇူးတင်ပါတယ် ကိုရဲရယ်…

ရင်ထဲ၌ စောသည် ပွဲတင်ထပ်စွာ ဆိုနေမိပါလေ၏။

ပစ္စည်းလှည်းကလေးတွေ တွန်းရင်းမှ စောတို့ အပြင်သို့ ရောက်လာပြီဖြစ်သည်။

"မေမေ..ဟိုမှာ ဖေဖေနဲ့ ညီမလေး…"

လက်ညှိုးထိုးကာ ဝမ်းသာအားရ ကောင်းထက် ဆိုလိုက်သည် တွင် တစ်ဖက်မှလည်း…

"ဖေဖေ..ဟိုမှာ မေမေနဲ့ ကိုကို…"

ရတနာ့အသံလေးက မြူးမြူးခိုက်ခိုက်လေး ထွက်ပေါ်သွား ရလေ၏…

"ဟင်…"

ကိုလီမွှော်ကား ကြက်သီးမွေးညင်းများ ထကာ မယုံကြည် နိုင်အောင်ပင် ချစ်ဇနီးနှင့် သားထံသို့ ရွှန်းလဲ့ရီဝေသော မျက်ဝန်းတို့ ဖြင့် ကြည့်နေလိုက်မိပါသတည်း။

စောသည် မောင့်ခံစားမှုများအား နားလည်စွာ ကြည့်လိုက် မိလေသည်။

"မောင်…"

"စော…"

ချစ်မျက်ဝန်းတွေနှင့် တစ်ယောက်ကိုတစ်ယောက် သူတို့ ကြည့်ကာ ခေါ်လိုက်မိကြသည်။

www.burmeseclassic.com



ပြီးမှ စောသည် သမီးနှင့်သားကို သတိရလိုက်ပြီး…

"သမီးလေး..ကိုကို့ကို မေမေ ပြန်ခေါ်လာပြီ…"

"ကိုကို…"

"ညီမလေး…"

မောင်နှမနှစ်ယောက် လက်ကလေးတွေ ဆုပ်ကိုင်ထားလိုက်မိကြသည်။

"ကဲ..လာ..လာ..ကားဆီ သွားကြိုရအောင်…"

ထွေးထွေးက တူနှင့်တူမတွေကို ရှေ့မှ ခေါ်ထုတ်သွားလိုက်သည်တွင်…

ကိုလီမွှော်သည် စော ပခုံးလေးအား လူတွေရှေ့တွင်ပင် သိုင်းဖက်ကာ ချစ်ဇနီးအလှအား ရှုမဝနိုင်အောင် ငေးကြည့်ရင်း ကားဆီသို့ လျှောက်လာခဲ့ကြပါလေ။

ပြီးပါပြီ။

သိင်္ဂါရ ရသအပေါင်းနှင့် ပြည့်စုံကြပါစေ။

စောပြည့်မာလာ

www.burmeseclassic.com